နှစ် ၁၀၀ ၏

# အနှစ် ၁၀၀

ဝင်းငြိမ်း



# နှစ် ၁၀၀ ၏ အနှစ် ၁၀၀

## ဝင်းငြိမ်း

စီစဉ်သူ၏ အမှာ စကား

မြန်မာဝတ္ထုတို စတင်ခဲ့သည် မှာ ၂၀၁၇ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီ ဟု သုတေသီတို့ က ဆိုကြပါသည် ။ ရွှေအမြုတေ မဂ္ဂဇင်းတွင် ၂၀၀၀ ပြည့်နှစ်ကစ၍ ခေတ်ဟောင်း စာရေးဆရာကြီးများ ၏ ဝတ္ထုများကို တစ်လလျှင် တစ်ပုဒ် ထည့်သွင်းဖော်ပြခဲ့ရာ အတော် များများ ပင် ဖော်ပြပြီး ဖြစ်ပါသည် ။ ထိုဝတ္ထုဟောင်းများကို တစ်စုတစ်စည်းတည်း ဖတ်နိုင်ရန် အတွက် ဆရာ၊ ဆရာမကြီး တစ်ဦးလျှင် တစ်ပုဒ်ကျ ဖော်ပြပေးရန် ရွေးချယ်ခဲ့ပါသည် ။ သို့ရာတွင် မြန်မာဝတ္ထုတိုများ ၏ အစဟု ဆိုသော ဆရာကြီး ရွှေဥဒေါင်း၏ မောင်သိန်းတင် မသိန်းရှင် ဝတ္ထုကိုလည်း လူငယ်များ ဖတ်စေချင်သဖြင့် ထည့်သွင်းလိုက်ရာ ဆရာကြီး ရွှေဥဒေါင်း၏ ဝတ္ထု နှစ်ပုဒ် ပါဝင်မည်ဖြစ်ပါသည် ။

ခေတ်ဟောင်းဝတ္ထုများကို ယခုခေတ် ဝတ္ထုများ နှင့် ယှဉ်ကြည့်ပါက အရေးအသားနှင့် ဇာတ်အိမ် တည်ဆောက်ပုံတို့ ကွာခြားလာသည် ကို သတိပြုစေချင်ပါသည် ။ ဆရာကြီးများက အကြောင်းအရာ တစ်ခုကို စာဖတ်သူ နားဝင်စေရန် ကွေ့ကာဝိုက်ကာ ရေးဖွဲ့ခဲ့ကြပြီး ယခုခေတ် စာရေးဆရာများကမူ တဲ့ တိုးပင် ရေးဖွဲ့ကြသည် ကို တွေ့ရမည်ဖြစ်ပါသည် ။ သို့သော် ဆရာကြီး၊ ဆရာမကြီးများ ၏ ရေးဖွဲ့ပုံများမှာ လည်း လူငယ်စာရေးဆရာများ အတုယူရန် များ စွာ ပါဝင်ခြင်းကြောင့် လေ့

လာသင့် လေ့လာထိုက်သော ဝတ္ထုများ ပင် ဖြစ်ပါသည် ။ မြန်မာဝတ္ထုတို၏ သက်တမ်း နှစ် ၁၀၀ အတွင်း ကျွန်တော် လက်လှမ်းမီသမျှ အနှစ်များကို စုဆောင်း ဖော်ပြလိုက်ခြင်းဖြစ်သဖြင့် ခေါင်းစဉ်ကို နှစ် ၁၀၀ ၏ အနှစ် ၁၀၀ ဟု တပ်ထားခြင်းဖြစ်ပါသည် ။

ရွှေအမြုတေမှာ ဖော်ပြခဲ့သည့် ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း ကဏ္ဍအား နှစ်ခြိုက်ကြသည့် စာဖတ်ပရိသတ်များ တစ်စုတစ်စည်းတည်း ဖတ်ရှုနိုင်သဖြင့် ကျေနပ်ကြမည်ဟု မျှော်လင့်ပါသည် ။

လေးစားစွာဖြင့်
ဝင်းငြိမ်း

***

# မောင်သိန်းတင် မသိန်းရှင်

## ရွှေဥဒေါင်း

ကျောင်းဒကာ ဦးဖော့၊ ကျောင်းအမ ဒေါ်သော့၊ သမီး ခင်ပွန်းတို့သည် မိမိတို့ ၏ အိမ်နီးချင်း ပွဲစားကြီး ဦးဘ မောင်၊ ပွဲကတော်ကြီး ဒေါ်သာယာတို့ နှင့် ငယ်စဉ်ကပင် ရပ်ဆွေရပ်မျိုး ဖြစ်ကြသည့် အလျောက် ဘုရားသွားဖော် ကျောင်းတက်ဖက် ရေစက်အတူ ကြည်ဖြူ လေးမြတ်စွာနှင့် တစ်ဦး၏ ကိစ္စကိုတစ်ဦး အထူးဆောင်ရွက်လျက် အရာရာ တိုင်း၌ပင် တိုင်ပင် နှီးနှောလေ့ ရှိကြလေ၏။

ကျောင်းဒကာကြီး ဦးဖော့၌ မောင်သိန်းတင် အမည်ရှိသော သားတစ်ယောက်ရှိလေရာ ပွဲစားကြီးလင်မယား ၌ လည်း မသိန်းခင်၊ မသိန်းရှင်ဟု သမီးနှစ်ယောက်ရှိလေ၏။ သမီးအကြီး မသိန်းခင်မှာ ဘီအေ (B.A) အောင်ပြီး၍ အငယ် မသိန်းရှင်မှာ မူ အပျိုပေါက်ကလေးပင် ရှိသေးလေ၏။ မောင်သိန်းတင်နှင့် မသိန်းရှင်တို့ မှာ ငယ်စဉ်ကပင် ကစားဖော် ကစားဖက်ဖြစ်ကြ၍ တစ်ဦးနှင့် တစ်ဦး မောင်နှမ အရင်းအချာ ကဲ့သို့ ချစ်ခင် စုံမက်လျက်ရှိခဲ့ကြရာ မောင်သိန်းတင်မှာ လူပျိုကလေး ဖြစ်၍ မသိန်းရှင်မှာ လည်း ရှက်ကြောက်တတ်သည့် အရွယ်သို့ပင် ရောက်သော်လည်း ၎င်းတို့ နှစ်ဦးမှာ ငယ်စဉ်က ကဲ့သို့ပင် ခေါ်ခေါ်ပြောပြော အရောတဝင် နေထိုင်ကြလေ၏။ အမိအဖတို့ လည်း နှစ်သက်ကြဟန် လက္ခဏာနှင့် တားမြစ်ပိတ်ပင်ခြင်း မရှိဘဲ အမှတ်တမဲ့သာလျှင် နေကြလေ၏။ မောင်သိန်းတင်မှာ အင်္ဂလိပ်စာ ၉ တန်းတွင် သင်ကြားလျက်ရှိရာ

အဖ ကျောင်းဒကာကြီးသည် ၎င်းအား ပညာ တိုးပွားစေခြင်းငှာ မောင်ဘလှိုင်ရှိရာ ပွဲစားကြီး၏ အိမ်သို့ နားမလည်သော အရာရှိလျှင် အလွယ်တကူ မေးမြန်းနိုင်ရန် ညတိုင်းသွား၍ စာကျက်စေလေ၏။

တစ်နေ့သ၌ မောင်သိန်းတင်သည် စာအုပ်များကို ပိုက်လျက် ပွဲစားကြီး၏ အိမ်သို့သွားရာ မောင်ဘလှိုင်နှင့် မသိန်းခင်တို့ သည် အရိပ်ပြပွဲသို့ သွားရန် ပြင်ဆင်လျက် ရှိနေကြသဖြင့် မောင်သိန်းတင် အားလည်း မိမိတို့ နှင့် အတူလိုက်ရန် တိုက်တွန်း ကြသော်လည်း မောင်သိန်းတင်မှာ စာမေးပွဲ နီးပြီဖြစ်၍ မလိုက်လိုကြောင်းနှင့် တောင်းပန်ပြီးလျှင် မိမိ စာဖတ်နေကျဖြစ်သော စားပွဲတွင် စာဖတ်နေလေ၏။ ပွဲစားကြီး လင်မယားလည်း မှန်အိမ်များကို လက်ဆွဲလျက် ကျောင်းဒကာကြီးတို့ နှင့် အတူ ဘုရားဝတ်တက်ရန် သွားကြလေ၏။ မောင်သိန်းတင်လည်း စားပွဲတွင် တစ်ယောက်တည်း စာဖတ်လျက် နေရာမှ ခြေသံကြားသဖြင့် လှည့်၍ ကြည့်လိုက်ရာ မသိန်းရှင်သည် လက်ဖက်ရည် တစ်ခွက်ကို ကိုင်လျက်လာသည် ကို မြင်လျှင်-

'အလို... မသိန်းရှင်၊ ရုပ်ရှင်ပွဲကို မလိုက်ဘူးလား'

'ခေါင်းနည်းနည်း ကိုက်လို့ မလိုက်ဘူး မောင်သိန်းတင်ရေ့၊ ကဲ စာဖတ်လို့ တော်တော်မောပြီ ထင်တယ်။ လက်ဖက်ရည် တစ်ခွက် သောက်လိုက်ပါဦး'

ဟု ပြော၍ လက်ဖက်ရည်ခွက်ကို မောင်သိန်းတင်၏ ရှေ့တွင် ချပြီးလျှင် အနီးရှိ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လျက်နေလေ၏။ မောင်သိန်းတင်လည်း လက်ဖက်ရည်ခွက်ကို ယူသောက်၍ ကျေးဇူးတင်စကား ပြောပြီးလျှင် စာဖတ်မည် ပြုပြန်ရာ မသိန်းရှင်သည် ထိုင်ရာမှ မထသေးဘဲ 'အင်္ဂလိပ်စာများ အင်မတန် ခက်သလား' ဟု မေးလျှင်-

‘လူမျိုးကွဲစာ သင်ရတယ်ဆိုတာ နည်းနည်းတော့ ခက်တာပေါ့ မသိန်းရှင်၊ မြန်မာစာ လောက်တော့ ဘယ်လွယ်မလဲ’

‘နည်းနည်း တတ်ချင်ပါတယ်၊ သင်ပေးပါလား။ ကိုကိုက သင်မယ်ဆိုပြီး သင်လည်း မပေးဘူး’

‘ကိုကိုက သင်မပေးရင် ဒီက သင်ပေးပါမယ်၊ စာမေးပွဲပြီးတော့ သင်လည်း သင်အားပါလိမ့်မယ်’

‘တစ်နေ့က ဈေးက ပြန်လာတော့ ကောင်ကလေး တစ်ကောင်က မိုင်ဆွီးတားဆိုလား ဘာဆိုလား ပြောတာ ကြားလိုက်တယ်။ ဒါဘာဆိုသလဲ ပြောစမ်းပါ မောင်သိန်းတင်ရဲ့ ’

ဟု အကယ်မသိသော မျက်နှာထားနှင့် မေးလျှင် မောင်သိန်းတင်လည်း စာဖတ်လို လှသဖြင့် စကားမရှည်လို သောကြောင့် ‘နောက်တော့ သင်ပေးပါမယ်၊ အခု ခဏဆိုင်း လိုက်ပါဦး’ဟု ပြောသဖြင့် မသိန်းရှင်သည် ထိုင်ရာမှ ထ၍ ပြတင်းပေါက်မှ မျှော်ကြည့် လိုက်လေလျှင် အပျိုကလေး တချို့တို့ နှင့် ကလေးတို့ သည် ရွှေလသာလှသည် နှင့် ထုပ်ဆီးတမ်း ကစားလျက် နေကြသည် ကို မြင်သဖြင့်‘ဒီမှာ ကြည့်လှည့်စမ်း မောင်သိန်းတင်၊ ပျော်စရာ ကောင်းလိုက်တာ။ ထုပ်ဆီးတမ်းများ မကစားရတာ ကြာလှပြီ။ ခဏလောက် ဆင်းပြီး ကစားရရင် မကောင်းဘူးလား’ဟု ခေါ်၍ ပြောလျှင် မောင်သိန်းတင်လည်း ထိုင်ရာမှ ထလာ၍ ‘ခေါင်းကိုက်တဲ့ လူကလည်း ထုပ်ဆီးတမ်းတော့ ကစားနိုင်ရောလား၊ မလုပ်ပါနဲ့ မသိန်းရှင် ရယ်။ စာမေးပွဲက နီးလှပြီ၊ စာကျက်စရာတွေကလည်း များ သေးတယ်’ဟု ပြော၍ ပြတင်းပေါက်မှ နှစ်ယောက်သား ခါးထောက်လျက် ကြည့်နေကြလေ၏။ မောင်သိန်းတင်က-

‘ခေါင်ကြောင်းစီးတဲ့ ဟာက ဘယ်သူလဲ မသိန်းရှင် ရဲ့ ’

‘ဟိုဘက်အိမ်က မမြမေ ကလေးလေ’

‘သြော် သူ့အသားကလေးက လရောင်မှာ တော့ တယ်ပြီး လှပါက လား၊ ချစ်စရာ ကလေးပဲနော်။ ဒါ့ကြောင့် မော်လမြိုင်သူများ လှတယ် ပြောကြတာ ထင်ပါရဲ့ ’ ဟု ပြောလျှင် မသိန်းရှင်လည်း အနည်းငယ် မျက်နှာမသာဘဲ-

‘မော်လမြိုင်သူ ဘယ်လိုပဲလှပေမဲ့ တစ်နေ့က ဦးကျော်ဒွန်းသမီး နား ထွင်း မင်္ဂလာတုန်းက နားရံဖိတ်လို့ သွားကြတာ မောင်သိန်းတင် မြင် လိုက်တယ် မဟုတ်လား’

‘သြော် မြင်လိုက်တယ်၊ သည် အရပ်က လေးယောက် ဖိတ်တယ် ထင်ပါရဲ့ ။ မိန်းမချော ကလေးတွေချည်း ပါပေပဲဗျာ၊ တယ်ချော တယ် လှ’

ဟု ပြောလျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ ကြည့်လျက်-

‘သည် လေးယောက်ထဲက ဘယ်သူက အချော ဆုံးထင်သလဲ မောင် သိန်းတင်ရဲ့ ’

‘နေပါဦး… ဘယ်သူများ သာလိမ့်မည်၊ မမြမေ ကလေးရယ်၊ မလှရင် ရယ်၊ မလှတင်ရယ်၊ ပြီးတော့ကော’

‘ပြီးတော့ ဒီကရယ်…’

‘သြော် မသိန်းရှင် ရယ်လား၊ အင်း လေယောက်စလုံးပဲ ကြည့်လို့ ကောင်းကြပါပေတယ်၊ တစ်မျိုးစီပါပဲ’

‘တစ်မျိုးစီတော့ ဟုတ်ပါပြီ မောင်သိန်းတင်ရဲ့ ၊ သေသေချာချာ ပြန်စ ဥ်းစားကြည့်ပါဦး၊ ဘယ်သူက သာပြီး ကြည့်လို့ ကောင်းသလဲ’

‘အင်း… မလှရင်ကတော့ နည်းနည်း အသားကလေး ညိုတယ်၊ မလှတင်ကတော့လည်း အရပ်က နည်းနည်း ရှည်တယ်’

‘မမြမေကကော’

‘မမြမေကတော့ မဆိုစလောက် ကလေး အရပ်ပုတယ်’

ဟု ပြောပြီးလျှင် မသိန်းရှင်အား ခြေဆုံး ခေါင်းဆုံး ကြည့်လျက်နေရာမှ -

‘မသိန်းရှင်ကတော့ အပြစ်ရှာစရာ ကြည့်လို့ မမြင်ပေဘူးဗျာ’ဟု ပြုံးလျက် ပြောလိုက်ရာ-

‘ခုတင်ကတော့ မမြမေ ကလေးက လှတယ်ဆို’

‘လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးတဲ့ ၊ မော်လမြိုင်သူ ဘယ်လိုပင် လှပေမဲ့သည် က ရွှေမန်းသူတော့ ဘယ်မီ နိုင်မလဲ’

ဟု ပြောင်သလိုလို မျက်နှာထားနှင့် ပြောလိုက်သောအခါ မသိန်းရှင်သည် မိမိ မေးမိသည် ကို အရှက်ရ၍ မျက်နှာ ပူပူနှင့် ဦးခေါင်းကို အောက်ချလျက် နေလေ၏။

မောင်သိန်းတင်လည်း မိမိပြောမိသည့် စကား အဓိပ္ပာယ်ကို စေ့စေ့ ပြန်၍ စဉ်းစားမိလျှင် အနည်းငယ် မျက်နှာပူသည် နှင့် ပြတင်းပေါက်မှ အိမ်သို့ လှမ်း၍ ကြည့်လိုက်ရာ‘မုန့်ဖက်ထုပ်၊ မုန့်ဖက်ထုပ်’ဟု ဟစ်၍ ရောင်းနေသော မုန့်သည် ကြီးကို မြင်လျှင်‘မုန့်ဖက်ထုပ်က ကောင်းပုံပေါ်သည် ’ဟု အရှက်ပြေ ပြောပြီးလျှင် မုန့်သည် ကြီးကို အိမ်ပေါ်သို့ ခေါ်၍ မုန့်အနည်းငယ် ဝယ်ယူ စားသောက်ကြလျှင် မုန့်သည် မိန်းမကြီးလည်း ၎င်းတို့ နှစ်ဦးကို သေချာစွာ ကြည့်လျက်’တယ်ပြီး ရေ့သွားနောက်လိုက် ညီပါ ပေတယ်တော်၊ ကြည့်လို့ မငြီးပါပေဘူး။ ယခု မုန့်

ဖက်ထုပ် ဝယ်စားရတဲ့ အကျိုး၊ တစ်ယောက်အပေါ်၌ တစ်ယောက် မုန့်ကဲ့သို့ ချိုပြီးလျှင် အိုအောင်မင်းအောင် ပေါင်းရပါစေ'ဟု ဆုတောင်းပြီးလျှင် မုန့်ဗန်းကိုပင့်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မသိန်းရှင်လည်း မုန့်သည် အဒေါ်ကြီး အထင်လွဲ၍ ပြောသွားသည် ကို ကြားသဖြင့် များ စွာ မျက်နှာထား ခက်လျက် ရှိရသည့် အတွက် မောင်သိန်းတင်က'အဒေါ်ကြီးက ဘယ့်နှယ်များ အောက်မေ့ သွားပါလိမ့်မည်၊ ကြားလိုက်တယ် မဟုတ်လား မသိန်းရှင်၊ အဒေါ်ကြီးပြောတာ ဘယ့်နှယ် သဘောရသလဲ' ဟု ခပ်ပြုံးပြုံး မျက်နှာထားဖြင့် မေးလိုက်လျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို မော်ကြည့်ပြီးလျှင် လက်ဖက် ရည်ပန်းကန်ကို ယူ၍ ထသွားလေ၏။

မောင်သိန်းတင်၊ မသိန်းရှင်တို့ သည် ငယ်စဉ်မှ စ၍ တစ်မိဝမ်းတွင်း အတူဆင်းကြသည့် မောင်ရင်းနှမသဘော အရောတဝင် ခေါ်ငင် ပေါင်းသင်းလျက် လာခဲ့ကြရာ ထိုနေ့မှ သည် တစ်ဦးကို တစ်ဦး မခေါ်ဝံ့ မပြောဝံ့၊ တစ်ဦးရှိရာ တစ်ဦး မလာဝံ့ကြဘဲ အမူကွဲပြားလျက် ရှိကြကုန်၏။ ထိုသို့ပင် ရှိကြသော်လည်း တစ်ဦးကို တစ်ဦး ရေးကထက် နှစ်ဆထမ်းပိုး မြတ်နိုး ချစ်ခင် မမြင်လျှင် မနေနိုင်ခမန်း ရှိကြသည် အဖြစ်ကို နှစ်ဦးလုံးပင် သိရှိကြလေ၏။

ဤသို့ ၂ လကျော် ၃ လခန့်ရှိခဲ့လေရာ မောင်သိန်း တင်မှာ ၉ တန်းစာမေးပွဲတွင် ဝင်ရောက် ဖြေဆိုပြီး ဖြစ်သဖြင့် မောင်သိန်းတင်၏ အမိအဖတို့ မှာ လည်း သားအား ပညာ ဆက်လက် သင်ကြားရန် မတတ်နိုင်မူ၍ ရွှေဘိုမြို့ အရေးပိုင် မင်းရုံးတွင် စာရေး အလုပ်တစ်ခု လစ်လပ်သည် နှင့် မောင်သိန်း တင်အား လျှောက်ထားစေရာ မောင်သိန်းတင်လည်း ၎င်းအလုပ်ကို ရရှိလေ၏။ ၎င်းအကြောင်းကို မသိန်းရှင်တို့ ၏ အဖ ပွဲစားကြီး ကြားသိလေလျှင် များ စွာ ပြစ်တင် ပြောဆို၍ မောင်သိန်း

တင်ကို ရန်ကုန်ကောလိပ် ကျောင်းတွင် ပညာသင်ကြားနိုင်စေရန် မိမိ ကပင် စရိတ်ကြေးငွေ စိုက်ထုတ်ချေး ငှားပါမည်ဟု ကျောင်းဒကာကြီး အား အတန်တန် ပြောဆိုပါ သော်လည်း ကျောင်းဒကာကြီးမှာ သားတစ်ယောက်တည်း ဖြစ်သည့် ပြင် မိမိ၌ လည်း အိုမင်းမစွမ်း ရှိ သည် ဖြစ်၍ ကျောထောက်နောက်ခံ ဆိုဘိသကဲ့သို့ ရစေခြင်းငှာ မိမိတို့ မသေမီအတွင်း သားနှင့် ကြာရှည်စွာ ခွဲခွာ၍ မနေလိုကြောင်းနှင့် ပြောဆို၍ ပွဲစားကြီးအားလည်း မိတ်ဆွေတို့ ဝတ္တရား ရှိသည့် အတိုင်း စောင်မ ကြည့်ရှုပေသည် ကို များ စွာ ကျေးဇူးတင် စကားပြောပြီးလျှင် သားအမိ သားအဖ သုံးယောက်တို့ သည် ရွှေဘိုသို့ သွားရန် ပြင်ဆင်ကြ လေ၏။

မောင်သိန်းတင်လည်း ညှိုးငယ်သော မျက်နှာဖြင့် ပွဲစားကြီးအိမ်သို့ သွားရောက်၊ အသီးသီးတို့ အား ထိုက်သည့် အားလျော်စွာ ဝမ်းနည်း ကြောင်း ပြောဆိုပြီးလျှင် မသိန်းရှင်ကို မမြင်ရသေးသည် နှင့် ခပ်ဆိုင်း ဆိုင်း လုပ်၍ နေရာ မသိန်းခင်လည်း မောင်သိန်းတင်၏ မျက်နှာထားကို ရိပ်မိသဖြင့် ညီမ အငယ်ရှိရာသို့ တက်သွားပြီး တစ်အောင့်ကြာလျှင် ပြန် ဆင်းလာ၍ နှမမသိန်းရှင်မှာ ခေါင်းကိုက်၍ နေသဖြင့် ဆင်းမလာနိုင် ကြောင်းကို ပြောလေလျှင် မောင်သိန်းတင်လည်း မသာယာသော မျက်နှာဖြင့် ပြန်ခဲ့ရလေ၏။ အိမ်ပြင်သို့ ရောက်လျှင် မသိန်းရှင်အား မမြ င်ရလျှင် မနေနိုင်မူ၍ အိမ်ဘက်သို့လှည့် ပြီးလျှင် ပြတင်းပေါက်သို့ ကြ ည့်လိုက်ရာ မသိန်းရှင်လည်း တံခါးကြားမှ ချောင်း၍ ကြည့်နေသည် ဖြစ်သောကြောင့် မျက်နှာကို မမြင်ရဘဲ အင်္ကျီစကလေးကိုသာ မြင်လိုက် ရသဖြင့် မောင်သိန်းတင်လည်း သက်ပြင်းချပြီးလျှင် အမိအဖ တို့ နှင့် အ တူ မီးရထား ဘူတာရုံသို့ သွားရလေ၏။

ရွှေဘိုသို့ ရောက်ကြလျှင် ကျောင်းဒကာကြီး လင်မယားတို့ သည်

မောင်သိန်းတင်ကို မိတ်ဆွေတစ်ယောက် အိမ်တွင် အပ်နှံ၍ မိမိတို့ မှာ မန္တလေး၌ ကိစ္စအနည်းငယ် ဆောင်ရွက်ရန် ရှိသေးသည် နှင့် ရတ်တရက် မရွှေ့ပြောင်းနိုင်သေး သဖြင့် မန္တလေးသို့ ပြန်ကြလေ၏။

မောင်သိန်းတင်လည်း ရွှေဘိုသို့ ရောက်၍ အလုပ်အကိုင် ဝင်ရောက် လုပ်ကိုင်ရသော်လည်း အလုပ်၌ များ စွာ စိတ်မပါသည် နှင့် အမှားမှား အယွင်းယွင်း၊ အချွတ်ချွတ် အချော်ချော် ဖြစ်ပြီးလျှင် အထက်လူကြီးတို့ ၏ ငြိုငြင်ခြင်းကို ခံရလေ၏။ တစ်နေ့သ၌ မောင်သိန်းတင်သည် မိမိနှင့် ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်နှင့် တွေ့ဆုံမိရာ ကျောင်းသား တို့ ဘာဝ မိမိတို့ ကျောင်းနေစဉ်အခါက အဖြစ်အပျက်များကို ပြန်လည် ပြောဆိုကြပြီးနောက် ၎င်းသူငယ်ချင်းသည် မောင်သိန်းတင်အား မိမိ အိမ်သို့ အလည်လိုက်ရန် တိုက်တွန်းပြီးလျှင် မိမိနှင့် အတူခေါ်၍ သွား လေ၏။ ၎င်းသူငယ်ချင်းများမှာ ရွှေဘိုသား ဇာတိဖြစ်သဖြင့် မိမိ၏ အမိ အဖတို့ နှင့် အတူ နေထိုင်လျက်ရှိရာ ထိုအခါ၌ အထက်အရပ်များ တွင် အင်္ဂလိပ် ပညာတတ်များ လည်း ရှားသေးသည် ဖြစ်သောကြောင့် ၎င်း၏ အမိအဖတို့ သည် မောင်သိန်းတင်အား ယခုအခါ ဘီအေများကို ဧည့်ခံ ဘိ သကဲ့သို့ အရေးတယူ ပျူပျူငှာငှာ ဧည့်ခံ၍ စကားပြောပြီးလျှင် အမိ အဖတို့ နှင့် ဝေးကွာ၍ နေရသည် အတွင်း ၎င်းတို့ အား အမိအဖကဲ့သို့ အားကိုးပြီးလျှင် တိုင်ပင်ရန် ရှိကလည်း တိုင်ပင်၍ အားမငယ်ရန် အကြောင်းပြောလေ၏။ မောင်သိန်းတင်လည်း ဝတ္တရားရှိ သည့် အတိုင်း မိမိအားလည်း သားကလေး၊ တူကလေးကဲ့သို့ အောက်မေ့ပြီး လျှင် ရုံးကိစ္စမှ စ၍ လူငယ်နှင့် လျော်သော အခြားကိစ္စတို့ ၌ လည်း ကြ ည့်ရှုခိုင်းစေပါက ဝမ်းမြောက်စွာ ဆောင်ရွက်ပါမည် အကြောင်းကို ပြော လျှင် မောင်ဘစိန်၏ အမိအဖတို့ လည်း မိမိတို့ ၏ အိမ်သို့ မောင်ဘစိန် မရှိသော်လည်း ဝင်ထွက် လည်ပတ်ရန် ပြောဆိုကြလေ၏။

မောင်သိန်းတင်လည်း ရောက်ခါစဖြစ်သည် နှင့် အသိအကျွမ်း နည်းပါးသည် အခိုက် မောင်ဘစိန်တို့ ၏ အမိ အဖတို့ က ဤကဲ့သို့ လို လားကြပေသည် ကို ကျေးဇူးတင်ဖွယ် ရှိပေသဖြင့် ညနေ ရုံးမှ ပြန်၍ ထ မင်းစားပြီးလျှင် မောင်ဘစိန်၏ အိမ်သို့ သွားရောက်၍ စကားစမြည် ပြောဆိုနေကြပြီးလျှင် အိပ်ချိန်ကျရောက်မှ ပြန်ခဲ့လေ၏။ ဤသို့ ညစဉ် သွားရောက်၍ စကား အကျွမ်းတဝင် တိုင်ပင် နှီးနှောနေကြသည် မှာ ၁ ၅ ရက်ခန့် ရှိလေလျှင် ပထမ တွေ့စဉ်အခါ၌ လောက ဝတ်စကားဖြင့် သာလျှင် ချစ်ခင် အားကိုးပါဟု ပြောဆိုလိုက်သည် မှာ ယခုအခါ၌ မူ ကား အကယ်ပင် လူကြီးကလည်း လူကြီးအလျောက်၊ လူငယ်ကလည်း လူငယ်အလိုက်များ စွာ ချစ်ခင် ကြင်ကြင်နာနာ ရှိကြကုန်၏။ မောင်ဘ စိန်၌ အရုပ် အရည်နှင့် ပြည့်စုံ၍ ရွှေဘိုမြို့ပေါ်တွင် 'ထိပ်ကျ'သည် ဟု ခေါ်လောက်ပေသော ၁၈ နှစ်အရွယ် အစ်မ တစ်ယောက် ရှိလေ၏။ မော င်သိန်းတင်သည် အိမ်သို့ အလည်လာရောက် သည့် အခါ မသင်းကြည် လည်း အမိအဖတို့ နှင့် အတူ ထိုင်၍ စကားစမြည် ရောနှော ပြောဆိုလေ့ ရှိကုန်၏။ မောင်သိန်းတင်လည်း မိမိကျောင်း၌ သင်ကြားဖူးခဲ့သော က မ္ဘာမြေကြီး၏ အခြေအနေမှ စ၍ ပထဝီတွင် ပါရှိသော လူအမျိုးမျိုး၊ တိရ စ္ဆာန် အမျိုးမျိုးနှင့် တကွ အင်္ဂလိပ်ရာဇဝင်၊ အိန္ဒိယ ရာဇဝင်တို့ ကို နား ထောင်၍ မငြီးရအောင် ကူးပြောင်းလဲလှယ် ပြောဆိုလေလျှင် မောင်ဘ စိန်၏ အမိအဖတို့ နှင့် တကွ မသင်းကြည်တို့ သည် လွန်စွာ နှစ်ခြိုက် အ ရေးစိုက်ပြီးလျှင် သဘောကြိုက် တွေ့၍ နေကြကုန်၏။ မောင်သိန်းတင် လည်း မိမိ ဟောပြော သည့် အရာတို့ ကို မှတ်သားလိုသော လက္ခဏာန ှင့် နားစိုက် လျက်နေကြသည် ကိုသိလျှင် မန္တလေးသား ဇာတိလူကြီး လူ ကောင်း၏ သားသမီးဖြစ်သည့် အလျောက် စကားအရာ၌ လိမ္မာချောင် ရှိ သည် နှင့် လူကြီးကြိုက်တစ်သွယ်၊ လူငယ်ကြိုက်ကလည်း တစ်မျိုး

အကျိုးနှင့် အကြောင်း၊ အဆိုးနှင့် အကောင်းတို့ ကို ကွဲကွဲပြားပြား ခြား ခြားနားနား ကြည်လင်ပြတ်သားသော အသံဖြင့် မရပ်မနားဘဲ ပြောဆို လေလျှင် မသင်းကြည်သည် ဤမျှလောက် ဗဟု သုတပညာနှင့် ပြည့်စုံ ၍ စကား ချိုသာ ပီယဝါစာဖြစ်အောင် ပြောဆိုတတ်သူကို တစ်ကြိမ် တစ်ခါမျှ မတွေ့စဖူးဟု အောက်မေ့သည် နှင့် မောင်သိန်းတင်၏ မျက်နှာ ကို စေ့စေ့ကြည့်လျက် မှတ်သား နာယူလေ့ရှိကုန်၏။ တစ်ခါတစ်ရံ မောင်သိန်းတင်သည် ရုံးဆင်း မိုးချုပ်သဖြင့် အိမ်သို့ မလာရောက်နိုင် ရှိ သည့် အခါ မသင်းကြည်သည် မသာ မယာသော မျက်နှာဖြင့် မိမိ၏ အခ န်းတွင်းသို့ စောစောစီးစီး ဝင်၍ အိပ်လေ၏။

ဤသို့ တစ်လ ကိုးသီတင်းမျှ ကုန်လွန်၍ သွားလေလျှင် တစ်နေ့သ၌ မောင်သိန်းတင်၏ အမိအဖတို့ သည် ရွှေဘိုသို့ လာရောက်ကြလေ၏။ မောင်သိန်းတင်လည်း အမိအဖတို့ ရှိစဉ်အခါ အိမ်မှ ထွက်ခွာ၍ အခြား အရပ်သို့ လည်ပတ် သည် ကို အမိအဖတို့ မသိစေလိုသဖြင့် မသင်း ကြည်တို့ ၏ အိမ်သို့ မသွားရောက်ဘဲနေခဲ့ရာ ခုနစ်ရက်တစ်ပတ်ခန့် ရှိ လေလျှင် မသင်းကြည်မှာ တစ်နေ့တခြား ညှိုးနွမ်းလျက် အစားအသော က် ဆုတ်ယုတ်၍ တွေဝေထိုင်းမှိုင်းသော အမူအရာနှင့် သာ နေလေ၏။ အမိဖြစ်သူလည်း သမီး၏ အမူအရာကို သင်္ကာမကင်းရှိသည် နှင့် သမီး အခန်းသို့ ဝင်၍ ယုယချစ်ခင်သော မိခင်ဖြစ်သည့် အလျောက် သမီးအား ချော့မော့ မေးမြန်းလေလျှင် မသင်းကြည်သည် မျက်ရည်ဝိုင်းလျက် ဘာ မျှမဖြစ်ကြောင်း ပြော ဆိုသော်လည်း မိခင်သည် ပျိုရာမှ အိုခဲ့သည် ဖြစ် သောကြောင့် အနည်းငယ် ရိပ်မိလေသဖြင့် ဖွင့်၍ မေး လိုက်လေ၏။ မ သင်းကြည်လည်း မိခင်ပင်ဖြစ် သော်လည်း လွန်စွာမှ ရှက်ဖွယ်ကောင်း သည့် အရာမျိုးဖြစ် သဖြင့် မိခင်ထင်သည့် အတိုင်း မှန်ကြောင်းကို ဖွင့်၍ မပြောဘဲ မိခင်၏ လည်ပင်းကို ဖက်လျက် ဦးခေါင်းကို အောက်ချ၍

ရှုက်ကြီးတငင်နှင့် ငိုလေ၏။ မိခင်လည်း သမီးအား ပြစ်တင်စကားများ စွာ မပြောဆိုဘဲ သမီးအကြိုက်ကို အလိုက်သင့် ချော့မော့၍ ပျော့ပျောင်း သိမ်မွေ့သော အမူအရာဖြင့် မိခင်ပီပီ ပြောဆိုပြီးလျှင် သမီးအခန်းမှ ထွ က် လာပြီးနောက် ခင်ပွန်း ဖြစ်သူနှင့် တစ်နာရီမျှ တီးတိုး တိုင်ပင်ကြ လေ၏။

နောက်တစ်နေ့ ညနေ၌ မောင်သိန်းတင်သည် ရုံးမှ ပြန်လာ၍ အမိ အဖတို့ နှင့် စကားစမြည် ပြောဆိုနေကြစဉ် မသင်းကြည်တို့ ၏ အိမ်မှ အစေခံ တစ်ယောက်သည် အိမ်ပေါ်သို့ တက်လာ၍ မောင်သိန်းတင်အား အိမ်သို့ အလည်ကြွရန် ပင့်ဖိတ်၍ ပြန်သွားလေ၏။ မောင်သိန်းတင် လည်း မရောက်သည် မှာ ကြာပြီဖြစ်၍ မည်သည့် အကြောင်း ရှိလေသန ည်းဟု အမိအဖထံ ခွင့်ပန်ပြီးလျှင် လိုက်သွားလေ၏။ အိမ်သို့ရောက် လျှင် မသင်းကြည်၏ အမိအဖတို့ သည် ရေးကထက်ပင် ခရီးဦးကြို ပြု ကြပြီးလျှင် နေရာထိုင်ခင်းပေး၍ ၁၅ မိနစ်ခန့် စကားပြောဆိုနေကြရာ မှာ မသင်းကြည် တစ်ယောက်ကို မမြင်ကြောင်း မေးလျှင် အမိအဖတို့ သည် တစ်ဦး၏ မျက်နှာကို တစ်ဦး ကြည့်ပြီးမှ မသင်းကြည် တစ် ယောက် နေမကောင်း သဖြင့် အိပ်ရာသို့ စောစောဝင်၍ အိပ်နေကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း အိမ်ရှင်တို့ ၏ မျက်နှာထားသည် ခါ တိုင်းနှင့် မတူ၊ တမူကွဲပြား ခြားနားရလေခြင်းမှာ မည်သည့် အတွက် ကြောင့် ဖြစ်လေသနည်းဟု ဆင်ခြင် တွေးတောလျက် စကားမပြောဘဲ ရှိလေလျှင် ယောကျ်ားဖြစ်သူသည် ဇနီး၏ မျက်နှာကို ကြည့်ပြီးလျှင် ထို င်ရာမှ ထသွားလေ၏။ မသင်း ကြည်၏ မိခင်လည်း ကွမ်းအစ်ကို တွန်း ၍ တည်သည် ဟန်နှင့် အနီးသို့ ချဉ်းကပ်၍ ထိုင်ပြီးလျှင် မောင်သိန်းတင် ၏ မိဘ အခြေအနေတို့ ကို တီးခေါက်၍ ကြည့်လေ၏။ မောင်သိန်းတင် လည်း မိမိ၏ အဖမှာ အရွယ်ကောင်းစဉ် အခါက အလုပ်ကြီး အကိုင်

ကြီး လုပ်ကိုင်ခဲ့ဖူး သော်လည်း ယခုမှာ အရွယ်ကြီးရင့် နားချိန်သင့်ပြီ ဖြစ်၍ ဘုရားသွား ကျောင်းတက် ဝတ်မပျက် နေထိုင်ကြောင်း ပြောလေ၏ ။ ၎င်းနောက် မောင်သိန်းတင်၏ အသက်နှင့် တကွ နေ့နံတို့ ကို မေးမြန်းပြီးလျှင် မိမိတို့ ၏ အခြေအနေ အမျိုးအဆွေမှ စ၍ ကြေးငွေအင်အား ရွှေသားက မည်ရွေ့မည်မျှ၊ အိမ်ခြံကျွဲနွား စပါးလယ်မြေက ဇကေပေါင်း မည်ရွေ့မည်မျှ ရှိကြောင်းတို့ ကို ပြောဆိုပြီးလျှင် ကာလဒ္ဒ ယောကျ်ားကောင်း ဟူ၍ လည်း အလွန်နည်းပါး၊ မိန်းမ ကောင်းဟူ၍ လည်း အလွန်ရှားကြောင်းနှင့် သမီး မသင်းကြည်လည်း မိဘ၏ ဝတ္တရားကို များ စွာကျေပွန် လွန်စွာ သိတတ်သော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ပြောဆိုလေ၏။

မောင်သိန်းတင်လည်း ပထမ၌ မည်သည့် အဓိပ္ပာယ်နှင့် စုံစမ်းမေးမြန်းနေသည် ကို မရိပ်မိဘဲရှိရာမှ သမီးဖြစ်သူသည် လိမ္မာရေးခြား အကင်းပါး၍ စကားချေင်ခြင်း စသော ဂုဏ်ဒြပ်တို့ နှင့် ပြည့်စုံကြောင်း ချီးမွမ်းပြောဆိုသည် ကို ကြားရလေလျှင် ဆိုလိုသည့် အဓိပ္ပာယ်ကို ရိပ်မိလေသဖြင့် အလွန်တရာ ကရုဏာရှိသော မျက်နှာထားဖြင့် မပြောတန်သည့် စကားကို မိန်းကလေး၏ မိခင်အား မပြောစေလိုမှု၍ ယောကျ်ားကောင်း ရှားသည့်အနက် မိမိသည် တစ်ယောက် အပါအဝင်ဖြစ်သည် ဟု သဘောပိုက်ပေသည် ကို အထူးပင် ဝမ်းမြောက်ပါကြောင်း၊ မသင်းကြည်သည် လည်း တည်ကြည် သောဣန္ဒြေနှင့် အသရေရှိသော အမိအဖတို့ ၏ သမီးတစ် ယောက်ဖြစ်ကြောင်းကို ပြောမပြမီကပင် အကဲခတ်မိပါကြောင်း၊ ယခုကဲ့သို့ အရုပ်အရည်နှင့် တကွ မိကောင်းဖခင် သမီးပီပီ တည်တည်တံ့တံ့ အမျိုးလည်း သန့်သော မိန်းကလေး ဆို၍ နှစ်ဦးသာလျှင် တွေ့ဖူးပါကြောင်း၊ တစ်ဦးမှာ မိမိ မန္တလေးမှာ နေစဉ်အခါက မောင်နှမ အရင်းအချာ ကဲ့သို့ တစ်ဦးနှင့် တစ်ဦး အထူး ကြင်နာမေတ္တာ

သက်ဝင် ချစ်ခင်စုံမက် နှစ်သက်ခဲ့ကြသည် မှာ နှစ်လရှည် ကြာပြီဖြစ်၍ နှစ်ဦး နှစ်ဝလုံး၏ အမိအဖတို့ ကလည်း မိမိတို့ နှစ်ဦးအား သဘောတူမျှ စိတ်က ကြံရွယ်လျက် ရှိနေကြဟန် လက္ခဏာ ရှိကြောင်းများကို ကြွားဝါလိုသော ဆန္ဒရှိသည့် မျက်နှာထား မပါစေဘဲ မိမိ၏ အဒေါ်အရင်းအား အကြောင်းမျိုးစုံ ပြန်ကြား ဘိသကဲ့သို့ တိုင်ပင်သလို ပြောဆိုလေ၏။

မသင်းကြည်၏ မိခင်လည်း မိမိသမီးအတွက် များ စွာ စိတ်နှလုံး မသာမယာ ဖြစ်ရှာသော်လည်း မိမိမှာ မိန်းကလေးရှင်ဖြစ်လျက် စကားခင်း၍ ပေးရသည် ကို မောင်သိန်းတင်သည် လူလိမ္မာကလေးတို့ ၏ သဘောပီပီ ထူယောင် အယောင်လည်း မဆောင်၊ ဘေးတိုက်လည်း မကျစေအောင် စကားဖြင့် နောက်ဆုတ်မှန်းမသိ ဆုတ်၍ သွား တတ်ပေသည် ကို ဝမ်းတွင်း၌ များ စွာ ကျေးဇူးတင်မိလေ၏။ ဖခင် လုပ်သူထွက်၍ လာလျှင် မောင်သိန်းတင်သည် ယခင်က စကားစပ်ကိုရပ်၍ အခြား စကားများကိုသာ ရယ်မောပြော ဆိုပြီးလျှင် ဦးနှင့် အဒေါ်အား အခွင့်ပန်၍ အိမ်သို့ပြန်ခဲ့လေ၏။

မောင်သိန်းတင်၏ မိဘတို့ သည် နောက်နေ့နံနက်၌ မန္တလေးသို့ ပြန်သွားကြသော်လည်း မောင်သိန်းတင်သည် မသင်းကြည်တို့ ၏ အိမ်သို့ ရှေးကကဲ့သို့ ဝင်ထွက်သွားရန် မသင့်မလျော်ဟု အောက်မေ့ပြီးလျှင် ရုံးမှ ပြန်သော်လည်း အိမ်၌ သာလျှင် စာဖတ်၍ နေလေ၏။

မောင်သိန်းတင်သည် မသင်းကြည်တို့ ၏ အိမ်မှ ပြန်လာ၍ ၁၀ ရက်ခန့်ရှိရာ တစ်ညနေ မောင်သိန်းတင်သည် စားပွဲတွင် ထိုင်၍ မသိန်းရှင်ထံသို့ ပေးရန် စာတစ်စောင်ကို စီကုံးလျက်နေစဉ် ယခင်က တစ်ကြိမ်လာဖူးသော မသင်း ကြည်တို့ ၏ အိမ်မှ အစေခံသည် အိမ်ပေါ်သို့ တက်လာ၍ အိမ်သို့ ခေတ္တလာရောက်ရန် အကြောင်းနှင့် စေခိုင်းလိုက်

ကြောင်း ပြောလေလျှင် မည်သည့် အကြောင်း ရှိလေသနည်းဟု မေးမြန်းရာ မသင်းကြည်သည် အသည်းအသန် ဖြစ်၍ နေကြောင်းနှင့် ပြောလေ၏။ မောင်သိန်းတင်လည်း မိန်းကလေးအား များ စွာ ကရုဏာ ရှိလှသည် နှင့် ရေးနေသောစာကို ပိတ်ပြီးလျှင် ပျာယီးပျာယာနှင့် လိုက် လာရာ အိမ်ဦးခန်းတွင် အဖဖြစ်သူနှင့် တွေ့လေ၏။ မချမ်းသာသော မျက်နှာကိုမြင်လျှင် မောင်သိန်းတင်သည် စောစောက ကြိုတင်၍ မသိရ ခြင်းကြောင့် ဝမ်းနည်း ပါကြောင်း၊ အစေခံ ပြောသလောက်လည်း ဟုတ်မည်မထင်၊ နေမကောင်း ထိုင်မသာ ဖြစ်သည် ဟု သာလျှင် မျှော် လင့်ပါကြောင်းနှင့် ပြောလျှင် ဖခင်ဖြစ်သူသည် ဦးခေါင်းကို ယမ်းလျက် စကားတစ်ခွန်းမျှ မပြောဘဲ မျက်ရည်ကိုသာလျှင် သုတ် လျက်နေလေ၏ ။ မောင်သိန်းတင်လည်း ဖခင်၏ ယူကျုံးမရ သောကမီး တောက်လောင် လျက်ရှိသော မျက်နှာထားကို မြင်သဖြင့် ထပ်၍ စကားမပြောဝံ့ဘဲ အပူ ဓာတ် ရိုက်ပြီးလျှင် ငြိမ်ဝပ်စွာ နေလေ၏။ ဤသို့ ၅ မိနစ်ခန့် ကြာလတ် သော် ဖခင်ဖြစ်သူသည် မျက်ရည်များကို တစ်ဖန် သိမ်းဆည်းပြန်၍ မော င်သိန်းတင် အားလည်း အနီးသို့ တိုး၍ ထိုင်စေပြီးလျှင်-

'ဦးတော့ ဘယ်လိုများ အပူကြီး ပူလိုက်တယ် ဆိုတာ ပြောလို့ ပြနိုင် စရာတောင် မရှိပါဘူး မောင်ရယ်၊ သည် သမီးဟာ အစစ အရာရာ အင် မတန် လိမ္မာရေးခြားရှိ လွန်းလို့ ငယ်ငယ်ကတည်းက အလုံးစုံ ယုံကြည် ပြီး ငွေခန်း ကြေးခန်းမှ စ၍ အရာရာ မျက်နှာလွှဲရတဲ့ သမီးကလေးပါ မောင်ရယ်။ လိမ္မာလိုက်တာများကလည်း လေ ဝေါက်လို့ တောင် ဆုံးမရ တယ် မရှိဖူးဘူး။ မျက်နှာပြလိုက်တာနဲ့ တစ်ခါတည်း သိပြီး ဖြစ်နေပြီ။ မိဘ မျက်နှာကဲများ လည်း ဘယ်လောက် သိတတ်တယ် ပြောစရာ မရှိ ဘူး။ သြော် မသင်း ကြည်ရေ ... ငါ့သမီး မနေရတော့ဘူးနော်။ ငွေနဲ့ များ အသက် ဝယ်လို့ ရရင် ရှိတဲ့ စည်းစိမ် အကုန်ပေးပြီး အဖေရော၊ အမေ

ရော ကျွန်ခံလိုက်ပါသေးရဲ့ သမီးရယ်။ ဆရာဝန်များကလည်း သည်ရောဂါလောက်ကမှ မတတ်နိုင်ကြဘူးနော်။ သည် အရပ်ထဲမှာ သူများတကာလည်း ကျောက်ပေါက်ကြပါရဲ့ ။ ကျုပ်သမီးမတော့ စိတ္တဇ ရောဂါနဲ့ ယှဉ်ပြီး ဖြစ်လို့ မို့ ဆရာဝန်များက ကျောက်ရောဂါကလည်း သည်လောက်အတွက် မရှိ၊ စိတ်မကောင်းတဲ့ ရောဂါနဲ့ ယှဉ်တဲ့ အတွက်သာ ပြီး ဆိုးတယ်လို့ ပြောကြတယ် မောင်ရယ်၊ မောင့်နှယ် ရွှေဘိုကိုလာမှ လာပါပေတယ် မောင်ရယ်၊ သည့် ပြင် မြို့များ အလုပ်ရှားလို့ လား'ဟု ပြောဆဲတွင် ခုနစ်နှစ် အရွယ် မိန်းကလေး တစ်ယောက်သည် ဖခင်အနီးသို့ လာ၍ -

'ဖေဖေ မမ ဘာဖြစ်လို့ တုံး၊ ကျွန်မ မကြည့်ရဘူးလား'

ဟု မေးလျှင် ဖခင်သည် ကလေးကို ကောက်ချီ၍ နမ်းရှုပ်ပြီးမှ မျက်နှာကို စေ့စေ့ ကြည့်ပြီးလျှင်-

'ဒင်းကလေးတော့ ရှိသေးတယ်။ မျက်နှာပုံချင်းကလည်း ခပ်ဆင်ဆင်ပဲ။ သို့သော် အကင်းပါးပုံ၊ မိဘစကား နားထောင်ပုံများ တော့ မတူနိုင်ဘူး ထင်တယ် သမီးရယ်။ တကယ် တူပါဦးတော့ ဒင်းတို့ ကတော့ ကောင်းစားမှ ပေါ်လာ ကြတဲ့ ဟာတွေ၊ ဟိုဟာကလေးက ကောင်းအတူ ဆိုးအတူ၊ ဆင်းရဲဖော် ကောင်းစားဖက်၊ ကံတူအကျိုးပေးလည်း ဖြစ်တယ်။ ရှေးဟိုတုန်းက အမိအဖများ နွမ်းပါးလို့ တောင်သူ လုပ်ရတုန်းကလည်း ထမင်းထုပ်ကလေး မနိုင့်တနိုင်နဲ့ လယ်တော လာပြီး ထမင်းပို့ ၊ အဖ လယ်ထွန်ရာက မောမော ပန်းပန်း သစ်ပင်အောက် ထမင်းထုပ်ဖြေပြီး စားတော့ အနားကထိုင်ပြီး ခေါင်းခုကလေးနဲ့ ကျောက ချွေးများသုတ်ပေးရင်း သည် ဟင်းရွက်ကလေးက ကျွန်မခူးတာ အဖေရဲ့ ။ သည် ငရုတ်သီးကလေးက ကျွန်မ ထောင်းခဲ့တာ အဖေရဲ့ နဲ့ တွတ်တီး တွတ်

တာ ပြောဖော် ရလိုက်တာလေ။ အဖေက ငါ့သမီး ငရုတ်သီးထောင်းနဲ့ ဟင်းရွက်ပြုတ် ကလေးက ကောင်းလွန်းလို့ အဖေ တယ်ထမင်းစား မြိန်တယ်လို့ ပြောလိုက်ရင်ပဲ ဝမ်းသာရှာလွန်းလို့ လေ။ နက်ဖြန်ကျ သည့်ထက်များများ ခူးခဲ့ဦးမယ် အဖေရဲ့ တဲ့ ။ အဖေလုပ်တဲ့ လူကကော ဟင်းရွက်ပြုတ်နဲ့ ပေမဲ့ သမီး ဟင်းရွက်ပြုတ်မို့ တကယ်ကို စားလို့ မြိန်သဗျ။ သမီး အကြောင်းများ တော့ ပြောလို့ မဆုံးနိုင်ပါဘူး မောင်ရယ်'

ဟု ပြောရင်း မျက်ရည်များကို တစ်ဖန်သုတ်ပြီးလျှင် ကလေးကို အောက်သို့ ချလိုက်ပြီးမှ -

'ကျုပ်သမီး တကယ် ကံဆိုးတယ် မောင်ရယ်၊ လိမ္မာတဲ့ သမီးမို့ထင်ပါရဲ့ အသက် မရှည်ရှာဘူး။ ကဲ ဒါနဲ့ မောင့်ပြောရဦးမယ်။ ဆရာဝန်ကြီးက ခုတင်က ပြောသွားတယ်။ နက်ဖြန် မိုးမလင်းမီဘဲ အသက်ပျောက်လိမ့်မတဲ့ ပြောသွားလို့ ဦးက သမီးဘာများ ပြောချင်သလဲ မေးတော့ ဖေဖေတော့ မပြောဝံ့ဘူး၊ မေမေမှ ပြောချင်သတဲ့ ။ ဒါနဲ့ သူ့အမေ ခေါ်ပေးတော့ သူ့ကိုယ်သူ မနေရဘူး ဆိုတာ သိပါတယ်တဲ့ ။ ဒါ့ကြောင့် မသေခင် မောင်နဲ့ တစ်ခါလောက် တွေ့ပါရစေတဲ့ ။ ကဲ... လာ၊ ဟိုအခန်းပါပဲ။ ဝင်သာ သွားပေတော့'

ဟု လက်ညှိုးညွှန်၍ ပြလိုက်လျှင် မောင်သိန်းတင်လည်း အိပ်မက်မက်နေရာမှ နိုး၍ လွှတ်လိုက်ဘိ သကဲ့သို့ ကယောင်ကတမ်းနှင့် ထသွားလေ၏။

အခန်းတွင်းသို့ ရောက်လျှင် နေလည်း ဝင်ပြီဖြစ်၍ အခန်းတွင်း၌ လည်း မီးမရှိသဖြင့် မှောင်လျက်နေသည် ကို မြင်လျှင် မောင်သိန်းတင်သည် ခြေသံမကြားအောင် ဖြည်းညင်းစွာ နင်း၍ လက်ဖြင့် စမ်းလျက်သွားရာ ခုတင်တစ်ခုကို ကိုင်မိလေ၏။ ၎င်းနောက် ရှိုက်၍ ငိုနေသည့်

အသံကို ကြားလေလျှင်-

'မငိုပါနဲ့ မေမေရယ်၊ ကျွန်မ အတွက်တော့ မပူ ကြပါနဲ့ ။ ကျွန်မ မွေး ကတည်းက စပြီး အမိအဖစကား ကိုလည်း ဘယ်အခါမဆို နားထောင်ခဲ့ ပါတယ်။ မကောင်းမှု ဒုစရိုက်ဆိုရင်လည်း မုသားတောင် မပြောဖူးဘူး။ ဥပုသ် သီတင်းလည်း ဆောက်တည်ခဲ့တယ်။ သည် တော့ ကျွန်မ အမှန် ကောင်းရာ ရောက်မှာ ပဲ။ မေမေတို့ ဖေဖေတို့ ကျွန်မ အတွက် ဘာမှ စိတ်မပူကြပါနဲ့ '

ဟု အသံယဲ့ယဲ့ဖြင့် ပြောသည် ကို ကြားလျှင် မောင်သိန်းတင်လည်း အမိအဖကို မဆိုထားနှင့် ငါပင်လျှင် နှမြောလိုက်ပါဘိ၏ ဟု အောက်မေ့ လေ၏။ မိခင်ဖြစ်သူလည်း မောင်သိန်းတင် ဝင်လာသည် ကို သိ၍ ခုတင် နံဘေးတွင် ထိုင်နေရာမှ ထသွားပြီးလျှင် အခန်းပေါက်တွင် ရပ် လျက်နေ လေ၏။ မောင်သိန်းတင်လည်း အမိထသွားသော နေရာတွင် ဝင်၍ ထိုင်ရာ မသင်းကြည်သည် လက်ဖြင့် စမ်းသပ်၍ -

'ဘယ်သူလဲ၊ မေမေလည်း မဟုတ်ပါဘူး။ ဖေဖေလား'ဟု မေးရာ

'မောင်သိန်းတင်'ဟု ပြန်ပြောလိုက် လေ၏။

'ဩော် ကိုသိန်းတင်လား'ဟု ပြော၍ အတန်ကြာ စကားမပြောဘဲ ဆိုင်းနေပြီးလျှင်...

'ကျွန်မဘဝက တယ်ပြီး သီလနည်းခဲ့တယ် ကိုသိန်းတင်ရယ်၊ အခု တော့ဖြင့် သီလနည်းတာလည်း ခပ်ကောင်းကောင်း ပဲ ထင်ပါရဲ့ လေ။ နေတယ်လို့ လည်း အကျိုး မရှိပါဘူး။ ဒါနဲ့ ရှင့်မန္တလေးက မိန်းကလေး နာမည် က ဘယ်သူတဲ့ '

'မသိန်းရှင်တဲ့ '

'ဩော် ... မောင်သိန်းတင်-မသိန်းရှင်၊ နာမည် ချင်းကဖြင့် တယ် လိုက်ပါပေတယ်ရှင်။ လူချင်းဖြင့် မဆို နိုင်ပေဘူး။ မသိန်းရှင်က ချော ရင်ဖြင့် လိုက်မှာ ပေ့ါ။ ချောရဲ့ မဟုတ်လား'

'သနားကမား ရှိတယ်လို့ အများကဖြင့် ပြောကြပါတယ်'

'ကျွန်မ ကြည့်စမ်းချင်တယ်ရှင်၊ သည် မိန်းကလေး အင်မတန် လှမှာ ပဲနော်။ သူများ တကာတော့ မနာလိုဝန်တို ဖြစ်တတ်တယ် မဟုတ်လား။ ကျွန်မမှာ တော့ မနာလိုလို့ လည်း အလကားပါပဲရှင်။ တကယ်လို့ နေရ သည် တိုင်အောင် ဝန်တိုတဲ့ စိတ် မရှိတတ်ပါဘူးရှင်။ နာမည်ကလေး ကြားရတာနဲ့ ပဲ အင်မတန် ချစ်ပြီး ကိုသိန်းတင် မေတ္တာရှိတဲ့ မိန်းက လေး ဆိုတာနဲ့ ကျွန်မကလည်း မေတ္တာရှိပါတယ်ရှင်။ တစ်ခါလောက် မြ င်ချင်လိုက်တာနော်'

'တစ်နေ့တော့ မြင်ရပါလိမ့်မယ် မသင်းကြည်ရယ်၊ ဟိုကလည်း မသ င်းကြည်မြင်ရင် ချစ်ခင်မှာ ပါပဲ။ ကျွန်တော် သိပါတယ်'

ဟု ပြောလျှင် မသင်းကြည်သည် ပြန်၍ မပြောဘဲ နေရာမှ ရှိုက်၍ လာသည် ကို မောင်သိန်းတင်ကြားလျှင်-

'ဘာဖြစ်သလဲ မသင်းကြည်၊ မနေသာလို့ လား'

'ကျွန်မ အကြောင်း ရှင်က မသိရှာသေးဘူးနော်၊ ကျွန်မ သေရတော့ မယ် ကိုသိန်းတင်ရဲ့ ။ မနေရဘူး၊ နေရသည် တိုင်အောင်လည်း ကျွန်မ မ သိန်းရှင်ကို မမြင်နိုင်တော့ဘူး။ လက်ပေးစမ်း ကိုသိန်းတင်၊ သည် မှာ ကဲ သိပြီလား'

ဟု ပြောလျှင် မောင်သိန်းတင်သည် တစ်ကိုယ်လုံး တုန်လှုပ်၍ သွား လေ၏။ (တုန်လှုပ်ခြင်း အကြောင်းမှာ မသင်းကြည်သည် မောင်သိန်းတ

င်၏ လက်ကို ယူ၍ မိမိ၏ မျက်နှာကို စမ်း၍ ကြည့်စေလျှင် တစ်မျက်နှာလုံး အမာရွတ်ပြီးလျက် ရှိသည် ကို စမ်းမိရသည့် ပြင် မျက်လုံးရှိရာကို စမ်းမိသောအခါ၌ လည်း မျက်ခွံတို့ သည် မျက်စိအိမ်ခံ မရှိသဖြင့် ပျော့လျက် ဝင်သွားသည် ကို စမ်းမိခြင်းကြောင့် ဖြစ်လေသည် ။) မောင်သိန်းတင် တုန်လှုပ်သည် ကို မသင်းကြည် သိလျှင်-

'ကြောက်သလားရှင့်၊ ကြောက်စရာ မရှိပါဘူး၊ ဆရာဝန်ကြီးက ပြောသွားပါတယ်။ သည် အနေရောက်မှ တော့ မကူးတတ်ဘူး ဆိုလို့ ကျွန်မ ကိုသိန်းတင်ကို အခေါ်ခိုင်း လိုက်ပါတယ်။ အခု ကိုသိန်းတင် ရောက်လာတော့လည်း ကြည့်ချင်လို့ မှ မမြင်နိုင်တော့ဘူး ကိုသိန်းတင်ရေ့'

ဟု ပြောပြန်လျှင် မောင်သိန်းတင်လည်း ကူးမည် ကြောက်ရွံ့၍ တုန်လှုပ်သည် မဟုတ်ကြောင်း၊ အကယ်၍ ပင် ကူးတတ်စေကာမူ မသင်းကြည်က တွေ့လို၍ အခေါ်ခိုင်း သည် ကို တစ်သက်မျှမက ၁၀ သက်ပင် ဆက်၍ သေသော်လည်း ရဲဝံ့စွာ လာမည် ဖြစ်ကြောင်းတို့ ကို ငိုသံပါနှင့် ပြောလေလျှင်-

'ကိုသိန်းတင်က သေဝံ့ပေမဲ့ ကျွန်မကလည်း အသေမခံနိုင်ဘူး။ မသိန်းရှင်ကလည်း အသေမခံနိုင်ပေဘူးရှင့်။ နောက် မသိန်းရှင်နဲ့ တွေ့တဲ့အခါ သည် က ကံဆိုးမ မသင်းကြည်ကလေးက လင်နဲ့ မယား ချစ်ချစ်ခင်ခင်နဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေလို့ မသေခင် ဆုတောင်းသွားတဲ့ အကြောင်းများ လည်း ပြောလိုက်ပါရှင့်နော်'

ဟု ပြောလျှင် မောင်သိန်းတင်သည် တစ်သက်တွင် ဤမျှလောက် ဝမ်းမနည်းဖူးသလောက် ချုပ်တည်း ဖြေဆည်၍ မရနိုင်လောက်အောင် ဝမ်းနည်းပြီးလျှင် ရှိုက်ကြီးငင်ကြီး နှင့် ငိုမိလေ၏။

'မငိုပါနဲ့ ကိုသိန်းတင်၊ ကျွန်မ အကြောင်းနဲ့ ကျွန်မ၊ သူ့ကုသိုလ်နဲ့ သူ

ဖြစ်ရတာ မဟုတ်လား။ ကျွန်မဖြင့် ဒီလိုဖြစ်လို့ တကယ်ကြီး ဝမ်းမနည်း လှပေဘူးရှင်။ ဖြေမရတာ တစ်ခု တည်းရှိတယ်။ အခု သည် အခန်းဟာ မှောင်ပြီး နေတယ် မဟုတ်လား။ ဒါ ဘာပြုလို့ တမင်မှောင်အောင် လုပ် ထားသလဲသိလား။ ကျွန်မမျက်နှာကို ရှင် စမ်းကြည့်တယ် မဟုတ်လား။ ခုတင်က ဘယ့်နှယ်နေသလဲ တွေးမိရဲ့ မဟုတ်လား။ မျက်နှာကလည်း ကျောက်ပေါက်နာတွေနဲ့ ၊ မျက်လုံးကလည်း ဟောက်တောက်ကန်း၊ ဆံ ပင်တွေကလည်း မရှိ၊ အင်မတန် ရုပ်ပျက်ဆင်းပျက် ဖြစ်ရတယ်ရှင်။ သ ည် တော့ သည် ကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာကို ကိုသိန်းတင်မြင် မှာ ကျွန်မ ရှက်လို့ အခန်းကို တမင်မှောင်ချ ပြီးထားတယ်။ သည် ဟာ ဘယ့်နှယ်စိတ်လည်း ကျွန်မ မပြော နိုင်ဘူးရှင်။ တော်တော်ကြာပဲ သေ ရတော့မယ်။ သေရမယ့် ဆဲဆဲမှာ တောင် ကိုသိန်းတင် မြင်မှာ ရှက်ရ သေးတယ်။ သည် ဟာ တစ်ခုပဲ ကျွန်မ စိတ်ကို ကျွန်မ မနိုင်တယ်။ ကဲ... ကဲ၊ မေမေတို့ ဖေဖေတို့ ကိုလည်း ကျွန်မ နှုတ်ဆက်ရဦးမယ်။ ပြန်ပေဦး တော့ရှင်၊ အခုတင်က ကျွန်မမှာ တာ မမေ့နဲ့ နော်၊ ပြောဖြစ်အောင် ပြော လိုက်ပါ။ ကဲ မေမေ့အရင် တစ်ဆိတ်လွှတ်လိုက်ပါရှင်'

ဟု ပြောလျှင် မောင်သိန်းတင်လည်း ခုတင်နံဘေး တွင် ရပ်လျက် ရ တ်တရက် ထွက်၍ မသွားနိုင်သေးဘဲ သနား လွန်းမက သနားပြီးလျှင် မ ည်သည့် စိတ်ရသည် မသိ၊ မျက်ရည် စက်လက်နှင့် မသင်းကြည်၏ နဖူး ကလေးကို လက်ဖြင့် စမ်း၍ နမ်းရှုပ်ပြီး အခန်းပြင်သို့ ထွက်သွားလေ၏။

နက်ဖြန်နံနက် ရုံးတက်ချိန်ရောက်လျှင် မောင်သိန်းတင်သည် ရုံးသို့ တစ်ခါတည်း မသွားနိုင်သေးဘဲ မသင်းကြည်တို့ ၏ အိမ်အနီးမှ ရပ် လျက် အကဲခတ်နေရာ တစ်အိမ်လုံး ကျွက်ကျွက်ဆူ ငိုကြွေးမြည်တမ်း နေကြသည် ကို ကြားသဖြင့် သက်ပြင်းချပြီးလျှင် ရုံးသို့ သွားလေ၏။ ရုံး သို့ရောက်လျှင် အလုပ်လုပ်ရန် များ စွာ စိတ်မပါဘဲ စာရွက်တို့ ကိုသာ

လှန်လျက် နေစဉ် ကြေးနန်းစာပို့ ကုလားသည် သံကြိုးတစ်စောင်ကို ကိုင် လာပြီးလျှင်-

'မောင်သိန်းတင် ဆပ်'

ဟု မေး၍ မောင်သိန်းတင်အား ပေးလေ၏။ မောင်သိန်းတင်လည်း မည်သူ့ထံမှ ကြေးနန်း ဖြစ်သနည်းဟု တွေးတောလျက် ဖွင့်၍ ကြည့်ရာ' အမြန်လာပါ၊ ယနေ့ မရောက်လျှင် မြင်ရတော့မည် မဟုတ်'ဟု ပါရှိသော မသိန်းရှင် ထံမှ ကြေးနန်းဖြစ်သည် ကို တွေ့မြင်ရလေ၏။ မောင်သိန်းတင်သည် ကြေးနန်းစာကို အိတ်ထဲသို့ထည့်ပြီးလျှင် စာရေးကြီး လုပ်သူလည်း ရုံးသို့ မရောက်သေးသည် နှင့် ဝရန်တာတွင် လမ်းလျှောက်လျက် စောင့်နေရာ ရထားအချိန် နီးလှပြီ ဖြစ်၍ မြင်းရထားတစ်စီးကို ခေါ်ပြီးလျှင် စာရေးကြီး အိမ်သို့သွားလေ၏။ အိမ်သို့ရောက်လျှင် စာရေးကြီးက အလုပ်ဝင်စအခါ ဖြစ်သဖြင့် အခွင့်မပေးနိုင်ကြောင်း ပြောလျှင် မောင်သိန်းတင်လည်း 'အခွင့်မပေးနိုင်ရင် ခင်ဗျား အလုပ်နဲ့ ခင်ဗျား နေရစ်တော့' ဟု ပြော၍ မြင်းရထားပေါ်သို့ တက်သွားလေ၏။ ၎င်းနောက်' စတေရှင်ကိုဂျောင်း'ဟု ကုလားကို ပြောပြီးလျှင် မြင်းရထား ပေါ်တွင် အနည်းနည်းအဖုံဖုံ ဆင်ခြင် တွေးတောလျက် မည်သည့် အကြောင်းကြောင့် ဤမျှလောက် အရေးတကြီး ရိုက်ကြားရလေသည် ကို စဉ်းစားလာရင်း မြင်းရထားလည်း ရပ်လေ၏။ မောင်သိန်းတင်လည်း မြင်းရထားမှ ခုန်ဆင်းပြီးလျှင် လက်မှတ်ယူမည်ဟု ကြည့်လိုက်ရာ ဘူတာ ရုံမဟုတ်၊ ဆေးရုံသို့ ရောက်လာကြောင်း သိရလေ၏။ ဘူတာရုံသို့ မောင်းရန် ပြောသည် ကို အဘယ်ကြောင့် ဆေးရုံသို့မောင်း၍ လာရသနည်းဟု ကုလားအား ဆဲရေးကြိမ်းမောင်း၍ ဘူတာရုံသို့ အမြန်မောင်းရန် ပြောပြီးလျှင် နာရီကို ကြည့်လိုက်ရာ ၁၁ နာရီထိုးရန် ၁၀ မိနစ်သာလိုကြောင်း တွေ့ရလေ၏။ ရွှေဘိုမှ မန္တလေးသို့ သွားသော နောက်ဆုံးရထားသည် ၁၁ နာရီ

တိတိတွင် ထွက်သည် ဖြစ်၍ မီမှ မီပါဦးမည် လားဟု အောက်မေ့လျက် ကုလားကိုလည်း ဆဲရေးတိုင်း ထွာပြီးလျှင် မြင်းကို ကဆုန်မောင်းစေ၏ ။ ဘူတာရုံသို့ ရောက်လျှင် မောင်သိန်းတင်သည် မြင်းရထားပေါ်မှ ဆင်းပြေး၍ တဖြည်းဖြည်း ထွက်နေသော ရထားပေါ်သို့ မီးရာတွဲကို ဖမ်း၍ တက်မည်ပြုရာ မြင်းရထားကုလားက အခမရသေး သည် နှင့် ဆွဲ၍ ထားသောကြောင့် မတက်နိုင်ဘဲ မီးရထားလည်း ထွက်သွားလေ၏။ မောင်သိန်းတင်လည်း မြင်းရထား ကုလားအပေါ်၌ များ စွာ အမျက်ဒေါသ ထွက်သဖြင့် လည်ကို အစ်ပြီးလျှင် ထိုးမည်ပြုရာ ပုလိပ်တို့ က တောင်းပန် သဖြင့် မထိုးလိုက်ရဘဲ ဆွေ့ဆွေ့ခုန်၍ ကျန်ရစ်လေ၏။

နောက်တစ်နေ့၌ မောင်သိန်းတင်သည် နံနက် အစောရထားကို မီစေရန် သန်းခေါင်ကျော်ကပင် ဘူတာရုံသို့ သွား၍ စောင့်ပြီးလျှင် နံနက် ၄ နာရီရထားနှင့် လိုက်ပါ သွားလေ၏။ (မီးရထားသည် ပေါက္ကံဘူတာနှင့် ဝက်လက် ဘူတာ အကြားသို့ ရောက်လျှင် လမ်းချော်၍ ကျသဖြင့် ရထား တစ်စင်းလုံး မှောက်ပြီး များ စွာ ခရီးကြန့်ကြာသည့် အကြောင်းများကို ၎င်းနှစ် သတင်းစာတို့ တွင် ပါရှိလေသည် ။) မောင်သိန်းတင်မှာ ဒဏ်ရာ အနာတရ ထိခိုက်ခြင်း မရှိသော်လည်း ရောက်လိုလှသည့် အရပ်ကို မရောက်နိုင်ဘဲ နှောင့်နှေးခြင်း ဖြစ်ရလေသည့် အတွက် လွန်စွာ စိတ်နှလုံး မချမ်းသာဘဲ အခြား ခရီးသည် တို့ နှင့် အတူ စောင့်ဆိုင်း၍ မနေမူ၍ စစ်ကိုင်းသို့ ရောက်အောင် ခြေကျင် လျှောက်မည် အကြံနှင့် ထွက်လာခဲ့လေ၏။ ပေါက္ကံဘူတာ အလွန်တွင် စစ်ကိုင်းမှ သံကြိုးရရှိ သဖြင့် ခရီးသည် တို့ ကို တင်ယူရန် အမြန်လာသော ရထားနှင့် တွေ့လျှင် မောင်သိန်းတင်မှာ ပေါက္ကံဘူတာနှင့် အတန်ကွာနေ ပြီ ဖြစ်၍ ပြန်၍ လည်း မသွားနိုင်ဘဲ ခက်ခ ဘူတာတွင် တွေ့ဆုံ ကောင်းပါ၏ ဟု အမြန်လျှောက်လျက် လာခဲ့လေ၏။ ခက်ခ ဘူတာနှင့် တစ်မိုင်ခန့်

အကွာတွင် မိမိတွေ့လိုက်သော ရထားသည် မိမိနှင့် အတူလာသူ ခရီးသည် တို့ ကို တင်ဆောင်၍ ပြန်လာသည် ကို တွေ့ပြန်လျှင် ကဆုန်ချ၍ အမီလိုက်ပါ သော်လည်း ခရီးကလည်း ပန်း၊ စိတ်ကလည်း မချမ်းသာ သည် ဖြစ်၍ အနည်းငယ် ပြေးမိလျှင် မောပန်းသည် နှင့် တဖြည်းဖြည်း သာလျှင် လာခဲ့ရလေ၏။ ခက်ခဘူတာ အလံတိုင်သို့ ရောက်လျှင် မီးရထားလည်း ထွက်ရန် အလံပြနေပြီး ဖြစ်၍ ရထားကို ရပ်ဆိုင်းရန် ဟစ်အော်၍ ပြေးသွားပါသော်လည်း မိမိနှင့် ပေ ၅၀ ကွာလောက်တွင် ရထားလည်း ထွက်သွားလေ၏။

ငင်းတစ်ကြိမ် မီးရထားနှင့် လွဲပြန်လျှင် မောင်သိန်းတင်မှာ မိမိကိုယ်ကို မြေပေါ်သို့သာ လှဲ၍ ငိုလိုက်ချင်သော်လည်း မတင့်တယ်သဖြင့်သာ စိတ်ကို ချုပ်တည်း၍ ဘူတာရုံ ဝရန်တာကို မှီလျက် ထိုင်နေရပြန်လေ၏။ မောင်သိန်းတင်၏ စိတ်၌ ငါသည် ဤမျှလောက် ဒုက္ခခံပါလျက်နှင့် တစ်ကြိမ် မှ နှစ်ကြိမ် အလွဲလွဲ အချော်ချော် ဖြစ်ရခြင်း အကြောင်းမှာ မသိန်းရှင်နှင့် လွဲစေဖို့ အတိတ်နိမိတ်ပေတည်းဟု အောက်မေ့လျက် အားကို လျှော့မည်ဟု ကြံဆဲတွင် မှ ယောကျ်ားတို့ မည်သည် လုံ့လ ဝီရိယကို မလျှော့ကောင်းဟု အားတင်းပြီးလျှင် သွားရင်းပင် ခြေတို၍ သွားသော်လည်း မန္တလေးသို့ ယနေ့ မရောက်လျှင် မနေဟု ဆက်လက် သွားပြန်လေ၏။

မီးရထားပျက်သော နေရာနှင့် စစ်ကိုင်းမြို့မှာ မိုင်ပေါင်း ၂၀ ကျော်ခန့် ဝေးကွာလေ၏။ မောင်သိန်းတင်မှာ နားချည်တစ်လှည့်၊ သွားသည် တစ်ဖုံ၊ ကဆုန်ပြေး၍ လည်း တစ်မျိုးနှင့် လာခဲ့ရာ ညနေ ၅ နာရီအချိန်ခန့်တွင် စစ်ကိုင်း ဘူတာရုံသို့ ရောက်လေ၏။ ရွှေကြက်ယက်ဘက်သို့ ကူးတို့ ဖြင့် ကူးသော်လည်း ရထားမရှိကြသဖြင့် မန္တလေး ဆိပ်ကမ်းသို့အရောက် သမ္ဗန်ငှားပြီးလျှင် သမ္ဗန်သမားကိုလည်း ကြေးငွေ အပိုပေး၍ မ

ရပ်မနားဘဲ ခတ်စေရာ ၈ နာရီ ခွဲအချိန်တွင် ဂေါဝိန်ဆိပ်သို့ ဆိုက်လေ၏။ ဓာတ်ရထား ပေါ်သို့တက်မိလျှင် လူလေးငါးဦးတို့ ပြောနေကြသည်မှာ -

တစ်ဦးသောသူက'ကျွန်တော်တို့ အရပ်နားက မိန်းကလေး တစ်ယောက်အကြောင်း ကြားပြီးပြီလား'

အခြား တစ်ဦးက'မကြားရသေးဘူး ဘာဖြစ်လို့ လဲ'

ပထမလူက'ပွဲစားဦးဘမောင် သမီးကလေး ပေါ့ဗျာ၊ ရုတ်တရက် သေသွားရှာသတဲ့ '

ဟု ပြောလျှင် မောင်သိန်းတင်သည် လုံနှင့် ထိုး လိုက်ဘိသကဲ့သို့ ထိုင်ရာမှ ခုန်ထ၍ ပြောနေသူ အနီးသို့ ရွှေ့ထိုင်ပြီးလျှင်-

'ပြောစမ်းပါဦး ခင်ဗျာ၊ ဘယ်သူလဲ၊ ဘယ်ပွဲစားလဲ၊ သမီး နာမည်က ဘယ်သူလဲ'

ဟု မေးလျှင် ပထမပြောနေသူက အလို… ကိုသိန်းတင်လား၊ ခင်ဗျား တို့ အိမ်နီးချင်းပေါ့ဗျာ။ ခင်ဗျား မသိသေး ဘူး။ ဩော်… ခင်ဗျားက ရွှေဘိုသွားနေတာကိုး။ ဘယ်တော့ က ရောက်သလဲ'

'ကဲပါဗျာ၊ ခုတင်က အကြောင်း ပြောစမ်းပါဦး'

'ဩော် … မသိန်းရှင်ကလေးလား၊ ဒီလိုဗျ၊ ပွဲကတော် ဒေါ်သာယာရဲ့ မောင် တစ်ဝမ်းကွဲ တစ်ယောက်က ပျဉ်းမနားက လာလည်ပြီး ပွဲစားကြီး အိမ်မှာ ပဲ တည်းတာကိုး ဗျ။ သူ့မှာ လည်း သားကလေး တစ်ယောက် ပါလာတယ်။ ပိုက်ဆံကလေးကလည်း တော်တော်ရှိတယ်ထင်ပါရဲ့ ။ ဒါနဲ့ လေးငါးရက်လောက်ရှိတော့ မောင်နှမနှစ်ယောက် တိုင်ပင် ကြတာပေါ့ လေ။ ဆွေချင်းခြံတော့လုံ၊ မျိုးချင်းထပ်တော့ မြတ်တယ်လို့ သဘောရ

ပြီး မောင်နှမချင်း လက်ဆက်မယ်လို့ ကြံကြတာပေါ့။ ခင်ဗျားတို့ ဘတော်ကြီးများ တောင် တိုင်ပင်သေးတယ်ဆိုတာပဲ။ ကောင်ကလေးမိဘများက ငွေ ၃၀၀၀ ကျပ် တင်ရမတဲ့ ။ စီမံနေကြတဲ့ အတောအတွင်း အမေလုပ်တဲ့ ဟာကတော့ သမီးဆိုတာ သူပြီးရင်ပြီးတယ်လို့ လုံးလုံးတောင် မတိုင်ပင်ဘူးဆို ထင်ပါရဲ့ ။ ဒါနဲ့ သမီးက ရိပ်မိလို့ သဘော မကျတဲ့ အကြောင်း ပြောတော့ ကောင်ကလေးက ဘာမျှ ဆိုစရာမရှိတဲ့ အပြင် ဆွေမျိုးချင်းလည်း ဖြစ်တဲ့ အတွက် ငြင်းပယ်ဖို့ မရှိတဲ့ အကြောင်းပြောပြီး ဖိတ်စာတွေ ဘာတွေရိုက်၊ ခန်းဝင်ပစ္စည်းတွေ ဘာတွေဝယ်၊ ဒီကနေ့ည တောင်းဖို့ ရမ်းဖို့ ပေါ့။ မိန်းကလေးက ဒီကနေ့ ညနေ ဖနာရီလောက်မှာ ပဲ ရတ်တရက် သေသွား ရှာတယ်တဲ့ ။ တစ်ရပ်လုံး ကျွက်ကျွက်ဆူလို့ ’

ဟု ပြောလျှင် ‘သေရှာပြီလားဗျာ’ဟု မောင်သိန်း တင်က မေးရာ-

‘ကျွန်တော် ကြားတုန်းကတော့ မသေရှာသေးဘူး၊ ဆရာဝန်တွေ ဘာတွေ ဝိုင်းနေတာပဲ။ သို့သော် ရမယ်လို့ တော့ မထင်ပါဘူးဗျာ၊ ဒါမျိုး တယ်ခက်တာပဲ’

ဟု ပြောသည် ကို မောင်သိန်းတင်ကြားလျှင် ဓာတ်ရထားကိုပင် နှေးသည် ဟု အောက်မေ့၍ ခရီးပန်းလာ သည် ကိုမှ သတိမရဘဲ ဆင်း၍ သာလျှင် ပြေးလိုက်ချင်၏။

ဓာတ်ရထားမှ ဆင်းလျှင် မောင်သိန်းတင်သည် မသိန်းရှင်၏ အိမ်သို့ တစ်ဟု န်ထိုး ပြေးသွားပြီးလျှင် အိမ်ရှေ့မှ အကဲခတ်လျက်နေရာ တစ်အိမ်လုံး ဆိတ်ငြိမ်စွာရှိသဖြင့် အနည်းငယ် အားတက်၍ အနီးသို့ ချဉ်းကပ်ပြီးလျှင် အိမ်ပေါ်မှ ဆင်းလာသူ အဒေါ်ကြီး တစ်ယောက်အား မေးမြန်းစုံစမ်းရာ အဒေါ်ကြီးက‘အလို မောင်သိန်းတင်လား’ဟု ပြော၍ လက်ပြပြီး

လျှင် အိမ်ပေါ်သို့ တက်သွားပြန်လေ၏။ အတန်ငယ်ကြာလျှင် မသိန်းခင် လည်း အိမ်ပေါ်မှ ဆင်းလာ၍ မောင်သိန်းတင်၏ လက်ကို ဆွဲပြီးလျှင်‘ မောင့်ကို ခဏခဏ မေးနေသည် ’ဟု ပြော၍ အိမ်ပေါ်သို့ တွန်းတင် လိုက်လေ၏။ မောင်သိန်းတင်လည်း လှေကားကို နင်းရသည် မထင်ဘဲ အိမ်ပေါ်သို့ တက်သွားလျှင် အမိအဖတို့ သည် တစ်ထောင့်၌ မျက်နှာချင်း ဆိုင် မှိုင်နေကြသည် ။ ဦးဘမောင်နှင့် ဆရာဝန်ကြီးတို့ လည်း တစ်ဦးနှ င့် တစ်ဦး တီးတိုး တိုင်ပင်ကြလျက် ရှိသည် ။ မောင်သိန်းတင်လည်း ခု တင်ပေါ်တွင် ပက်လက်ကလေး မောလျက်နေသည် ကို မြင်လျှင် ဝမ်းတွ င်း၌ ရှိသော နှလုံးသားတို့ သည် လည်ချောင်းသို့ အကုန်လာ၍ ဆို့ဘိ သ ကဲ့သို့ အသက်ရှူမှားလျက် ခုတင် အနီးသို့သွား၍ ဒူးထောက်ပြီးလျှင် မ သိန်းရှင်၏ မျက်နှာကို စေ့စေ့ကြည့်နေလေ၏။ မသိန်းရှင်လည်း မျက်စိ ကို မှိတ်နေရာမှ ရုတ်တရက် ဖွင့်ကြည့်ပြီးလျှင် အလွန်တရာ ဝမ်းသာ အားရ ရှိသော မျက်နှာထား ဖြင့်‘ခုမှ လာသလား ကိုသိန်းတင်’ဟု သဲ့သဲ့ ကလေးပြောပြီး လျှင် ရင်ကိုလက်ဖြင့်ဖိ၍ မျက်စိကို ပြန်မှိတ်သွားလေ ၏။ ဆရာဝန်ကြီးလည်း သတိရလာသည် ကို မြင်သဖြင့် အနီးသို့ လာပြီး လျှင် အတန်ကြာ စိုက်ကြည့်နေရာ မသိန်းရှင်လည်း မလှုပ်ရှားဘဲ နေ လေလျှင် ဦးခေါင်းကိုခါ၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မောင်သိန်းတင် လည်း အဘယ်ကြောင့် ကြာရှည်စွာ မလှုပ်ရှားဘဲ နေဘိသနည်းဟု လက်ကလေးကို ကိုင်လိုက်ရာ အေး၍ နေသည် ကို စမ်းမိလျှင် ဝမ်းထဲမှ အစာလည်း မရှိ၊ ခရီးကလည်း ပန်းနေသည့် အတွင်း ချစ်လှစွာသော ရည်းစားသည် မျက်စိအောက်တွင် အသက်ပျောက်၍ သွားချေပြီတကား ဟု သတိလစ်၍ လဲသွားလေ၏။

သတိရ၍ မျက်စိကို ဖွင့်ကြည့်သည့် အခါ အမိအဖ တို့ သည် အိပ်ရာ ကို တစ်ဖက်တစ်ချက်တွင် ထိုင်လျက်‘လူကလေး၊ လူကလေး’ဟု ခေါ်နေ

ကြသည် ကို ကြားသဖြင့် ရုတ်တရက် အိပ်ရာမှ လူး၍ ထပြီးလျှင်'ဖေဖေ တို့ မေမေတို့ ကျွန်တော် အိပ်မက် မက်လိုက်တာ မေမေရယ်။ သြော်... အစသတ်တော့ အကုန်လုံး အိပ်မက်ပါကလား။ ဟီ ... ဟီ ... ဟီ၊ ဟော ပြတင်းပေါက်က လက်ယပ်ခေါ်တာ ဘယ်သူလဲ၊ မသိန်းရှင် မဟုတ်လား ၊ အဟုတ်သားပဲ။ လာမယ်ဟေ့ မသိန်းရှင်ရေ၊ မောင် လာပြီ'ဟု ပြော၍ ပြတင်းပေါက်ဆီသို့ အတင်း ရုန်းထွက်သွားပြီးလျှင် အိမ်ပေါ်မှ ခုန်ချ လိုက်လေ၏။

(မောင်သိန်းတင်မှာ ယခုအခါ အနောက်ဘက် စစ်ကိုင်းတောင်ရိုး ကုဋ္ဌာသယချောင်တွင် ပဉ္စင်းအဖြစ်ဖြင့် သီတင်းသုံးနေရာ စကားစပ်မိ ကြသဖြင့် ရှေးဟောင်း နှောင်းဖြစ်များ ပြန်လှန် ပြောဆိုသည် နှင့် ကြား သိခဲ့ရသည့် အတွက် ၎င်းထံ အခွင့် လျှောက်တောင်းပြီးလျှင် ရေးသား ခြင်း ဖြစ်ပါ ကြောင်း။)

ရွှေဥဒေါင်း
မတ်လ၊ ၁၉၁၇ ခုနှစ်၊ သူရိယမဂ္ဂဇင်း။
အမှတ် ၃၃၀၊ မေလ၊ ၂၀၁၇ ခုနှစ်၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

***

# အမေခါလာဘူဘူး

မဝင့်၊ မြစ်ငယ်၊

ကျွန်မဟာ ကမ္ဘာမြေကြီးပေါ်မှာ အသက်ရှင်သန် နေတဲ့ အခါ အဲသည် ကမ္ဘာမြေကြီးဟာ အမေပါ။

ကျွန်မရဲ့ ဦးခေါင်းကို မော့ကြည့်လိုက်တိုင်း မိုးကောင်းကင်ကြီး ရှိနေတဲ့ အခါ အဲသည် မိုးကောင်းကင်ကြီးဟာ အမေပါ။

အသက်ရှူသွင်းလိုက်တဲ့ လေပြည်နုလေးဟာ ကျွန်မ နှလုံးသားထဲကို စီးဆင်းသွားတဲ့ အခါ အဲသည် လေပြည်လေးဟာ အမေပါ။

တကယ်တော့ အမေဆိုတာ ကျွန်မအတွက် မရှိ မဖြစ်ပါ။

အမေနဲ့ ကျွန်မရဲ့ ကြားမှာ လူမျိုး အသားအရောင် ခွဲခြားမှုဆိုတာ မရှိပါဘူး။ ကိုးကွယ်တဲ့ ဘာသာ မတူတာ ပြဿနာ မဟုတ်ပါဘူး။ ဆင်းရဲချမ်းသာ၊ အခြွေအရံ ဂုဏ်သိမ် ဘာမှ ခွဲခြားဖုထစ် မပြေပြစ်စရာ မရှိပါဘူး။

ကျွန်မမှာ အတွေးအခေါ် ပညာရှင်ပေါင်းများ စွာရဲ့ သဘောတရားတွေ သင်ကြားခွင့်၊ လေ့လာ မှတ်သားခွင့်တွေ ရရှိခဲ့ပါတယ်။ အမေ့ခမျာမှာ တော့ ဝလုံးတစ်လုံးပဲ ရေးတတ် ခဲ့သူ မဟုတ်ပါဘူး။ ဒါပေမဲ့ အမေပြောခဲ့ဖူးတဲ့ စကားလေး တွေက ကျွန်မရဲ့ တစ်သက်စာ နေတတ်ထိုင်တတ်ဖို့ ပြည့်စုံတဲ့ အတွေးအခေါ် တစ်ခုလို ရင်မှာ စွဲထင် ကျန်ရစ်စေခဲ့ပါတယ်။

အမေ့ စကားလေးတွေက စံပယ်ပွင့်ကလေးရဲ့ ရနံ့ကို အမြဲတမ်း မှန်းဆပြီး ခံစားလို့ ရသလိုမျိုးပေါ့။

ရင်ထဲမှာ စံပယ်ပွင့်လေး တစ်ပွင့် ဖန်ဆင်းကြည့် လိုက်စမ်းပါ။ ပြီးတော့ အဲသည် စံပယ်ပွင့်လေးကို ကျွန်မနဲ့ အတူ နမ်းရှိုက်ကြမယ်လေ။

အမေက ကျောက်ဆည်ဇာတိ မြန်မာမွတ်စလင်မကြီး တစ်ဦးပါ။ စီးပွားဥစ္စာ ပြည့်စုံကြွယ်ဝကြတဲ့ အမေ့ဆွေမျိုးတွေ ခုချိန်ထိ ရှိကြသေးတယ်လို့ ကျွန်မ ကြားဖူးပါတယ်။

ဒါပေမဲ့ အမေနဲ့ ကျွန်မ တွေ့ကြတော့ အမေဟာ ကျွန်မတို့ ရပ်ကွက်မှာ ရှိတဲ့ ဗလီ ကျောင်းဝင်းရဲ့ ဘေးနားမှာ တဲလေးနဲ့ တစ်ယောက်တည်း နေတဲ့ ‘သော်ဆယ်လ်’ မုန့်သည် အဘွားကြီး တစ်ယောက် ဖြစ်နေပါပြီ။

အဲသည် တုန်းက ကျွန်မရဲ့ အသက်က ခြောက်နှစ်ဆိုတော့ ကောင်းကောင်း မှတ်မိနေပါပြီ။

အမေရဲ့ ဘဝက အတော်လေး အထီးကျန်ဆန်ပါတယ်။ အမေက ပျော့ညံ့သူတော့ မဟုတ်ပါဘူး။ အထီး ကျန်လည်း ရဲရင့်တဲ့ သတ္တိနဲ့ ဘဝကို အန်တုတယ်။

အမေ ပြောဖူးပါတယ်။ အမေတို့ မိဘတွေက ရှေးဘုရင်များ လက်ထက်က ဘုရင့်အမှုတော် ထမ်းတွေတဲ့ ။ ဘာသာတရား ကိုးကွယ်မှုကျတော့လည်း အလွန် ကိုင်းရှိုင်းကြသတဲ့ ။ အမေတို့ ငယ်ငယ်က အိမ်ထဲက အိမ်ပြင်ကိုမှ သိပ်မထွက်ရတဲ့ ခေါင်းမြီးခြုံဘဝနဲ့ နေခဲ့ရတာပေါ့။

ဒါပေမဲ့ ဖူးစာက ပါလာတော့ အမေ့ချစ်သူနဲ့ ဆုံစည်းခဲ့ပါတယ်။ အမေ့ ခင်ပွန်း(အမေ့ စကားနဲ့ ပြောရရင် ကျွန်မရဲ့ အပါး) ရဲ့ နာမည်ကိုတော့ သိခွင့် မရခဲ့ပါဘူး။ မမြင်ဖူး ဘူးလိုက်တဲ့ အပါးရဲ့ အကြောင်းက

လည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဘာလို့ လဲဆိုတော့ အပါးရဲ့ ဘဝက မီးရထား သမိုင်းနဲ့ ဆက်စပ် နေတာကိုး။

ဒီနေ့အချိန်အထိ မြန်မာပြည်မှာ အကြီးဆုံး မီးရထားတွဲ စက်ရုံကြီး အဖြစ် ခိုင်ခိုင်မာမာ ရှိနေတဲ့ မြစ်ငယ် စက်ရုံဟာ ၁၉၁၂ ခုနှစ်က စတင် ဖွင့်လှစ်ခဲ့တာပါ။ အဲသည် တုန်းက အင်္ဂလိပ် အစိုးရဟာ မီးရထားတွဲ စက်မှုပညာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ အလုပ်သမားတွေကို အိန္ဒိယက ခေါ်ယူလာခဲ့ပါတယ်။

မြစ်ငယ် စက်ရုံဟာ စတင်ကတည်းက လုပ်သား အင်အား နှစ်ထောင်နဲ့ ဖွင့်လှစ်နိုင်ခဲ့တာပါ။ အဲသည် လုပ်သားတွေထဲမှာ မြန်မာတိုင်းရင်းသား အရေအတွက်က ဆယ့်ငါးရာခိုင်နှုန်းပဲ ရှိခဲ့ပါတယ်။ အများ စုကတော့ အိန္ဒိယက ပါလာတဲ့ ဟိန္ဒူ၊ မွတ်စလင်၊ ပန်ချာ(ဆစ်ခ်)၊ တမီးလ်စတဲ့ ဘာသာစုံ လူမျိုးစုံတွေပါပဲ။

အင်္ဂလိပ် အစိုးရဟာ စက်ရုံရဲ့ ဘေးမှာ ရှိတဲ့ မြေတွေကို လယ်ပိုင်ရှင်တွေ ဆီက ဝယ်ယူပြီးတော့ အလုပ်သမား အိမ်ရာရပ်ကွက်တွေ ဆောက်လုပ်ရင်း မြို့တည်ဆောက်ပါတယ်။

ရပ်ကွက်တွေကိုတော့ ဘာသာတူတဲ့ သူတွေစုပေါင်း တည်ဆောက်စေတာမို့ မွတ်စလင်ရပ်၊ ဟိန္ဒီရပ်၊ ပန်ချာ ရပ်စတဲ့ အမည်ကိုပဲ လွယ်လွယ်နဲ့ ပေးခဲ့ပါတယ်။

အပါးဟာ အိန္ဒိယက ပါလာတဲ့ လုပ်သားကြီးတွေထဲက တစ်ယောက်ပါ။ အပါးက ဘာသာရေး၊ လူမှုရေးတွေမှာ တက်တတ်ကြွကြွ လုပ်ဆောင်တဲ့ အရည်အချင်းရှိသူ တစ် ယောက်လည်း ဖြစ်ပါတယ်။ ကျောက်ဆည်က အိမ်တွင်းပုန်းမလေး ဘူဘူးနဲ့ ဆုံစည်းခဲ့တာလည်း ဒါကြောင့်

ထင်ပါရဲ့။

အိန္ဒိယက လုပ်သားတွေ မြစ်ငယ်ကို ရောက်လာကြတော့ ဘာသာရေးနဲ့ ပတ်သက်တဲ့ ကျောင်းတွေ မရှိသေးပါဘူး။ ဒါကြောင့် အလုပ်သမားကြီးတွေဟာ သူတို့ ရဲ့ လခတွေထဲက တစ်မူးတစ်ပဲစီ စုကြရင်းနဲ့ ဘုရားကျောင်းတွေ ဆောက်ပါတယ်။ အပါးတို့ ကတော့ ဗလီဝတ် ကျောင်းတော် ဆောက်ပါတယ်။

အပါး ဦးဆောင်တဲ့ ဗလီကျောင်းဆောက်ဖို့ စိုင်းပြင်း သူတွေက နီးစပ်ရာ ဘာသာတူ သူတွေထံ အလှူခံကြရင်း ကျောက်ဆည်ရောက်တော့ အမေနဲ့ တွေ့တာပေါ့။

အမေ့မိဘတွေကလည်း အပါးနဲ့ ကြည်ကြည်ဖြူဖြူ ထိမ်းမြား ပေးခဲ့ကြပါတယ်။ အမေတို့ မှာ သားလေးတစ်ယောက် ထွန်းကားခဲ့သည် အထိ ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြရပါ တယ်။

ဒါပေမဲ့ ကံကြမ္မာက အမေ့ဘက်မှာ မရှိပါဘူး။ ၁၉၄၅ ခု ဂျပန်အဝင် အင်္ဂလိပ် အဆုတ်မှာ အင်္ဂလိပ် အစိုးရဟာ သူခေါ်ဆောင်လာခဲ့တဲ့ အလုပ်သမားတွေကို တစ်ပါတည်း ပြန်ခေါ်သွားခဲ့ပါတယ်။

အဲသည် အခါ အပါးက အမေ့ကို အိန္ဒိယလိုက်ခဲ့ဖို့ ခေါ်ပါတယ်။ အပါးကလည်း အမေနဲ့ သားလေးကို မခွဲနိုင် ဘူးတဲ့ လေ။ ဒါပေမဲ့ အမေက မလိုက်ပါဘူး။ အမေက မြန်မာပြည်သူပါ။ မြန်မာပြည်ကို ချစ်တယ်။ အလ္လာရှင်ရဲ့ အမိန့်တော်ကြောင့် သေဆုံးခဲ့ရရင်လည်း အမေ ခေါင်းချရမယ့် မြေကြီးဟာ မြစ်ငယ်မှာ ပဲလို့ ပြောရင်း ငြင်းဆန် ခဲ့ပါတယ်။

အမေ့ကို ဘယ်လိုမှ ဖျောင်းဖျခေါ်လို့ မရတဲ့ အဆုံးမှာ အပါးက အမေ့သားလေးကို အမေ မသိအောင် ခိုးယူပြီး အင်္ဂလိပ် စစ်တပ်နဲ့ အတူ ပြန်ပါသွားတော့တယ်။ အမေ ရင်ကွဲ ပက်လက်ဖြစ်ပြီး ကျန်ရစ်ပြီပေါ့။

အပါးက အမေ့ကို ထားရစ် ခဲ့ပေမဲ့ အမေ့နှလုံးသားကို ထုတ်ယူသွား တယ်။

အမေ အပါးကို စိတ်နာတယ်။ ယောက်ျားတွေကို စိတ်နာတယ်။ တကယ်တော့ အပါးဟာ လင့်ဝတ္တရား ကျေပွန်တဲ့ ယောက်ျားကောင်း တစ်ယောက်ပါ။ အရေးဟယ် အကြောင်း ဟယ်ကျတော့ ရက်စက်လိုက်တာ။ အမေ့သားလေးကို ခေါ် သွားရက်တယ်လေ။

အမေ့မှာ အချစ်ဆိုတာ သေပြီ။ တစ်သက်လုံး အိမ်ထောင်ပြုဖို့ စိတ်မကူးတော့ဘူး။ ဘဝဆိုတာ ကိုယ့်ခြေထောက်ပေါ်မှာ ပဲ ရှိတယ်လို့ ခံယူ ရင်း ခြေလှမ်းတွေကို ရဲရဲလှမ်းမယ်။

အဲသည် တုန်းက အမေ့အသက် နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်။ အမေက လှတယ်။ အသားရောင်က ဝါညက်ညက်ကလေး။ ခန္ဓာကိုယ် တောင့်တင်းတယ်။ မိဘ မျိုးရိုးကလည်း ကြွယ်ဝကြတယ် မဟုတ်လား။ အမေ့ကို လက်ထပ် ချင်သူတွေ အများကြီး။

အမေ့ရဲ့ အစ်မတွေကလည်း လက်ထပ် စေချင်ကြတယ်။ မန္တလေး ကြက်တန်းက သူဌေးတစ်ယောက်နဲ့ ဇွတ် လက်ထပ်ပေးဖို့ စီစဉ်ကြတယ်။ မိန်းမသား တစ်ယောက်ရဲ့ လုံခြုံမှုဆိုတာ ယောက်ျား တစ်ယောက်ရဲ့ ရင်ခွင်မှာ ခိုအောင်း ခြင်းဆိုတဲ့ ထုံးစံကိုနာခံရင်း အမေ ဒုတိယ အိမ်ထောင် ပြုလိုက်ရတယ်။

ဒါပေမဲ့ အမေ့ရဲ့ ဘဝက မဖြူးဖြောင့်လေတော့ အဲသည် သူဌေးမှာ ပထမ အိမ်ထောင်ရှိမှန်း နောက်မှ သိခဲ့ရတယ်။ ဇနီးကြီးနဲ့ သားသမီးတွေက အမေ့ကို အိမ်စေသာသာ ဆက်ဆံကြတယ်လေ။ အဲသည် မှာ ပဲ အမေ့ မာနတွေက မြွေဟောက် တစ်ကောင်ရဲ့ ဒေါသလို ဖြန်းခနဲ ခေါင်းထောင် ထလာတယ်။

အမေ မြစ်ငယ်ကို ပြန်လာတယ်။ မြစ်ငယ်က လူတွေက ဆင်းရဲပေမဲ့ ရိုးသားကြတယ်။ ဒါကြောင့် အမေ အားကိုးတယ်။ ဗလီ ကျောင်းဝင်း ဘေး မှာ အိမ်ကလေး တစ်လုံး ဆောက်ပြီးနေတယ်။ ပြီးတော့ မွတ်စလင်ရပ်ကွက် လေးမှာ ပဲ သော်ဆယ်လ်မုန့်ကလေးတွေ လုပ်ပြီး ရောင်းရင်း အသက် မွေးဝမ်းကျောင်းတယ်။

အဲသည် အကြောင်းတွေနဲ့ ပတ်သက်ပြီး အမေက ကျွန်မကို ပြောခဲ့တာလေး သတိရနေတယ်။

'ခေါင်းမာတဲ့ သူဆိုတာ သတ္တိရှိရတယ် သမီးရဲ့ ။ တစ်ယောက်တည်း နေဖို့ ဆုံးဖြတ်ထားတဲ့ မိန်းမတစ်ယောက်ဟာ အနည်းဆုံး ပြုံးချင်တာ တောင်မှ ရင်ထဲမှာ ပဲ ပြုံးမိဖို့ တော့ လိုအပ်တာပေါ့။ ဒါဆိုရင် ဘာမှ အားငယ်စရာ မလိုဘူး'

အမေပြောခဲ့တဲ့ စကားလေးက ဘယ်လောက် ရိုးစင်းသလဲ။ ဒါပေမဲ့ သည် စကားလေးရဲ့ တန်ဖိုးက ကျွန်မ အတွက်တော့ တစ်သက်စာပါ။

စိတ်ရင်း ကောင်းသူတွေရဲ့ မာနဆိုတာ လောကကြီး အပေါ်မှာ အပေးချည်းပါ။ အမေက အထီးကျန်ခြင်းကို ဖက်တွယ်ရင်း ဘဝကို ခြောက်သွေ့စေခဲ့ပေမဲ့ စိတ်ကောင်းရှိသူ တစ်ယောက်ပါ။ အမေ့ရင်ထဲက မေတ္တာ စမ်းရေတွင်းလေးက သည် အတိုင်း ခန်းခြောက်သွားတာမှ မဟုတ်ဘဲ။ တစ်နေရာမှာ တသွင်သွင် စီးဆင်းခဲ့ပါတယ်။

အဲသည် စမ်းရေတွင်းလေးမှာ ပျော်ရွှင်စွာနဲ့ အေးချမ်း ခွင့်ရခဲ့သူက ကျွန်မပါ။ အမေ့ရဲ့ မကုန်နိုင် မခန်းနိုင်တဲ့ ကျေးဇူးတွေကို သတိရတိုင်း ယူကျုံးမရ ဖြစ်ရသူကလည်း ကျွန်မပါပဲ။

အမေ့ရဲ့ အရိပ်မှာ အေးချမ်းခွင့် ရခဲ့စဉ်က အမေ့ အသက်က ငါး ဆယ်ကျော်စ အရွယ်ပါ။

တစ်ယောက်တည်းနေတဲ့ မိန်းမတစ်ယောက်ရဲ့ အသက်အရွယ် ကြီးရင့်ခြင်း ဆိုတာ အန္တရာယ် ကင်းရှင်းစေခြင်း တစ်ပါး ဖြစ်ပါတယ်။ ဒါကြောင့် ထင်ပါရဲ့ ။ အမေဟာ ရှိနေတဲ့ အသက်နဲ့ မလိုက်ဖက်စွာ အို စာခြင်းကို အပြည့်အဝ ခြယ်သ နေထိုင်ပါတယ်။

ပြီးတော့ အမေက ဘာသာတရားမှာ လည်း အလွန် အလေးအမြတ် ထားတာကြောင့် ပဝါလေး တစ်ထည်က အမေ့ ခေါင်းပေါ်မှာ အမြဲတမ်း လုံလုံခြုံခြုံ ရှိနေတတ်ပါတယ်။

အမေ့အိမ်ကို ကျွန်မရောက်ခဲ့ရပုံ ကလေးက မီးရထား စက်ရုံ ကြီးရဲ့ သမိုင်းနဲ့ ဆက်စပ်ပြန်ပါတယ်။

ကျွန်မတို့ ငါးနှစ်သမီးအရွယ် ရောက်တော့ မြို့မှာ အရင်ကလို ဘာ သာရေးအရ ခွဲခြားထားတဲ့ ရပ်ကွက်တွေ မရှိစေရတော့ပါဘူး။ ရပ်ကွက် တိုင်းမှာ ဘာသာစုံ လူမျိုးမရွေး ရောနှော နေထိုင်စေခဲ့တယ်။ အရပ် နာ မည်ကိုလည်း စံပယ်၊ ဒေါန၊ နှင်းဆီ၊ သော်ကစတဲ့ အမည်တွေ ပြောင်း ပေးတယ်။ မွတ်စလင် ရပ်ကွက်ဟာလည်း သဇင်ရပ်ကွက် ဖြစ်လာခဲ့ရ ပါတယ်။

အဲသည် နှစ်တွေမှာ ပဲ ကျွန်မရဲ့ အဖေက မီးရထား ကျောင်းဆရာအ ဖြစ် ပြောင်းရွှေ့လာတဲ့ အတွက် သဇင်ရပ်ကွက်မှာ နေခွင့်ရခဲ့တယ်။ သ ဇင်ရပ်ကွက် ရောက်တော့ ကျွန်မရဲ့ အမေ(အမေမြ) က မောင်လေးကို မွေးဖွားပါတယ်။

ငါးနှစ်သမီး အရွယ်အထိ သမီးထွေးဘဝနဲ့ ဦးစားပေးခြင်း ခံလာရ တဲ့ ကျွန်မဟာ အမေမြရဲ့ ရင်ခွင်မှာ မောင်လေး ရရှိလာခြင်းကို မကျေန ပ်ခဲ့ပါဘူး။ ကလေးတွေမှာ မြင်လေ့ရှိတဲ့ သဘာဝ အတိုင်း မိဘတွေက ကျွန်မကို ဂရုမစိုက်ကြတော့ဘူးလို့ ထင်လာတယ်။ ဒါကြောင့် တစ်ခုခု

ကို တောင်းဆိုရင်း ဂျီတိုက်တတ်လာတယ်။

ကျွန်မငယ်ငယ်က သော်ဆယ်လ်မုန့်နဲ့ ကြက်တနီ ဟင်းကိုလည်း အလွန်ကြိုက်တာ ကလား။ မနက်လင်းတာနဲ့ 'သော်ဆယ်လ်ဝယ်ပေး'ဆိုတဲ့ တောင်းဆိုချက်နဲ့ အတူ ငိုတော့တာပဲ။ အဲသည် တုန်းက အမေကလည်း ရပ်ကွက်ထဲမှာ သော်ဆယ်လ် ရောင်းတယ်လေ။

ကျွန်မတို့ အိမ်နဲ့ အမေ့ မုန့်ဆိုင်တဲလေးက ဘာမှ မဝေးဘူး။ ကျွန်မရဲ့ နားပူ နားဆာတိုက်တာကို မခံနိုင်ကြတဲ့ အစ်ကိုတွေ အစ်မတွေက မနက်လင်းတာနဲ့ ကျွန်မကို ပိုက်ဆံ တစ်မတ်ပေးပြီး ပန်းကန်ပြားတစ်ချပ်နဲ့ အမေ့မုန့်ဆိုင်ကို တစ်ယောက်တည်း လွှတ်လိုက်ကြ တော့တယ်။

ဘဝရေစက်လို့ ဆိုရမလား မသိဘူး။ အမေကလည်း ကျွန်မကို တခြား ကလေးတွေနဲ့ မတူဘူး အလွန်ယုယပါတယ်။ ကျွန်မ ရောက်တာနဲ့ အမေ့ဘေးနားမှာ ဂုန်နီအိတ် စုတ်ကလေးခင်းပြီး နေရာပေးတယ်။ အမေ့ဆိုင် ရောက်တာနဲ့ ကျွန်မကလည်း တစ်မတ်ဖိုးမကတဲ့ သော်ဆယ်လ် မုန့်တွေကို မဝမချင်း တီးတော့တာပဲ။ ဒါကိုပဲ အမေက ကျေနပ်လို့ ။

အမေ့ကို လူကြီးတွေက ဘူဘူးလို့ ခေါ်ကြတယ်။ လူငယ်တွေက တော့ ခါလာကြီးတဲ့ ။ ကျွန်မကတော့ အဲဒီလို မခေါ်ဘူး။'အမေ'လို့ ပဲ ခေါ်တယ်။

မနက် ရှစ်နာရီလောက်ဆိုရင် အမေ့မုန့်ဆိုင်လေး သိမ်းတယ်။ အဲသည် အခါမှာ လည်း ကျွန်မက အမေနဲ့ အတူ ထင်းစည်းကလေး၊ ဒန်အိုးလေးတွေ ရွက်ပြီး ဆိုင်ကူသိမ်းပေးတယ်။ အိမ်ရောက်တော့ အမေက ကျွန်မကို ရေချိုးသနပ် ခါးလိမ်းပြီးမှ ပြန်လွှတ်တယ်။ ကျွန်မ ကျောင်းသွားဖို့ လေ။

ကျွန်မအိမ်မှာ ဆိုရင် အမေမြကြ မောင်လေးကြည့်ရတာ တစ်ဖက်၊ မိသားစု နံနက်စာ စီမံရတာ တစ်ဖက်ဆိုတော့ ကျွန်မကို ဂရုမစိုက်နိုင်ပါဘူး။ အစ်ကို အစ်မတွေကလည်း သူတို့ ကျောင်းကိစ္စနဲ့ သူတို့ လေ။

တစ်နေ့မှာ တော့ ကျွန်မရဲ့ အပြစ်တစ်ခုကြောင့် မမကြီးက ကျွန်မကို ရိုက်ပါတယ်။ ဒါကြောင့် ကျွန်မလည်း သူတို့ အိမ်မှာ မနေတော့ဘူးလို့ ငိုယိုပြီး အဝတ်အစား သုံးလေးထည်ဆွဲရင်း အမေ့အိမ်ထွက်ခဲ့တယ်။ မမကြီးတို့ ကလည်း ကျွန်မရဲ့ အပြုအမူကို ရယ်မောကြရင်းနဲ့ -

'ကုလားမ နင့်အမေအိမ်မှာ ပဲ သွားနေတော့။ ငါတို့ အိမ် ပြန်မလာနဲ့
'

လို့ ကျီစယ်လွှတ်ကြတယ်။ ဘာရမလဲ။ ကျွန်မလည်း အဲသည် နေ့ကစပြီး အမေ့အိမ်မှာ ညအိပ်ပစ်လိုက်တာပေါ့။ မနက်လင်းလို့ ကျောင်းသွားဖို့ အိမ်ပြန်ရောက်တော့ အစ်ကိုတွေက မေးကြတယ်။ ကုလားမ ညအိပ်တော့ ဘယ်ဘက် ခေါင်းပြုခဲ့သလဲတဲ့ ။

အဲသည် အခါ ကျွန်မတို့ ရဲ့ အမေမြက မင်းတို့ နှမက တစ်ညလုံး သုံးပတ်လောက် လှည့်အိပ်တာကွဲ့။ ဘာသာစုံ ရတယ်တဲ့ ။ အမေမြရဲ့ မျက်နှာက လိုက်လျောမှု အပြည့်နဲ့ ပြုံးလို့ ။ ဟုတ်ပါတယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ပေါင်းသင်းကြတဲ့ အခါ ခြေရင်းခေါင်းရင်း ကိစ္စထက် ကြည်လင်သော မေတ္တာစာတ်က အဓိကကျတာပဲ။ အမေမြက အမေ ခါလာဘူဘူးကို ကျေးဇူးတင်နေပြီလေ။

ကျွန်မကလည်း အမေ့ကို တကယ် ချစ်တာပါ။ ညအိပ်ရာ မဝင်ခင် အမေ နမတ်စ်ဖတ်တဲ့ အခါ ကျွန်မက အမေ့ဘေးမှာ တဘက်ကလေး ခေါင်းမြီးခြုံရင်း ကျုံ့ကျုံ့ ကလေးထိုင်ပြီး ငြိမ်နေတတ်တယ်။ အမေက ညနေပိုင်း ဗလီကျောင်းဝင်းထဲမှာ တံမြက်စည်း လှည်းပြီး ကျောင်း

ဝေယျာဝစ္စ လုပ်လေ့ရှိတယ်။ အဲသည် အခါမှာ လည်း ကျွန်မက တဘက် ကလေးပခုံးမှာ တန်းလန်းတန်းလန်းနဲ့ ခြုံရင်း အမှိုက်ကျုံးတယ်လေ။ ကျွန်မဆိုရင် ဗလီဆရာလေးတွေကပါ ဝမ်းမနာသမီးအတွက် ဂုဏ်ယူရင်း ဟောသည် ဗလီကျောင်းကြီးက သူတို့ အပါး ဆောက်ခဲ့တာပေါ့လို့ လည်း အလွမ်းစကားတွေ ပြောတတ်ပြန်ပါတယ်။

အမေ့အိမ်မှာ အနေများ လာတော့ ကျွန်မရဲ့ ကစားဖော်တွေက ဘိုင်နီး၊ မူနီး၊ မိုင်ဂွန်းဆိုတဲ့ အမေ့အိမ်ဘေးက ညီအစ်မတွေ ဖြစ်လာတယ်။ ကလေးဆိုတော့လည်း ဆော့ကစားကြရင်း ရန်ဖြစ်ကြတာပေါ့။ သူတို့ ညီအစ်မ သုံးယောက်က ကျွန်မကို ဝိုင်းတွယ်တော့ ကျွန်မက အုတ်နီခဲကြီး တစ်လုံးနဲ့ ကောက်ထုဖို့ ပြင်တယ်။

အဲသည် အချိန်မှာ ပဲ ဘိုင်နီးတို့ အမေ ခါလာခိုင်ရွှန် ရောက် လာပြီးတော့ သူ့သမီးတွေကို ပြောတယ်။

'မလုပ်ကြနဲ့ ဟဲ့။ ကုလားမကိုလုပ်ရင် သူ့အမေအရင်း မမြမြက ဘာမှ ပြောမှာ မဟုတ်ပေမဲ့ ဘူဘူးက ငါ့ကို ရန်လာတွေ့လိမ့်မယ်'

ကလေးပေမဲ့ သည် စကားကို စိတ်ဆိုး ခံစားတတ်တယ်။ ဒေါသကြောင့် ကျွန်မအသားတွေ ဆတ်ဆတ် တုန်နေတယ်။

'ခါလာ ဒီလိုမပြောပါနဲ့ ။ အမေဘူဘူးက ကျွန်တော့် အမေ'

ပြောပြီး လက်ထဲက အုတ်ခဲနဲ့ ခါလာခိုင်ရွှန်ကို လှမ်းထုတယ်။ ကျွန်မ မျက်လုံးမှာ လည်း မျက်ရည်ပေါက် ပေါက်ကျလို့ ။ ခါလာက အရှောင်ကောင်းလို့ အုတ်ခဲမထိပါဘူး။ ပြီးတော့ ခါလာက စိတ်မဆိုးဘဲ တဟားဟား ရယ်မော သဘောကျ နေတော့တယ်။ ကုလားမတို့ များ ဘူဘူးသည်းမယ်ဆိုလည်း သည်းလောက် ပါပေတယ်တဲ့ လေ။

ခါလာခိုင်ရွှန်က သည် အဖြစ်အပျက်တွေကို အမေ့ကို ပြန်ပြောပြတော့ အမေပြုံးတယ်။

'ခိုင်ရွှန်ရယ် ညည်းလည်း မိန်းမပဲအေ။ မေတ္တာငတ်ပြီး ကိုယ့်ရင်ထဲဝင်လာတဲ့ သမီးတစ်ယောက်ကို ချစ်ဖို့ ဘယ်မိန်းမတစ်ယောက်က ဝန်လေးမှာ လဲ။ အချိန်တန်လို့ သူ့လမ်းသူသွားမှာ ကိုလည်း ခုကတည်းက ငါသိထားပြီးသား။ အဲဒီအခါကျရင် ညည်းတို့ က ငါ့ကိုဘူဘူးတော့ ရင်ကွဲကျန်ရစ် ပြီလို့ လှောင်ကြဦးမှာ မဟုတ်လား'

ကျွန်မက ငယ်သေးတော့ အမေ့ရင်ထဲက စကားရဲ့ ခံစားမှု အတိမ်အနက်ကို နားမလည်ပါဘူး။ ဒါပေမဲ့ ဒီစကားက ကျွန်မကို မချစ်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး ထင်မိတာကြောင့် အမေ့ကို စိတ်ကောက်ပါတယ်။ ကျွန်မ စိတ်ကောက်တဲ့ အခါ လုပ်လေ့ရှိတဲ့ ထုံးစံကတော့ အမေ့အိပ်ရာမှာ ဝင်အိပ်ပြီး နေလိုက်ခြင်းပါပဲ။ အဲသည် အချိန်မျိုးမှာ အမေမြဲ အိမ်ပြန်ဖို့ ကုတ်နဲ့ ကော်ထုတ်လို့ မှ မရတော့ပါဘူး။ ဒါကြောင့် အမေက သူ့ရဲ့ အရေတွန့် ပါးပြင်ပျော့ကြီးနဲ့ ကျွန်မရဲ့ မျက်နှာကပ်ပြီး နမ်းရင်း-

'အမေက သမီးကို သိပ်ချစ်လို့ ပြောတာ'

လို့ ချော့ပါတယ်။ ပြီးတော့ အမေ ငိုပါတယ်။

ဒါပေမဲ့ ဒီစကားက ကျွန်မနဲ့ ပတ်သက်ပြီး တစ်စုံတစ်ခု ပြောလာတဲ့ လူတွေကို တုံ့ပြန်ပြောလေ့ရှိတဲ့ အမေ့ရဲ့ လက်သုံးစကား ဖြစ်ခဲ့တယ် ဆိုတာကိုလည်း အံ့ဩစွာ မှတ်မိ နေပါတော့တယ်။

လူတွေဟာ ကိုယ့်ဘက်က လိုအပ်ချက်တွေကို ဖော့ပြီး တွေးတတ်ကြပါသလား။ ကျွန်မတော့ အဲသလို တွေးမိခဲ့လို့ ဘဝမှာ ဟာကွက် ပျော့ကွက်တွေနဲ့ စွန်းထင်ခဲ့ရပါတယ်။

'ဆယ်ကျော်သက်စ' အသွေးအသား ပြောင်းလဲခြင်းတွေနဲ့ အတူ လောကကြီးကို ခြေဖျားထောက် ကြည့်တဲ့ ကာလများမှာ ပေါ့။ ကျွန်မ ဆယ်တန်းရောက်တဲ့ နှစ်။ အချစ်ဆိုတာ တပ်မက်မှုတွေနဲ့ ရင်ခုန်ခြင်း သက်သက်လို့ ထင်တဲ့ အရွယ်လေ။

သမီးတစ်ယောက်ကို ပလူမွေး ပလူတောင်လို ယုယတဲ့ အမေရဲ့ ပူပန်မှုတွေက ကျွန်မ အတွက်တော့ အနှောင့်အယှက်ချည်း။ စာကြည့်စားပွဲမှာ ထိုင်ရင်း ဖွင့်ထားတဲ့ ကျောင်း စာအုပ်ထဲမှာ ခင်မောင်ဦးဆိုတဲ့ ကောင်လေးရဲ့ မျက်နှာက ကျွန်မရဲ့ မျက်လုံးထဲ လွှမ်းမိုး နေတာကလား ။

အမေက သူ့ကို လမ်းသရဲတဲ့ လား။ ဆံပင်ရှည်ရှည်၊ ခေါင်းလောင်းဘောင်းဘီ၊ ရှပ်အင်္ကျီလက်ပြတ်နဲ့ ဂျစ်ကတ်ကတ် ကောင်လေးဟာ ကျွန်မအတွက်တော့ သူရဲကောင်း တစ်ယောက်ပါ။ ဟုတ်တယ်။ သူက သူ့ရဲ့ ညာလက်မောင်းမှာ စမ်း ဆိုတဲ့ ကျွန်မရဲ့ နာမည် စာလုံးလေးကို တစ်သက်လုံး စွဲထင်နေအောင် ဆေးမင်ထိုးပြီး ချစ်တယ်လေ။

ဒါတွေကို အမေ ဘယ်လိုလုပ်ပြီး နားလည်မလဲ။ ကိုယ်ချင်းစာတတ်မလဲ။

အမေဟာ မြန်မာစာတစ်လုံးမှ မတတ်ပေမဲ့ အပြာရောင် စာရွက် နုနုလေးနဲ့ ရေးထားတဲ့ စာတွေဟာ ကျွန်မရဲ့ ချစ်သူဆီက ဆိုတာ သိနေတယ်။ တစ်သက်လုံး မဆူဖူးတဲ့ အမေဟာ အဲသည် အချိန်မှာ နာကြည်းစွာ ဆူဆဲတယ်။ အပြင်းအထန် တားဆီးပါတယ်။

တကယ်တော့ ဘူဘူးဆိုတဲ့ အဘွားကြီးဟာ ကျွန်မနဲ့ သွေးသား တော်စပ်တာမှတ်လို့ ။ သူ့အချစ်ဟာ ခင်မောင်ဦးကို မီမတဲ့ လား။ ကျွန်မရဲ့ ငယ်စိတ်နဲ့ အတွေး အားလုံးက လုံးဝ အမှောင်ပါ။

ဟိုတုန်းက စိတ်ကောက်ရင် အမေ့အိပ်ရာက မထတော့တဲ့ ကျွန်မဟာ အမေ့အိမ်ကို မသွားတော့ဘူး။ သော်ဆယ်လ် မုန့်ရောင်းဖို့ အတွက် ကျွန်မ လုပ်ပေးနေကျ မုန့်ကြိတ်တဲ့ အလုပ်ကိုလည်း ကူမလုပ် ပေးတော့ဘူး။ အမေက မာနကြီးသူပဲ။ အသက်ကြီးပြီဖြစ်လို့ မောပေမဲ့ သူ့ဘာသာဖြစ်အောင် ကြိတ်တယ်။ ထင်းခွဲတယ်။ ကျွန်မနဲ့ အမေ့ကြားမှာ ဖြစ်တဲ့ ပြဿနာကို ပတ်ဝန်းကျင် မသိစေရဘူး။

သည် လိုနဲ့ ဆယ်ရက်လောက်ကြာတော့ အမေ ကျွန်မတို့ အိမ်လိုက်လာတယ်။ အမေမြနဲ့ တိုးတိုးတိတ်တိတ် စကားပြောတယ်။ ကျွန်မရဲ့ အရှုးထ ပြဿနာကို မောင်နှမတွေ မသိစေရဘူး။

အမေ နှစ်ယောက်က ကျွန်မကို ဖက်ပြီး ငိုလိုက်ကြတာလေ။

အမေမြကတော့ ဘာမဟုတ်တဲ့ ကိစ္စကြောင့် ကိုယ့်အမေကို ပစ်သွားရက်သလား အဇာ တသတ်မလို့ ဆူဆဲရင်း အံကြိတ်ငိုတယ်။

အမေ ခါလာ ဘူဘူးပြောတဲ့ စကားကတော့ ကျွန်မရင်မှာ မြားစင်းပေါင်း များ စွာကို ဝင်စူးတယ်။

'တစ်နေ့ကျရင် သမီးလေး ကိုယ့်လမ်းကိုယ်သွား မယ်ဆိုတာ အမေပြောနေသားပဲ။ ဒါပေမဲ့ သမီးလေး စာမတတ်ရင် လူရာမဝင်မှာ စိုးလို့ပါ။ ဆယ်တန်းအောင်ရင် သမီးဖြစ်ချင်တာ အားလုံး ဖြစ်ရပါစေမယ်။ မြမြတို့ က ကျေနပ်အောင် အမေ တာဝန်ယူတယ်။ ဆယ်တန်းအောင်ရုံလေး ကြိုးစားလိုက်ပါဦး သမီးရယ်'

'ကောင်းပြီလေ'

စာမေးပွဲ အောင်ဖို့ များ ဘာခက်တာမှတ်လို့ ။ ကျွန်မ မာန တစ်ခွဲသားနဲ့ အမေ့ကို ကတိပေးတယ်။ စာကြည့်စားပွဲ ပြန်ထိုင်တယ်။ ချစ်သူ

ဆီကိုလည်း ဆယ်တန်းအောင်ဖို့ ကြိုးစား လိုက်ဦးမယ်လို့ စာရေးပြီး ပြောရတာပေါ့။ အမေ့ရဲ့ အနူးညံ့ဆုံး ဆုံးမမှုတွေက ကျွန်မအတွက် နှုကလီးယား ဗုံးထက် ပြင်းတယ်။

စာမေးပွဲ ကောင်းကောင်း ဖြေနိုင်ခဲ့တယ်။ ဂုဏ်ထူးနဲ့ အောင်တယ်။ ဒါပေမဲ့ ကျွန်မချစ်သူနဲ့ အလိုလို ပြတ်စဲခဲ့ရတယ်။ ကျွန်မ စာကြိုးစားနေတဲ့ အချိန်တွေမှာ ချစ်သူက တခြား ကောင်မလေးတွေနဲ့ တွဲခဲ့တယ်။ သူ့အတွက် ကျွန်မဆိုတာ'ဖွဲ'တဲ့ ။ အချစ်ကြောင့် လိမ့်နေအောင် ခံစားခဲ့ရတာပေါ့။

အမေကတော့ ပြုံးလို့ ။

သမီးလေးအတွက် စာမေးပွဲအားလုံး အောင်သွားပြီတဲ့ ။ ပြောတော့ အမေရေ။ မှားယွင်းတဲ့ မျှော်လင့်ချက်တစ်ခု ပြိုလဲသွားတဲ့ အချိန်မှာ ကျွန်မရဲ့ မာနက သိမ်းငှက်တစ်ကောင်လို စူးရဲစွာ ထပျံတယ်။ ကျွန်မရဲ့ ကြိုးစားချင်စိတ်တွေကို အမေ အားပေးခဲ့တယ်။ ဘွဲ့ရရင် အရာရှိကြီး ဖြစ်ရမယ်ဆိုတဲ့ အာဂ ရည်ရွယ်ချက်ကြီးနဲ့ အရာရာမှာ အတ္တကို ရှေ့တန်းတင် ခဲ့ပြန်ပြီ။

ဘာကြောင့် လဲဆိုတော့ အဲသည် အချိန်မှာ အမေ့ အသက်က ခုနစ်ဆယ်နား ကပ်နေပြီလေ။ ရောဂါသည် ကြီး မဟုတ်ပေမဲ့ အိုနာရဲ့ ဒဏ်ကို အမေ ခံစားနေရချိန်ပေါ့။ တကယ်ဆို အမေ့ရဲ့ မုန့်ဆိုင်လေးကို ပိတ်ပြီး အေးဆေးစွာ နေရမယ့် အချိန်တွေပါ။

ကျွန်မကတော့ ဘွဲ့ရပေမဲ့ ရာထူးဝင် စာမေးပွဲ ဖြေဖို့ လုံးပန်းရင်းနဲ့ အမေ့ကို ပစ်ထားခဲ့တယ်။ စာမေးပွဲအတွက် ငွေလိုတဲ့ အခါ မြစ်ငယ်ပြန်ဖြစ်ရင် အမေ့ အိမ်မှာ အိပ်တတ် ပါတယ်။ အဲသည် အခါ အမေ့မျက်နှာမှာ သိသိသာသာ ကြည်လဲ့လို့ နေပါတယ်။ အိမ်နီးချင်းဖြစ်တဲ့ ခါလာခိုင်

ရွှန်ကတော့-

‘သမီးပြန်လာတဲ့ အခါ ဘူဘူးတို့ မျက်နှာကြည့်လိုက်ရင် ရွှေတစ်ပိဿာလောက်ရတဲ့ အတိုင်းပဲ’

တဲ့ လေ။ တကယ်တမ်းကျတော့ အမေ့ခများ သူ့မှာ ရှိတဲ့ ရွှေတို ရွှေစလေးတွေထဲက လက်စွပ် တစ်ကွင်းကို ကျွန်မ စာမေးပွဲ စရိတ်ဆိုပြီး ထုတ်ပေးရရှာတာပါ။ ကျွန်မကလည်း မိုက်မဲစွာ ယူရက်ခဲ့တယ်။ အမေ့မှာ အပါးရှိစဉ်ကတည်းက ကုတ်ကတ် စုဆောင်းခဲ့တဲ့ ရွှေပစ္စည်းလေးတွေ ရှိတယ်လို့ သိနေတာကိုး။

သည် လိုနဲ့ တစ်ရက်မှာ တော့ အမေ့ရဲ့ အခြေအနေ မကောင်းတဲ့ ကျန်းမာရေး သတင်းနဲ့ အတူ ကျွန်မ နေထိုင်ရာမြို့အထိ အစ်ကိုကြီး လိုက်လာခေါ်ပါတယ်။ အိမ်ပြန်ရောက်တော့ ကျွန်မရဲ့ တာဝန်မဲ့မှုတွေကို မောင်နှမ အားလုံးက ဝိုင်း အပြစ်တင်ကြပါတယ်။

အမေ့အိမ်ထဲ ဝင်လိုက်တော့ အမေက အိပ်ရာထဲမှာ ပက်လက်ကလေး၊ ကျွန်မနဲ့ မတွေ့ရတော့တဲ့ နှစ်လလောက် အတွင်းမှာ အမေ့ တစ်ကိုယ်လုံး နုတ်ယူပစ်လိုက်သလို သေးသေး ကျုံ့ကျုံ့လေး ကျန်ပါတော့တယ်။ ဒါပေမဲ့ အမေက ကျွန်မကို တွေ့တော့ သူ့ရောဂါ သူ့အခြေအနေမှန်တွေကို တစ်ခွန်းမှ မဟပါဘူး။ အမေ့ဆီ လာရတော့ သမီးလေး စာမေးပွဲဖြေရတာ အနှောင့်အယှက် ဖြစ်မှာ ပေါ့လို့ ပူပန်စကား ဆိုပါတယ်။

ဩော် အမေရယ်။

အမေ့ရဲ့ အရေတွန့် ပါးပြင်ပျော့ပျော့ကြီး နေရာမှာ အစားထိုးဝင်လာတဲ့ အရိုးငေါငေါပေါ် ကျွန်မ အကြိမ်ကြိမ် နမ်းမိပါတယ်။ ထိန်းမထားနိုင်တော့တဲ့ ကျွန်မရဲ့ မျက်ရည်တွေက အမေ့ ပါးပြင်ပေါ်မှာ ပိုး

ပိုးပေါက်ပေါက် ကျကုန်တယ်။ အဲသည် အခါ အမေ့ မျက်လုံးအိမ်ထဲက စီးကျလာတဲ့ မျက်ရည်တွေနဲ့ ပေါင်းစပ် သွားတာပေါ့။

အမေ့နားက မခွာတမ်း နေ့မအိပ် ညမအိပ် ပြုစုပေးနေမိတယ်။ ဒါပေမဲ့ ကျွန်မရဲ့ သိတတ်မှုက အများကြီး နောက်ကျခဲ့ပြီပဲ။ ကာလ အတော်များများမှာ တာဝန်မဲ့ခဲ့တဲ့ အတ္တအရိုင်း ပေးဆပ်မှုမျိုးနဲ့ မှ လျော်ပစ်လို့ မရနိုင်တော့ပါဘူး။ အမေက ကျေနပ် ခွင့်လွှတ်ဦးတော့ အမှန်တရားက ကျွန်မကို ခွင့်လွှတ်မယ် မဟုတ်ပါဘူး။

အမေ့ကို ပြုစုပေးခဲ့တာ ငါးရက်မြောက်တဲ့ နေ့မှာ ပေါ့။

အမေက ကျွန်မကို ဗလီဂေါပကလူကြီး ဘဒွေး မောင်မောင်ကို အခေါ်ခိုင်းပါတယ်။ ဘဒွေး ရောက်လာတော့ ဘဒွေးကို ကိုရမ်ကျမ်း စာအုပ်ထဲက အမေ နှစ်သက်တဲ့ အခန်းကို ဖတ်ပြခိုင်းတယ်။

အမေ မျက်စိမှိတ်ပြီး တရားနာပါတယ်။

ကျွန်မကတော့ အခန်းထောင့်မှာ မျက်ရည်သုတ်ရင်း ကုပ်ကုပ်လေး ထိုင်နေပါတယ်။ တရားနာပြီး သွားတဲ့ အခါ အမေက သူ့နားမှာ ပန်ထားတဲ့ ပုလဲ နားကပ်ကလေး ချွတ်ပေးဖို့ ကျွန်မကို ခိုင်းပါတယ်။

'ဒီနားကပ်ကလေးက သမီးတို့ အပါးရဲ့ မင်္ဂလာ လက်ဆောင်လေးကွဲ့ မောင်မောင်ရဲ့ ။ ဟောဒီ နားကပ် တစ်ဖက်ကို ဗလီပြုပြင်တဲ့ အခါ သုံးဖို့ လှူခဲ့မယ်။ ကျန်တဲ့ တစ်ဖက်ကတော့ သမီးဖို့ အမေ့ အမွေပေါ့။ ရော့ တစ်ဖက်စီ ယူကြ'

အမေ ခိုင်းစေတဲ့ အတိုင်း ဘဒွေးနဲ့ ကျွန်မ နားကပ် တစ်ဖက်စီ ကောက်ကိုင်လိုက်ကြရ ပေမဲ့ လက်တွေက တုန်ယင်လို့ ။ ရင်ထဲမှာ ဆူပွက် ငိုယိုနေမိတယ်။

အမေကတော့ အရာရာကို ကျေနပ်ခွင့်လွှတ်ခြင်း အပြည့်နဲ့ မျက်လုံး တွေကို မှေးစင်း ငြိမ်သက် လိုက်ပါတယ်။ ဘဒ္ဒေးက အမေ့အတွက် အလိုက်သိစွာ ကျမ်းစာဖတ်ပေးတော့ အမေ ပြုံးလို့ ။

နောက်တစ်နေ့ မနက်ရှစ်နာရီလောက်မှာ တော့ အမေတစ်ယောက် အလ္လာရှင်မြတ်ရဲ့ အမိန့်တော်ကို အေးချမ်းစွာ ခံယူရင်း လူ့ဘဝကို စွန့်ခွာသွားပါပြီ။

ကျွန်မလေ မိုးကောင်းကင်ကြီးကို မော့ကြည့်ပြီး အမေရှိလေမလား ရှာဖွေရင်း အရူးတစ်ယောက်လို အော်ဟစ်လိုက်တယ်။

အမေ... အမေ... အမေ။

အမေ သေဆုံးခဲ့တာ ဆယ့်ငါးနှစ်ပြည့်ခဲ့ပါပြီ။

ကျွန်မတို့ ရဲ့ အရပ်ထဲမှာ တော့ မွတ်စလင်နဲ့ ဗုဒ္ဓ ဘာသာဝင်တွေ ဟာ ဟိုတုန်းက အတိုင်း ချစ်ကြည်စွာ နေထိုင်လျက်ပါ။

ကျွန်မတို့ ဆိုရင် အမေတို့ ဝဋ်လည်တယ်လို့ ခေါ်ရမလားပဲ။ အစ်နေ့ တွေမှာ 'ဆလန်မာလေကွန်း' လုပ်ရင်း အီတီတောင်းတဲ့ ကလေးတွေက များ လွန်းလို့ 'ဝါလေကွန် ဆလန်' ပြန်လုပ်လွှတ်ရတာမျိုး ရှိသလို သီတင်းကျွတ် တန်ဆောင်တိုင် ပွဲတွေကျတော့'သိန်းထီပေါက်မယ့် အန်တီလေး ပိုက်ဆံကြဲပါဗျို့'လို့ အိမ်ပေါက်ဝမှာ လာအော် တောင်းကြတော့ ကျွန်မမှာ ရှိသမျှ ကျပ်တန်လေးတွေ ထွက်ကြဲရင်း တောင်းပန်လွှတ်ရတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ရဲ့ အရပ်ဓလေ့ ကလေးက ချစ်စရာပါ။

ကျွန်မတို့ အရပ်က လူတွေက ရိုးသားကြတယ်။ အချင်းချင်း သံသယကင်းစွာ ချစ်ကြည်ကြတယ်။ ဒါကြောင့် ငြိမ်းချမ်းပါတယ်။

ခုဆိုရင် အပါးတို့ ခေတ်က အလုပ်သမားတွေ တည်ဆောက်ခဲ့တဲ့ ဗလီ ကျောင်းဝင်းထဲမှာ အထက် မြန်မာပြည်ရဲ့ အကြီးဆုံးဖြစ်တဲ့ ဗလီဆရာသင်တန်းကျောင်းကြီး ဆောက်လုပ်နေပါပြီ။ ကျောင်းခန်းမရဲ့ တန်ဖိုးငွေက သိန်းသုံးဆယ် ကုန်ကျမယ်တဲ့ ။

ကျွန်မတို့ မြို့က လူတွေမှာ အဲသလောက် ပိုက်ဆံရှိဖို့ ဆိုတာ ဝေးလို့ ၊ ဗလီ လစဉ်ကြေး တစ်ဆယ်ကိုပဲ အလျဉ်မီအောင် ထည့်နေကြရတာပါ။ အလုပ်သမား အများ စုရှိတဲ့ မြို့ မဟုတ်လား။

ဒါပေမဲ့ ကျွန်မတို့ မြို့က လူတွေရဲ့ ဘာသာရေး အပေါ်ထားတဲ့ စေတနာက အစဉ် မှန်ကန်ခဲ့လေတော့ လှူမယ့် လူတွေ အလိုလို ရောက်လာကြရပါတယ်။

ဟိုတစ်နေ့ကတော့ ဗလီကျောင်းဆောင်သစ် အုတ်မြစ်ချပွဲ လုပ်ပါတယ်။ စိန်တွေရွှေတွေ ညွတ်နေအောင် ဝတ်စားလာကြတဲ့ အလှူရှင် သူဌေးမကြီးတွေကြားမှာ ပဝါစုတ်ကလေး ခြုံရင်း ငေးကြည့်နေတဲ့ အဘွားအို ခါလာခိုင်ရွှန်ကို မြင်ရတော့ အမေ့ကို သတိရလိုက်တာလေ။

အမေသာရှိရင် ဗလီကြီးအတွက် ဘယ်လောက် ဂုဏ်ယူလိုက်မလဲ။

ဒါကြောင့် အမေ့အတွက် အမွန်မြတ်ဆုံး အလုပ်တစ်ခုလုပ်ဖို့ ယနေ့ ထက်တိုင် ဗလီဂေါပက လူကြီး လုပ်နေတဲ့ ဘဒွေးမာမူဆီ သွားခဲ့ပါတယ်။

‘ဘဒွေး ကျွန်တော်လည်း အမေ့အတွက် ရည်စူးပြီး ဗလီကျောင်း ဆောက်ဖို့ လှူချင်လို့ ’

ဘဒွေးက အလှူခံဖြတ်ပိုင်းစာအုပ်လေး ကိုင်လာတယ်။ တန်ဖိုးငွေ ဘယ်လောက် လှူမှာ လဲပေါ့။

ကျွန်မက ပိုက်ဆံ မဟုတ်တဲ့ စက္ကူအိတ်ကလေး ထုတ်ပေးတော့ ဘဒွေး စိတ်ဝင်တစား ဖွင့်ကြည့်တယ်။ အမေ့ အမွေ ပုလဲနားကပ်လေး တစ်ဖက်လေ။

'ဟာ'

ဘဒွေး ထိတ်လန့်တကြား အော်တယ်။ ပြီးတော့ သူသိမ်းထားတဲ့ ပုလဲနားကပ် တစ်ဖက်ကို ယူပြီး ကျွန်မကို ပြတယ်။

'ဒါလေးကို ငါထုတ်ပြီး မသုံးရသေးဘူး။ ဗလီအတွက် ဘူဘူး လှူသွားတာလေ'

ဘဒွေးက အမေ့ နားကပ်လေးကို နဖူးပေါ်မှာ တင်မြှောက်ရင်း မွတ်စလင် ဘာသာအရ တစ်စုံတစ်ခုကို ရေရွတ်နေတယ်။ အမေ့အတွက် ဆုတောင်း ပေးနေတယ် ထင်ပါရဲ့ ။ ဘဒွေး ဘာတွေ ရွတ်ဆိုနေသလဲ ကျွန်မ မသိပါဘူး။

ကျွန်မ ရင်ထဲမှာ တော့ အမေရေ အမျှ... အမျှ... အမျှ...လို့ ဗုဒ္ဓဘာသာ တရားတော်အရ အမျှ ပေးဝေနေမိပါတယ်။

သေချာတာ တစ်ခုကတော့ ကျွန်မတို့ တူဝရီးရဲ့ နှလုံးသားထဲမှာ ငြိမ်းချမ်းခြင်း အမြိုက်ဓာတ်ကို ဖြစ်စေတဲ့ မေတ္တာတရားတွေ ဖုံးလွှမ်းနေခြင်းပါပဲ။

**မဝင့်၊ မြစ်ငယ်၊**
**အမှတ် ၇၉၊ မေလ၊ ၁၉၉၆ ခုနှစ်၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။**

***

# ပျို့ခန်းသာ ဝိုက်ကာ မွေးတယ်

## ကြူးနှစ်

ပိတ်ထားသော အနီရောင် သွပ်ပြားတံခါး၏ အခြားတစ်ဖက်မှ လည်ပတ်နေသော စက်တစ်လုံး၏ အော်မြည်သံကို သူတို့ အားလုံး ကြားနိုင်ကြသည် ။ နေ့စဉ် လိုလို မြည်နေကြ စက်သံသည် သူတို့ တစ်တွေ၏ နားအာရုံများကို ညင်ညင်သာသာ ငြီးငွေ့စေလိုသည့် အလား ညင်သာစွာ ပုံ့လွင့်လျက် ရှိသည် ။ သို့တစေ သူတို့ မှာ ငြီးငွေ့ချိန် မရကြပါ။ အော်မြည်နေသော စက်က သူတို့ ကို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့လျှင်လည်း သူတို့ မှာ ညည်းတွား ပြစ်တင်ခွင့် မရှိကြပါ။ အော်မြည်နေသော စက်ရှိရာ အခန်းထဲသို့လည်း သူတို့ တစ်တွေ ဝင်ရောက်ခွင့် မရှိပါ ။ သွပ်ပြား တံခါးရွက်တွင် အနီခံ၌ အဖြူရောင် ဆေးဖြင့် ရေးထားသော‘ မဝင်ရ’ စာလုံး ပြူးပြူးကြီးက သူတို့ ကို အမြဲတစေ အသံတိတ် သတိပေး တားမြစ်နေသည့် အလားပင် ဖြစ်သည် ။ အော်မြည် နေသော စက်ရှိရာ အခန်းထဲသို့ သူတို့ သည် ဝင်ထွက်ခွင့် လုံးဝ မရှိကြပါ။ ထိုအခန်းသည် ’ ဒေဝဋ္ဌရာ’ အသားလှ သနပ်ခါးဆီ ထုတ်လုပ်ရေး အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း၏ ထိပ်တန်းလျှို့ဝှက် ဓာတ်ခွဲခန်းနှင့် သနပ်ခါးဆီ ဖြည့်ဆည်းရေးခန်းပင် ဖြစ်သည် ။ ထိုအခန်းထဲသို့ ဝင်ထွက်ခွင့်ရှိသူ အနည်းငယ်ထဲ၌ အသက် ၃၀ ကျော်ခန့် အသား ညိုမောင်းမောင်း၊ ကြွက်သား တောင့်တောင့် ထွားထွား၊ မျက်လုံးပေါက် ကျဉ်းကျဉ်းနှင့် ‘ တရုတ်ဖြူ’ ပါဝင်သည် ။ တရုတ်ဖြူသည် ဒေဝဋ္ဌရာ၏ ပိုင်ရှင်နှင့်

ဆွေမျိုး နီးစပ်တော် သည် ဟု ဆိုကြသည် ။

အောင်မြည်နေသော စက်ရှိရာအခန်းမှ အနီရောင် တံခါးသည် တစ်နေ့လျှင် ကြိမ်ဖန်များ စွာ ပွင့်လာတတ်ပြီးလျှင် ပွင့်လာတိုင်း တရုတ်ဖြူက စက္ကူဂျပ်ပုံး တစ်ပုံးကို နိုင်နင်းစွာ ပွေ့ပိုက်သယ်ယူ လာတတ်သည် ။ သယ်ယူလာသော ဂျပ်ပုံးကို ဓာတ်ခွဲခန်းနှင့် ကပ်လျက်'ထုပ်ပိုးရေးခန်း' မှ ကြမ်းပြင် တစ်နေရာတွင် ချထားကာ တရုတ်ဖြူသည် 'မဝင်ရ' အခန်းထဲသို့ ပြန်လည် ဝင်ရောက် သွားလေ့ရှိ၏။ ကိုယ်ခန္ဓာ အောက်ပိုင်းနှင့် အထက်ပိုင်းကို တစ်ဆက်တည်း ဖုံးလွှမ်းထားသည့် စက်ပြင် အလုပ်သမားဝတ်စုံ'အိုဗာရော' နှင့် တူသော အဖြူ ရောင်ဝတ်စုံ ပွပွကြီးကို ဝတ်ထားသည် ။ ထွားကျိုင်း မြင့်မားသော တရုတ်ဖြူကို သူတို့ ထဲမှ တစ်ယောက်က'ဝင်ရိုးစွန်း ဝက်ဝံဖြူကြီး' ဟု နာမည်ပြောင် မှ ည့်ထားသည် ။ သူတို့ အားလုံး ရှစ်ယောက် ဖြစ်သည် ။ အားလုံး အသက် ၂၀ မကျော်ကြသေးသည့် မိန်းကလေးချည်း ဖြစ်သည် ။ အားလုံး အိမ်ထောင် မရှိသူချည်း ဖြစ်သည် ။ အားလုံး ပျိုရွယ်နုနယ်သူချည်း ဖြစ်သည် ။ သို့သော် အားလုံး ချောမောလှပ သူချည်းတော့ မဟုတ်။ အားလုံး ရုပ်ဆိုးကျည်းတန် ချည်းလည်း မဟုတ်။ ထုပ်ပိုးရေးခန်းတွင် ယောကျ်ား အလုပ်သမားများကို ခိုင်းစေရန် ဘယ်တုန်းကမျှ စိတ်ကူးခဲ့ပုံ မရပါ။

ကျော့ကျော့စံသည် မကြာမီက တရုတ်ဖြူ စုပုံ ထားရစ်ခဲ့သော စက္ကူဂျပ်ပုံးများ ဆီသို့ တကျီကျီ မြည်နေသော တစ်ဖက်ခန်းမှ စက်သံ၊ တဖောက်ဖောက် ပြောနေကြသော လုပ်ဖော်ကိုင်ဖက်တွေ စကားသံများကို ဖြတ်သန်း၍ လျှောက်လာသည် ။ စက္ကူဂျပ်ပုံး တစ်ပုံးကို ညောင်းညာ ထုံကျဉ်နေသော လက်နှစ်ဖက်ဖြင့် အားစိုက် မယူသည် ။ သူမ၏ အလုပ်စားပွဲသို့ သယ်လာသည် ။ စားပွဲပေါ်မှာ ဂရုတစိုက် ချသည် ။ စက္ကူဂျပ်ပုံးထဲတွင် အစီအစဉ် မကျနစွာ စုပုံ ရောထွေးနေကြသည့် အချင်း နှစ်လက်

မခန့် အထူ တစ်လက်မခန့်ရှိ ဆင်စွယ်ရောင် ကော်ဘူးဝိုင်းကလေး တစ်ရာခန့် ရှိလိမ့်မည်။ ထိုကော်ဘူးဝိုင်းကလေးများ ထဲတွင် နိုင်ငံတစ်ဝန်း အသုံးများ ကျော်ကြားနေသော'ဒေဝဠ္ဌရာ' အသားလှ သနပ်ခါးဆီ ပျဉ်းတွဲတွဲ အနှစ်များကို စနစ်တကျ ဖြည့်သွင်းထားပြီး အဖုံး လုံအောင် စနစ်တကျ ပိတ်ထားခဲ့ပြီ ဖြစ်သည် ။ ကျော့ကျော့စံက ဘူးဝိုင်းကလေး ၏ ပတ်လည် ဘေးသားပေါ်တွင် နှစ်ခြိုက်စရာ ရောင်စုံ အမှတ်တံဆိပ် စက္ကူကလေးကို ရေစိုခံကော်ဖြင့် သပ်ရပ် ညီညာစွာ ကပ်ပေးရမည် ဖြစ်သည် ။ ယင်းသည် ပင်လျှင် ဒေဝဠ္ဌရာ အလုပ်ခန်း ရုံးကလေး၌ ကျော့ကျော့စံ ရက်သတ္တပတ် တစ်ပတ်လျှင် ၆ ရက်တိတိ ဆောင်ရွက်ရ သည့် အလုပ်တာဝန် ဖြစ်လေသည် ။ လုပ်ခမှာ ပုတ်ပြတ်စနစ် ဖြစ်၏။ ဘူးတစ်ရာကို တံဆိပ်ကပ်ပြီးတိုင်း ကျော့ကျော့စံကို အလုပ်ရှင်က ငွေကျပ် နှစ်ဆယ် ပေးရသော အလုပ်သည် ညောင်းညာ လေးလံခြင်းမှ အပ စိတ်ပျက်စရာတော့ မရှိ။ စိတ်တည်ငြိမ်ခြင်းကိုသာ ရဖွယ်ရှိသည် ။ တစ်နေရာတည်းတွင် တစ်မျိုးတည်းသော ကိုယ်နေဟန်ထားဖြင့် ထိုင်လျက် တစ်ပုံစံတည်းသော လက်နှစ်ဖက် လှုပ်ရှားမှုကို တစ်နာရီပြီး တစ်နာရီ ဆက်တိုက် ထိုင်နေခြင်း အားဖြင့်ပင် နှလုံးသည် တည်ငြိမ် ခိုင်မတ်သော စွမ်းအင်တစ်ရပ်ကို သိမ်းပိုက်လာ နိုင်စွမ်းပါသည် ။ သို့သော် တစ်ဆယ့်ငါးနှစ်ရွယ် အပျိုဖျန်းကလေးတစ်ယောက် အဖို့ ရာ သုခမ္မာ ဇရပ်ထဲမှ အသက် ခြောက်ဆယ်ကျော်အရွယ် မိန်းမအို ယောဂီ တစ်ဦးကဲ့သို့ သမာဓိ ထူထောင်ရန် လိုအပ်တော့မှာ မဟုတ်။

ဒေဝဠ္ဌရာမှ ထုပ်ပိုးရေး စခန်းသည် လှပစွာ ပွင့်လန်းနေသော ပန်းကလေး တစ်ပွင့်သာ ဖြစ်သည် ။ သန့်ရှင်း သစ်လွင်သော အဝတ်အစား၊ ခေတ်နောက် မကျန်သော ခြယ်မှုန်း ပြင်သမှု၊ လန်းရွှင်တက်ကြွသော ဟန်ပန်စကားသံတို့ ဖြင့် ရှင်သန် လှုပ်ရှားနေကြသည့် မိန်းပျိုကလေး ရှ

စ်ယောက်သည် ဒေဝစ္ဆရာ အလုပ်ရုံရှိ အလုပ်ခန်းများ ၏ တန်ခိုးကြီးသော ဝိညာဉ် တစ်ပါးနှယ် တသီးတသန့် စိုးစံလျက်ရှိ၏။ သူတို့ ထံသို့ ယောက်ျားတိုင်း လာခွင့်မရှိ။ သနပ်ခါးဆီဘူးများ သယ်ဆောင်လာပေးသည့် တရုတ်ဖြူ (တရုတ်ဖြူ မအား၊ မရှိလျှင် အလုပ်ရုံမှ အထွေထွေ လုပ်သား အဘိုးအို ဦးမောင်ခင်) နှင့် အလုပ်ရှင် ဦးဇော်ညွန့်တို့ သာ ထုပ်ပိုးရေးခန်းသို့ ဝင်ရောက်နိုင်ခွင့် ရှိသည် ။

ဦးဇော်ညွန့်သည် ရွှေဘိုဇာတိ၊ အသား မည်းပြောင်ပြောင်၊ အရပ်ခြောက်ပေခန့် ရုပ်ဆိုး သွားခေါ လူထွားကြီး ဖြစ်သည် ။ သူ့ဇနီး ဒေါ်ခင်မူကတော့ မိုးဦးကျ နံနက်ခင်းထဲမှာ မြေသားထဲမှ ထိုးထွက်စ ကောက်ရိုးမှိုငုံကလေးလို ဖြူသွယ် သေးလှီသလောက် ယမင်းရုပ် ကလေးအလား ချောမော တင့်တယ်သည် ။ ထိုအသားမည်း လူ့ဘီလူးကြီး က အလှကြိုက်သလို အမွှေးနံ့သာလည်း အလွန်အကဲ ခုံမင်ရူးသွပ်တာ တော့ အလွန်မတန် သေချာသည် ။

သူ၏ အရေးကြီးဆုံး လုပ်ခွင် စည်းကမ်းများကို ရှုပါဘိ။ ထုပ်ပိုးရေး မှ မိန်းကလေးများ အလုပ်သို့ လာလျှင် ရေချိုး၊ အလှပြင်၊ လျှော်ဖွပ်၊ မီးပူတိုက် ဝတ်စုံသစ်ကို ဆင်မြန်းခဲ့ရမည်။ အလုပ်ခန်းသို့ မဝင်မီ ခြေလက် တို့ ကို ပြောင်သန့် စင်ကြယ်အောင် ဆေးကြောရန် မမေ့ရ။ ခမ္ဘတာ ပန်းပွင့်ချိန်တွင် အလုပ်မဆင်းနှင့် ။ ချွေးထွက်သန်သူများ သည် ဝတ်စုံအပို များ ယူဆောင်လာဖို့ ရန် အမေ့အလျော့ မရှိစေနှင့် ။ အလုပ်ခန်းထဲမှာ မည်သည့် အစားအစာမျှ ရှိမနေစေရ။ ထမင်းစားပြီးလျှင် လက်များ သာမက ပါးစပ်ကိုပါ ပြောင်စင်အောင် သန့်ရှင်းကြပါ။ အလုပ်ခန်းထဲ၌ ဖိနပ်စီးလျှင် အလုပ်မှ ထုတ်ပယ်ခြင်း ခံရမည်။ လုံးဝ ဆေးလိပ်မသောက်ရ။ ပီကေ မဝါးရ။ နှပ်ညှစ်၊ တံတွေး ထွေးလိုလျှင် အလုပ်ခန်း အပြင်သို့ ထွက်ကြရန်။

'အမွေးအကြိုင် ဆိုတာ လူတိုင်းရဲ့ သည်းခြေကြိုက် ဣန္ဒြာရုံပဲ သမီးတို့ ရဲ့ ။ နတ်တွေ အထက်ပုဂ္ဂိုလ်တွေလည်း အမွှေးရနံ့ကို အလွန်နှစ်သက် သဘောကျတော် မူကြတယ်။ ဒါကြောင့် ဦးဟာ အမွှေးနံ့ကြာရှည်ခံတဲ့ အပြင် အသားအရေကို ချောမွေ့စေတဲ့ ဒေဝဇ္ဇာရာ သနပ်ခါးမိတ်ကပ်ကို တီထွင်ခဲ့တာပဲ သမီးတို့ ရဲ့ ။ ဦး ပြောချင်တာက သမီးတို့ ဟာ မွှေးကြိုင် သင်းပျံ့တဲ့ အလှကုန် ပြုလုပ်နေတဲ့ သူတွေပီပီ သမီးတို့ ကိုယ်တိုင် မနံ့မစော်ဘဲ အမြဲတမ်း မွှေးထုံနေဖို့ ပဲ'

ထုပ်ပိုးခန်းထဲသို့ ဝင် လာပြီး မကြာခဏ ပြောကြားတတ်သော ဦးဇော်ညွန့်၏ ဩဝါဒကထာ တစ်ပုဒ် ဖြစ်သည် ။ သူလာတိုင်း သူ့ထံမှ ထိုင်းနိုင်ငံဖြစ် ချွေးနံ့ပျောက်ဆေးငွေ့ များ သည် ကျော့ကျော့စံတို့ ရှစ်ယောက်ကြားတွင် လှိုင်းထ နေလေ့ရှိ၏။ ထုပ်ပိုးရေးခန်းထဲသို့ ဒေဝဇ္ဇာရာပိုင်ရှင် ဝင်ရောက်လာလျှင် မိန်းကလေး ရှစ်ယောက်သည် နေမထိ ထိုင်မထိ စိတ်ကျဉ်းကျပ်နေလေ့ ရှိကြသည် ။ အဘယ်ကြောင့် ဟူမူ ဦးဇော်ညွန့်သည် အမှို က်ပုံ တစ်ပုံအနီးတွင် မိမိအတွက် စားကောင်းသောက်ဖွယ် တစ်ခုခု ရှာဖွေ စူးစမ်းနေသော ခွေးလေတစ်ကောင်နှယ် မိန်းမပျိုကလေးတို့ အနီးတွင် နှာခေါင်း တရှုံ့ရှုံ့နှင့် အနံ့ခံ တတ်သော ကြောင့် ပင်တည်း။

ထိုလူကြီးသည် အသန့်အပြန့်လည်း ထူးထူးကဲကဲ ကြိုက်သေး၏။'မိမိ၏ တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ ဖြင့် ဒေဝဇ္ဇာရာ၏ အရည်အသွေးကို မြင့်သထက် မြင့်အောင် မြှင့်တင်အံ့' ဟူသော ဆောင်ပုဒ်ကို အလုပ်ခန်းတိုင်းတွင် ထင်ရှားစွာ ရေးထားသည် ကို တွေ့နိုင် ကြပါသည် ။ ကျော့ကျော့စံ စိတ်ညစ်ညူးမိသော အသေးစိတ် နိုင်လွန်းမှုမှာ ဦးဇော်ညွန့်က သူမ၏ လက်ချောင်းများကို အမှတ်မထင် ဆွဲကိုင်ပြီး ကြည့်ရှုစစ်ဆေးတတ်ခြင်း ဖြစ်လေသည် ။

'လက်သည်း မှန်မှန်ညှပ်နော် ဖြူတုတ်ကလေး၊ အရှည်ထားရင်လည်း လက်သည်းခွံ အောက်မှာ ချေးတွေ ကပ်မနေစေနဲ့ '

(ကျော့ကျော့စံ၏ ဖွံ့ထွား ဖွေးစင်သော ကိုယ်နေ ဟန်ထားကို ရည်ရွယ်ပြီး ဦးဇော်ညွန့်က ဖြူတုတ်ကလေးဟု ခေါ်တတ်ခြင်းကို သူမက အနည်းငယ်မျှပင် နှစ်မြို့ခြင်း မရှိသော်လည်း ထိုသို့ မခေါ်ရန် တားမြစ်ခြင်း မပြုဝံ့ခဲ့ပါ)

သူမ၏ အရင်းနှီးဆုံး အလုပ်ဖော်မကလေး နီလာထွေး၏ အဖြစ်ကတော့ သူမ၏ လက်ကို အဘိုးကြီးက ကိုင်ဆွဲ ခံရခြင်းထက် ပိုမို ဆိုးရွားခဲ့သည် ။

'မှန်း... အဆိုတော် မေခလာနဲ့ တူတဲ့ ငါ့သမီး ခြေသည်းတွေက ရှည်နေပါလား'

အဘိုးကြီးက စကတ်ဝတ်ထားသည့် နီလာထွေး၏ ဝင်းစိုသော ခြေသလုံးတစ်ဖက်ကို ကိုင်တွယ် ဆွဲယူခဲ့ခြင်းပင် ဖြစ်တော့သည် ။ နီလာထွေးမှာ ရုတ်တရက် အသက် ပျောက်သွားသည့် နှယ် မလှုပ်မယှက် ဖြစ်သွားရှာ၏။

'အလကား နှာဘူးကြီး၊ မျက်စိနဲ့ ကြည့်ရင်ရရဲ့ သားနဲ့ တမင် အရသာခံပြီး ကိုင်တာ။ သူ့ပုံက ငါ့ခြေထောက်ကို နမ်းတော့မယ့် အတိုင်းပဲ'

နီလာထွေးသည် အလုပ်ရှင်ကို ရက်ပေါင်းများ စွာ ကြာအောင် ကျိန်ဆဲနေခဲ့သည် ။

တစ်ခါတစ်ရံမှာ သာ ပေါ်ပေါက်တတ်သည့် ယင်းသို့သော အလုပ်ရှင်၏ အတိကျလွန်သော စည်းကမ်းကလေးတွေ၊ အဆီအငေါ်မတည့်သော အပြုအမူကလေးတွေ အပြင် ဓာတ်ခွဲခန်း အလုပ်သမား တ

ရတ်ဖြူ၏ ရုံဖန်ရုံခါ အကျီစားသန်မှု ကလေးတွေကလည်း မိန်းကလေးရှစ်ယောက်ကို ကသိကအောက် ဖြစ်စေတတ်ပါသည် ။ တရတ်ဖြူသည် မိန်းကလေး တစ်ဦးဦး၏ မျက်နှာကို လက်ဝါးတွင် ဝှက်ထားသော သနပ်ခါး မိတ်ကပ်စေးများ ဖြင့် အလစ်ဖမ်း တို့ လိမ်း တတ်သည် ။ ကျော့ကျော့စံမှာ တရတ်ဖြူ၏ အပြောင်အနောက်ကို အကြိမ်အများ ဆုံးခံရသည် ။ ခံရတိုင်း ရင်တဒိန်းဒိန်း ခုန်အောင် ဒေါသထွက်ရပြီး ရယ်ဖြဲဖြဲ လုပ်နေသည့် တရတ်ဖြူ အပေါ် အမြစ်တွယ်နေသည့် မကျေချမ်းစိတ်တိုးပွားရသည် သာပင်။ သူဌေးတူ ဆိုပြီး သိပ်လက်ရဲဇက်ရဲ နိုင်တာပဲ။ နှမချင်း မစာနာဘူး။ ဒီတစ်ခါလာစရင် သူ့နှမဝမ်းကွဲ သူဌေးသမီး ကောလိပ်ကျောင်းသူ တွေကို မိတ်ကပ်နဲ့ သွားတို့ ပြီး ငါ့ကို လုပ်သလို ပါးကို လိမ်ဆွဲ ခိုင်းပစ်လိုက်ဦးမယ်။ သို့တစေ တရတ်ဖြူကို ဘယ်ခါမျှ မာရေကျောရေ မပြောဝံ့ခဲ့။ ရွှန်းတောက်ဖို့ အားယူနေသော မျက်စိကျဉ်းကျဉ်းတွေကိုလည်း သူမ ရင်မဆိုင်ဝံ့ခဲ့။ တရတ်ဖြူဆိုသော လူသည် ဒေဝစ္ဆရာတွင် သူဌေး၏ လက်ရုံး အရေးပါသော ပုဂ္ဂိုလ်ဖြစ်သည် ဆိုသည့် အချက်ကို ကျော့ကျော့စံ မေ့လျော့ ပေ့ါပြက်၍ မရပါ။

ဤသို့ ဤနှယ် စိတ်ကွက်ဖွယ် ကလေးတွေကို မေ့နိုင်ခဲ့လျှင် ဒေဝစ္ဆရာသည် သူမအတွက် ငွေကြေးနှင့် ကြည်နူးမှု အဆက်မပြတ် ပေးနေရာ အလုပ်ဌာန ဗိမာန်နန်း တစ်ဆောင် ဖြစ်လာတော့သည် ။ သူဌေး၏ နှစ်ထပ်တိုက် အိမ်ကြီးရှေ့မှာ ရပ်လိုက်ရသည့် အရသာသည် ပင်လျှင် ချီးမြှောက် ကူမည့် နတ်ကွန်းကြီးရှေ့မှာ ရပ်မိသလို ခံစားရ၏။ တိုက်အိမ်ကြီး နောက်ဘက်မှာ ရှိသော ကြီးမားကျယ်ပြန့် သန့်စင်တောက်လက် ဟိတ်ဟန်အပြည့်နှင့် အလုပ်ရုံကြီးဆီ သို့လျှောက်အလာ အင်္ဂတေလမ်းနံဘေး တစ်လျှောက်ရှိ အလှစိုက်ပန်းပင် အမျိုးမျိုး၊ အရိပ်ရ သစ်ပင် အမျိုးမျိုးတို့ အနီးသို့ ရောက်စဉ် ကမ္ဘာ့အံ့ဖွယ် မိုးပျံဥယျာဉ်ကြီးထဲသို့

ရောက် သွားသူနှယ် မြို့ကြီး၏ ဆင်ခြေဖုံးရပ်ကွက်ငယ် အသီးသီးမှာ လှည့်လည် ကြီးပြင်းခဲ့ရသော တစ်ဆယ့် ငါးနှစ်သမီးကလေးမှာ ငြိမ့်မောဝေရီ နေတတ်မြဲ ဖြစ်သည် ။ ပန်းရနံ့တို့ ကို ရှိုက်မက်၍ မဆုံးမီ အလုပ်ခန်းထဲသို့ ဝင်လိုက်သည် နှင့် သင်းသင်း လှိုင်လှိုင် မွှေးရနံ့မျိုးစုံက သူမကို ဆီးကြို ပွေ့ဖက်လာပေလိမ့်မည်။ လုပ်ဖော် မိန်းကလေးတွေကြားမှာ ဖြတ်သန်းမိပြန်သော် ညွတ်ပျောင်း ပျံ့ချိုသော အမွှေးဓာတ်က သူမကို ရစ်ပတ် သိမ်းပိုက်ဦးမည်။ သူမ၏ ဖွေးကစ်ကစ် ကိုယ်လုံး ကလေးဆီမှာတော့ အလုပ်မှ မပြတ်မလပ် လက်ဆောင်ရသည့် ဒေဝဠ္ဌရာ အသားလှ၊ သနပ်ခါးဆီ ရနံ့ပျပျသည် သာ ၎င်းထက် ပြင်းရှ သိပ်သည်းသော မွှေးရနံ့ ထုထည်ကြားဝယ် မဝံ့တဝံ့ လူးလွန့် နေရှာလိမ့်မည်။ လုပ်ဖော် တချို့လို တန်ဖိုးကြီး နိုင်ငံခြားဖြစ် ရေမွှေး မသုံးစွဲနိုင်ခြင်း အတွက် ကျော့ကျော့စံ ဘယ်သော အခါမျှ စိတ်အားငယ်ခြင်း မဖြစ်မိပါ။

သူမသည် အလုပ်စားပွဲတွင် စက်တစ်လုံးလို စည်းချက် မှန်မှန် လှုပ်ရှားလျက်ရှိ၏။ ဖြူဝင်းသော်လည်း အနည်းငယ် တုတ်တိုဟန်ရှိသော လက်ချောင်း ကလေးများ သည် ဘူးဝိုင်းကလေးများ ၊ တံဆိပ်စက္ကူကပ်နှင့် ကော်ဘူးတို့ ကြားတွင် အရပ်အနားမရှိ သက်ဝင် ပြေးလွှားနေစဉ် ခါတိုင်းခါတိုင်း စိန်ပွင့်လို တောက်စိုသည့် မျက်လုံးဝိုင်းကလေးတွေမှာ ပုလင်း ကွဲစလို ညှိုးမှိုန်ဖျော့မှိုင်းလျက်၊ ခါတိုင်းခါတိုင်း သူမနှင့် မျက်နှာချင်းဆိုင် နေရာမှာ သူမလို တံဆိပ်ကပ်သည့် နီလာ ထွေးနှင့် ရောက်တတ်ရာရာ စကားဖွဲ့သီနေကျ ပါးစပ်ကလေး အစုံက အကြားအလပ်မရှိ ပကတိ စေ့ပိတ် ငြိမ်ဝပ်နေကြ၏။ အခြားသူ တစ်ယောက်ယောက်နှင့် သူမ စကား မပြောချင်ပါ။ နှုတ်ဖျားမှ အသံ တစ်စုံတစ်ရာပြုဖို့ပင် မစွမ်းနိုင် လောက်အောင် ညစ်ထေးစိတ်ဖြင့် သူမ၏ လည်မျိုထဲမှာ ပူခြောက် မွန်းလျောင်နေသည် ။

သူ တဖြည်းဖြည်း လွန် လာပြီ။ ဟိုလူကြီးလည်း ဒီအတိုင်းပဲ။ တစ်စ တစ်စနဲ့ ကဲ လာပြီ။ သူက ရဲတယ်။ ဟိုလူကြီးက ပျော့ပျော့နဲ့ နံမယ့် ကြောင်ချေး။ သူက အားလုံး အလစ်မှာ ငါ့လက်မောင်းကို သူ့လက်ကြီးနဲ့ ကိုင်တယ်။ ငါဟာ သိပ်လှတယ်တဲ့ ။ အလုပ်သမားတွေထဲမှာ အချောဆုံး ၊ အလှဆုံးပဲတဲ့ ။ အလှမယ် အဖြစ် ရွေးလိုက်ပြီတဲ့ ။ တီဗွီကြော်ငြာ ရိုက်ရင် ငါ့ကို သုံးဖို့ သူဌေးကို ပြောပေးမတဲ့ လေ။ တနင်္ဂနွေ နေ့ကျရင် သူနဲ့ ရုပ်ရှင် လိုက်ကြည့်ပါလားတဲ့ ။ ကြည့်စမ်း၊ ငါ့ကို အထင်သေးလိုက်တာ များ ။ ဟိုလူကြီးလည်း ငါ့ကို အထင်သေးတာပဲ။ ဟိုလူကြီးက ငါအလုပ်က အပြန်လမ်း ထိပ်ကစောင့်ပြီး စကားရော ဖောရောလုပ်တာ နှစ်ခါရှိပြီ။ အရက်နံ့ကြီးကလည်း ဆိုးလိုက်တာ လွန်ပါရော။ အဖေ့ကိုသာ တိုင်လိုက်ရင် ဘုရား ... ဘုရား ...။

'အလို ဖြူတုတ်ကလေးက ငါလည်း ကပ်လာရော နှာခေါင်း ရှုံ့နေပါလား။ ဘာလဲ၊ ငါ့ကိုယ်က ဘာစော် နံနေလို့ လဲ'

အဆီပြောင်ပြောင် မျက်နှာကြီးက ရွှင်ပျစွာ ပြုံးနေသည် ။ ဦးဇော်ညွန့် ချဉ်းကပ်လာသည် ကို သတိမထားမိအောင် ကိုယ့်အာရုံနှင့် ကိုယ် နစ်မျောမိသည် ။

'မ ... မဟုတ်ပါဘူး၊ အန်ကယ်ကြီး၊ သမီး နှာခေါင်း ယားသလိုလို ရှိလို့ အမှတ်တမဲ့ နှာခေါင်းရှုံ့ လိုက်တာပါ'

ဟိုလူကြီးပါးစပ်က အရက်နံ့ဟာ ခုထိ ငါ့ကို ဒုက္ခ ပေးတုန်းပါလား။ အဲဒီအနံ့ကို တွေးမိရုံနဲ့ ယောင်ယမ်းပြီး အော်ဂလီ ဆန်မိတာပေါ့လေ။

'ဖြူတုတ်ကလေးက ဘော်ဒီစပရေးနံ့ကို မကြိုက်ဘူးနဲ့ တူတယ်'

ဒေါနဆီနံ့ လွန်ကဲဟန် ရှိသော ချွေးနံ့ပျောက် ဆေးအနံ့သည် တိမ်တိုက်ကြီး တစ်အုပ်လို ကျော့ကျော့စံ၍ ဦးခေါင်းထက်သို့ ပိကျလာ

သည် ။ သူမ၏ အလုပ်ရှင်၏ လက်ဝါးကြီး အောက်တွင် သူမ၏ ဦးခေါင်းကို မလှုပ်မရှေ့ ငြိမ်နေလိုက်မိ၏။ စက္ကန့်နှစ်ဆယ်ခန့် ကြာအောင် ဖွဖွသာသာ ဖိပွတ်ပြီးသော် စက်ပြင်ဆရာ တစ်ယောက် လက်ဝါးလို ကြမ်းရှရှ လက်ဖဝါးကြီးသည် လင်းတ တစ်ကောင် ထပျံသည့် ပမာ လေးတွဲ့တွဲ့ လွင့်ဖယ်သွားသည် ။ အဘိုးကြီး၏ လက်ချောင်းများ ဆီမှ အနွေးဓာတ် လှိုင်းသည် သူမ၏ ဆံပင်များမှ တစ်ဆင့် တစ်ကိုယ်လုံးကို ရှိန်းရှိန်းပူအောင် စီးဆင်းလျက် ခြေဖဝါးဆီမှာ ဖြည်းဖြည်းချင်း ရပ်နား ပြယ်ပျောက် သွားဟန် ရှိသည် ။

'သမီးကတော့ ဘဘကြီးရဲ့ ဘော်ဒီစပရေးနံ့ကို သဘောကျတယ်'

သူမ စိတ်အနှောင့်အယှက် ဖြစ်သွားပုံကို ရိပ်မိပြီး သူမဘက်မှ စာနာမှုဖြင့် နီလာထွေးက အတည်ပေါက်'ရီ' လိုက်မှန်း ကျော့ကျော့စံ ရိပ်မိလိုက်၏။ သူဌေးကမူ သူ့ကို ကတ္တီပါ လက်အိတ် စွပ်၍ ထိုးခဲ့မှန်း သိပုံမရ။ နီလာထွေး ကိုသာ ကျေနပ်ရွှင်ပျမှုဖြင့် ပြုံးပြနေသည် ။

'အန်ကယ်ကိုယ်တိုင် အခုသုံးနေကျ ဘော်ဒီစပရေးထက် အရည်အသွေးကောင်းတဲ့ ဘော်ဒီစပရေး လုပ်နိုင်သားပဲ သမီးရဲ့ ၊ ဒါပေမဲ့ ခက်တာက ပြည်တွင်းမှာ ဘူးခွံ မလုပ် နိုင်သေးတာဘဲ။ ဘူးခွံလုပ်နိုင်တဲ့ တစ်နေ့မှာ အန်ကယ်ဟာ မြန်မာပြည်မှာ ပထမဆုံး ဘော်ဒီစပရေး ထုတ်လုပ်သူ ဖြစ်ပြီပေါ့'

စကား တတွတ်တွတ် ပြောရင်း အလုပ်ရှင် လူထွားကြီးသည် နီလာထွေး အနီးသို့ တရွေ့ရွေ့ လှမ်းလျှောက်သွား၏။ ခွေးခြေခုံပေါ်မှာ တောင့်တောင့်ကလေး ထိုင်နေသည့် နီလာထွေး၏ ကျောပြင်နှင့် မသိမသာ စူထွက်နေသော သူ၏ ဝမ်းဗိုက်တို့ ထိမတတ် ရပ်နေလိုက် ပြန်သည် ။

ကျော့ကျော့စံက ယခုချိန်တွင် ထုပ်ပိုးရေးခန်းနှင့် ကပ်လျက် ရုံးခန်း

ထဲမှာ ရှိနေမည် ဖြစ်သော ဒေဝစ္ဆရာ၏ တစ်ဦးတည်းသော စာရင်းကိုင် စာရေးမ မေသွယ်စိုးကို မြင်ယောင် လိုက်သည် ။ မေသွယ်စိုးကား ဇာတ်ခုံပေါ်မှ မင်းသမီး တစ်လက်လို ပြင်ဆင်ခြယ်မှုန်းလေ့ ရှိသော်လည်း မင်းသမီးလို လှပသည် တော့မဟုတ်။ သူမ၏ ခန္ဓာမှာ ရှိရှိ သမျှသော အသားတို့ သည် သူမ၏ တင်နှင့် ရင် နှစ်နေရာ တည်းမှာ သာ စုဝေးနေသည် ဟု ထင်ရလောက်အောင် သူမ၏ အလှပြင် အတတ်ကလည်း ညံ့ဖျင်းသည် ။

'အဘိုးကြီးရဲ့ ကားပေါ်မှာ အဘိုးကြီးနဲ့ နှစ်ယောက်တည်း စီးစီးသွားတာ ငါ ခဏခဏ တွေ့နေကျ။ ပြီးတော့ ရုံးခန်းထဲမှာ သူတို့ နှစ်ယောက်တည်းပဲ အများ ဆုံး ရှိတာ။ ကောင်မလေးကလည်း အပျိုသာ ဆိုတယ်၊ အပျိုပုံ မထွက်တော့ပါဘူးဟာ။ ဒီကုမ္ပဏီမှာ လုပ်သက်အကြာဆုံး နုနုပြောတာကတော့ မေသွယ်စိုးဟာ အဘိုးကြီးရဲ့ တရားဝင်'ကီပင်'တဲ့ ဟ

နီလာထွေး ပြောဖူးသော စကားလုံးတွေကိုလည်း ကျော့ကျော့စံ အမှတ်မထင် ကြားယောင်မိ ပြန်၏။ ကီပင်တဲ့ ။ ကီပင် ဆိုတော့ တိတ်တိတ်ပုန်း မယားပေါ့။ ကျော့ကျော့စံက သူဌေးကို ခိုးကြည့်ရင်း မုန်းတီးရွံရှာစိတ်တွေ မွေးထုတ် နေမိလေသည် ။ ဟုတ်တယ်၊ နီလာထွေး ပြောသလို အဘိုးကြီးက နှာဘူးပဲ။ တရုတ်ဖြူလည်း နှာဘူးပဲ။ အိမ်ရှေ့အိမ်က ဟိုအရက်သမားလည်း နှာဘူးပဲ။

အကောင်း ပကတိ အနေအထားမှ သည် သူမ၏ ဦးခေါင်းမှာ လေးလံစွာ လှုပ်ခါလာသည် သို့ ထင်မှတ်လာရ၏။ အလုပ်လုပ်ချင်စိတ် ရုတ်တရက် တန့်ခြောက်ခန်း သွားရသဖြင့် သူမ၏ လက်နှစ်ဖက် ငြိမ်သက်သွား၏။ ရက်ပေါင်းများ စွာ ကတည်းက သူမ၏ စိတ်နှလုံးကို ဖွဖွကလေး ညှစ် ညှဉ်းပန်းလာခဲ့သော သောကဒဏ်သည် ယနေ့ ပြင်းထန် လာ

ခဲ့ရလေပြီ။ တစ်နေရာစီမှ ခွဲခွဲခြားခြား ငုပ်လျှိုးနေခဲ့ကြ ပုံရသော ရင်တွင်းဒုက္ခ သုံးရပ်သည် ယခုမှ ပင် တစ်နေရာ တည်းမှာ တစ်ပြိုင်နက်တည်း စုစည်း ပေါင်းစပ်လိုက်သကဲ့သို့ ဖြစ်သည် ။ သူမက အရိပ်အငွေ့ဟု ပေ့ါဆစွာ ယုံမှတ်ထားခဲ့မိသည့် စိတ်အနှောင့်အယှက် သုံးမြွာသည် ရှံ့မုန်းဖွယ် အကောင်ကြီး တစ်ကောင်အဖြစ် သူမ မျက်လုံးတွေ အနီးမှာ ကိုယ်ထင် ပြလာသည့် နှယ်လည်း ဖြစ်တော့သည် ။

အလုပ်မှ ပြန်လာချိန် ဘတ်စ်ကား နှစ်ဆင့်စီးပြီး ဆင်းရမည့် မှတ်တိုင်တွင် ဆင်းခဲ့သောအခါ သူမသည် တစ်စုံ တစ်ခုသော ထူးဆန်းသည့် ကြောက်မက်ခြင်း တစ်ရပ်ကို ခံစားလာရသည် ။ သူမ အိမ်မပြန်လိုခြင်းသည် ကြောက်မက် စိတ်ကို ဆန့်ကျင်နေခြင်း ဖြစ်သည် ။ သို့သော် ထုံကျဉ်ကျဉ် ခြေထောက်တွေကမူ သူမအား သူမ၏ အိမ်ရှိရာသို့ တာဝန် ကျေပွန်ရန် ကြိုးစားနေသော လုပ်သားနှစ်ဦးပမာ သယ်ဆောင် နေကြလေသည် ။

ဘတ်စ်ကားပေါ်မှ ဆင်းလျှောက်ခါစတွင် သူမ ရှူရှိုက်မိသော လေထဲ၌ ကတ္တရာလမ်းပေါ်မှာ ဥဒဟို ပြေးလွှားနေကြသည့် ကားများ ဆီမှ လောင်စာဆီ ညှော်နံ့၊ ကားမှတ်တိုင် တစ်တိုင်ရှိ လင်းထိန် ဆူညံသော ကဖီးဆိုင်များ ၊ စားသောက်ဆိုင် ဘားများ ဆီမှ ပျံ့လွင့်လာသည့် အစားအသောက် အညှော်နံ့ မျိုးစုံနှင့် အနံ့ဟု မသိသာသော ဖုန်နံ့တို့ ရောထွေးနေကြသည် ။ ရက်သတ္တပတ် တစ်ပတ်တွင် ၆ ကြိမ်တိတိ ရှူနေကျအနံ့ဖြစ်လင့်ကစား ဤအနံ့အသက်များ သည် ကျော့ကျော့စံ အတွက် ရိုးအီထုံလေးသွားခြင်း မရှိ။ ရှူရှိုက်မိတိုင်း ဆန်းသစ် နေသည် ။ သူမသည် ဘတ်စ်ကားပေါ် ကတည်းက လက်ထဲမှာ ကိုင်ထားခဲ့သော လက်ကိုင်ပဝါ ကလေးဖြင့် နှာခေါင်းကို ဖွဖွအုပ်ထားရန် မည်သည့် ခါမျှ မေ့လျော့လေ့ မရှိခဲ့ပါ။ ဒေဝစ္ဆရာ၌ အလုပ် ရခါစတုန်းကမူ ဤဝန်းကျင်

မှ အနံ့များကို သူမ ခံနိုင်ရည်ရှိ၍ ယဉ်ပါးနိုင်ခဲ့၏။ ယခုလို ဒေဝစ္ဆရာ၌ အလုပ်ရပြီး ရှစ်လ ကြာမြင့်ချိန်မှာ မူ ယင်းတို့ သည် အနံ့ရိုင်းတွေ ဖြစ်သွားကြပေပြီ။ အဆိုးဆုံးမှာ လမ်းထောင့်ကွေ့ရှိ လက်တွန်းလှည်း ပလာတာဆိုင်မှ ပလာတာညှော်နံ့ ဖြစ်သည် ။ ပလာတာကြော်စဉ် ထွက်ပေါ်လာသော ညှော်နံ့ကလေးသည် မည်သည့် အရပ်ဘက်သို့ ဦးတည်နေသည် ဖြစ်စေ သူမထံသို့သာ တိုက်ရိုက် ပြေးဝင် လာသည် ဟု ထင်ရသည် ။

ပလာတာ ဆိုင်ကို အမြန်ဆုံး ဖြတ်ကျော်ခဲ့ပြီး နောက် သူမသည် လမ်းမီးတိုင်များ ခပ်ကျဲကျဲ စိုက်ထူထားသော မြောင်းပုပ်စော် အမြဲနံနေသည့် လမ်းသွယ် တစ်ခုထဲသို့ ဝင်ရောက်သွားသည် ။ လမ်းသွယ်၏ အလယ်လောက်တွင် သူမသည် လမ်းမီးတိုင်မဲ့ ပို၍ ငယ်သော ကျဉ်းသော ကောက်ကွေ့သော လမ်းသွယ် ကလေးထဲသို့ ချိုးကွေ့ ဝင်ရောက်ခဲ့ရပြန်ပါသည် ။ ထိုလမ်းသွယ် ကလေးသည် လူနှစ်ယောက် ရှောင်တိမ်းသာရုံကလေးသာ ကျယ်ဝန်းပြီး မညီမညာ ဖုထစ် ကြမ်းတမ်းလျက် ရှိပါသည် ။ အရပ်ဆိုးသော လမ်း၏ မျက်နှာပေါ်သို့ လမ်းသွယ်နှစ်ဖက်ရှိ မှိန်ကုပ်ကုပ် စုတ်ချာချာ လူနေအိမ်များ ဆီမှ ဝါကြင်မှိန်ဖျော့သည့် အလင်းတန်း အလင်းကွက် များ နှင့် အတူ ချိုးရေ၊ သုံးရေစီးကြောင်းများ ဖိတ်စဉ်ကျနေကြသည် ။ မတော်တဆများ ရေအိုင်ကွက်ပေါ်သို့ တက်နင်းမိပြီဆိုလျှင် မသတီစရာ အနံ့ဆိုးက ကောင်းကောင်း စလာတတ်တော့သည် ။ ထိုအဖြစ်ထက် ဆိုးဝါးသည် ကတော့ လမ်းပေါ်ရှိ မှောင်ရိပ် အကွက် အပြောက်တွေထဲမှာ ပုန်းအောင်း နေတတ်ကြသော ခွေးချေးပုံများ ပေါ်သို့ နင်း လျှောက်မိခြင်းသာ ဖြစ်သည် ။ သူမသည် အရာအားလုံးထက် ခွေးချေးနံ့ကို ပို၍ မုန်းတီးပါသည် ။ ထိုလမ်းသွယ် ကလေးကို ဖြတ်လျှောက်ရခြင်းမှာ သူမအတွက်မူ အန္တရာယ်ပြွမ်းသည့် ရေးဟောင်း ဝက်ပါ ဂူမှောင်မှောင်ကြီး တစ်လုံးထဲမှာ ရင်တထိတ်ထိတ်

ဖြင့် လျှောက်ရခြင်းနှင့် တူလွန်းလှသည် ။ ခွေးချေးပုံနှင့် ရေအိုင် ညစ်ညစ်တွေကတော့ ဂူနံရံ အမှောင်ထုထဲမှ အဆိပ် ပင့်ကူတွေ သွေးစုပ်လင်းနို့တွေ ဖြစ်လိမ့်မည်။လမ်းသွယ်ကလေး အဆုံးသတ် အနီးတွင် လမ်း၏ ဝဲဘက်၌ ဝါးလုံး သုံးလုံးတွဲ၍ အလျားလိုက် ခင်းထားသည့် လက်ရန်းမဲ့ ဝါးတံတား ခနော်နီ ခနော်နဲ့ ကလေးက သူမကို မှောင်ရိပ်ထဲသို့ ခေါ်ဆောင် သွားပေဦးမည်။ ဝါးတံတားကလေးသည် အိမ်တစ်ဆောင်၏ ခြေရင်းမှ ဖြတ်သန်းနေပြီး အခြားအိမ် ငယ်ငယ်စုတ်စုတ် တစ်လုံးကမူ ဝါးတံတား ကလေးကို မျက်နှာ ပြုထားသည် ။ သူမသည် ဝဲဘက်ရှိ အိမ်နံရံနှင့် ညာဘက်ရှိ ခနိတံစက် မြိတ်တို့ ကြားမှ မြွေတစ်ကောင်လို တွန့်လိမ် တိမ်းဖယ်ပြီးလျှင် ဝါးတံတားကလေး ဦးခိုက်ထားရာ မည်သည့် ပုံစံဟု ခေါ်ရန် ခက်ခဲသည့် ပုံစံဖြင့် တည်ဆောက်ထားသော ယိုင်ချည့်ချည့်၊ ခနိမိုး ထရံကာ အိမ်ငယ် ကလေးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် လျှောက်သွားခဲ့သည် ။ ထိုအိမ် ကလေးသည် ကျဉ်းမြောင်း၍ အမြဲလိုလို ရေပုပ်တွေ ဝပ်နေသော ခြံဝင်း ငယ်ငယ် တစ်ခုထဲတွင် ပူးပူးကပ်ကပ် တည်ဆောက်ထားကြသည့် အိမ်သုံးလုံးအနက် အငယ်ဆုံးနှင့် အစုတ်ချာဆုံးပဲ ဖြစ်သည် ။ မည်သို့ဖြစ်စေ၊ ဤဘုံဗိမာနသည် ကျော့ကျော့စံ တစ်ယောက် သူမ၏ မိသားစုနှင့် အတူတကွ နေထိုင်ရာ‘နေအိမ်’သာ ဖြစ်တော့သည် ။

အိမ်ကလေးသည် အခြားအိမ် ငါးလုံး၏ ကြားထဲတွင် ညပ်ပိတ်နေပါသည် ။ အခြားအိမ် ငါးလုံးက သူမတို့ အိမ်ကလေးကို ဝိုင်းရံ အကာအကွယ် ပေးထားသည် ဟု ထင်စရာ ကောင်းနေပါသည် ။ အိမ်ကလေးအောက်တွင် ဆယ့်နှစ် ရာသီပတ်လုံး ညစ်နောက်နောက် ရေများ ပြည့်နှက်နေပြီး ထိုရေထဲတွင် ငါးအချို့နှင့် ငါးရှဉ့်အချို့ ပျော်ရွှင်စွာ မှီတင်း နေထိုင်လျက် ရှိကြောင်း တွေ့ရပါလိမ့်မည်။ ထို့ပြင် ရေပြင် တစ်နေရာ

ရာတွင် သူမ၏ မောင်ငယ်၊ ညီမငယ်ကလေးများ စွန့်ပစ်ထားသော မစင်တုံးအချို့ ပေါလော မျောနေကြပါသေးသည် ။ ထိုရေပြင်၏ အနံ့သည် ဒေဝဋ္ဌရာရှိ အလုပ်ခန်းမှ အနံ့နှင့် များ စွာ ကွဲပြားနေသည် ။

သူမ ပြန်ရောက်ချိန်၌ အိမ်ကလေး၏ ဝါးကြမ်းပြင် တစ်နေရာတွင် သူမ၏ မောင်ငယ်၊ ညီမငယ် ငါးယောက်သည် သူမ၏ မိခင် ပန်းနာရင်ကျပ် ရောဂါသည် မကြီးနှင့် အတူ ရေနံဆီမီးခွက် တစ်ခု၏ အလင်းကို ဗဟိုပြုလျက် ညစာ ထမင်းဝိုင်းဖွဲ့နေသည် ။ ထမင်းဝိုင်းမှ ငါးဟင်းနံ့ ပြင်းပြင်းသည် ရေမှန်မှန် မချိုးသော ကလေးငါးဦး၏ ကိုယ်နံ့များ ၊ ရေချိုးပျင်း အဝတ်လျှော် ပျင်းသော မိန်းမကြီး (အသက် ၃၅နှစ် ရွယ်ကို မိန်းမကြီးဟု ခေါ်မည် ဆိုပါက)၏ ကိုယ်မှ မီးခိုးနံ့၊ ကြက်သွန်နီနံ့၊ ငါးပိငံပြာရည်နံ့များ နှင့် လုံးထွေး ရောယှက်နေမှန်း သိသာ၏။

ကလေး နှစ်ယောက်က ပလုတ်ပလောင်း ထမင်းဝါးရင်းမှ သူမကို ဗလုံးဗထွေး နှုတ်ခွန်းဆက် ဆီးကြိုစဉ် သူမကလည်း ဘာမျှ စိတ်ဝင်စားဖွယ် မကောင်းသော စကားလုံး အချို့ဖြင့် သူမ၏ မိခင်အား နှုတ်ဆက်နေသည် ။ ထို့နောက် သူမသည် နင်းလိုက်တိုင်း ဂျိုးဂျိုးဂျောင်းဂျောင်း မြည်နေသည့် ကြမ်းပေါ်မှ ဖြတ်လျက် တစ်အိမ်လုံးတွင် တစ်ခုတည်းသာ ရှိသော မှောင်မည်းသည့် အခန်းကလေး တစ်ခန်းထဲသို့ ကျင့်သားရသည့် မျက်လုံးများ ဖြင့် စူးစမ်းကြည့်ရှုရင်း တိုးဝှေ့ ဝင်လာခဲ့သည် ။

မှောင်မည်းသော အခန်းကလေးထဲရှိ ခင်းထားသော အေးစက်စက် သင်ဖြူးဖျာ အဟောင်းအမြင် ကလေးပေါ်ဝယ် သူမ တွန်းလှဲခြင်း ခံရသလို တုံးလုံး ပစ်လှဲချလိုက်၏။ သူမသည် အသက်မရှူမိဖို့ ကြိုးစားနေသည် ။ သူမ၏ နှုတ်ခမ်း နှစ်လွှာသည် မှောင်ခြည်ထုထဲတွင် ပိတ်ချေဖွင့်ချေ ဖြစ်နေသည် ။ သူမ၏ ကိုယ်ပိုင် အခန်းငယ်ကို သူမ မုန်းတီး

စိတ်ပျက်နေမိ၏။ သူမ၏ ညာဘက် သုံးပေခန့် အကွာမှာ ကျိုးကျဲပြဲပေါက်စ အိမ်နံရံထရံ ရှိသည် ။ ထိုထရံ အပြင်ဘက်တွင် (တစ်လက်မပင် မကွာဝေးဘဲ) သူမတို့ 'ယိုအိမ်' ရှိနေသည် ။ ယင်းနှင့် ကျောချင်းကပ်လျက်တွင် အခြား မိသားစု နှစ်စု အတူတကွ အသုံးပြုသော ယိုအိမ်တစ်လုံး ရှိနေပြန်၏။ သူမ၏ နှာခေါင်းနှင့် ပေအနည်းငယ် အကွာတွင် လူအယောက် နှစ်ဒါဇင်ကျော် အသုံးပြုသည့် စည်းကမ်းမဲ့သော ယိုအိမ်နှစ်လုံး ရှိနေပါသည် ။ သူမ၏ ကျောပြင် ဖိကပ်ထားရာ ပါးလှပ်သော သင်ဖြူးဖျာ၊ ထိုဖျာနှင့် ကပ်လျက် ကျိုးတိုး ကျဲတဲ ဝါးကြမ်းခင်း အောက်ဘက် သုံးပေခန့် အကွာတွင် အမှိုက်သရိုက် အညစ်အကြေးများ (အိမ်နီးချင်း မုန့်ဟင်း ခါးဖတ်ဖိုမှ စွန့်ပစ်သော ပုပ်အဲ့အဲ့၊ မုန့်သိုးရည်များ အပါအဝင်) ပျော်ဝင် စီးရွှေ့နေသည့် ရေညစ်ရေဆိုး ထုထည်ပြင် လွှာကြီးလည်း ရှိနေပြန်ပါသည် ။ ဤနေရာတွင် သန့်ရှင်း လတ်ဆတ်သော လေစီးကြောင်းများ အတွက် နေရာလပ် မရှိပါ။ ဘယ်သော အခါမျှ နေရာလပ် မရှိပါ။

အိမ်ကလေးထဲတွင် မလျှော်ဖွပ်ဘဲထားသည့် အဝတ်ဟောင်းအချို့မှ မှိုနံ့ အောက်သိုးသိုးများ ၊ ကျပ်ခိုး မီးခိုးမှိုင်းနံ့ မွန်ရှုရှုများ ၊ ရေချိုး သန့်စင်ခြင်းနှင့် ဆပ်ပြာ အသုံးပြုခြင်းကို နားလည်ပုံ မရသည့် လူ့ခန္ဓာကိုယ် အချို့မှ ဟောင်စော်သော အနံ့အငွေ့များက နေရာမလပ် ပြည့်နှက်နေသည် ဟု ထင်ရသည် ။ ဝါးလုံးတန်း တစ်နေရာတွင် တွဲလောင်း ချိတ်နေသည့် ပိတ်ခြင်ထောင် အိုကြီးဆီမှ ကလေးသေး ဟောင်နံ့ လှိုင်နေသည် ။ ထွန်းညှိထားသည့် ရေနံဆီမီးခွက် ဆီမှ လည်း ရေနံညှော်နံ့ လွင့်နေပေသေး၏။ မကြာမီ ပိုမိုဆိုးရွားသည့် အနံ့ဆိုး လှိုင်းလုံးတစ်လုံး အိမ်ကလေးထဲသို့ လိမ့်ဝင်လာဦးမည်။

ကျော့ကျော့စံ၏ ဖခင် မော်တော်ယာဉ် စက်ပြင် အလုပ်သမားသည်

စက်ဆီ စက်ချေးမျိုးစုံ ပေကျံနေသည့် မူလ အရောင်အသွေးကို ခန့်မှန်း၍ လုံးဝ မရတော့သည့် ဝတ်စုံဖြင့် အလုပ်မှ ပြန်လာတော့မည်။ သူ့ခန္ဓာကိုယ်မှ ချွေးနံ့၊ စက်ဆီ အမျိုးမျိုး၏ အနံ့များ နှင့် အတူ သူ၏ ပါးစပ်နှင့် နှာခေါင်းမှ အညှော်စား အရက်ဖြူနံ့များ သည် အိမ်တွင်းရှိ နလုံး မသာယာဖွယ် အနံ့ပေါင်းစုံနှင့် ကြည်ဖြူစွာ ရောနှောပေါင်းစည်း သွားကြလိမ့်မည်။ ယခု ရက်များ အတွင်း သူမမှာ ဖခင်ဖြစ်သူ အနီးသို့သွား၍ စကားပြောရမည့် အစား အရှိန်ပြင်းပြင်း မောင်းနှင်နေသော ထရပ်ကားကြီး ရှေ့သို့သာ ဝမ်းလျားထိုး ဝပ်စင်း ပစ်လိုက်ချင် နေမိ၏။ သေးနံ့ ဟောင်နေသော ခြင်ထောင် စုတ်ကြီးထဲမှာ ကလေးနှစ်ယောက်နှင့် သူမ၏ မိခင်တို့ သည် သူမ၏ ဖခင်နှင့် အတူ ညစဉ် ညတိုင်း ညည်းညူ ပြစ်တင်ခြင်း မရှိဘဲ အိပ်စက်နိုင်ကြသည့် ဖြစ်ရပ်မှာ သူမအတွက် လောကမှာ နားအလည်ရ အခက်ဆုံး ပုစ္ဆာတစ်ပုဒ် ဖြစ်နေတော့သည် ။

စက်ပြင်ဆရာ အရက်ချိုးကြီး ပြန်မရောက်မီ ရေချိုး ထမင်းစားပြီး စောစော အိပ်ရာဝင်ဖို့ သူမ စီစဉ်သည် ။ မှောင်ထဲ၌ အလုပ်ခွင် ဝတ်ထားခဲ့သည့် အင်္ကျီနှင့် ဘော်လီအင်္ကျီကို ချွတ်နေစဉ် သူမသည် စိတ်မချမ်းမြေ့ဖွယ် အကြောင်း တစ်ခုကို အလိုအလျောက် တွေးမိပြီး ရင်အခုန်မြန်လာသည် ။ အသားစိုင်တွေကို ထုပ်ပိုး ကာရံထားသည့် ဘော်လီသည် အချွတ်ရခက်အောင် ခုမှ ဟောခနဲ ထွက်အန်လာသည့် ချွေးစေးတွေနှင့် ငြိနေလေသည် ။

ဟိုလူကြီး ဟိုလူကြီး ထရံနားမှာ ရှိများ နေမလား။ လမ်းမှာ လည်း မတွေ့ခဲ့ဘူး။ အရက်ဆိုင်မှာ ပဲ ရှိနေပါစေ။ အိမ်မှာ မရှိပါစေနဲ့ ၊ မရှိပါစေနဲ့ ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုမဲ့စွာဖြင့် ဆက်တိုက် ဆုတောင်း

နေမိသော်လည်း ဟိုလူကြီး (အောင်ကျော်စိုး) ၏ နီဖန့်ဖန့် မျက်လုံးကြီး တွေကို စိတ်အာရုံမှာ ထင်ထင် ရှားရှား တွေ့မြင်နေသည် ။ သူမ အနီးက ပ်ပြီး စကားပြောစဉ်က လွင့်ပါး ရိုက်ခတ်ခဲ့သော စူးရှရှ အရက်နံ့ကို လည်း ယခုပင် ရှူရှိုက်မိသည့် အလား တုန်ယင်စွာ ခံစားနေရပြန်၏။

အောင်ကျော်စိုးသည် ဓားထိုးမှုဖြင့် ထောင်ကျဖူးပြီး ကလေးနှစ် ယောက် မွေးဖွားခဲ့သည့် ဇနီးနှင့် ကွဲကွာနေသည် ။ အစ်ကို၏ မိသားစုနှ င့် အတူ လာနေသည် မှာ လအနည်းငယ်မျှသာ ရှိသေးသည် ။ သူ မည် သည့် အလုပ်အကိုင်နှင့် အသက်မွေးမှန်း မသိသော်လည်း အဝတ်အစား သစ်လွင် ခေတ်ဆန်စွာ ဝတ်ပြီး အရက်မှန်မှန် သောက်နိုင်အောင် သူ့မှာ ငွေရှိနေခြင်းကတော့ သူမ မစဉ်းစားချင်ဘဲ စဉ်းစားမိသည့် အံ့ဩစရာ ပဟေဠိ ဖြစ်သည် ။ သူ့လို သူမထက် အသက် တစ်ဆယ့် ငါးနှစ်ခန့် ပို ကြီးသော တစ်ခုလပ် အရက်သမား ထောင်ထွက် တစ်ယောက်က သူမ ကို ထိကပါး ရိကပါး လုပ်လာခြင်းကို ရှစ်တန်းအောင်သည့် တိုင် ကျောင်းဆက် မတက်နိုင်ဘဲ မိသားစု ဝမ်းရေး ကသီလင်တ မဖြစ်ရ အောင် အလုပ်ဝင်ငွေ ရှာခဲ့ရသည့် သူမ၏ ဘဝအတွက် ဝမ်းနည်းမိခြင်း ထက် ပို၍ သာ၍ ဝမ်းနည်းရင်နာ ရှက်ရွံ့သည် ။ ဆင်းရဲလို့ ပျက်စီးသွား တဲ့ မိန်းကလေးတွေနဲ့ တစ်တန်း တစ်စားတည်း ငါ့ကို စာရင်း သွင်း လိုက်တာပဲ။ လွယ်လွယ်နဲ့ ရမယ်ဆိုပြီး ငါ့ကို အထင်အမြင် နှိမ့်ချ ပစ်လို က်ကြတာပဲ။

သူမ ရေချိုးရသော နေရာက သူမတို့ အိမ်ကလေး ရှေ့မှ သူမတို့ ၏ တစ်လုံးတည်းသာ ရှိသော ချိုးရေ၊ သုံးရေ ရောသုံးသည့် သံစည်ပိုင်းက လေး မှာ ဖြစ်၏။ သံစည်ပိုင်းက အောင်ကျော်စိုးတို့ အိမ်ရှေ့ပိုင်း ဝရန် တာနှင့် သုံးပေခန့်သာ ဝေးမည်။ ဝါးခြမ်းပြားတွေ ကြက်ခြေခတ် ရိုက် ထားသည့် ဝရန်တာ နောက်တွင် သူမ ရေချိုးချိန်၌ အောင်ကျော်စိုးက မ

ယောင်မလည် ရပ်ရင်း လစ်လျှင် လစ်သလို အကြောင်းမရှိ အကြောင်းရှာ စကားစတတ်သည် ။ ဘက်ထရီ မီးချောင်း အလင်းထဲတွင် အရက်ဆီ ပျံနေသည့် မျက်နှာနှင့် နီဖန့်ဖန့် မျက်လုံးကြီးတွေကို မြင်လိုက်မိပါက သူမမှာ လဲခွေကျ မတတ် တုန်လှုပ်ရင်ပူသွားမိ၏။

'ညီမလေး ထမင်းစား ပြီးပလား'

'ရေချိုးတာ မချမ်းဘူးလား ကျော့ကျော့စံ'

'အလုပ်က ပင်ပန်းလား ညီမလေး'

သူမသည် သူ့အား တစ်ကြိမ် တစ်ခါမျှ စကား တစ်ခွန်းမျှ ပြန်မပြောဖူးခဲ့။ ဝရန်တာ နောက်မှာ သူရှိနေလျှင် သူမသည် ထဘီကို လည်ပင်းအောက်ခြေနှင့် ထိမတတ် မြှင့်၍ ရင်ရှားကာ သူ့ကို ကျောပေး၍ ရေချိုးသည် ။ သို့သော် သူမ၏ အဝတ်လွတ်ဟာသော အသားများမှာ သူက လှမ်းကိုင်သလို သူ့နှုတ်ခမ်းမွေးသဲ့သဲ့ဖြင့် ပွတ်သပ်လာသလို ယားယံနွေးရှိန်နေတတ်သည် ။ ဝရန်တာ နောက်ဘက်သို့ သူမ ခိုးကြောင်ခိုးဝှက် လှမ်းကြည့်သည် ။ သူ ရှိမနေပါ။ ရင်ထဲမှ အကျိတ်အခဲ ကွဲကြေ ပေါ့ပါးသွားပြီး ပထမဆုံး ရေတစ်ခွက်ကို လှမ်းခပ်သည် ။ ပခုံးပေါ်သို့ လောင်းချမည့် ဆဲဆဲ လေထဲတွင် မွှန်စူးစူး အနံ့တစ်ခုကို ရှူမိလိုက်၏။ သုံးပေခန့်အကွာမှ လွင့်စီးလာသော အနံ့ဆိုး ဖြစ်သော်လည်း သူမ၏ နှာခေါင်းထဲသို့ အနီးကပ် မှုတ်သွင်းသလို မွှန်းဆို့လာမိ၏။ သတ္တု ရေဖလားသည် လက်ထဲမှ လွတ်ကျသွားသည် ။ ဟိုလူကြီး ဝရန်တာ နောက်မှာ ရောက်နေပြီ။

**ကြူးနှစ်**

**အမှတ် ၉၁၊ မေလ၊ ၁၉၉၇ ခုနှစ်၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။**

***

# ဒွေးသာဂိ၏ စာခြောက်ရပ်

## ရွှေဥဒေါင်း

'ပေါက်တူးရေ ... ငါ့ဆေးအိုးဖို့ မီးယူခဲ့ဟေ့'

ဒွေးသာဂိသည် ရွာအနောက်စွန်း ခြံစည်းရိုးအနီး၌ ကပ်လျက် ဘိုးနက်ကျော် လက်ထက်က ဆောက်ထား၍ သက်ငယ်အမိုးတွင် အဖာတစ်ရာ ဝါးထရံ ဗရချာဖြစ်နေသော တဲကုပ်ထဲ၌ အရှေ့စူးစူးလှည့်ကာ ထိုင်၍ ဆေးရိုးမှုန့်နှင့် ဆေးရွက်ကြီးမှုန့် ရောစပ်ထားသည့်'သာဂိကတ်'ကို အုန်း မှုတ်ခွက်ထဲမှ ထုတ်ယူကာ ဒန်တိုထဲသို့ ထည့်ပြီးနောက် သွားမရှိသော ပါးစပ်ထဲသို့ ထိုးသွင်းပြီး အထက်ပါ စကားများကို ပြောလိုက်ခြင်း ဖြစ်လေသည် ။ ဒွေးသာဂိ၏ ခင်ပွန်း ဘိုးနက်ကျော်မှာ ငယ်စဉ်က ပျားဖွပ်၊ ယုန်လိုက်၍ ဖားရိုက်ခဲ့သော အပြစ် ဒုစရိုက်များကြောင့် အဝီစိသို့ ရောက်လိမ့်မည်ဟု ရွာဦးကျောင်း ဘုန်းတော်ကြီးက ဟောဖူးသော်လည်း အဝီစိမီးသည် ဖားကောင် ဖောင်းဖောင်း၀၀ မရ၍ ဒွေးသာဂိ နားပူခြင်းထက် ပို၍ ပူနိုင်စရာ မရှိဆို၍ ဒုက္ခများ လှသော လောကကြီးမှ သက်တမ်း တစ်ဝက်မပြည့်မီ ထွက်ခွာ သွားခဲ့လေပြီ။ ယုန်လိုက်၊ ဖားရိုက်၍ ကျွေးမည့် သူ မရှိသောအခါ ဒွေးသာဂိမှာ စပါးရိတ် ချိန်တွင် ကောက်သင်း ကောက်ခြင်း၊ လင်လိုချင်သော တောသူ ကလေးများအား စာရေးကြီးနှင့် ရလိမ့်မည်၊ မြို့ဝန်မင်းက ညည်းကို ကြိုက်နေသည် စသဖြင့် လက္ခဏာဖတ်ခြင်း၊ ဗေဒင် မတောက်တခေါက် ဟောခြင်း၊ ခြေပွတ်တိုင် လည်သောသူ၊ လက်ဆစ်လွဲသောသူ၊ မျက်စိကျိန်းသောလူ စသည်

များကို'ခြေကဖွား'ဆို၍ တံတွေး ကလေးနှင့် ပွတ်သပ်ကာ'ဥုံဖွ ချီးတုံးမ တ်တတ်ထ'စသည် ဖြင့် မန်းမှုတ်ပေးခြင်း စသော အလုပ်များ ဖြင့် အသ က်နဲ့ ခန္ဓာကိုယ် တည်မြဲအောင် ဖန်တီးရလေတော့သည် ။ အချို့ ရွာသား များက ဒွေးသာဂိအား စုန်းမကြီး ဟူ၍ သမုတ်ကြ၏။ အိမ်နီးချင်း မနက် ထော်ကလည်း ဆွမ်းကျွေး တရားပွဲမှ ပဲကြီးဟင်းနှင့် မန်ကျည်းပွင့် သနပ်တွေကို ဗိုက်ကားအောင် စားခဲ့၍ ၎င်း၏ နို့စို့ကလေး ဝမ်းဗိုက်နာ သည့် အခါ ဒွေးသာဂိ ပြုစားသည် ဆို၍ လက်ဖက်တစ်ထုပ်နှင့် တောင်း ပန်သည် တွင် မှ ကလေးဗိုက်နာ ပျောက်သွားသည် ဟု သတင်းလွှင့်ကာ ဒွေးသာဂိကမူ စုန်းထင်လိုထင်၊ ကဝေ သမုတ်လို သမုတ် လက်ဖက် လှိုင်လှိုင်စားရ၍ 'ချွတ်လွှဲ'သည့် အခါတိုင်း မုန့်ဆီကြော်နှင့် မုန့်ကြာ ကွက်တို့ ကို ဆန်ကောနှင့် ထည့်ကာ'အစွဲပစ်'ကျွသမျှ ကာလပတ်လုံး ကျေနပ်သည့် လက္ခဏာရှိ၏။

ဖော်ပြခဲ့သည့် အတိုင်း ဒွေးသာဂိသည် ဒန်တိုကို နှုတ်ခမ်းကြား၌ ညှပ်လျက် 'ပေါက်တူးရေ... ငါ့ဆေးအိုးဖို့ မီးယူခဲ့ဟေ့'ဟု ဆိုကာ ဒန်တို ကို ဖွာလိုက်သည် နှင့် တစ်ပြိုင်နက် မည်သူ၏ လက်နှင့် ကိုင်ထည့်လိုက် သည် မသိ ဒွေးသာဂိ၏ စဥ့်ဆေးအိုးသည် ရဲခနဲ ဖြစ်လာ၍ ဒွေးသာဂိ၏ ပါးစပ်ထဲမှ လည်း အခိုးများ တခြောင်းခြောင်း ထွက်လာတော့သည် ။

'အေး...ဟုတ်ကပြီ၊ နေရာကျတယ်။ ကိုင်း...ငါ့ သားကြီး ဝေးဝေး မ သွားနဲ့ ဟေ့၊ ခေါ်လိုက်ရင် ကြားပစေ။ အမေကြီး စာခြောက်ရပ် လုပ်ရ ဦးမယ်'ဟု ဆိုကာ ဒွေးသာဂိသည် တဲကလေး အကြိုအကြားမှ တိုလီ မုတ်စ ပစ္စည်းများ ထုတ်ယူလာခဲ့၏။ ဒွေးသာဂိသည် ရွာသင်္ချိုင်းကုန်း အ နီး၌ မည်သူမျှ မစိုက်ပျိုးသည့် ကုန်းမြေကလေးပေါ်တွင် မျက်စိ ကျိန်း၍ ပျောက်အောင် မန်းပေးဖူးသည့် ဖိုးလူနီက ထွန်ယက် ပေးသည် နှင့် ပြောင်းတစ်လမယ် ကြဲထားရာ အနှံများကို စာကလေးများ ဖြုတ်ခြွေ

စားသည် ဆို၍ စာခြောက်ရုပ်နှင့် ခြောက်လှန့်ဖို့ စိတ်ကူးခြင်း ဖြစ်လေသည် ။

ဒွေးသာဂိသည် သူတစ်ပါးကို ကြောက်အောင် ခြောက်သည့် အလုပ်မျိုးတွင် ပါရမီ ရင့်ခဲ့သူဖြစ်၍ စာကလေး များကို မဆိုထားဘိ အလွန်စာတတ်သော ရွာကျောင်းဘုန်းကြီးကိုပင် ထိုလမ်းမှ ဆွမ်းခံ မကြွဝံ့လောက်အောင် ကြောက်ဖွယ်ရာကောင်းသည့် စာခြောက်ရုပ်မျိုး လုပ်နိုင်သည့် စိတ်ကူးဉာဏ်ရှိသည် ။ သို့ရာတွင် ထိုနေ့အဖို့ ၌ ဒွေးသာဂိသည် ရွာခေါင်း၏ သမီး ဗိုက်နာပျောက်အောင် မန်းမှုတ်ပေးသည့် အတွက် ကောက်ညှင်းပေါင်းနှင့် ဖားကင်ခြောက် ကန်တော့သည် ကို စားထားသဖြင့် စောစောစီးစီး ဝမ်းဗိုက်တောင့်လျက် စိတ်ကောင်း ဝင်နေခိုက် ဖြစ်သောကြောင့် စာခြောက်ရုပ် လှလှပပ လုပ်ဖို့ အကြံဖြစ်နေ၏။ ဆေးတစ်ဆုံ သောက်လိုက်ရခြင်း အတွက်လည်း အလွန်ဉာဏ်ရွှင်လျက် ရှိတော့သည် ။ သို့ဖြစ်၍ ဒွေးသာဂိသည် တဲအကြိုအကြားမှ ဆွဲထုတ်ယူခဲ့သော တိုလီမိုလီ ပစ္စည်းများ ဖြင့် ခေတ်မီ၍ စတိုင်ကျသော လူချော စာခြောက်ရုပ် ဖြစ်အောင်လုပ်ဖို့ ဆုံးဖြတ်ချက် ချနေသည် ။

လူမှန်လျှင် ကျောရိုးတောင့်မှ တန်ဖိုးရှိသည် ဟု ဝေါဟာရ ပြောကြသည့် အတိုင်း ဒွေးသာဂိသည် ဘိုးနက်ကျော် ရှိစဉ်က ကိုင်ခဲ့ဖူးသည့် ( ဖားရိုက်သော) ဝါးရင်းတုတ်ကို ကျောရိုး အဖြစ်နှင့် အခြေတည်လိုက်၏ ။ လက်မောင်း တစ်ဖက်မှုကား မျဉ်းခုံမှ ပြုတ်နေသော လက်ရန်း တစ်ဖက်ကို တပ်၍ အခြား တစ်ဖက်မှာ အဆန်ကုန် လုမတတ်ဖြစ်၍ လှဲမရသဖြင့် ပစ်ထားသော တံမြက်စည်းတို တစ်ချောင်းကို တပ်လိုက်၏။ တံတောင် ဆစ်ကွေး တစ်ဖက်တစ်ချက်တွင် မီးဖိုထဲမှ မီးမလောင်သဖြင့် ကျန်နေသော ထင်းအမြက်တုံး နှစ်ချောင်းကို ကောက်ရိုးမျှင်များ နှင့် ကရော်ကမည် ချည်လိုက်ခြင်း အားဖြင့် လက်များ ဖြစ်လာကြတော့သည် ။

ခြေထောက်များမှာ တစ်ဖက်တွင် စပါးပုံပေါ်၌ ကောက်ရိုးခြစ်သည့် ထွန်ခြစ်လက်ကိုင်အုံး တစ်ခု တပ်လိုက်၏။ ကိုယ်လုံး အဖို့ မှာ လွယ်အိတ်စုတ် တစ်လုံးတပ်၍ အသည်းနှလုံးနှင့် တိုလီမိုလီ ဝမ်းတွင်းသား အဖြစ်ဖြင့် ကောက်ရိုး တစ်ဆုပ်နှစ်ဆုပ် ဖြည့်ထည့်လိုက်၏။ ဤတွင် အောက်ပိုင်း အဖို့ လုံလောက်၍ အထက်ပိုင်း အတွက်မျှသာ ကျန်နေတော့သည် ။ ဒွေးသာဂိသည် ဘူးတောင်းကွဲ တစ်ခုကို ယူ၍ မျက်လုံးပေါက် အတွက်နှစ်ခု၊ ပါးစပ်အတွက် ခပ်ကျယ်ကျယ် အပေါက် တစ်ခု ဖောက်ပြီးလျှင် နှာခေါင်း နေရာတွင် မီးသွေးခဲနှင့် ရေးခြစ်၍ ပခုံးနှစ်ဖက် အကြားတွင် ချည်ထားလိုက်၏။

ဒွေးသာဂိသည် အထက်ပါ အစုအဝေးကို ကျေနပ်သော အမူအရာနှင့် ကြည့်နေပြီးနောက် ‘ဩော် ... တစ်ခုလိုပါ သေးကလား။ ဦးနှောက်ရှိမှ ဉာဏ်ရှိတယ် ပြောကြတယ်။ မဖြစ်သေးဘူး။ ထည့်ပေးဦးမှ ’ဆို၍ ခေါင်းအုံးစုတ်ထဲမှ ရှမ္ဘွေလုံး မှို့တစ်ဆုပ်ကို ထုတ်ယူကာ ဘူးတောင်းထဲသို့ ထိုးသွင်း လေသည် ။

‘ဟား ... ဟား ... ဟား နေရာကျလိုက်တာ။ ဦးနှောက်က မှို့တွေဆိုတော့ ငါ့သားကြီး သိပ်ဉာဏ်ကောင်းမှာ ပေါ့။ နက်နဲသော အကြံအစည်များ တီထွင်နိုင်လိမ့်မယ်။ ဟီ ... ဟီ ... ဟီ... ဟီ သိပ်နေရာ ကျတယ်ပေါ့ ။ ဟား... ဟား... ဟား... ဟား’

ဒွေးသာဂိသည် မိမိ၏ လက်ရာကို ကျေနပ်စွာနှင့် ဤဘက်ဟိုဘက် လှန်လှောကာ ရှုစားနေသေး၏။ ထို့နောက်-

‘တောင်းမှာ အကွပ်၊ လူမှာ အဝတ်တဲ့ ကွဲ့၊ ငါ့သားရဲ့ ။ ဘူးတောင်းကွဲခေါင်းတပ်ပြီး ကောက်ရိုးသွတ်တဲ့ လွယ်အိတ်စုတ်ကို ကိုယ်လုပ်ထားရပေမဲ့ အဝတ်အစားကောင်းရင် အပေါ်က ဖုံးသွားမှာ ပါကွဲ့’ဟု ပြော

လျက် ဒွေးသာဂိသည် ထင်းရှူးသေတ္တာ တစ်လုံးထဲ၌ သိမ်းထားသည့် ဒိုးပတ်မင်းသားဝတ်သော ထိုင်မသိမ်းအင်္ကျီစုတ်ကြီး တစ်ထည်နှင့် ရုပ်သေးမင်းသားကြီး ရုပ်ဟောင်းမှ ဖြုတ်ခွာထားသော ကြယ်စီတောင်ရှည်ပုဆိုးစုတ်ကြီးကို ထုတ်ပြီးလျှင် ထင်းချောင်းများ ဖြင့် လုပ်ထားသော လက်မောင်းများ နှင့် ခြစ်ခုံရိုးဖြင့် လုပ်သော ခြေထောက်များ တွင် ဝတ်လှိုပေးလေ၏။ ရွာသူရွာသားများက ကြယ်စီပုဆိုးမှာ ၎င်းရွာသို့ လာရောက်ကပြ၍ လမ်းစရိတ်မရှိသော ရုပ်သေးအဖွဲ့ တစ်ခုထံမှ အပေါင်ခံထားလိုက်ရသော ပစ္စည်းဖြစ်သည် ဟု ပြောကြသော်လည်း ဒွေးသာဂိကမူ ဘိုးတော်ဘုရား ငယ်စဉ်က ဝတ်၍ ကြီးပြင်းလာသောအခါ၌ ၎င်း၏ မိခင် အထိန်းတော်ကြီးအား ပေးသနားတော်မူခဲ့သော ဝတ်လဲတော် ပုဆိုးကလေး ဖြစ်သည် ဟု ပြောလေသည် ။

ထို့နောက် ဘူးတောင်းပေါ်၌ ရွှေကျင်ခတ်ပဝါစုတ်ကြီးများကို ခွေထိုးပေး၍ ခြေထောက်အဆုံး ဖြစ်သော ခြစ်ခုံရိုး အဖျားတွင် ဇာတ်ပွဲမှ ဟသ်ာ ခြေနင်းစုတ်ကြီး တပ်ပေးလိုက်ရာ ရွှေကျင်ခတ်ပဝါမှာ နှစ်ပရိစ္ဆေဒ ကြာရှည်လှုပြီဖြစ်၍ ဆွေးမြည့်လျက် အမျှင်များ ထွက်နေသော်လည်း ဒွေးသာဂိက'ဒီပဝါမျိုးကို တောသူတောင်သား မဆိုထားနဲ့ ရွှေမြို့တော်ကြီးမှာ ဆင်းရဲသားတောင် ပေါင်းနိုင်တာမျိုး မဟုတ်ဘူး ငါ့သားရဲ့ 'ဟု ချီးကျူးသေး၏။

နောက်ဆုံး၌ ဒွေးသာဂိသည် အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ထားသော စာခြောက်ရုပ်ကို တဲထောင့်၌ ထောင်ကာ ကြည့်နေလိုက်ပုံမျက်နှာထားသည် ကား မင်္ဂလာပွဲထိုင် အခမ်းအနားသို့ သွားခါနီးတွင် မိမိ၏ သားလူပျို အဝတ်အစား ဆင်ပြင်ပေးပြီးနောက် ကျေနပ်အားရစွာနှင့် အရိပ်တကြည့်ကြည့် ရှိနေသော မိခင်တစ်ဦး၏ မျက်နှာထားနှင့် တူပေတော့သည် ။ စာခြောက်ရုပ် ကိုယ်တိုင်ကလည်း ကန့်လန့်ဖြတ် လိုးဖြ

တ်ထားသဖြင့် ခပ်ပြုပြု ဖြစ်နေသော ၎င်း၏ ပါးစပ်ကြီးမှာ မိခင်၏ ပြင်ဆင်ပေးခြင်းအတွက် နှစ်သက်သဘောကျ လှ၍ ပြုံးဖြဲဖြဲကြီး လုပ်နေခြင်းနှင့် တူပေတော့သည် ။

'ပြုံးမယ်ဆို ပြုံးထိုက်တယ်ကွဲ့ သားကြီးရဲ့ ။ စာခြောက်ရုပ်တွေထဲ တော့ နင် အချောဆုံးပဲကွဲ့။ တကယ်ဆိုတော့ စာခြောက်ရုပ်နဲ့ တောင် မတန်ဘူးဟယ်။ အဟုတ်ကို ပြောတယ်။ ကိုင်း ... ကိုင်း ပြောနေကြာရော ဆေးကလေး တစ်ဆုံလောက် သောက်ပြီး ပြောင်းခင်းထဲ သွားပို့ချေဦးမှ တော်တော့မကိုး'

ဒွေးသာဂိသည် ဒန်တိုတွင် 'သာဂိကတ်'သိပ်ထည့်ရင်း မိမိ၏ လက်ရာကို လှည့်ကြည့်မိရာ သူ၏ အတတ်ကြောင့် ပေလော မဆိုနိုင်။ ကိုးရိုးကားရား ပြုလုပ်ထားသော စာခြောက်ရုပ်မှာ ကြည့်ရင်းကြည့်ရင်း အသက်သွင်းထားသော လူတစ်ယောက်နှင့် တူလာ၍ ၎င်း၏ မျက်နှာထားသည် လည်း လူသား အစစ်နှင့် တူအောင် ပြောင်းနေခြင်းကဲ့သို့ ရွှမ်းတန်းတန်း နောက်တောက်တောက် ဖြစ် လာလေတော့သည် ။

'ပေါက်တူးရေ ... ငါ့ဆေးအိုးဖို့ မီးတစ်ခဲယူခဲ့ဦး ဟေ့'

ဒွေးသာဂိက ယင်းကဲ့သို့ ပြောလိုက်သည် နှင့် တစ်ပြိုင်နက် ပါးစပ်၌ ခဲထားသော ဆေးအိုးသည် ရဲတက်လာ၍ ရှေးနည်းအတူ အခိုးများ တလူလူ ထွက် လာလေတော့သည် ။ ဒွေးသာဂိသည် နှစ်သိမ့် ကျေနပ်သည့် ဟန်ပန်ဖြင့် ဒန်တိုမှ ခပ်ရှည်ရှည် တစ်ချက် ဆွဲရှိုက်ပြီးနောက် နှာခေါင်း၊ ခံတွင်း စသည့် ဒွာရပေါက်များမှ မီးခိုးများ မှုတ်ထုတ်လိုက်ရာ ထရံပေါက်များမှ ဝင်လာသော နေရောင်ခြည် အတန်းများ ထဲတွင် ဆေးအိုးများ အလိပ်လိပ် တက်သွား ကြလေတော့သည် ။ ဒွေးသာဂိသည် ဒဟတ်သားခေါက်မှ ဖြစ်သော မီးကျီးခဲကို သာလျှင် မိမိ၏ ဒန်တို၌ အသုံးပြု

လေ့ရှိရာ မည်သူက ဒဟတ်သားခေါက် မီးကျီးခဲကို ရအောင်ရှာ၍ သူ၏ ဆေးတံထဲသို့ လာထည့်ပေးသည် ဟု မပြောတတ်ပေ။ ဒန်တိုကိုခဲလျက် ပေါက်တူးကို တင်လိုက်သည့် အခါတိုင်း မီးကျီးခဲရောက် လာ၍ ဆေးအိုးမှ အငွေ့ တခြောင်းခြောင်း ထွက်လာသည် ကား အမှန်ဖြစ် တော့သည် ။

ဒွေးသာဂိသည် ဒန်တိုကိုဖွာရင်း မိမိလုပ်ထားသော အလုပ်ကို ကြည့်လျက်'အေးဟေ့ ... စေ့စေ့တွေးတော့ ရေးရေး မြင်ဆိုတာလို ဒီကောင့်ကို နေပူမရှောင် မိုးရွာမရှောင် ပြောင်းခင်းထဲ ထားရမှာ ငါ နှမြော လာပြီဟေ့။ တန်တော့၊ တန်တော့။ ဒီလောက်လှတဲ့ ကောင်ကို ဒီအလုပ် လောက်နဲ့ အသုံးချလို့ မတော်ပေဘူး ထင်တယ်။ စုန်းကဝေ ညီလာခံ အစည်းအဝေးမှာ ဒါလောက်မနိမ့်တဲ့ အကောင်တွေနဲ့ တောင် ငါ အဖော် လုပ်ခဲ့ရသေးတာကပဲ။ အေး ... ဟုတ်ပြီ ... ဟုတ်ပြီ။ လောကမှာ သူ့လို မှဦးနှောက်နဲ့ ၊ ကောက်ရိုး အသည်းနှလုံးနဲ့ လူ့အဆန်ချောင်တွေ အပုံကြီး ရှိတာကပဲ။ ဒီကောင့်ကို သူတို့ အထဲ လွှတ်စမ်းကြည့်ပြီး ပြိုင်စေရရင် ကောင်းလိမ့်မယ် ထင်တယ်။ ဟား ဟား ... ဟားဟား။ ဟုတ်ပြီ၊ ဟုတ်ပြီ ။ ဟန်ရပြီ...ဟန်ရပြီ'ဆိုလျက် ဒွေးသာဂိသည် ဒန်တို ကို သုံးလေးချက် ဆက်လက်၍ ရှူရှိုက်လေ၏။

ထို့နောက်တစ်ဖန် ဆက်လက်၍ -

'ဟုတ်ကသားပဲကိုး၊ သွားချင်ရာ သွားကြည့်။ သူ့လို လူစားမျိုးတွေ အပုံပဲကပဲ။ ကိုင်း ... ဒီကနေ့အဖို့ မှာ ကိုယ့်အတတ်ကလေးကို ဒန်တို မီးညှိရုံလောက် သုံးစမ်းမယ် အောက်မေ့တာ၊ မဟုတ်သေးဘူးဟေ့။ လက်စွမ်းမပြရတာလည်း အတော်ကြာပြီ။ ကိုင်း ... ပြောနေတာကြာ ရော၊ ငါ့ကောင်ကို ငါ အသက်သွင်းမဟေ့'

ယင်းကဲ့သို့ တစ်ကိုယ်တည်း ပြောနေပြီးနောက် ဒွေးသာဂိသည် မိမိ၏ ပါးစပ်မှ ဒန်တိုကို ဖြုတ်၍ စာခြောက်ရုပ်၏ ပါးစပ်ပြဲကြီးထဲသို့ ထိုးသွင်းလျက်'ဥုံဖွ အိမ်ကြို အိမ်ကြား ချီးစားထွက်တဲ့ အိန္ဒိယလိန့် စုန်းအပေါင်းတို့ ၏ ဥက္ကဋ္ဌချာယာမင် ပြီးစီး ဒင်အစစ်ကြီး ဖြစ်ထသော ကျွန်ုပ် အရှင်သူယုတ် ဒွေးသာဂိ၏ အမိန့်တော်'ဟု ဆိုလိုက်သည် တွင် စာခြောက်ရုပ်လည်း လှုပ်ရှားစ ပြုလာရာ'ဖွာလိုက်စမ်းကွ သားကြီးရ' ဟု ထပ်၍ အမိန့် ပေးလိုက်ရာတွင် မုကား ပါးစပ်တွင် တပ်ထားသော ဒန်တိုမှ ဖွားခနဲ အငွေ့တစ်ချက် ထွက် လာလေတော့သည် ။

'အေး...ဟုတ်လှပြီ။ ဖွာလိုက်ဦးကွ နောက်တစ်ချက်'

ဖွားခနဲ အငွေ့တစ်ချက် ထွက်ပြန်၏။

'နောက်တစ်ချက်ကွ'

ဖွားခနဲ ထွက်လာပြန်၏။

ယင်းကဲ့သို့ ဆက်ကာ ဆက်ကာ တစ်ဒါဇင်ခန့်မျှ အမိန့်ပေးလိုက်ရာတွင် စာခြောက်ရုပ်သည် အလိုအလျောက် ဆက်လက်၍ ရှူဖွာနေတော့လေရာ'ရှိုက်ကွနော်၊ ရှိုက်ချ လိုက်။ ရှိုက်နိုင်သမျှ မင့်အသက် ပြင်းလာလိမ့်မယ်'ဟု ဒွေး သာဂိက အားပေးသည့် အတိုင်း စာခြောက်ရုပ်၏ ပါးစပ်ပေါက်မှ ရှိုက်သွင်းသော မီးခိုးများ သည် မျက်လုံးပေါက်များမှ ပင် ထွက်လာကြတော့သည် ။ ထိုအချိန်၌ ကား ဒန်တိုမှ ထွက်လာသော မီးခိုးများ သည် ဒွေးသာဂိ၏ တဲကလေးသို့ ထိုးဝင်နေသော နေခြည်အတန်းများ တွင် တလူလူ တလိပ်လိပ် ကြွနေပြီ ဖြစ်သောကြောင့် တဲပြင်မှ ကြည့်နေသူ ရှိခဲ့လျှင် တဲကို မီးလောင်နေသည် ဟု ထင်မှတ်ဖွယ်ရာ ရှိ၏။ သို့ရာတွင် ဒွေးသာဂိ၏ တဲမှာ ရွာ၏ အစွန်အဖျား ချောက်ထဲတွင် ရှိနေသောကြောင့် မည်သူကမျှ ဂရုစိုက်၍ ကြည့်နေမည် မဟုတ်ချေ။

ထိုအတောအတွင်း၌ ထင်းချောင်းတွင် ထိုင်မသိမ်း ဖုံးထားသော လက်မောင်းများ ၊ လွယ်အိတ်တွင် ကောက်ရိုး သိပ်ထားသည့် ကိုယ်လုံးနှင့် ခြစ်ခုံလက်ကိုင်တစ်ဖက်၊ ထွန်ခြစ် တစ်ဖက် လုပ်ထားသော ခြေထောက်များ သည့် လေထိုး သွင်းလိုက်သော တာရာများ ကဲ့သို့ ဖောင်းဖောင်းပွပွ ဖြစ်လာ၍ ဘူးတောင်းကွဲတွင် တော်သလို ခြယ်ထားသည့် မျက်နှာလည်း လူသား၏ မျက်နှာကဲ့သို့ မျက်နှာထားနှင့် တကွ ဖြစ်ပေါ်လာတော့သည် ။

ဒွေးသာဂိသည် အုန်းမှုတ်ခွက်ထဲမှ ဆေးမှုန့်ကို ဒန်တိုထဲသို့ ဖြည့်စွက် ထည့်ပေးလျက် 'ရှိုက်လိုက်စမ်းကွ မေ့သားကြီး။ ဟုတ်ပြီ ... ဟုတ်ပြီ၊ ကြိတ်လိုက်ကွ၊ သောက်လိုက် ကွ' စသဖြင့် အားပေး တိုက်တွန်းသည့် အတိုင်း ပါးစပ်ပေါက်ထဲမှ မီးခိုးများ အဆက်မပြတ် ရှူကယ် ရှူကယ် ထွက်လျက် ရှိတော့သည် ။

ဒွေးသာဂိသည် တစ်ခဏထက် တစ်ခဏ လူနှင့် တူလာသော မိမိ၏ လက်ရာကို လက်ခုပ်လက်ဝါးတီးကာ ဝမ်းမြောက်ဝမ်းသာ ကြည့်ရာမှ လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလျက်'လာခဲ့ပါလာကွဲ့ အမေဆီကို၊ လှမ်းခဲ့ပါလားကွဲ့ လူကလေးရဲ့ ။ လာခဲ့လေကွယ်။ ငါ့သား လူလုပ်စရာတွေ အများကြီး ရှိသေးတယ်ကွဲ့။ လာခဲ့ပါ၊ ရဲရဲလှမ်းခဲ့ပါ'ဟု ခေါ်လိုက်သည်တွင် စာခြောက်ရုပ်သည် ဒယီးဒယိုင်နှင့် ရှေ့သို့ ခြေတစ်ချက် လှမ်းလိုက် လေတော့သည် ။'အေး ... ဟုတ် ကပြီ။ တိုးခဲ့ဦးကွဲ့ တစ်လှမ်း'ဟု ပြောသည် နှင့် နောက်ခြေ တစ်လှမ်း လှမ်းလိုက်ရာတွင် လဲတော့မည် ကဲ့သို့ ဟပ်ထိုး ဖြစ်သွားပြီးမှ တစ်ဖန် ဟန်နိုင်တော့သည် ။'သတိထားကွဲ့၊ ငါ့သား ဖြည်းဖြည်း လုပ်ကွဲ့၊ အရင်မလိုနဲ့ ကွဲ့နော်' စသဖြင့် ဒွေးသာဂိက သတိပေးရ၏။ ခြစ်ခုံတစ်ဖက်၊ ထွန်ခြစ် တစ်ဖက်တွင် ဟသ်ာဖိနပ် စီးပေးထားသော စာခြောက်ရုပ် အဖို့ မှာ ဤမျှလောက် လှမ်းနိုင်ပင်လျှင်

တော်ပါပေပြီ။ ဒွေးသာဂိ၏ အတတ်ပင်လော။ စိတ္တိဒ္ဓိပ္ပာဒ်ခေါ်(ဝီလ်ပါဝါ ) စိတ်တန်ခိုး ထက်သန်ခြင်းပေလော မပြောတတ်။ တုတ်ချောင်းများ ၊ ကောက်ရိုးများ နှင့် အဝတ်စုတ်များ ၏ အစုအဝေး မျှသာဖြစ်သော စာခြောက်ရုပ်သည် ဒွေးသာဂိက အဟုတ် တကယ်လုပ်၍ စိတ်အား ထက်သန်စွာနှင့် ခေါ်ယူတိုင်း ခြေတစ်လှမ်းပြီး တစ်လှမ်း လျှောက်လာရ တော့သည် ။

နောက်ဆုံး၌ စာခြောက်ရုပ်သည် ချောင်ထဲမှ ထွက်လာ၍ နေခြည် တန်းလျက်ရှိသော နေရာသို့ ရောက်လာသောအခါ ထင်းချောင်း၊ တုတ်ချောင်းနှင့် ဘူးတောင်းတို့ ကို အဝတ်စုတ်များ ဖုံးထားသည့် အစု အဝေး အပေါ်သို့ အလင်းရောင် ကျရောက်သည် နှင့် စာခြောက်ရုပ် ကိုယ်တိုင်က မိမိ၏ ဘာမဟုတ်သော အဖြစ်ကို တွေ့မြင်ရသည့် လက္ခ ဏာနှင့် အကြီးအကျယ် အားငယ်ကာ ကြမ်းပေါ်သို့ ထိုးလဲသွားတော့ မည်ကဲ့သို့ ဖြစ်သွား၏။ ဒွေးသာဂိသည် ထိုအခြင်းအရာကို မြင်ရ၍ ဤမျှ လောက် သူရဲဘောနည်း ရချေသလောဟု ဒေါသတကြီးနှင့် ...

'သယ် ... တုတ်ခနောင်းနဲ့ အဝတ်စုတ်တွေ စုထုပ်ပြီး လုပ်ထားတဲ့ ငပါမွှားကောင်က လူလုပ်လို့ ။ ရွံ့သလေး၊ ရှက်သလေး လုပ်နေရသလား။ ဟဲ့ ... ကောက်ရိုးထုပ်၊ ဟဲ့ ... အဝတ်စုတ်၊ ဟဲ့ ... တုတ်ခနောင်း၊ ဟဲ့ ... ထင်းချောင်း၊ ဟဲ့ ... လက်ကိုင်ရိုး၊ ဟဲ့ ... ဘူးတောင်းကွဲ နင်က လူလူသူ သူ လုပ်လို့ ။ လဲမလိုလို၊ ကွဲမလိုလို လုပ်နေရသလား။ ရှိုက်ပါတော့ လား ဟဲ့ ငါ့ဒန်တို။ ရှူပါတော့လားဟဲ့ ငါ့ဆေးအိုး။ အဲ ... အဲ ... ရှိုက်ဟဲ့၊ ရှူဟဲ့။ အဲဒါ နင့်အသက်ငွေ့၊ နင့်ဇီဝငွေ့၊ နင့်ခွန်အား၊ နင့်သွေးကြော။ ရှူဟဲ့၊ ရှိုက်ဟဲ့။ ကြပ်ကြပ်ရှူ၊ ကြပ်ကြပ်ရှိုက်။ အဲ ... အဲ ... အဲ'

ယင်းကဲ့သို့ ငေါက်ချည်တစ်ခါ၊ ချော့ချည် တစ်လှည့်ဖြင့် ဒွေးသာဂိ

က အမိန့်ပေးသည့် အတိုင်း စာခြောက်ရုပ်က လိုက်နာ ရှူရှိုက်သည်တွင် ဒန်တိုမှ ထွက်လာသော ဆေးခိုးတို့ ဖြင့် တစ်တဲလုံး မှောင်မတတ်ဖြစ်သွား၍ စာခြောက်ရုပ် ကိုယ်တိုင်မှာ လည်း ရဲရဲတင်းတင်း ဖောင်းဖောင်းပွပွ ဖြစ် လာပြီးလျှင် ဝတ်ဆင်ထားသော တန်ဆာပလာများသည် အဟောင်းအနွမ်း အစုတ်အပြတ် အဖြစ်မှ သစ်လွင်တောက်ပြောင် လာလေတော့သည် ။ အပေါက် သက်သက်မျှသာ ဖြစ်သော စာခြောက်ရုပ်၏ မျက်လုံးများ သည် ပင် မျက်ကွင်း၊ မျက်ရစ်၊ မျက်ခုံး၊ မျက်တောင်များ နှင့် ဖြစ်လာ၍ ပေကလတ် ပေကလတ်နှင့် ဒွေးသာဂိကို ကြည့်နေတော့သည် ။

'ဟုတ်ပြီ၊ နင်တော့ လူသွေးလူမွေး ပေါက် လာပြီ။ အသံပီဖို့ လိုတော့တယ်။ ကိုင်း ... ရသေ့ရှစ်သောင်း ဆရာကောင်းတို့ အမိန့်နဲ့ စကားပြောစေသား'

စာခြောက်ရုပ်၏ ပါးစပ်ပေါက်သည် အနည်းငယ် ပြဲထွက်လာ၍ အသံလိုလို တစ်ချက် မြည်လိုက်သည် ဟု ထင်ရ၏။ သို့သော် စကားပြောသည့် အသံပေလော။ သို့တည်း မဟုတ် ဆေးငွေ့များ မှုတ်ထုတ်သည့် အသံပေလော။ မသဲကွဲ လှပေ။ နောက်တစ်ခဏ၌ မူ ပီသသည် ထက် ပီသလာ၍ အစ် တစ်တစ်ရှိသော အသံဖြင့်'နိုင်တိုင်း သိပ်မခိုင်းပါနဲ့ အမေကြီးရယ်။ စကား ပြောခိုင်းတာ ဟုတ်ပါရဲ့ ၊ ဉာဏ်မရှိဘဲနဲ့ ဘယ်လိုလုပ်ပြောရမလဲ အမေကြီးရဲ့ '

'သယ် ... နင့်မှာ ဉာဏ်မရှိဘူးလား'

'ဘယ်က ဉာဏ်ရှိရမှာ လဲ အမေကြီးရဲ့ ။ ကျွန်တော့် ခေါင်းထဲမှာ မှို့တွေချည်းပဲ'

'ဟား ... ဟား ... ဟား ... ဟား နင်ကမှ ခေါင်းထဲမှာ မှို့ရှိသေးတယ်

။ လောကမှာ တချို့လူတွေ ခေါင်းထဲမှာ ဘာအဆန်မှ မရှိဘဲနဲ့ ပြော လိုက်တဲ့ စကားဆိုလည်း ဖောင်ဖွဲ့လို့ ။ မကြောက်ပါနဲ့ သားရယ်။ အမေ သင်ပေးပ့ါမယ်။ ဘာအဓိပ္ပာယ်မှ မရှိပေမဲ့ တစ်ရက်နှစ်ရက် ဆယ်ရက် ပြောလို့ မကုန်နိုင်အောင်ပြောတဲ့ နည်းမျိုးလည်း ငါသင် လွှတ်လိုက်ပ့ါမ ယ်။ ဘာမှ မစိုးရိမ်နဲ့ ။ လောကကြီးထဲက ထွက်ပြီး လူချင်း ပြိုင်ချေရ မယ်။ နားလည်လား င့ါသား လူကလေး’

‘ဖြစ်မထင်ပေါင် အမေရယ်။ သူတို့ ကိုယ်က လှတယ်ဗျ’

‘ဟဲ့ ... လူကလေး၊ နင် မိုက်လှပါကလား။ လှတာ ဘာလုပ်ဖို့ လဲဟဲ့။ သူတို့ ကိုယ်က နှပ်ချေးနဲ့ ၊ မျက်ချေးနဲ့ ၊ နားဖာချေးနဲ့ ။ အပေါက်တွေဆို သမျှ ချေးတွေနဲ့ ချည်းပဲ။ နင့် အပေါက်က ဘာချေးမှ မထွက်ဘူး။ စင်လို့ ၊ ပြောင်လို့ ။ ပြီးတော့လည်း ပဲ သူတို့ က သေပြီးရင် ပုပ်စော်နံလို့ ဘယ် သူမှ မကပ်ချင်ဘူး။ င့ါသားကိုယ်က ဘယ်တော့ သေသေ ပုပ်လား၊ သိုး လား မရှိဘူးဟဲ့’

‘အမေ ပြောတာ ဟုတ်ပါရဲ့ ။ သူတို့ က ခွန်အား ရှိတယ်ဗျ’

‘ဟုတ်ရိုးလား သားရယ်။ သူတို့ ကျောမှာ အရိုး ကြီးဟဲ့။ မတော်တ ဆ ကျိုးသွားနိုင်တယ်။ နင့်ကျောရိုးက ဖားကောင်ရေ တစ်သောင်းကျော် တခွပ်ခွပ်ရိုက်လို့ မကျိုးခဲ့တဲ့ ဝါးရင်းတုတ်ကြီးဟဲ့’

‘ဒါဖြင့် ကျွန်တော် စကားပြောတော့ ဘာပြောရမလဲ အမေ’

‘ဟုတ်လှပါခင်ဗျား၊ မှန်လှပါခင်ဗျား၊ အမိန့်အတိုင်း ပါခင်ဗျား။ အဲဒီ လို စကားလုံးတွေသာ ရေလဲနဲ့ သုံးနေ။ ရန်သူ မရှိနိုင်ဘူး။ နားလည် လား၊ မှတ်မိလား’

‘မှန်လှပါ အမေ။ ကျွန်တော့် နှလုံးသားထဲမှာ စွဲထားပါတော့မယ်’

'အံမယ်... တယ်လာတဲ့ ဘူးတောင်းပါကလား ဟေ့။ သူ့ရင်ဘတ်ထဲမှာ ကောက်ရိုး ထည့်ပေးထားတာတောင် နှလုံးသားတွေ ဘာတွေနဲ့ ။ တော်ပါပေ့ကွယ်။ ရင်ဘတ်ပေါ် လက်တင်ပြီး ခေါင်းကလေး ညွတ်လိုက်ပါဦးလားကွဲ့ '

စာခြောက်ရုပ်လည်း လက်ဝဲဘက် ရင်ဘတ်ပေါ်တွင် လက်တစ်ဖက်တင်ကာ ဦးညွတ်လိုက်ရာ ဒွေးသာဂိမှာ တက်သွားတော့မတတ် ရယ်မောလေ၏။

၎င်းနောက် ဒွေးသာဂိသည် အလွန်ကြည်လင် ရွှင်ပျသော မျက်နှာထားနှင့် မိမိ ဖန်ဆင်းထားသော စာခြောက် ရုပ်အား ဩဝါဒ စကားများမှာ ကြား သွန်သင်လေ၏။ လောကကြီးသို့ ထွက်၍ လူချင်း ယှဉ်ပြိုင်ရမည့် ကိစ္စတွင် မောင် စာခြောက်မှာ လူတစ်ရာ၊ တစ်ထောင် အနက်တွင်မှ တစ်ယောက် တလေမျှလောက်သာ မိမိထက် အရည်အချင်း သာလွန်သော သူတွေ့ဖို့ ရှိကြောင်း၊ ဥစ္စာဓနအရာ ဌာန၌ မူ ကြွယ်ဝဆုံးသော လူများ နှင့် ပခုံးချင်း ယှဉ်နိုင်အောင် လက်ဖွဲ့လိုက် မည်ဖြစ်ကြောင်း၊ လက်ဖွဲ့မည့် ပစ္စည်းများမှာ အာဖရိကတိုက် ကင်ဘာလီစိန်တွင်း သုံးတွင်း၊ မိုးကုတ်မြို့မှ ပတ္တမြားတွင်း ငါးတွင်း၊ ရေနံချောင်းမှ ရေနံဆယ်တွင်း၊ မိုးကောင်းမြို့မှ ကျောက်စိမ်းဆယ်တွင်း၊ တွင်းငယ်မှ နီလာဆယ်တွင်း၊ ထားဝယ်မှ ဂူဖရန် သတ္တုဆယ်တွင်း၊ ပသျှူး ကျွန်းဆွယ်မှ ရော်ဘာခြံကြီး ငါးခြံ၊ အာရေဗျ သဲကန္တာရထဲ၌ မြေဧက တစ်သိန်း၊ လေထဲ၌ တိုက်ခံ အိမ်ကြီး တစ်လုံး၊ မြောက်ဝင်ရိုးစွန်းမှ အသည်း အေးအေးစားရန် ရေခဲတုံးကြီးများ ၊ နိုင်ဂါရာ ရေတံခွန်မှ ဓာတ်အား အလိုရှိသလောက်၊ ဟိမဝန္တာတောင်မှ လမ်းခင်းသည့် ဂဝံကျောက်တန် တစ်သိန်း စသည်တို့ ဖြစ်လေသည် ။ ရွှေတွင်းမှာ တူးဖော်ရန် ရတ်တရက် မဖြစ်နိုင်ဆို၍ အလွယ်တကူ နှိုက်ယူ သုံးစွဲနိုင်ရန် အတွက် စစ်ကြီးအတွင်းက အတ္တလ

န္တိတ် သမုဒ္ဒရာထဲ၌ ရေမြုပ်လက်နက် ထိမိ၍ နစ်မြုပ်သည့် ဘူလယံ ရွှေ တုံးတင် သင်္ဘောကြီး သုံးစင်းမှ ရွှေများကို အဆစ် ထည့်လိုက်သေး သည် ။ လက်ငင်းကိစ္စ ပေါ်ပေါက်၍ သုံးစွဲရန် အတွက်ကိုလည်း ပေးဦးမှ တော်မည် ဆို၍ ဒွေးသာဂိသည် မိမိ၏ အင်္ကျီခါးတိုထဲသို့ နှိုက်စမ်း သည် တွင် အလွန် ပွန်းနေသဖြင့် မုန့်တီသည် က ငြင်းခဲ့သည့် ရှေးငွေ မူးစေ့ ကလေး တစ်စေ့ တွေ့သဖြင့် လက်ထဲသို့ ထည့်ပေးလိုက်၏။ ထို့ပြင် သံ တိုမယ်န ဗွန်းကျိုး ဖလားကွဲသည် လာသော တစ်နေ့၌ ဆီနှင့် လဲလှယ်မ ည်ဟု ထန်းခေါက် တောင်းထဲ၌ ထည့်ထားသော ကြေးဝါဇွန်းကျိုး တစ် ချောင်းနှင့် ရေသောက် ကြေးဖလားကွဲ တစ်လုံးကိုလည်း တဘက် က လေးဖြင့် ထုပ်၍ ‘ကိုင်း…ရော့၊ ငါ့သား ဒီပစ္စည်းကို ထုခွဲပြီး ကမ္ဘာကို လှ ည့်မယ်ဆိုရင် လေယာဉ်ပျံနဲ့ သွားမလား၊ သုံးပင်တိုင်ကြီးနဲ့ သွားမလား လုံလောက်တယ် မောင်ရေ့’ဟု ဆိုကာ မောင်စာခြောက်သို့ ပေးအပ် လို က်တော့သည် ။

ငင်းပြင် မောင်စာခြောက် သွားရောက်မည့် မြို့တော်ကြီး၌ မိမိ၏ သားတော်မောင် မျက်နှာ မငယ်ရစေခြင်းငှာ ဒွေးသာဂိသည် မြို့ဝန် ထံသို့ အထိမ်းအမှတ်တစ်ခု ပေးအပ်လိုက်၏။ ၎င်းအထိမ်းအမှတ်မှာ အ ခြား မဟုတ်။ မြို့တော်ဝန်၏ နားသို့ ချဉ်းကပ်၍ စကားတစ်ခွန်းတည်း ပြောပြရန် ဖြစ်လေရာ ပြောရမည့် စကားတစ်ခွန်းကိုလည်း ဒွေးသာဂိ က မောင်စာခြောက်အား တီးတိုးမှာ ထား ပြောပြ လိုက်လေသည် ။

‘မြို့ဝန် ဦးရွှေအိုးက တော်တော် ကြီးသွားပြီ။ နို့ပေမဲ့ ငါပြောထားတဲ့ စကားလုံးကို တိုးတိုးကလေး ကပ်ပြောလိုက်ရင် သားကြီးအတွက် ဘာ မဆို ဆောင်ရွက် ပေးပါလိမ့်မယ်။ ဘာမှ အားမငယ်နဲ့ ကြားလား။ ဦးရွှေ အိုးကို အမေ ကောင်းကောင်း သိတယ်။ အမေ့ကိုလည်း ဦးရွှေအိုးက ကောင်းကောင်း သိတယ်။ မကြောက်လေနဲ့ ၊ နားလည်လား’

မောင်စာခြောက်လည်း ဦးခေါင်းညိတ်၍ ပြရာတွင် ဒွေးသာဂိက ဆက်လက်၍ ‘နားထောင်ဦးကွဲ့ ငါ့သား။ မြို့တော်ဝန် ဦးရွှေအိုးမှာ သမီးချော တစ်ယောက်ရှိလေရဲ့ ။ ငါ့သားကလည်း လူချော၊ စကားတတ်ဆိုတော့ ရှေ့သွား နောက်လိုက် ညီလှသပကွယ်။ ဟဲ… ဟဲ… ဟဲ… ဟဲ။ ခုနေတော့ ငါ့သားက မင်းကိုယ်မင်း အထင်သေးဦး မပကွယ်။ နို့ပေမဲ့ လောကကြီးထဲ ရောက်တော့ ဟိုလူ ဒီလူတွေနဲ့ ဆက်ဆံ ကြည့်တဲ့ အခါကျတော့ မင်းကိုယ်မင်း မညံ့ဘူးဆိုတာ သိလာ ပါလိမ့်မယ်။ ဟဲ… ဟဲ… ဟဲ… ဟဲ။ မင်းထက်သာတဲ့ လူ ခပ်ရှားရှား တွေ့ရမှာ ပါကွဲ့။ အမေပြောတာ ယုံကြည်ပါ။ မင့်ရုပ်မင်းရည်နဲ့ မင့် အရည်အချင်းနဲ့ ဆိုတော့ မြို့ဝန်သမီးက သဘောကျမှာ ပါကွဲ့။ ဘာမှ ယုံမှား သံသယ မဖြစ်လေနဲ့ ။ အမေပြောသလို ဖြစ်လိမ့်မယ်။ မျက်နှာထား ရဲရဲတင်းတင်း၊ ကိုယ်ဟန်လက်ဟန် မာန်ပါပါနဲ့ ရင်ဘတ် ကလေးကော့၊ ခါးကလေးထောက်၊ ခြေကလေး ရှေ့ပစ်တဲ့ ပြီး ခေါင်းကလေး ညိတ်လိုက်ရင် မြို့ဝန်သမီးက အလိုလို ပြုံကျလာမှာ ပါ ငါ့သားရဲ့ ’

ထိုအတောအတွင်း၌ မောင်စာခြောက်သည် ဒွေးသာဂိ ပေးထားသည့် ဒန်တိုကို တစ်သက်လုံး ဆေးတံသောက် လာခဲ့ပြီးနောက် အကြောင်း တစ်စုံတစ်ရာကြောင့် မသောက်ရဘဲ ဝေတ်ပြတ်နေခဲ့၍ ယခုမှ ဆေးအိုးနှင့် ပြန်တွေ့ရသည့် ဆေးတံ အစွဲသမား တစ်ယောက်သဖွယ် မြိန်ရေရှက်ရေ အားရပါးရ တစ်ဖွာပြီး တစ်ဖွာ မရပ်မနားဘဲ တရစပ် ရှူရှိုက်လျက်ရှိလေ တော့သည် ။ တစ်ချက် တစ်ချက်တွင် ဆေး၏ အရသာကို ခံစားနေသည့် အသွင်ဖြင့် မျက်လုံးများကို မှိတ်လျက် မှိန်းနေ လိုက်ချေသေး၏။ မောင်စာခြောက်၏ ပြုမူပုံများမှာ လူသား အစစ်တစ်ယောက်၏ အမူအရာနှင့် အံ့သြလောက်အောင် တူနေခဲ့လေပြီ။ ဒွေးသာဂိ မှာ ထားသော စကားများကို စိတ်ဝင်စား ဟန်နှင့် နားထောင်

လျက်ရှိစဉ် မောင်စာခြောက်သည် ဦးခေါင်းညိတ်သင့်သော နေရာ၌ ညိတ်၍ ယမ်းသင့်သော နေရာများ ၌ ယမ်းခါပြဖော်ရခဲ့လေပြီ။ ထိုမျှမက သေး နှုတ်ဖြင့်လိုက်၍ ဆိုသင့်သော နေရာများ ၌ 'မှန်လှပါခင်ဗျား''ဟုတ်ကဲ့အမေ''တယ်ဆိုတဲ့ စာပဲ''နိပ်ပါပေ့ဗျာ' စသော အာမေဍိတ် စကားလုံးများ ဖြင့် နှစ်သက် သဘောကျခြင်း၊ ယုံမှား သံသယဖြစ်ခြင်း၊ အံ့ဩခြင်း၊ သဘောတူခြင်း၊ ကန့်ကွက်ခြင်း စသော အဓိပ္ပာယ်တို့ ကို အချက်ကျ၍ ဆီလျော်အောင် ဖော်ပြလျက် ရှိလေပြီ။ တစ်စုံ တစ်ယောက်သော သူသည် ထရံပေါက်မှ ချောင်းကြည့်မိသဖြင့် မောင်စာခြောက်၏ ပြုမူ ပြောဆိုပုံများကို မြင်ရပါလျှင် ဤစာခြောက်ရုပ်ကား ဒွေးသာဂိ သွန်သင်မှာ ထားနေသော ဩဝါဒ စကားများကို အားလုံး နားလည်သည် ဟူ၍ မှတ်ထင်ပေလိမ့်မယ်။ မောင်စာခြောက်သည် ဒန်တိုမှ ရသော အငွေ့အခိုးများကို ကြာရှည်စွာ ရှိုက်ရှူလေလေ ၎င်း၏ ရုပ်လက္ခဏာများ သည် လူသား စစ်စစ်နှင့် တူလေလေ ဖြစ်လာခဲ့ပြီးလျှင် မျက်နှာထားသည် လည်း ပါးနပ်လိမ္မာသော အသွင် ဖြစ်လာ၍ အသံမှာ လည်း ပီသသည် ထက် ပီသ လာတော့သည် ။ ကိုယ်၌ ဝတ်ထားသော တောင်ရှည်ပုဆိုး၊ ဦးခေါင်း၌ ပေါင်းထားသော ရွှေကျင်ခတ်ပဝါ၊ ခြောက်ထောက်၌ စွပ်ထားသော ဟသ်ာ ခြေနင်းတို့ မှာ လည်း ဟောင်းနွမ်း စုတ်ပြတ်ခြင်း မရှိတော့ဘဲ ယခုမှ ချုပ်လုပ်ပြီးခါစ အသစ်ကျပ်ချွတ်သဖွယ် အရောင် တဖိတ်ဖိတ် တောက်လျက် ရှိကြလေပြီ။ ပါးစပ်ပေါက်ထဲသို့ ထိုးသွင်းထားသည့် စဥ့်အိုးကို ဝါးရိုးတပ်ထားသော ဒန်တို စုတ်ကြီးသည် ပင်လျှင် ပယင်းရိုး တပ်၍ ရွှေကွပ်ထားသည့် ရေမြုပ်ဆေးတံဖြစ်လာခဲ့လေပြီ။

မောင်စာခြောက်သည် ဆေးအခိုးအငွေ့ကို ရှူရှိုက် နေရသည့် အတောအတွင်း၌ သာလျှင် ဤသို့သော တန်ခိုး သတ္တိများ ရရှိ၍ ဆေးအိုး

ထဲ၌ ရှိသော ဆေးသည် ပြာဖြစ်သည် နှင့် တစ်ပြိုင်နက် အဆိုပါ သတ္တုထူးများ ကွယ်ပျောက် သွားလိမ့်မည်ဟု စိုးရိမ်ဖွယ်ရှိ၏။ ဒွေးသာဂိသည်လည်း ဤအခြင်းအရာကို ကြိုတင် သိမြင်ထားပြီး ဖြစ်သည် နှင့် -

'နေဦးကွဲ့ ငါ့သား။ မင့်ဆေးအိုးကို ဆေးဖြည့်ပေး ဦးမယ်'ဟု ဆိုကာ ဒွေးသာဂိသည် ပါးစပ်ပေါက်၌ ရှိသော ဒန်တိုကို နုတ်ယူ၍ ပြာများကို ခါထုတ်ပြီးလျှင် အုန်းမှုတ်ခွက်မှ ဆေးမှုန်များ ထည့်ပေးနေသည့် အခိုက် အတန့်၌ မောင်စာခြောက်သည် အခစား ဝတ်ဆင်ထားသော လူချောလူလှ တစ်ယောက်အဖြစ်မှ တုတ်ချောင်းနှင့် ဘူးတောင်းကွဲ အစုအဝေး အဖြစ်သို့ ပြောင်းလဲသွားပုံမှာ မြင်သူရှိခဲ့လျှင် နှမြောလောက်ပါ ပေသည်။ ဒွေးသာဂိသည် ဆေးအိုးထဲသို့ ဆေးမှုန့်သိပ်ထည့်၍ ဒန်တိုကို ပါးစပ်ပေါက်ထဲသို့ ထိုးထည့်ပေးပြီးနောက်-

'ပေါက်တူးရေ ... ဆေးအိုးဖို့ မီးယူခဲ့ဟေ့'

နောက်တစ်ခဏ၌ ဆေးအိုးထဲတွင် ရဲရဲနီသော ဒဟတ်သားခဲက် မီးကျီးခဲတစ်ခဲ ရောက် လာလေရာ မောင်စာခြောက်သည် နားလည်ပြီး ဖြစ်သည့် လက္ခဏာနှင့် ဒွေးသာဂိက ဖွာဖို့ အမိန့်ပေးခြင်းကိုပင် မစောင့်တော့ဘဲ အလိုအလျောက် ရှူဖွာလေတော့သည် ။ အရှိန် မရသောအခါတွင် ဖားဖိုထိုးခြင်း ကဲ့သို့ တစ်ချက်ချင်း မှန်မှန်ကြီး စွဲတော့သည် ။

'ကိုင်း ... ချစ်သား မောင်စာခြောက် အမေ တစ်ခု မှာ လိုက်မကွဲ့နော် ။ သတိထား မှတ်သွားလေ။ ဘယ်လိုအဖြစ် ရောက်ရောက်၊ ဘာနဲ့ တွေ့ရတွေ့ရ ဆေးတံကို ရှူဖို့ မမေ့နဲ့ နော်။ ငါ့သား ကောင်းကောင်း သတိပြုကွဲ့။ မင့်အသက်ဟာ ဆေးတံထဲမှာ တည်နေတယ်နော်။ ဒီပြင်ဟာတွေ မင်းမသိတောင် ဒါတစ်ခုတော့ မင်းသိတယ် ဟုတ်လား။ ဒန်တိုကို ဘယ်အခါမှ လက်မလွှတ်စေနဲ့ ကွဲ့နော်။ ကြပ်ကြပ်ဖွာ၊ ကြပ်ကြပ်ရှူ၊ ကြပ်

ကြပ်ရိုက်လေကွဲ့။ အငွေ့ တခြောင်းခြောင်း ထွက်နေအောင် အမြဲ သောက်နေ ကြားလား။ သူများ တကာက မေးကြမြန်းကြရင် ကျန်းမာရေးအတွက် ဆရာဝန်က သောက်ရမယ်ဆိုလို့ သောက်ရတယ်ပြော။ ပြီးတော့ တစ်ခု မှတ်သွားဦးဟေ့။ ငါ့သား ဆေးအိုးထဲမှာ ဆေးကုန်ခါနီး ပြီဆိုမှ ဖြင့် ချောင်တစ်ချောင်သွား။ ဗိုက်ပြည့်အောင် တစ်ချက် ရှိုက်သွင်း။ ပြီးတော့မှ 'ပေါက်တူးရေ ... ဆေးတစ်ဆုံစာ ယူခဲ့ဟေ့''ပေါက်တူးရေ... ဆေးအိုးဖို့ မီးကျီးတစ်ခဲ ယူခဲ့ ဟေ့လို့ ပြောလိုက်။ ဆေးရော၊ မီးခဲရော ချက်ချင်း ရောက်လာလိမ့်မယ်။ ရောက်ရောက်ချင်း သောက်လိုက်နော်။ နို့မဟုတ်ရင် သူဌေးသား လူချောကလေး အသွင်ပျောက်ပြီး အဝတ်စုတ်ဖုံးထားတဲ့ ကောက်ရိုးထုပ်နဲ့ တုတ်ခနောင်းပေါ် ဘူးတောင်း ဆင့်ထားတဲ့ ဓာတိရုပ် ပေါ်လာလိမ့်မယ်။ ကိုင်း ... သွားပေတော့ အမေ့သားကြီး။ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေကွယ်'

ထိုအခါ မောင်စာခြောက်က ဖွာထားသော ဆေးငွေ့ကို ခေါင်းတိုင်ပမာ တစ်ချက် မှုတ်ထုတ်လျက် မာနသံပါပါ လေသံမာမာနှင့် 'မစိုးရိမ်ပါနဲ့ အမေ။ လူပေါ်လူဇော် ဖြစ်လာအောင် လုပ်ပြပ့ါမယ်။ စောင့်လို့ သာ သတင်း နားထောင် နေပေတော့' ဟု ပြန်ပြောသေး၏။

'ဟား ... ဟား ... ဟား ... ဟား နေရာကျ လိုက်လေကွယ်။ ငါ့သား ပြောလိုက်ပုံကလေး အားရှိသဟေ့။ လူပေါ်လူဇော် လုပ်မယ်တဲ့ ။ ဒီစကားလုံး သူဘယ်က ရပါလိမ့်။ ဒီစကားသုံးတဲ့ စာအုပ်ရှင်တော့ဖြင့် လူပေါ်လူဇော် ဖြစ်သွား ပေတာပဲ။ မင်းလည်း ပဲ သူဖြစ်သလို ဖြစ်မယ်ဆို အမေ ဝမ်းသာ သပေ့ါကွယ်။ သူလည်း ခြေနှစ်ချောင်းနဲ့ ခေါင်းတစ်လုံး၊ ငါ့သားကြီးလည်း ခြေနှစ်ချောင်းနဲ့ ခေါင်းတစ်လုံး။ ဘောက်မဲ့ မဖြစ်ရမလဲဟေ့။ မဖြစ်ဘူးလို့ ဘယ်သူက ပြောဝံ့သလဲ။ ပြောဝံ့တဲ့ သူငါတွေ့စမ်းချင်တယ်။ ဒွေးသာဂိတဲ့ ကွဲ့နော်။ လူစင်စစ်က မျောက်ဖြစ်

သွားအောင် ပြုစား ပစ်လိုက်မယ်။ နှယ်နှယ်မှတ် သလား။ ကိုင်း… ကိုင်း ပြောနေကြာရော့၊ ထွက်ပေတော့ ငါ့သား။ ရော့… အမေ့ တောင်ဝှေးက လေး ကိုင်သွားလိုက်ဦး။ လက်ချည်းပဲတော့ ဂိုက်ဆိုက် မပြည့်ဘူး ပြော ကြလိမ့်မယ်။ ရော့ … ယူသွား'

ဒွေးသာဂိသည် ဆစ်တိုဝါးဖြင့် ပြုလုပ်ထားသော တောင်ဝှေးကို မောင်စာခြောက်၏ လက်သို့ ပေးလိုက်ရာ တောင်ဝှေးသည် မောင်စာ ခြောက်လက်သို့ ရောက်သည် နှင့် တစ်ပြိုင်နက် မိုးကြိုးကွပ်သည့် ချယ် ရီတုတ်ကောက် ဖြစ် လာလေ၏။

'ဟဲ့ … နေဦး။ နင့်နာမည်ကို လူများ မေးရင် ဘယ့်နှယ်ပြောမလဲ'

'ခက်ချည့်အမေ၊ လုပ်ပါဦး။ မောင်မောင်ခြောက် မကောင်းဘူးလား။ အရာရှိ မျိုးရိုး ထင်အောင်လေ'

'ဟယ် … ခုကာလ အရာရှိမျိုးမှ မောင်မောင် မှ ည့်တာလိုက်လို့ ခွေးလှေးကြမ်းပိုး မောင်မောင်တွေ ပြည့်လို့ ။ နေဦး၊ ဒီလိုလုပ်ကြစို့။ မင်းညီ မင်းသား ထင်အောင် ထိပ်တင်ခြောက်လို့ မှ ည့်ကြစို့။ ဒါလည်း မလွဲပါဘူး။ ငါ့အဘိုးရဲ့ ယောက်ဖရဲ့ နှမဝမ်းကွဲ တစ်ယောက်ဟာ ရွှေ နန်းတော်ကြီးက ရှင်ဘုရင်ရဲ့ ဝတ်လဲတော် ခေါက်တဲ့ လူရဲ့ မယားငယ် ဖြစ်ဖူးတယ် ပြောတယ်။ ငါက နန်းတော်ကြီးက အဆက်။ နင်က ငါ ဖန် ဆင်းတဲ့ သားဆိုတော့ မင်းသွေးပါတယ်လို့ မဆိုနိုင်ဘူးလား'

'ဟုတ်သားပဲ အမေ။ ကျွန်တော့်ကို စိတ်ကြီး ဝင်သွားတာပဲ'

'ကိုင်း … ကိုင်း ထွက်တော်မူပေတော့။ ဟိုဟာ ဒီဟာ စုကာစည်း၊ ဒွေးသာဂိရဲ့ ခြောက်ထိပ်တင်ရယ်'

'အံမယ်… အမေက ဆိုင်းဆင့်တာတွေ ဘာတွေ နဲ့ ပါတကား'

'ဆိုင်းဆင့်တာ မဟုတ်ဘူး ကွဲ့၊ မိုက်ပါဘိတော့။ ကဗျာမတတ် ဘာမတတ်နဲ့ ။ ဒါက ရှစ်ဆယ်ပေါ် ခေါ်တယ်ကွဲ့ ထိပ်တင်ခြောက်ရဲ့ '

'ဩော် ... ဟုတ်လား အမေ။ ဒါထက် ထိပ်တင် ခြောက် ဆိုတော့ကော ကောင်းရဲ့ လား အမေ'

'ဒါဖြင့် နင်က ခုနစ်ကြိုက်သလား၊ ရှစ်ကြိုက် သလား။ များ တိုင်း ကောင်းတာ မှတ်လို့ ဟယ်'

'ရှိပါစေတော့ဗျာ။ ကျွန်တော့်ခြောက်နဲ့ ကျွန်တော် နေပါတော့မယ်။ ကိုင်း ... သွားလေဦးမှ တော်မကိုး။ ကိုင်း... ယောက်ျားတောင် ဖအောင်းနဲ့ ခေါင်းတစ်ရာပေါင်းကာ သိမ်းချုပ်'

'အံမယ်... နင့်ဟာကမှ ဆိုင်းဆင့်တာဟဲ့'

'ဟုတ်လား... ပြောတတ်ပေါင် အမေ။ ရှမွေးလုံးအဖြစ်နဲ့ တောထဲမှ ပေါက်နေတုန်းက မင်းသားကြီး ဆိုင်းဆင့်တဲ့ လေသံဝင်သွား ထင်ပါရဲ့ '

'ဟား... ဟား... ဟား... ဟား တော်တော် အူရွှင်တဲ့ မှို့ခြောက် ပါတကားဟဲ့။ စိုများ စိုရင် ငါတော့ အူတက် သေလိမ့်မယ် ထင်တယ်'

ထိပ်တင်ခြောက်သည် ဒွေးသာဂီအား ရိုကျိုးသမှု ဒူးထောက်ကာ ဝပ်ချကန်တော့ပြီးနောက် ရွာအနောက်ပေါက်မှ ထွက်လာ၍ တုတ်ကောက် တယမ်းယမ်း လေကလေး တစ်ချွန်ချွန်နှင့် လျှောက်သွားလေရာ ခြစ်ခုံနှင့် ထွန်ခြစ်လက် ကိုင်ရိုးတို့ မှ ဖြစ်လာရသော ခြေထောက်များ ဖြစ်သည့် အတွက် ခြေလှမ်းသောအခါ၌ ခပ်တောင့်တောင့် ရှိနေသော်လည်း တဲပေါက်မှ မျှော်ကြည့် နေရစ်သော ဒွေးသာဂီ၏ မျက်စိထဲ၌ မူ အလွန်တစ်ရာ ခံ့ညား၍ စစ်ဗိုလ်ကြီး ဗန္ဓုလ ခြေလှမ်းပုံနှင့် တူသည် ဟု မှတ်ထင်မိ၏။ ရွာအနောက်ဘက်၌ ရှိသော လက်ပံပင်ကြီးကို ကျော်လွန်၍ မူး

ချောင်းတံတားကို ဖြတ်ကျော်ပြီးနောက် လမ်းကွေ့သို့ ချိုးသွားသဖြင့် မျက်ခြည်ပြတ် သွားသောအခါတွင် မှ ဒွေးသာဂိသည် ‘ဥုံဖွ…ချီးတုံး မတ်တတ်ထစေသတည်း’ အစရှိသော စုန်းကဝေတို့ ၏ ဆုတောင်းကို တတွတ်တွတ် ရွတ်ဆိုကာ တဲထဲသို့ ပြန်ဝင် သွားလေသတည်း။

ဘုန်းကြီးကျောင်းများမှ နေ့ဆွမ်းဘုဉ်းပေးချိန် အထိမ်းအမှတ်ဖြင့် ခေါင်းလောင်းသံနှင့် ကြေးစည်သံတို့ တညံ့ညံ့ ထိုးခေါက်လျက် ရှိကြစဉ် ဒွေးသာဂိ၏ ဝမ်းမနာသား ကျွန်ုပ်တို့ ၏ ဟီးရိုး ဇာတ်လိုက် ထိပ်တင်ခြောက်သည် ရုံး စိုက်ရာဌာန ဖြစ်သော မြို့ကြီး၏ စည်ကားသော လမ်းကြီး တစ်လျှောက် ဝင်ရောက်လာခဲ့လေသည် ။ လမ်းနံဘေးရှိ အကြော်ဆိုင်၊ မုန့်ဟင်းခါးဆိုင် စသည် တို့ ၌ သာရေစာ စားသောက်လျက်ရှိသော မြို့သူမြို့သားများ သည် ထိပ်တင်ခြောက်၏ သစ်လွင် တောက်ပြောင်သော အဝတ်တန်ဆာများ နှင့် ခံ့ထည် သိုက်မြိုက်သော ကာယဣန္ဒြေကို မြင်ကြသည့် အခါ ဤလူကား ဝန်ထောက်ထက် မသေးသော အရာရှိ တစ်ယောက် ဖြစ်ရမည်ဟု အချို့က ခန့်မှန်း၍ အချို့ကလည်း မင်းတိုင်ပင် အမတ်တစ်ယောက် ဖြစ်ရမည်ဟု တွေးဆကြ၏။ တစ်ယောက်သော လူကမူ-

‘ခင်ဗျားတို့ တွေးတာတွေ အားလုံး လွဲတယ်။ သူ့ ဖိနပ်ကို ကြည့်ကြစမ်းပါ။ ဟသ်ာဖိနပ် မဟုတ်ဘူး လား။ မင်းညီမင်းသားမို့လို့ ဒီဖိနပ်မျိုး စီးတာဗျ’ဟု ပြော၏။

ဤတွင် အခြား တစ်ယောက်က ‘မင်းညီမင်းသား ဖြစ်ရင် ဒီဖိနပ်မျိုးကို အရပ်ထဲမှာ ဘယ်စီးတော့မှာ လဲဗျ။ ခင်ဗျားလူ ဇာတ်မင်းသား ဖြစ်မှာ ပဗျာ’ဟု ထင်မြင်ချက်ပေး၏။

‘ဟုတ်သားပဲဗျာ။ အင်္ကျီကလည်း ထိုင်မသိမ်း အင်္ကျီဗျ။ ပွဲထဲက

ဇာတ်မင်းသားမှ ဝတ်တာ မဟုတ်လား’ဟု ထောက်ခံလိုက်၏။

ထိုအတောအတွင်း၌ အချိတ်ပုဆိုး တောင်ရှည်ခါးပုံစကို ဖုတ်မလူး စေရန် ခါးတွင် ပတ်၍ ချယ်ရီတုတ်ကောက် ဝင့်ကာ ဆေးတံကို တဖွားဖွား ရှူဖွာလျက် ရွှေကျင်ခတ်ပဝါကို ဘီအေပေါင်းခေါ် ခပ်စောင်းစောင်း ပေါင်းထားပြီးလျှင် ဒေါမာန်ပါပါနှင့် လျှောက်လာသော ထိပ်တင် ခြောက်သည် အတန်ငယ် ပူအိုက်လာသော အချိန်ဖြစ်၍ ချွေး အနည်းငယ် စို့လာသော နဖူးပြင်မှ ရွှေကျင်ခတ် ခေါင်းပေါင်းကို အထက်သို့ မခို့တရို့ တင်လိုက်ရာတွင် အလုပ်ကြမ်းဆို၍ လက်ဖျားနှင့် မတို့ ဖူးသဖြင့် ဖြူစင် နုထွတ်လှစွာသော လက်ဖဝါးပြင်နှင့် လက်ချောင်းများကို မုန့်ဆိုင်မှ လူများ မြင်လိုက်ကြရသည် နှင့် ပါးစပ်ဟ ကာ အံ့သြ ငေးမော နေကြလေတော့သည် ။

လက်ယာဘက်တွင် ကိုင်ထားသော မိုးကြိုးကွပ်သည့် ချယ်ရီတုတ် ကောက်ကို ထားဘိဦး။ လက်ဝဲဘက်၌ ကိုင်ထားသည့် ပယင်းရိုးတွင် ရွှေကွပ်ထားသော ရေမြုပ်ဆေး တံကြီးမှာ ဆံပင်ဖားလျား ချထားသည့် အင်္ဂလိပ်မလေး၏ ငယ်ထိပ်တည့်တည့်မှ အခိုးအလျှံ ထွက်နေသည့် ပုံသဏ္ဍာန်ဖြင့် အံ့သြဖွယ် ထုလုပ်ထားခြင်း ဖြစ်လေသည် ။ ထိပ်တင်ခြောက် သည် ခြေလေး ငါးလှမ်း လှမ်းမိတိုင်း လက်ဝဲလက်မှ ဆေးတံကို ပါး စောင်သို့ ထိုးသွင်းကာ ထောင်းခနဲ၊ ထောင်းခနဲ အခိုးထွက်လာအောင် ရှူဖွာ၍ မြိန်ရေရှက်ရေ ရှိုက်သွင်း ပြီးမှ နှာခေါင်း၊ ပါးစပ်တို့ မှ အခိုးများ ထွက်လာခြင်းကို မြင်ရသည် နှင့် ပင် ခံတွင်းချဉ်ပြေရမတတ် အောက်မေ့ မိကြလေသည် ။

ဤအဝတ်အစားမျိုး၊ ဤဂိုက်ဆိုက်မျိုး၊ ဤလူ သွေးလူရောင်မျိုး၊ အ ထူးသဖြင့် ဤဆေးတံမျိုး သောက်၍ လမ်းလျှောက်ခြင်း ဟူသည် မှာ

နေ့စဉ်နှင့် အမျှ တွေ့မြင်ကြရသော ကိစ္စ မဟုတ်ဘဲ တစ်သက်တွင် တစ်ခါဆို သကဲ့သို့ အလွန်တရာ ကြုံရခဲလှသော အခြင်းအရာ ဖြစ်ပေရကား ခရီးသွားများ နှင့် မုန့်စားသူများ သည် မုန့်ပန်းကန်များကို ချထား၍ ထိုလူကို ငေးမောကာ မည်သူမည်ဝါ ဖြစ်လေသည် ကို ခန့်မှန်း ပြောဆိုနေ ကြလေတော့သည်။

'ဘယ်သူက ဘာပြောပြော လူပုံလူပန်း မြင်ရတာနဲ့ အထက်တန်းစား လူတစ်ယောက် ဖြစ်ရမယ် ဆိုတာကို ကျမ်းကိုင် ပြောဝံ့တယ်ဗျ'

'အထက်တန်းစားဆိုရင် ကိုယ်ပိုင်ရထားနဲ့ ၊ မော်တော်ကားနဲ့ လာရမှာ ပေါ့နော်။ နေပူကျဲကျဲကြီးထဲမှာ ခြေလျင် လျှောက်လာပါ့မလားလို့ '

'သူပြောတာ ဟုတ်ပေတယ်ဗျ'

'ဘယ်ကလာ ဟုတ်လိမ့်မှာ လဲ။ အထက်တန်းစား ဆိုရင်ကော ကိစ္စအရေးကြီးရင် ခြေလျင် မသွားရတော့ဘူး လားဗျ'

'လူရောင်လူဝါကို ကြည့်ကြပါဗျ။ ဒီလိုလူဆိုရင် ကျုပ်တို့ ကတော့ အဝတ်စုတ်တွေချည်း ဝတ်လာပါစေ မင်းညီမင်းသားထဲကလို့ ချက်ချင်းပြောဝံ့တယ်'

'လူပုံက အောက်သားနဲ့ တူတယ်ဗျ။ ကျုပ်တို့ အညာသားထဲက ဘယ်လောက်ကြွားကြွား ပယင်းရိုးတပ်တဲ့ ရေမြှုပ်ဆေးတံတော့ မသောက်ပေဘူး ထင်တယ်'

'ခြေလှမ်းပုံက တစ်ဆိတ်လောက် တောင့်တင်းတင်း မနေဘူးလားဗျာ'

'ကျုပ်ကတော့ စစ်မှုထမ်းထဲကလို့ ထင်တယ်ဗျာ။ တယ်ပြီး ရင်ကော့သား ကောင်းတယ်'

'ခုံခုံညားညားနဲ့ ယဉ်ကျေးပုံထောက်တော့ မွန် တိုင်းပြည်ကြီးက သံကြီး တမန်ကြီး ဖြစ်လေရော့လားဗျာတို့ '

'ဟုတ်ချင် ဟုတ်မယ်ဗျို့။ ကျုပ်တို့ မြို့ဝန်က အောက်ပြည်နဲ့ အဆက် အသွယ် ရှိတယ်လို့ ကြားဖူးတယ်'

'ဘာပဲပြောပြော ရုပ်ကတော့ ချောပေတယ်ဗျာ။ နှာတံကြီးက စင်းလို့ ။ မျက်လုံးက ကြည်လိုက်ပုံ ကြည့်စမ်း ပါဦး။ မီးတောက်မီးလျှံ ထွက် တော့မလို ဝင်းခနဲ လက်ခနဲ နေတာပဲ'

ထိုအခါ အမျိုးသမီး တစ်ယောက်က'နှာတံပေါ်ကြီးနဲ့ ချောလိုက်တဲ့ လူရှင်။ မြင်တောင် မမြင်ဖူးသလောက် ပါဘဲ'ဟု ပြောလိုက်သည် ကို အ နီးသို့ ရောက်လာသော ထိပ်တင်ခြောက်က ကြားလိုက်သည် နှင့် 'ဒီက လည်း နှမလောက် ချောတဲ့ မိန်းမ မတွေ့ရဖူးတာ အမှန်ပါဗျာ'ဟု မျက်နှာ ရွှမ်းရွှမ်းနှင့် ပြောလိုက်ရာ ပြောမိသော အမျိုးသမီးမှာ မျက်နှာပူ သည် နှင့် ဦးခေါင်းငုံ့လျက်ရှိစဉ် ယောကျ်ားများက'အချက် ကျအောင် ပြောတတ်တဲ့ လူပဲကွာ၊ လွန်ရော'ဟု ချီးကျူး ကြ၏။

ထိပ်တင်ခြောက်ကို မြင်ရသူများ သည် ယောကျ်ား၊ မိန်းမ မရွေး တ စ်ယောက် တစ်မျိုးစီ ချီးကျူး ပြောဆိုနေကြသည့် အထဲတွင် သဘောမ တူသော အမူအရာ ဖော်ပြသူဆို၍ နှစ်ဦးတည်းသာ ရှိလေသည် ။ ခွေးက လေး တစ်ကောင်သည် ထိပ်တင်ခြောက် အနီးသို့ ချဉ်းကပ်၍ ခြေဖ နောင့်ဆီသို့ နှာခေါင်းနှင့် ကပ်ကာ အနံ့ခံပြီးနောက် တင်ပါးအောက်သို့ အမြီးကို ကုတ်သွားလျက် ဦးခေါင်းကို အထက်သို့ထောင်ကာ မကြားဝံ့ မနာသာ အူပြေးလေတော့သည် ။ ငါးနှစ်သားသာ သာ ရှိသော ကလေး တစ်ယောက်သည် လည်း ထိပ်တင်ခြောက်၏ မျက်နှာကို မော့ကြည့်ပြီး နောက် ပါးစပ်ကိုဖြဲ လျက်'ဘူးဒီး ခြောက်ကြီး ဂျ... နော်ကြောက်တယ်'

ဟု ဆိုကာ မိခင်ကို ဖက်ထားလေသည်။

ထိုအတောအတွင်း၌ ထိပ်တင်ခြောက်သည် မင်းလမ်းမကြီး တစ်လျှောက် ဖြောင့်တန်းစွာ လျှောက်သွား၍ မိမိ ကြားလောက်အောင် အသံထုတ်ကာ ချီးကျူးစကားပြော သူများအား ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် ပြုံးရယ်ကာ ဖွေးဖွေးဖြူသော မိမိ၏ သွားများကို ဖော်ပြရုံမှ တစ်ပါး လက်ဝဲလက်ယာတို့ သို့ ကွေ့ကောက်ခြင်း မရှိဘဲ ဆေးတံကိုသာ တွင် တွင် ကြီး ဖွာလျက် လျှောက်သွားတော့သည်။ အားလပ်သော သူများ သည် လည်း အဘယ်အရပ်သို့ သွားလေသနည်း ဟု သိလိုသည်နှင့် ထိပ်တင်ခြောက်နောက်မှ တကောက်ကောက် စုရုံး လိုက်ပါသွားကြတော့သည်။

နောက်ဆုံး၌ ထိပ်တင်ခြောက်သည် မြို့ဝန်ဦးရွှေအိုး၏ နေအိမ်သို့ ရောက်လာ၍ ဝင်းတံခါးကို ခေါက်ပြီးလျှင် တံခါး မဖွင့်မီ ရပ်စောင့်နေရသည့် အတောအတွင်း ဆေးတံမှ ပြာများ ခေါက်ထုတ်သည် ကို လူများက ကြည့်နေကြ၏။

'သူ့ပါးစပ်က တွတ်တွတ် တွတ်တွတ်နဲ့ ဘာပြောတာလဲကွ သူငယ်ချင်း'

'ဆိုနိုင်ပါဘူး သူငယ်ချင်းရာ။ ငါ့မျက်စိထဲမှာ သူ့ရုပ်က ချက်ချင်း မှိန်သွားသလိုလို ငါထင်လိုက်တယ်ကွ။ ငါ့မျက်စိက နေပူလွန်းလို့ မှုန်သွားထင်ပ့ါကွာ'

'မင်းက ဘာကြည့်နေတာလဲ။ ငါကတော့ သူ့ဆေးတံကို ကြည့်နေတယ်။ ခုနတုန်းက မီးငြိမ်းနေ မှတ်တယ်။ အခုတော့ မီးခဲကြီးနဲ့ ရဲလို့၊ မြင်ဘူးလားကွ။ ဒီလူဟာ လူဆန်းတစ်ယောက် ထင်တယ်ကွ'

'ဟုတ်မှာ ပေ့ါကွ၊ မှိန်ချည် လက်ချည်နဲ့ ။ ဟော ... မြို့ဝန်သမီး ခင်ခ

င်ကြီးက လေသာ ပြတင်းပေါက်က မျှော်ကြည့်နေတာ တွေ့ရလား။ တို့ ခင်ခင်ကြီးတော့ သွားပါပြီ။ ပါတော့မှာ ပါပဲ’

ထိုအချိန်၌ ဝင်းတံခါးကြီး ဖွင့်ပြီဖြစ်၍ ထိပ်တင်ခြောက်သည် ကျောင်းသားများအား ကျောင်းဆရာက ကြည့်သည့် အထက်စီး ကြည့်နည်းမျိုးဖြင့် လမ်းပေါ်ရှိ ပရိသတ်ကို ကြည့်ကာ ပြုံးပြပြီးနောက် ဝင်းထဲသို့ ဝင်သွား၏။ ဖော်ပြခဲ့သည့် ခွေးတစ်ကောင်နှင့် ကလေး တစ်ယောက်မှ တစ်ပါး ထိပ်တင်ခြောက်၏ မူမမှန်သော အဖြစ်ကို မည်သူမျှ မရိပ်မိချေ။

မြို့ဝန်၏ သမီး ခင်ခင်ကြီးမှာ ဖြူဖြူတုတ်တုတ်၊ ဖောင်းဖောင်းအိအိ အဆက်အပေါက်ရှိ၍ မထူလွန်း၊ မနပ်လွန်းသော မိန်းကလေး တစ်ယောက် ဖြစ်၏။ ရယ်လိုက်သောအခါ ပါးစပ်တစ်ဖက် တစ်ချက်ပေါ်တွင် ဗွေလှည့်ကာ ခွက်ဝင်အားသော ပါးပိန့် ကလေးများ နှင့် အမှန်ပင် ချစ်ဖွယ်ကောင်းသော မိန်းမပျိုလေး ဖြစ်၏။ ခင်ခင်ကြီးသည် ထိပ်တင်ခြောက်ကို ပြတင်းမှ မြင်လိုက်ရသည် နှင့် မျက်နှာ၌ တို့ ပတ်ရိုက်ကာ ယပ်တောင်ကလေး ကိုင်လျက် ဆင်းလာ၏။

ထိုအတောအတွင်း၌ ထိပ်တင်ခြောက်သည် ဧည့်ခန်းသို့ဝင်၍ အလွန်တရာ မျက်နှာထားတင်းသော မြို့ဝန် ဦးရွှေအိုးနှင့် တွေ့ဆုံသည် တွင် ဒွေးသာဂိ မှာ ထားလိုက်သည့် လျှို့ဝှက်သော စကား တစ်လုံးကို ဦးရွှေအိုး၏ နားအနီးသို့ ကပ်၍ တီးတိုး ပြောလိုက်သည် ။ ဤတွင် ဦးရွှေအိုးသည် ပျူငှာသော မျက်နှာထား ဖြစ်ပေါ် လာပြီးလျှင်‘ဟဲ့… သမီး ခင်ခင်ကြီးရေ၊ နင့်အစ်ကိုကြီး တစ်ယောက် ရောက် လာပြီဟေ့။ လာပြီး ဧည့်ခံလှည့်ပါဦးကွယ်။ ချိုပွဲချဉ်ပွဲများ ပြင်ယူခဲ့လို့ ဗျိုဒုံကို ပြောလိုက်ဟေ့’ ဟူ၍ ပြောလိုက်၏။ ခင်ခင်ကြီးသည် အပေါ်ထပ်မှ ဆင်းလာရင်း ဗျိုဒုံအား လက်ဖက်ရည်ပွဲများ ပြင်ယူခဲ့ဖို့ မှာ ထားပြီးလျှင် ဧည့်ခန်းသို့ ဝင်

လာလေ၏။

ထိုအခါ မြို့ဝန် ဦးရွှေအိုးက'လာကွဲ့ သမီး၊ ဟောဒီက ဧည့်သည် နဲ့ စကား ပြောပါဦးကွယ်။ ဖေဖေကတော့ ရုံးကိစ္စကလေး ရှိသေးလို့ ခဏ သွားလိုက်ဦးမယ်'ဆို၍ အပြင် သို့ ထွက်သွားလေ၏။ ထိပ်တင်ခြောက်မူ ကား အခန်းထဲသို့ ဝင်လာသော မြို့ဝန်သမီး ခင်ခင်ကြီးကို ပြုံးချိုသော မျက်နှာ ထားနှင့် ကြည့်နေရာမှ အမြီးအတောင်ကို ဖြန့်၍ ကသော ဥဒေါ င်းငှက်ကဲ့သို့ တောင်ရှည်ပုဆိုး တဖြန့်ဖြန့်၊ ရွှေကျင်ခတ် ခေါင်းပေါင်း တ ပြင်ပြင်၊ ရေမြှုပ်ဆေးတံ တဝင့်ဝင့်ဖြင့်'ငါသို့သော လူကို မချစ်ကြိုက်ဘဲ နေနိုင်သေးရဲ့ လား'ဆိုသော အမူအရာမျိုးနှင့် မိမိကိုယ်ကိုယ် လှည့်ပတ် ပြသနေလေ၏။ အမှန်မှာ ထိပ်တင်ခြောက်သည် ခင်ခင်ကြီးကို မြို့ဝန် က ခေါ်လိုက်ကတည်းက ဆေးငွေ့များကို တရစပ် ရှိုက်သွင်းပြီး အခိုးမ ထုတ်ဘဲ အသက် အောင့်ထားလေရကား။ ကိုယ်ရောင် ကိုယ်ဝါ တောက် ပစွာနှင့် ရှုမြင်သူ စွဲမက်လောက်စရာ ဖြစ်နေပေ တော့သည် ။ မြို့ဝန်သ မီး ခင်ခင်ကြီးလည်း စွဲမက်ခဲ့လေပြီ။

ခင်ခင်ကြီးသည် ထိပ်တင်ခြောက်နှင့် အတူ ယှဉ်ကာ ဧည့်ခန်းကြီး အလယ်၌ ရပ်လျက်ရှိစဉ် ဝမ်းထဲက ပီတိ တစိမ့်စိမ့် ဖြစ်သည် နှင့် 'ဤ လူနှင့် ငါ ထိမ်းမြားရလျှင် ရှေ့သွား နောက်လိုက် ညီပါမည်လော'ဟု သိ ချင်သော ဇောကလေး ပေါ်ပေါက်လာ၏။ သို့ဖြစ်၍ ဧည့်ခန်းထဲ၌ ရှိ သော ကိုယ်လုံး ပေါ်မှန်ကြီးထဲသို့ မိမိတို့ နှစ်ယောက်၏ အရိပ်ကို ကြည့် မည်ဟု လှည့်လိုက်၏။ ဤမှန်ကြီး၏ ထူးခြားသော သတ္တိတစ်ခုမှာ မည် သူမဆို ၎င်းမှန်ထဲသို့ ကြည့်လိုက်သည့် အခါ အကြင်သူ၏ နဂိုပကတိ ဇာတိ ရုပ်သွင်အတိုင်း ပေါ်ထွက်လာတော့သည် ။ ခင်ခင်ကြီးသည် ကိုယ်လုံးပေါ်မှန်ကြီးထဲသို့ ဦးခေါင်းငဲ့ကာ ကြည့်လိုက်မိသည် နှင့် တစ် ပြိုင်နက'အမလေး ... လုပ်ကြပါဦး တော်တို့ ' ဟု ဟစ်အော်ကာ မူးမေ့

သွား လေတော့သည် ။ ထိပ်တင်ခြောက်သည် မူးလဲမည်ပြုနေသော ခင်ခင်ကြီးကို ပွေ့ထားရာမှ အကြောင်းခြင်းရာကို သိလိုသည် နှင့် ခင်ခင်ကြီး ကြည့်သော နေရာသို့ လှမ်းလိုက်ကာ စုန်းကဝေတို့ တတ်သော ပဉ္စလက် ပညာအရ လှည့်စားထား သည့် အတိုင်း လူချောကလေး တစ်ယောက် မဟုတ်တော့ဘဲ ထင်းချောင်း၊ တုတ်ခနောင်းနှင့် ဘူးတောင်းကွဲ အစုအဝေးကို မြင်လိုက်ရသည် နှင့် 'ဟိုက်...' ဟု ဆိုကာ မူးမေ့နေသော ခင်ခင်ကြီးကို ကြမ်းပေါ်သို့ လွှတ်ချ လိုက်တော့သည် ။

ငင်းနေ့ နေဝင်ရီ တရောအချိန်တွင် ဒွေးသာဂိသည် တဲပေါက်၌ ထိုင်ကာ ဒန်တို သစ်တစ်ချောင်းကို ဖွာလျက်ရှိစဉ် တဲနောက်ဖေးဆီမှ အရိုးစု အဖွဲ့အစည်းကို မြေကြီးပေါ်၌ ခေါက်သော အသံကဲ့သို့ တဂေါက်ဂေါက် လျှောက်လာသော ခြေသံများကို ကြားသည် နှင့်'ဘယ့်နှာလည်း ကရို။ ဘယ်သူ့ ခြေသံလဲဟဲ့။ သင်္ချိုင်းမှာ မြှုပ်ပြီး နှစ်လည်မှ ပေါ်ထွက်လာတဲ့ ကမ္ဘဋ္ဌာန်းကောင်ရဲ့ ခြေသံမျိုးပါတကား'ဟု ပြောလိုက်၏။

နောက်တစ်ခဏ၌ ဒွေးသာဂိသည် တဲထဲသို့ ကမန်းကတမ်း ဝင်လာသူကို မော့အကြည့်လိုက်တွင် ထိပ်တင်ခြောက် ဖြစ်နေသည် ကို တွေ့ရ၏။ ထိပ်တင်ခြောက်၏ ဆေးတံမှ အခိုး တလူလူ ထွက်နေ၍ ထိပ်တင်ခြောက်၏ ပုံသဏ္ဌာန်မှာ နံနက်ခင်း အိမ်မှ ထွက်သွားစဉ်က အတိုင်း လူသားပကတိ ရှိနေသော်လည်း ငင်း၏ အမူအရာမူကား စိတ်အပျက်ကြီး ပျက်လာခဲ့ဟန်နှင့် ထန်းခေါက်ဖျာပေါ်သို့ ကိုယ်လုံးပစ်၍ လှဲချလိုက်တော့သည် ။

'ဘာဖြစ်လာသလဲကွဲ့ အမေ့သားကြီး။ မြို့ဝန် ဦးရွှေအိုးက ငါ့သားကို ကြည်ကြည်ဖြူဖြူ လက်သင့် မခံလို့ လား။ သယ် ... ဒီကောင်တော့ သိစေမယ်။ သင်းသမီးကို ကလပ်ပေါ်တင်ပြီး ငါ့သားရှေ့မှာ ဒူးထောက် ဆ

က်စေရမယ် ဟော့။ သာဂိတဲ့ နော်။ တစ်ဂိအပြင် နှစ်ဂိမရှိဘူးဟော့'

'မဟုတ်ပါဘူး အမေ။ ဒါကြောင့် မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို မြင်ခဲ့ရလို့ ပါ အမေရဲ့ ။ ဘယ်မလဲ အမေ။ လက်စသတ်တော့ ဘာမဟုတ်တဲ့ တုတ်ခနောင်းနဲ့ ဘူးခွံ ခြောက်ကို အစုတ်အပြတ်တွေနဲ့ ပတ်ထားတာပါကလား အမေရဲ့ ။ တော်ပြီ အမေ။ ကျွန်တော် အသက် ရှင်မနေချင်တော့ဘူး။ သွားရော့ လဟယ်'

ယင်းသို့ ပြောပြောဆိုဆိုနှင့် ထိပ်တင်ခြောက်သည် ပါးစပ်ပေါက်၌ တပ်ထားသော ဆေးတံကိုဖြုတ်၍ တဲထောင့်သို့ ချောက်ခနဲ လွှင့်ပစ်လိုက်သည် နှင့် တစ်ပြိုင်နက် ထန်းခေါက်ဖျာပေါ်၌ ထင်းချောင်း၊ တုတ်ခနောင်းနှင့် အဝတ်စုတ်များ ဗလန့်ကြဲနေသည့် အပေါ်တွင် ဘူးတောင်းကွဲတစ်ခု တင်လျက် ကျန်ရစ်လေတော့သည် ။

ဒွေးသာဂိသည် ဦးခေါင်းယမ်းကာ ဝမ်းနည်းစွာနှင့် ဖရိုဖရဲ ကျဲနေသော အစအန အစုတ်အပြတ်များကို ကြည့်လျက်'ဩော်... ထိပ်တင်ခြောက်၊ ထိပ်တင်ခြောက် ဖြစ်ရလေကွယ်။ တကယ်ဆိုတော့ လောကကြီးမှာ ဘာမဟုတ်တဲ့ ပစ္စုတ်ဒေဝ ဘူလိနတ်စ အတိုအထွာ အစုတ်အပဲ့တွေ စပ်ဟပ်ထားလို့ မို့ အခေါင်းပွ၊ အဆန်ချောင် နင့်လို ကောင်တွေ ထောင်သောင်းမက ရှိနေပါလျက်ကယ်နဲ့ နင်ကမှ ပေါက်ပေါက်ရှာရှာ စိတ်ပျက်ပြီး ပြန်လာရသလားဟယ် ငခြောက်ကယ်'ဟု ညည်းညူကာ ဒန်တိုစုတ်ကို ကောက်ယူပြီး ဘူးတောင်းကွဲ၏ ပါးစပ်ပေါက်ထဲသို့ ထည့်မည်ပြု ပြီးမှ -

'ဖြစ်မထင်ပေါင်လေ။ ဟိုအကောင်တွေက မာနကြီး တောင်လို မောက်ပြီး လက်မ တထောင်ထောင်၊ ရင်တကော့ကော့၊ ခြေဖျား တထောက်ထောက် လုပ်နေကြတဲ့ အချိန်မှာ သူ့ကိုယ်သူ အမှန်အတိုင်း မြင်ထားတဲ့

မောင်ရင်ခြောက်က ဝင်တိုးလို့ ငါ့အကောင် နေရာရစရာ လမ်းမမြင်ပါဘူး။ ကိုင်း ... ကိုင်း ငါ့သားကြီးရေ မူလ ရည်ရွယ်တဲ့ အတိုင်း ငါ့ပြောင်းခင်းထောင့်မှာ စာခြောက်ရုပ် အဖြစ်နဲ့ ပဲ အရိုးထုတ်ချေ ပါတော့ကွယ်။ လူကလေးရယ်'ဟု ဆိုကာ သင်္ချိုင်း အစွန်းရှိ ပြောင်းခင်းထောင့်တွင် ဝါးလုံး ရှည်ရှည်နှင့် ချည်ထား လိုက်လေတော့သတည်း။

ရွှေဥဒေါင်း
အမှတ် ၁၁၉၊ အောက်တိုဘာလ၊ ၁၉၉၉ ခုနှစ်၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

***

# ကွာခြားခဲ့သည်
# ကြည်အေး

၁။

လွန်ခဲ့သော အနှစ်တစ်ရာ့ ငါးဆယ်ခန့်က ဒလမှာ ဘယ်တော့မှ မတည့်သော ညီအစ်မ နှစ်ယောက် ရှိသည် ။ အကြီး ဖြစ်သူမှာ အရုပ်ကလည်း မလှ၊ ဉာဏ်လည်း အချည်းအနှီး။ သည် အထဲက မိန်းမတကာနှင့် ပြိုင်ချင်၍ မပြိုင်ရလျှင် ညီအစ်မချင်း ပြိုင်ချင်သောစိတ် ရှိသည် ။ သူ့မှာ အားကိုးပြု စရာဆို၍ ဖအေရှာသူကြီးက ခွဲပေးခဲ့သည့် လယ်ဧက တစ်ထောင်ခန့်ရှိကာ ဒါကို အမှီပြု၍ မာန တလူလူ တက်ကာ ကျေနပ်နေတတ်သည် ။ အငယ်ဖြစ်သူမှာ ရုပ်အဆင်း ထည်ဝါသည် ။ စိတ်နေလည်း ကြီးမြင့်သည် ။ ဒလမှ နေ၍ ရွှံ့ရောင်ဝါသည့် တစ်နေ့တစ်နေ့ တက်ကာ၊ ကျကာ နေသော ရန်ကုန် မြစ်ကျယ်ဖြတ်ကျော်ကာ မြို့တော်သို့ မျှော်လေ့ရှိသည် ။ သူ့၌ လည်း ဖအေ့အမွေ လယ်ဧက တစ်ထောင် ရှိပြန်သည် ။

သို့သော် သူသည် သူ့အဖြစ်ကို ကျေနပ်သည် မရှိ။ တောရှာသူ မှန်ပေမည်။ ရွှံ့ပေမည် စိုးသဖြင့် မိုးတွင်း တောင်ပိန်းတန်း ဖိနပ်နှင့် ဆင်းရကား ဒလသား လူပျိုသိုး တို့ သည် ဘယ်သူ့ကိုပိုလို့ စုံမက်အပ်သည် ကို စဉ်းစား၍ မရချေ။ သို့သော် အစ်မက စဉ်းစား၍ ရသဖြင့် ဒလသားနှင့် ပင် အိမ်ထောင်ကျသည် ။ ညီမက ရန်ကုန်လာသောမြေ တိုင်းစာရေးများကို ဆိုလျှင် နည်းနည်း ပြုံးယောင်ပြသည် ။ အသက် သုံးဆယ်ကျော်

လုမှ ရန်ကုန်က ကျောင်းဆရာ တစ်ယောက်နှင့် အိမ်ထောင်ကျသည် ။ ပြီးတော့ လင်ကို ပစ်ထွက်သွားပြီး ဘို(အင်္ဂလိပ်)နှင့် ရသလိုလို ဒလသား တို့ ကြားသေးသည် ။ ဒလကိုတော့ လုံးဝ ပြန်မလာချေ။ အင်္ဂလန်တောင် ပါသေးသလား မဆိုနိုင်။

၂။

ဒလ၌ အစ်မ ဖြစ်သူက မွေးသော သားသမီး ရှစ်ယောက်အနက် ကို လွန်းဖေသည် မအေနှင့် အတူဆုံးပင်။ သားဦးလည်း ဖြစ်သဖြင့် မအေနှ င့် ခွဲမရက်အောင် ခင်သည် ။ မအေကို သူပင် ဝတ်ကြီး ဝတ်ငယ်ပြုသည် ။ သူသည် ရွာကို ခင်သူတည်း။ မအေက လွှဲသော လမ်းအလုပ်ကို သူ ဦး စီးရင်း၊ ကျောက်နီ လက်စွပ်ဝတ်ရင်း၊ ရှစ်လွှား ပုဆိုးကိုစီးရင်း သူအိမ် ထောင်ပြုမည့် နှစ်၌ လယ်ဧကေ ခုနစ်ရာကျော်မှာ ချစ်တီး လက်အောက် သို့ ရောက်နှင့် လေ၏။

'သြော် ... ဥစ္စာကံပေး မရသေး၊ နှောင့်နှေးဗျာ ပါ မရှိရာတဲ့ ။ ဇာတာ စန်းလဂ် တက်တဲ့ အခါ အကျိုး ပေးလိမ့်မယ်။ အမေ ဘာမှ မပူနဲ့ 'စသ ဖြင့် အိုမင်းပြီဖြစ်သော အမေကို အားပေးတတ်သည် ။

သို့သော် သူ့၌ အပူရှိသည် ။ သူကြိုက်သော မိန်းမကို စိန်နားကပ်နှင့် တင်တောင်းမှ ရနိုင်မည်ဆိုသဖြင့် နည်းလမ်း ဟူသမျှကို ကြံဆလေ သည် ။ ဆန်သမွှန်နှင့် ဟိုဘက် ကမ်းတစ် ခေါက်လိုက်ကာ ရွှေတောင် တန်း၌ နေသည် ဆိုသော ဆွေမျိုးများကိုရှာသည် ။ တစ်နေ့သ၌ ရှာလို့ တွေ့သော်လည်း မယား ဘိုကတော်ကို စိတ်နာသော ကျောင်းဆရာ ကို သာတွေ့ရကား ဘာမှ မစချင်ဟန်လည်း မရှိ။ မစနိုင် ပုံလည်း မပေါ်ချေ ။ ကိုယ့်မှာ ပါလာသည့် ငှက်ပျောခိုင်နှင့် အုန်းသီးများ သာ ပေးဆုံးခဲ့ရ၏

။ အဲ… တစ်ဝမ်းကွဲ မောင်နှမ သုံးယောက်ကိုတော့ တွေ့ခဲ့ရ၏ ဆိုပါတော့။ တောရွာသားပေမို့ ဆွေမျိုးကို ခင်ချင်သော သတ္တိရှိသဖြင့် ဝမ်းသာအယ်လဲ ရှိခဲ့ရ၏။ သူတို့ က ခပ်စိမ်းစိမ်း ရှိသည် ကိုပင် အပြစ်မမြင်နိုင်။ ဟင် … ငါ့နှမတွေ၊ ညီတွေ ရန်ကုန်မြို့မှာ မွေးပြီး အင်္ဂလိပ် ကျောင်းတက်သဟေ့လို့ မစားရဘဲ ဝသော သတင်းကို ပါးစပ်အပြည့် ဆောင်ကာ ပြန်ခဲ့ရသည် ။

ကိုလွန်းဖေသည် သူကြိုက်သော မိန်းမကိုတော့ ရနိုင်အောင် သွက်လက်ပေသည် ။ ဖြစ်ပုံမှာ နှမလတ်၏ စိန်နားကပ်ကို ဟန်ပြမည်ဟု ငှား၍ မိန်းမတောင်းခြင်းတည်း။ သို့သော် စိန်နားကပ် မက်သဖြင့် လင်ယူသော မိန်းမက မင်္ဂလာဆောင်သည့် နေ့မှ စ၍ စိန်ဇာရံ နားကပ်ကလေး မှုန်ပျပျကို နားမှ မချလေရာ နှမနား၌ တစ်နည်းအားဖြင့် မပြောင်တော့ဘဲ တစ်နည်းအားဖြင့်သာ ပြောင်လေသတည်း။

သည် အတွက် နှမ မမြစိန်သည် တစ်သက်လုံး မကျေနိုင်။ မှန်ကြည့်တိုင်း နားက မင်ကွက်သော ဥဿဖရား နားတောင်းကို ငြိုးမိသည် ။ သူက ပျောက်ဆုံးသွားသော အဒေါ်နှင့် နည်းနည်း ဆင်ချင်တယ် ပြောရမလားမသိ။ စိတ်နေမြင့်သည် ၊ အစွဲအလမ်း ကြီးသည် ။ သေသည် အထိ အစ်ကိုနှင့် ယောက်မတို့ မခေါ်တော့၊ မပြောတော့။ သေတော့လည်း ရန်ကုန်မှာ သွားသေသည် ။ သူလည်း ရန်ကုန်သားနှင့် ရသည် ။ သို့သော် သူရသော ရန်ကုန်သားမှာ ဗဟန်း၌ ပန်းခြံစိုက်စားသူ ဖြစ်လေ၏။ မမြစိန်ကို မနှစ်လိုသူများက ဘုရားကျွန်မျိုး ထဲပါပြီလို့ ပြောသည် ။ ရွှေတိဂုံဘုရားစောင်းတန်းမှာ ပန်းတကြော်ကြော်အော်လို့ ရောင်းဟန်ပင် မြင်သည် ဆိုကြသည် ။ သို့သော် တကယ်မှာ သူတို့ သည် ခြံမြေကိုရောင်း၍ ပိုက်ဆံဖြစ်။ ပိုက်ဆံက ဘာမှ မဖြစ်တော့ဘဲ ကုန်သည့် တစ်နေ့၌ ရွှေတိဂုံဘုရား၏ များ စွာသော ခြင်္သေ့ရုပ် တစ်ရုပ်၏ တင်ပါးနားမှာ လူလဲနေ

လို့ ရသော မစိန်ညွန့် ဆေးပေါ့လိပ်၊ ပိုလိုစီးကရက်၊ သကြားလုံး၊ ဆားငန်သီး၊ ကြံစုသီး စသည် တို့ ကို ရောင်းသော ဆိုင်ကလေး ဖွင့်ခြင်းတည်း ။

မမြစိန်၏ လင်သည် ကမူ ရိုင်းသောသူ မဟုတ်။ သူသည် ရန်ကုန်သား စစ်စစ်လည်း မဟုတ်။ အညာသွေးများစွာ ပါလေရာ ကပ်စေးနဲ တတ်သော်လည်း ဆွေမှန်းမျိုးမှန်း သိတတ်သည် ။ ထို့ကြောင့် ဒလမှ ဝင်ထွက်သွားလာသော ဆွေမျိုးများကို ဘုရားဖူးလာရင် သူ့ဆိုင်မှာ တွေ့လေ့ရှိသည် ။ မမြစိန်၏ ယောက်ျားသည် စီးပွားရေး၌ လာဘ်မြင်သည် လို့ လည်း ဆိုရမည်ထင်၏။ မကြာခင်ပင် သူသည် လက်ဖက်ရည် ဆိုင်ဖွင့်ကာ ဘုရားဖူး ခရီးသွားများကို စောင့်ရောင်းလေ၏။ သို့သော် သူ့မယားမှာ သမီးတစ်ယောက် မွေးပြီး ကတည်းက ကျန်းမာသည် ရယ်လို့ မရှိဘဲ ဆရာမပြတ်၊ ဆေးမလပ်အောင် နေရလေရော စုမိဆောင်းမိ မရှိချေ။

၃။

အင်မတန်အေးသည့် ကျောင်းဆရာ (ယခု ကျောင်း အုပ်ကြီး) လင်သည် ကို ပစ်သော မိန်းမ၏ ကလေးသုံးယောက် အနက် အငယ်ဆုံး သမီးလည်း ဖြစ်၊ တစ်ယောက်တည်းသော သမီးလည်း ဖြစ်၊ စနေ သမီးလည်း ဖြစ်သော တင်တင်သည် ဖအေလို အေးလည်း မအေး၊ ကျောင်းဆရာလည်း မဖြစ်။ သူ့အဖေက တားသည့် ကြားက ဆရာဝန် အတတ်ကို သင်သည် ။ တင်တင်သည် မအေလို ထည်ဝါသော ရုပ်ရည်နှင့် စိတ်နေမြင့်ခြင်း ရှိသည် ။ မအေထက် အနည်းငယ် ပိုမိုက်ချင် ချင်ရှိသည် မို့ အပျိုဘဝမှာ ရည်းစား သုံးလေးဆက် ဆက်မိပြီး တစ်ယောက်နှင့် မှ မရ ။ သို့သော် တင်တင်၌ ဆွေမျိုး မိဘကိုငဲ့သော သတ္တိပါလာသည် ။ ထို့

ကြောင့် တကယ်တမ်း ကျတော့ ဖအေကိုငဲ့ကာ သူစိတ်မတူသော သူကို မယူဖြစ်။

အသက် အစိတ်ပြည့်လုရှ် ဒေါက်တာ ဒေါ်တင်တင် 'အယ်လ်အမ်ပီ' ဟူသော ဆိုင်းဘုတ်ကို အိမ်မှာ ချိတ် မိသော် ဖအေ ပေးစားသော ကောလိပ်ကျောင်းမှ အင်္ဂလိပ်စာ နည်းပြ ဆရာကလေးနှင့် ယူသည် ။

ဒေါ်တင်တင်သည် သမီးလိုချင်သည် ဟု တစ်မြည် တည်းမြည်ဆဲ သမီး တစ်ယောက်ရသည် ။ သူ့သမီးအားဖြင့် သူ့ဘဝမှာ မကျေနပ်တာ ဟူသမျှကို ချေပစ်မည်ဟု ကြုံးဝါးသည် ။ ဖအေကသာ မသိသော်လည်း ဒေါ်တင်တင်သည် ပျော်ရွှင်သော ကလေးဘဝကို ရခဲ့သည် ဟု မရှိ။ စည်းကမ်းကြီးသော ဖအေက သင်ကြားသည် များကိုလည်း သံသယအတိနှင့် အားနာစွာ လက်ခံသည် ။ ဖအေက တစ်သက်လုံး အပြစ် ဆိုလာသော မအေကို မြင်ဖူးချင်သည် ။ မအေကို ကာကွယ် ချင်သည် ။ သူငယ်ချင်း ကြားမှာ မအေ အကြောင်း စကား မစဝံ့သည် များကို နစ်နာစိတ် ပေါ်ပြန်တော့ ကိုယ့်ဘဝကိုယ် စိတ်နာပြန်၏။ နောက်ဆုံး၌ သာယာသော အိမ်ထောင်ဘဝ ကိုသာ မျှော်သည် ။

သူရသောလူမှာ သူအထင်ကြီးလေ့ မရှိသော ကျောင်းဆရာပင် ဖြစ်ပေသည် ။ တစ်နေ့၌ သတင်းစာဆရာ ဖြစ် လာလေရာ ကျေနပ်ခြင်း တစ်ကွက် ပေါ်ခဲ့၏။ သူလိုချင်သော၊ သူမျှော်မှန်းရာတို့ တည်စေအံ့သော သမီး အလှကလေး ကိုမွေးသည် ။

ဖအေက ယောကျ်ားလေး လိုချင်သည် လို့ တ တ တ နေသော်လည်း ဒီသမီးကို ဘယ်သူမှ ၊ ဘယ်လိုမှ ပိုမချစ်အောင် ချစ်သည် ။ မွေးစ တစ်လ သမီးအတွက် နောင်ဖတ်စရာ စာအုပ်ကြီး၊ စာအုပ်ငယ်ကို အတွဲလိုက် ဝယ်ဆဲ။ ဒေါ်တင်တင်သည် သမီးကို ဘိလပ်ပြန်၊ အမေရိ

ကန်ပြန် ဆရာမကြီး ဖြစ်လာအောင် ဘယ်လိုလုပ်ရပ့ါဟု အစီအစဉ် ရေးဆွဲနေလေ၏။

ထို့ကြောင့် ကလေးကို ချစ်၍ မဝရင်း၊ နမ်း၍ အားမရရင်းက မိဘ ကျေးဇူးဆိုတာတွေကို စဉ်းစားမိ၏။ ကလေးအတွက် ရက်လကြာ၍ မ အိပ်မနေ စောင့်ရဖန်များ သော် မအေ့ နို့တစ်ဘူး ကျေးဇူးကို မြတ်စွာ ဘု ရားတောင် ကုန်အောင် မဆပ်နိုင်ဟန်ကို တွေးမိပြန်၏။ ထို့ကြောင့် မမှ တ်မိသော မအေ့ဘက်က ဆွေသံမျိုးသံကို နားထောင်၍ ရွှေတိဂုံဘုရား တစ်ခါအရောက်မှာ တစ်ဝမ်းကွဲ အစ်မနှင့် လမ်းဖောက်မိသည် ။

သို့သော် ဒေါ်တင်တင်သည် ရှက်စနိုး ရှိသည် ဖြစ်၍ ဆွေမျိုး နီးစပ် သာ ရှိလေဟန် ခပ်ထန်ထန်နေကာ အလုပ် အားသည် နှင့် ကြိုကြားကြို ကြား ဘုရားဖူးရောက်တိုင်း ဝင်၍ သကြားနှင့် နို့ဆီ ဒရောသောပါးထ ည့်သဖြင့် ချိုရဲအီလည်သော လက်ဖက်ရည်ကိုမှာ ၍ တစ်ချက်မျှ အာစွတ်ပြီး ပိုက်ဆံမရ မက ပေးလေ့ရှိသည် ။

၄။

ဒေါ်တင်တင်၏ သမီးအလှ ခင်မမသည် အသက် ၂၂ နှစ်၌ ဖအေ မျှော်လင့်သလို ပညာတတ် မိန်းကလေးလည်း မဖြစ်၊ မအေ ဖြစ်စေချင် သည့် ဆရာဝန်လည်း မဖြစ်။ ခင်မမသည် စိတ်ညစ်ညူးနေကာ အတည် တကျ တစ်နေရာမှာ မနေချင်သလို ဖြစ်လေ၏။ သူသည် အင်းလျား ဆောင်၌ ခြောက်နှစ်ကြာမျှနေခဲ့ပြီး အိမ်ပြန်ခဲ့သော်လည်း ဥပစာ ဒုတိ ယပိုင်းကိုပင် မအောင်သေး။ ဖအေက ကြီးကြပ်ဖတ် စေခဲ့သော စာအုပ် ကြီးငယ်တို့ ကိုလည်း လွှင့်သာ ပစ်ချင်နေ သည် ။ သူလုပ်ချင်သည် မှာ ဖောင်တိန်ပင်နှင့် နှုတ်ခမ်းထူ၍ နီနီရဲရဲကြီး ဆိုးထားဟန် မိန်းမရုပ်ကို ဆွဲချင်သာတည်း။

မျက်စိကမူ အလှကို မြင်သည် ။ ဆန်းသည် မှာ တော့ ကြည့်လိုက် လျှင် လှသည် ၊ မလှဘူးကို အရင်မြင်၏။ ပြီးတော့ မြင်နေသည့် အရာ များ သည် အပြားလိုက်ရော သွားကာ လက်နှင့် ကိုင်ကြည့်လို့ ထိမိမည် ထင်ရသည် ။ တစ်ခါ တစ်ရံတော့လည်း သူသည် အလုံးအဝိုင်းများကို မျ ဉ်းကြောင်း သဏ္ဍာန် မြင်သည် ။ လက်နှင့် ယောင်ယမ်းကာ ထပ်ဆွဲမိသ ည် ။ ဒါကတော့ ခုမှ သာ ပြောရသည် ။ ခုမှ ဖြစ်သည် မဟုတ်။ မှတ်မိသ မျှ ငယ်ရွယ်စဉ်ကပင် ဖြစ်ခဲ့လေသည် ။

နောက်တစ်ခုမှာ လည်း နံနက်ထ၌ လည်းကောင်း၊ ညနေ ဆည်း ဆာ၌ လည်းကောင်း၊ နက်ရှိုင်းသောမိုး၌ တစ်ခါတစ်ရံ ငြိမ်သက်၍ တစ် ခါတစ်ရံ လှုပ်ရှားသော တိမ်ကို ကြည့်ငေးလို့ အချိန်ကုန်ချင်၏။ နေက ပေးသည့် အရောင် ခုနစ်ရောင်သည် ဘေးတိုက် ဖြစ်စေ၊ ကွက်ကျော် ဖြစ်စေ ခုတစ်မျိုးစပ်၍ နောက်တစ်မျိုး စပ်ကာ ပါးစပ်မှ ဖွင့်မပြော သာ သော မျက်စိ၌ သာ ထင်ရစ်သော အသွေးနုရင့်စုံစီကို ရောနှော ကူး ယှက် ဟန်ကို ကြည့်ရင်း ငိုလည်း ငိုချင်သေး၏။

ကောလိပ်မှ ထွက်ခွာခဲ့သည့် နှစ်မှာ တော့ သူသည် မကျန်းမမာပင် ဖြစ်ချင်သည် ။ ထိုနှစ်၌ သူသည် မယ်ရွေး ပွဲကိုလည်း ဝင်ခဲ့သေး၏။ သူ့ အဖို့ လှပသော အရိုးအဆစ်၊ ကြွက်သား ပြေပြစ်ဟန်သည် မြတ်နိုးဖွယ် ရာတည်း။ ထို့ကြောင့် ပင် မှန်ရှေ့၌ ရပ်ကာ မိမိ၏ ကိုယ်လုံးတီးကို တ စေ့ငုငုကြည့်ရှုခဲ့လေပြီ။ ခင်မမသည် ကျေနပ်ဖွယ်ဆုကို ရသေး၏။ သို့သော် ဝိုင်းဝန်းလာသော ပရိသတ်ကို ရှဲခဲ့ပြီး ရှမ်းပြည်နယ်ရှိ ဦးလေး အိမ်မှာ အကျင့် တစ်ဘာသာစီ နေသော ဝမ်းကွဲ မောင်နှမတွေနှင့် သွား နေ၏။ ရှမ်းပြည်နယ်မှာ သူ ဖျားနာခြင်း စသည် ထင်သည် ။ တောရွာ ကလေးများ ၌ သီချင်းကို ပေါက်ပန်းဈေး ဆိုသည် ။ တေးသည် ကလေး များ ၏ ပါးအို့နီကို သူချစ်သည် ။ မြေမှာ အလေ့အကျ ပေါက်သော ပန်း

ပွင့်ကိုလည်း လူအချင်းချင်းလိုလို စကားနှင့် နှုတ်ဆက်မိ၏။ ပန်းများ၏ ဝေ့ယမ်းနွဲ့ဟန်၊ ခေါင်းငဲ့ဟန်၊ နေခြည်နှင့် မိုးကို တုံ့ပြန်ဟန်အားဖြင့် ပန်းများ ၏ ဘာသာ စကားကို သူ နားလည်သည် ထင်လေသည် ။

နောက်ဆုံး၌ ကား သူ့အနား၌ အသက် လေးငါးဆယ်အရွယ် မိန်းမကြီး တစ်ယောက် ရပ်နေသည် ပဲ ထင်မြင်၏။ ကိုယ်က တစ်နေရာကို ကြည့်လျှင် သူက ထင်ရှားစွာ အနားမှာ ပေါ်သည် ။ လှည့်ကြည့်သော် အရိပ်ပင် မရှိပြီ။ ထိုမိန်းမကြီး၌ မျက်ရစ် ထင်ရှား၍ ညိုတိုတို နေသောမျက်လုံး များ ရှိ၏။ မဟာ နဖူးမှာ နဖူးထောင့် နှစ်ဖက်၌ ဇာဂနာနှင့် နုတ်ထားသဖြင့် ဖြစ်လာသော မဟာ နဖူးတည်း။ ထို့ကြောင့် ထောင့်နှစ်ဖက်၌ ဆံယဉ်နုများ မရှိဘဲ ခပ်ဖြူဖြူ ပြောင်ပြောင် နေသည် ။ စက်တွန့်ပန်းထိုးပဝါလည်း စုံချသည် ။ ပန်းထိုးပဝါမှာ စံပယ်ပွင့်ဖြူနှင့် ရွက်စိမ်းကော့ကလေးများကိုပင် ထင်ရှားစွာ မြင်သည် ။ မိန်းမကြီးက သူ့ကို စကားပြောချင်ဟန် မရှိ။

ရှမ်းပြည်နယ်မှ ပြန် လာပြီး ခင်မမသည် ကျောင်းသို့ ပြန်မသွားတော့ချေ။ အိပ်ရာထဲမှာ လှဲပြီး စာဖတ်၊ ပြန် လှဲ၊ စာထဲ၌ မိန်းမကြီး ရုပ်ပုံကို မြင်သည် ။ သူ့အခန်းထဲမှာ ဒီမိန်းမကြီး လာနေသည် ။ ပုန်းကွယ်နေသည် ။ သူက မြင်ရသည် ။ ဒီလိုပဲထင်သည် ။

တစ်နေ့၌ သူသည် အိပ်ရာမှ ထ၍ ခုန်မိ၏။

'ဟုတ်တယ် မေမေ။ မမ သိပ်လျှမ်းတာပဲ။ ခုမှ မြင်တယ်။ သူ့မှာ ဒေါက်ဖိနပ် စီးထားတယ်။ ခုံက အမြင့်ကြီးပဲ။ ဖိနပ်က မမတို့ စီးတာမျိုး မဟုတ်ဘူး ။ တကယ့် ဘိုမတွေစီးတဲ့ ခြေဖမိုး နည်းနည်း ကလေးပေါ်တဲ့ ရှူးဖိနပ်ပဲ။ သားရေ အနက်ပြောင်နဲ့ '

'ဘယ်သူလဲ သမီး'ဟု မအေက ထိတ်လန့်တကြား မေးသော်...

'မေမေပြောဖူးတဲ့ ဘွားဘွား ဖြစ်မှာ ပေါ့။ မေမေ့ အစ်မ ဘိုကတော် ဆိုတာလေ။ ဟုတ်တယ် မေမေ။ မမ ငယ်ငယ်က သိမ်ကြီးဈေး အပေါ်ထပ်မှာ မြင်ဖူးတဲ့ သီပေါ ဘုရင် ဆွေမျိုးဆိုတဲ့ အင်္ဂလန်ရောက်နေတဲ့ အမယ်ကြီးတွေနဲ့ သိပ်တူတာပဲ။ ပိုက်ဆံအိတ် ကြီးကြီးကိုချိတ်၊ ဒေါက်မြင့်ရှူးဖိနပ်ကြီး စီးပြီး ခေါင်းကတော့ ဆံထုံးနဲ့ ။ ပြီး ပဝါစုံ ချလိုက်သေး'

ဒေါ်တင်တင် ဂရုစိုက်သဖြင့် ဆရာဝန် သမီးကလေးသည် ပြန်ဝလာ ၊ လှလာသော်လည်း စိတ်သည် ယခင်ထက် ဂနာမငြိမ် ရှိလေသည် ။ ထိုနှောင့်ယှက် မိန်းမကြီးဟာ မပျောက်ပျက်။

ဖအေကမူ တီးတိုး သက်သာပြောသည် မှာ -

'မင်း သမီးကို ယောက်ျား ပေးစားမှ ပဲ ဖြစ်တော့မယ်'

ကံမကောင်းသဖြင့် ကြားမိသော ခင်မမသည် ဖအေကို စိတ်နာကာ ရောက်တတ်ရာရာကို လှည့်ပတ် သွားလာနေသည် ။ သင်္ဘောဆိပ်၌ သူ့ကားကို ရပ်ကာ နာရီ ပေါင်းများ စွာ ငေးမောနေသည် ။ သူသည် လှုပ်ရှားနေ၍ ဘေးမှ လူနှင့် ပစ္စည်း ပစ္စယ အားလုံး ငြိမ်သက်နေသည်လို့ သူပြောင်းပြန် ထင်သည် ။ စင်စစ်တော့ ဟောသည် ဟောသည် လူသူနှင့် ဆူသံညံသံ ဗလံသံတို့ ၏ သညာသည် တစ်သမတ်တည်း စူးစိုက်လုပ်ချင်ရာ၌ ငြိမ်နေသော မိမိ၏ သညာ။ သည် တော့ အလုပ်မအား။ ရက်ဖောက် ရောက်သည် တကားလို့ သူသိ၏။ ထိုသင်္ဘောဆိပ်၌ ပုသိမ်သင်္ဘောပေါ် တက်သွားသော သူ့အပါး၌ ရပ်နားနေကျ မိန်းမကြီးကို မြင်လိုက်သည် ။

မိန်းမကြီးသည် သူ့ကို အမှတ်မထင် တစ်ချက် လှည့်ကြည့် သွားသေး၏။ မိမိကို အပြစ် တင်လိုဟန် ရှိသည် ။ ဘာကြောင့် လဲမသိ။ ထိုခဏ၌ သူသွားတော့မှာ လား၊ ပြန် မလာတော့ ဘူးလားရယ်လို့ ပူပန်ခြင်း

ပြင်းစွာ ဖြစ်လေသည် ။ ထူးဆန်းသော စိတ်လှုပ်ရှားမှုတွေ ဖြစ်လာသည် ။ ထို့နောက် အိမ်သို့ ကိုယ့်အခန်းသို့ ပြန်ပြေးခဲ့၏။ သည် မှာ သူရှိသေး သလားမသိ။ အိမ်သို့ ရောက်သော် အခန်းသည် ဟာလာဟင်းလင်းနေသည် ထင်သည် ။ သို့သော် ပုသိမ် သင်္ဘော ထွက်သေးမည် မဟုတ်။ ခုနစ် နာရီထိုးပြီးမှ ထွက်မည်။ သည် လိုပဲ သိမြင်သည် ။ မိန်းမကြီးကို မီမှ ဖြစ်မည်။ သူက အပြစ်တင် ချင်သည် ။ ဒီတစ်ခါ မမီလျှင် ဘယ်တော့မှ ဖမ်းလို့ ရတော့မယ် မဟုတ်။ ခင်မမကို ခွင့်လွှတ်တော့မယ်လည်း မဟုတ်။ ထို့ကြောင့် တစ်သက်လုံး စိတ်ချမ်းသာခြင်းလည်း ရရှိတော့မယ် မဟုတ်။

ဒါကြောင့် ပင် ပန်းချီ သင်ခန်းစာများကို ယူခဲ့သည် ထင်သည် ။ မိန်းမကြီး သင်္ဘောဆိပ်မှ ဆင်းဟန်ကို အဖန်ဖန် ရေးဆွဲခဲ့လေသည် ။ ဒါကြောင့် ပင် အဆုံး တစ်နေ့မှာ သူ၏ ပန်းချီကားများကို ပြခန်းများ ၌ ပြုန်းခနဲ အများ အပြား ချိတ် ဆွဲခဲ့ရသည် ထင်သည် ။ ယခုမှ ပဲ စိတ်ငြိမ်သက်လေပြီ။ သို့သော် လှည့်ပတ်သွားလာမြဲပင်။

'ဖေဖေတို့ ဒီလောက် ချမ်းချမ်းသာသာ ထားလျက် နဲ့ သမီးရယ်'လို့ ဖအေက ဆိုလျှင်-

'ချမ်းချမ်းသာသာ ထားခဲ့လို့ ဒီလောက်အကြာကြီး စိတ်မချမ်း မသာတာပေါ့။ အရင်ကတည်းက ညှဉ်းဆဲ ခဲ့ရင် အစောကြီး စိတ်အေးချမ်းရမယ်'ဟု ခင်မမက ဖြေခဲ့၏။

ဖေဖေနှင့် မေမေ နားလည်သလား၊ ခင်မမ မသိ။

၅။

ယခုတော့ မိဘနှစ်ပါးနှင့် မက အစ်ကို နှစ်ယောက်နှင့် ပါ စိတ်ဝမ်းကွဲသည် ။ သူတို့ အလိုရှိသော အဝတ်အစား ကောင်းစွာ ဝတ်၍

အလုပ်ခွင်သို့ မှန်မှန်သွားသော အထက် တန်းစား ပညာတတ် မိန်းမ ဘယ်နည်းနှင့် မှ မဖြစ်ပြီ။ သင့်တင့် လျောက်ပတ်သော အိမ်ထောင်ပြုခြင်းကိုလည်း ပြုတော့မည် မဟုတ်။ အကြောင်းမူကား သူ မချစ်ကြိုက် သေးသော်လည်း နှစ်လိုသူမှာ သူ့လိုပင် ကျောင်းတစ်ဝက် တစ်ပျက်နှင့် သာနေဖူး၍ လှည့်ပတ် သွားလာခြင်းကို အတူလုပ်ချင်သည့် သတင်းထောက် တစ်ယောက်မျှသာ ဖြစ်လေ၏။

'ကိုစိုး'လို့ တစ်လုံးတည်း သူခေါ်လေ၏။ ကိုစိုး၏ ခေါင်းပုံသဏ္ဍာန်ကို သူ သဘောကျ၏။ ကိုစိုး ဆံပင်ကြားသို့ လက်ချောင်းများ ဖွသွင်းစမ်းသပ်ပြီး ထိုလက်များမှ တစ်ဆင့် ပိတ်ကားပေါ်သို့ ပြောင်းချလိုက်၏။ ပြီးတော့ မှုန်ပြေသော ရာသီဥတုက သွန်းကျလာသော အရောင်ကို ခြယ်သသည် ။ ကိုစိုး၏ လက်များ ၊ ခြေများကိုလည်း အမူအရာ စုံစေ့အောင်ထား၍ ရေးဆွဲ၏။ ဘာကြောင့် တူရိယာ ပညာကို မသင်ခဲ့ပါလိမ့်။ တယောထိုးတံကို ကိုင်ဟန်၊ စန္ဒရား ခလုတ်ပြင်ဟန် ရွယ်ဟန် သိပ်ကိုလှမှာ ပဲ။ သို့သော် ကိုစိုးက အသက်အန္တရာယ် ဖြစ်စေသော လက်နက် ကိရိယာကို ကိုင်ချင်ဟန်ရှိလေသည် ။ ကိစ္စမရှိပါ။ အရေးကြီးသည် မှာ အတူသွားလာ လှည့်ပတ်နေဖို့ သာ ဖြစ်သည် ။

ထို့ကြောင့် နှစ်ယောက်အတူ သွားလာလှည့်ပတ်ဆဲ တစ်ရံခါ၌ သူတို့ နှစ်ယောက်သည် ရွှေတိဂုံဘုရားရှိ ဆွေမျိုးတော်သော လက်ဖက်ရည်ဆိုင်သို့ ရောက်သည် ။ မတော်တဆ ရောက်သည် လည်း မဟုတ်၊ တမင်လာခဲ့သည် လည်း မဟုတ်။ ခင်မမက ဆာသည် ။ ကိုစိုးက သည် ဆိုင်မှာ ယခု ထမင်းရောင်းသည် ကို သိသည် ။ သည် မှောင်သော၊ ထိုင်းသော၊ ရေပုပ်သိုးသော နေရာမျိုးကို နှစ်ယောက်လုံးပင် ရောက်ဖူးချင်သည် ။ ထို့ကြောင့် ညစ်ထပ်ထပ် မိန်းကလေး တစ်ယောက် ပန်းကန်ဆေးနေသည် ကို မြင်ရင်ပဲ ဘာမှ မတိုင်ပင်ဘဲ စွတ်ခနဲ ဝင်လာကြခြင်းတည်း

။

မိန်းကလေးက ပထမ လန့်ဖျပ်သွားဟန် ရှိ၏။ ပြီးတော့ မပြုံးမရယ် မျက်နှာသေ ဖြူရော်ရော်နှင့် 'ဘာလို ချင်လဲ'ဟု ခပ်ပြတ်ပြတ် ခပ်တိုးတိုး မေးလေသည် ။

'ထမင်းရမလား'

'ရပါတယ်။ ကြက်သားဟင်းနဲ့ ငါးမြင်းချဉ်ရည်ပဲ ရမယ်'

'ဘဲဥရှိလား၊ ကြော်ပေးစမ်းပါ'

'ရှိတယ်'

သို့သော် မိန်းကလေးသည် အတွင်းဘက်သို့ ဝင်သွားပြီး ၁၅ မိနစ်ခန့်ကြာလို့ မှ ပေါ်မလာချေ။

'မြန်မြန်လုပ်ပါဗျို့၊ ဆာလှပြီ'ဟု ကိုစိုးက ဒေါသ သံနှင့် တစ်ခါ အော်၍ မရ၊ နှစ်ခါအော်မှ ထွက် လာပြီး'ဘဲဥ မလာသေးလို့ ပါ၊ သွားဝယ်ခိုင်း နေတယ်'ဟု ဖြေသေးသည် ။

'ဖြစ်မှ ဖြစ်ရတယ်။ ကဲ ... ရှိတာထည့်' ဟု ဆို သော်-

'ငါးမြင်းချဉ်ရည်က ကုန်သွားပြီ။ ကြက်သားဟင်းပဲ ရှိတယ်။ အေးနေလို့ နွှေးလိုက်ဦးမယ်နော်၊ နွှေးလိုက်ရ မလား'ဟု မေးကာ ပျောက်ကွယ် သွားပြန်သည် ။

ကိုစိုးက'ပြန်မလား'ဟု မေးသော် ခင်မမက ဖြေသည် မှာ -

'မပြန်ချင်ဘူး။ သူ့ကို သေသေချာချာ ကြည့်ချင်တယ်'

နာရီဝက်ကျော်ကျော်ကြာမှ ထမင်းဟင်းရ၏။ ဒါပေမဲ့ အားလုံး အေးစက်စက်ပင်။ ဘဲဥကြော် တစ်ခုပင် ဆီပူပူ လောင်လောင်နှင့် ရှိ

သည် ။ ပိုက်ဆံပေးသော်လည်း မိန်းကလေးသည် မှား၍ ပိုအမ်းသေး၏။ ပြန်ပေးသည် ကို နားမလည်လို့ နားလည်အောင် ပြောရသေး၏။ စီးကရက် တစ်ဘူး ဝယ်သည် ကိုလည်း ဗီရိုထဲမှ ဆွဲယူပြီး ပေးဖို့ ရာကို ဘာမှ မလုပ်တတ်ဘဲ ဖြစ်နေသေး၏။ စိတ်မရှည်နိုင်ဘဲ ထွက်လာမှ 'မယူတော့ဘူးလား၊ ဗွီယူမလား၊ ဘားမား စတိတ်လား' ဟု လှမ်းအော်မေးကာ ကျန်ရစ်သည် ။

ကိုစိုးက'ကိုင်း... ဒီလောက်ဖျင်းတဲ့ ၊ အတဲ့ လူသတ္တဝါလည်း ရှိသေးသကိုးနော်။ သနားတော့ သနားပါရဲ့ ။ ဦးနှောက်က တိရစ္ဆာန်သာသာပဲ။ သူ့ကလေးလားမသိ။ ဟို ဘဲဥသွားဝယ်တဲ့ ကောင်လေးဆိုတာလည်း ပါးစပ်ကို တစ်ချက်မှ မပိတ်ဘူး။ ထမင်းစားတဲ့ နား လာပြီး ငေးနေလိုက်တာ မမကို သိပ်အားနာသွားတာပဲ။ ဒီဆိုင်ကို ခေါ်လာမိတာ'

'မမကိုကော ဘယ့်နှယ် ထင်သလဲ'

ကိုစိုးက နားမလည်ချေ။

'မမရဲ့ ဦးနှောက်က ဘယ့်နှယ် နေသလဲလို့ ပြောတာ'

'ဖြစ်မှ ဖြစ်ရလေကွာ။ မမရဲ့ ဦးနှောက်က အံ့ဩစဖွယ် ဦးနှောက်ပဲ။ စားရရင် ပုစွန်ဆီထက် ဆိမ့်ဦးမယ်'ဆိုဆဲ။

ခင်မမသည် အိမ်ကို အလျင်အမြန် ပြန်ချင်၏။ ခုန မိန်းကလေး ရုပ်သဏ္ဌာန် သညာမှာ ထင်ဆဲ စကားတောင် များများ မပြောချင်။

ခင်မမ၏ 'ညီအစ်မ ဝမ်းကွဲ'အမည်ရှိ မိန်းကလေး နှစ်ယောက်၏ ပုံကားသည် စကားပြောစရာတွေ များ စွာ ရှိလာ စေပြန်၏။ ခင်မမ၏ ခေါင်းနှင့် ရွှေတိဂုံ ဘုရားစောင်းတန်း ထမင်းဆိုင်မှ ကလေးမ ခေါင်းပုံတို့ ဖြစ်လေ၏။

‘မျက်နှာကျပုံကတော့ ဆင်သလိုပဲ။ တစ်ယောက်ကတော့ ပန်းချီ ဆရာ့မျက်နှာပဲ။ ပညာဉာဏ်ရဲ့ ပြယုဂ်ပဲ။ တစ်ယောက်က ညစ်ထပ်ပါဗျား။ ပါးစပ်ကလည်း ဟောင်းလောင်း။ အောက်နှုတ်ခမ်းက တွဲလွဲ။ ထူပေ့၊ အပေ့ဆိုတဲ့ ရုပ်ပဲ။ ဒါပေမဲ့ ပန်းချီဆရာက ဒီဆန့်ကျင်ဘက် နှစ်ခုကို ဘာ့ကြောင့် ညီအစ်မ တော်တယ်လို့ ဆိုရသလဲ’

‘သိပ္ပံပညာမှာ လို ဆန့်ကျင်ဘက်နှစ်ခု ဆွဲငင်တာကို ဆိုချင်တာလား’

‘စိတ်ပညာမှာ လို အကောင်းနဲ့ အဆိုးတွဲတာ ပြောချင်တယ် ထင်ပါရဲ့ ’

‘အတွေး နှစ်ခုကို တစ်ပြိုင်နက်တည်း ဖော်တာလို့ ပဲ ထင်တယ်’

ကိုစိုးကမူ‘နာမည်ကို နားမလည်ပါဘူး’ဟု ဆိုဆဲ။ လူပရိသတ်၏ စကားကိုကြား၍ ရယ်မောသော ခင်မမက တည်ကြည်သွားပြီးလျှင်‘ပုံတစ်ပုံ ပြောစရာရှိတယ်’ ဟု ဆိုလေ သည် ။

ပုံပြောစရာ တကယ် ရှိပေသည် ။ ခင်မမ သိသည် တည်း။ သူငယ်စဉ်က ဘုရားသို့ မေမေနှင့် လိုက်လာလျှင် သည် ဆိုင်မှာ ဝင်ပြီး မေမေက လက်ဖက်ရည်သောက်၊ သူက သကြားလုံး စားမြဲတည်း။ သူစားလေ့ရှိသည် မှာ တကယ့်ကို ငရုတ်သီးစိမ်းတောင့်နှင့် တူအောင် လုပ်သော အနီရောင်၊ အစိမ်းရောင် သကြားတောင့်များ ဖြစ်လေသည် ။ မေမေက ပိုက်ဆံ အတင်း ပေးလေ့ရှိသည် ။ ဒေါ်လေး မမြစိန်က အတင်း ပြန်ပေးသည် ။ တစ်ခါတစ်ရံ မေမေ့ကို ပေးလို့ မရလျှင် မသိမသာ ခင်မမလက်ထဲ လာထည့်တတ်သည် ။ ထိုအခါ ခင်မမသည် မေမေ မသိအောင် ကျိတ်ယူခဲ့ကာ အိမ်ပြန်လျှင် ဝယ်စားမြဲပင်။ သည် နေရာကို ပြန်မရောက်သည် မှာ တော့ အနှစ်နှစ်ဆယ်ပင် ပြည့်တော့မည်။

ခင်မမကတော့ သည် နေရာကို ဖြတ်သွားလျှင် လှမ်းကြည့်မြဲ။ ဒေါ်

လေးမမြစိန် သေပြီလို့ ကြားလိုက်၏။ ဦးလေးကိုတော့ ပုလိပ် အဝတ်အစားနှင့် သိမ်ကြီးဈေးထောင့်မှာ တစ်ခါ တွေ့လိုက်၏။ သူက ဂါဝန်ဝတ်ကလေးမ ဘဝက အပျိုကြီး ဖြစ်လာသည် ကို မှတ်မိနိုင်ခြင်း မရှိ။ သူကသာ ဆံပင်ဖြူရုံ ဖြူလာသော၊ ရုပ်အနည်းငယ် ကြမ်းလာသော ဦးလေးကို မှတ်မိသည် ။ အဲ... သူ့နာမည်က ကိုငြိမ်းပဲ။ ဦးလေးကိုငြိမ်းပဲ။ နှုတ်ဆက်မယ် လုပ်ပြီးမှ နှုတ်မဆက်ရဲ။ ဘုရားမှာ ထမင်းဝယ်စားစဉ်ကလည်း နှုတ်ဆက်လိုက နှုတ်ဆက်မည် စိတ်ကူးခဲ့သည် မှာ အမှန်တည်း ။ အနည်းဆုံး ကိုစိုးကို ပြောပြမည် စိတ်ကူး၏။ ဘာကြောင့် လဲမသိ။ ဘာမှ မလုပ်ဖြစ်။ ယခု ပြောပြမည် ရယ်လို့ ရည်ရွယ် ပြန်တော့လည်း စကား ဘယ်လို စရမည်။

'ကဲ ... ပြောပါဦး'ဟု ကိုစိုးက မေးသော် ခင်မမသည် လျှင်မြန်စွာ ဆုံးဖြတ်လိုက်ကာ'တိုတိုလေးပါပဲ။ တစ်လုံးတည်း ပြောရမယ်။ အဲဒီကားရဲ့ ဒုတိယနာမည်ပေါ့' ဟု ပြောပြသည် ။

'ကွာခြားခဲ့သည် ပေါ့'

'ထူးပြီး နားမလည်ပါဘူး'ဟု ကိုစိုး ဆိုဆဲ။

ခင်မမ တွေးသည် မှာ ပရိသတ်ကို နားလည်အောင် ငါမပြောပြနိုင်ဘူး။ ဘာကြောင့် လဲ ဆိုတော့ ပြောပြချင်စိတ် မရှိလို့ ပေါ့။ ဒါအမှန်ဆုံးစကားပဲ။ ငါ့တာဝန်က ပုံဆွဲပြရုံပဲ။ ငါဘာမှ ပြောမပြတဲ့ အတွက် ပုံကားဟာ ပိုပြီး ခမ်းနား ချင်သူအဖို့ ပိုပြီး ခမ်းနား နိုင်ပါတယ်။

ကြည်အေး
အမှတ်-၁၂၅၊ အတွဲ ၁၁၊ အောက်တိုဘာလ၊
၁၉၅၇ ခုနှစ်၊ ရှုမဝမဂ္ဂဇင်း။
အမှတ် ၁၂၀၊ နိုဝင်ဘာလ၊ ၁၉၉၉ ခုနှစ်၊ ရွှေအမြုတေရုပ်စုံ
မဂ္ဂဇင်း။

***

# အထီးကျန်အိပ်မက်

## ဝင်းဦး

မိုးသည်းနေ့ တစ်နေ့က ဖြစ်လေသည် ။

ရှုမဝတိုက်မှ အပြန်တွင် အငြိုးနှင့် သည်းလိုက်သော ထိုမိုး၏ ဒဏ်ကို လှလှကြီး ခံလိုက်ရ၏။ မိုးကာအင်္ကျီ ဝတ်လေ့ဝတ်ထ မရှိပေရကား မော်တော် ဆိုင်ကယ်စီး၍ ပြန်လာရာတွင် တစ်ကိုယ်လုံး နစ်နစ်ကြီး ရွှဲလေတော့သည် ။ ကျွန်တော် နေထိုင်ရာ ဝိုင်အမ်စီအေ အသင်းတိုက်သို့ ရောက်လေသော် လမ်းရှေ့ ပလက်ဖောင်းတွင် ပင်လယ်ပြင်ကြီး ပမာ ရေများ လွှမ်း၍ နေသည် ကို တွေ့ရသည် ။

ကျွန်တော့် မော်တော်ဆိုင်ကယ် ထားရာ နေရာသို့ ပလက်ဖောင်းမှ ဖြတ်၍ တွန်းဝင်ရသည် ဖြစ်ရာ ရွာလေတသည်း သည်း ဖြစ်၍ နေသော ထိုမိုးအောက်တွင် နစ်မိနစ်မျှ ပို၍ အချိန်ကြာကြာ ဒုက္ခခံလိုက်ရပေသေး၏။ မော်တော်ဆိုင်ကယ်ကို နေသားတကျ ထားပြီးနောက် အခန်းရှိရာသို့ လှေကားမှ တက်လာခဲ့ရာတွင် သိမ့်ခနဲ လေအဝှေ့ကြောင့် ချမ်းစိမ့်စိမ့် ဖြစ်၍ သွားလေသည် ။‘ဟတ်ချိုး’ဟူ၍ လည်း နာတချေချေ ဖြစ်လာမိ၏။

‘ကိုဝင်းဦး ဘယ်က ပြန်လာတာလဲ။ ကျွန်တော် ခုနတုန်းက အေးအေးနဲ့ အိပ်နေတုန်းက ခင်ဗျားရှိသလား လို့ မေးတဲ့ မိန်းမသံ တစ်သံကို ကြားလိုက်ရတယ်’

ကျွန်တော်နှင့် အခန်းချင်း နီးသော မိတ်ဆွေ တစ်ယောက်နှင့် လှေကား လယ်တွင် ဆုံမိရာ၌ ထိုစကားကို ကြားရ၏။

'ဟာဗျာ... နောက်မနေ စမ်းပါနဲ့ '

မိတ်ဆွေက'မနောက်ပါဘူးဗျ၊ တကယ်ပါ။ ကျွန်တော် တံခါးတောင် ထဖွင့် ကြည့်လိုက်သေးတယ်။ ဘယ်သူ့ကိုမှ တော့ မတွေ့ရတော့ဘူး။ ရိပ်ခနဲ မိန်းမ တစ်ယောက် လှေကားက ဆင်းသွားတာကိုတော့ လှမ်းမြင်လိုက် ရတယ်ဗျ'ဟု ဆက်၍ ပြောလေသည် ။ ထိုသူ၏ မျက်နှာမှာ လည်း အတည် ပြောနေပုံရကြောင်း တွေ့ရသဖြင့်'ကျွန်တော့် အသိထဲကများ လား မသိဘူး'ဟု ပြန်ပြောလိုက်ရသည် ။

ပြီးနောက် ကျွန်တော်လည်း နှုတ်ဆက်ကာ အခန်းဆီသို့ ချမ်းချမ်းနှင့် ပြေးခဲ့ရသည် ။ အခန်းတံခါးဝတွင် ကားညှော်သည် စောင်သည် လာလျှင် ချိတ်သွားတတ်လေ့ ရှိသော စာရွက်ခေါက်ချိုး များ လည်း မတွေ့ရပေ။ အခန်းကို ဖွင့်၍ ဝင်လိုက်၏။ နှာချေပြန်သည် ။ ကြိုးတန်းပေါ်မှ မွေးပွ မျက်နှာ သုတ်ပဝါကြီးကို ဆွဲယူကာ အဝတ်အစားများ ချွတ်လဲရင်း တစ်ကိုယ်လုံး ပွတ်တိုက် ပေးရ၏။ သို့သော် နှာချေ မရပ်ပေ။ ခေါင်းထဲက အုံတုံတုံ ဖြစ်လာသလိုလည်း ခံစားရ၏။ ဘရန်ဒီ အရက်လေး တစ်ခွက်မျှ သုံးဆောင်ရန်လည်း အခန်းတွင် မထားသဖြင့် အခက်ကြုံရလေသည် ။ မိုးထဲ လေထဲတွင် ဆင်းဝယ်ရန်လည်း မဖြစ်ပေ။ ထို့ကြောင့် သွေ့သော အဝတ်များကို ကမန်းကတန်း လဲလှယ်ဝတ်ဆင်ရပြီး အိပ်ရာတွင်း ဝင်ကွေးကာ စောင်ထူထူကြီးများ နှစ်ထပ် သုံးထပ်မျှ လုံအောင် ခြုံထား လိုက်ရလေသည် ။ လက်ဦး၌ တုန်ခိုက်ခိုက် ဖြစ်၍ နေခြင်း၊ တော်တော်နှင့် မပြေသဖြင့် တစ်ယောက်တည်း အဖျားသွေးတက်ချင် တိုင်းတက်နေမှ ဖြင့် ဒုက္ခဟု စိတ်ထင့်ခနဲ ဖြစ်သွားသေး၏။

သို့သော်လည်း များ မကြာမီပင် ချမ်းသည်းမှု အရှိန်လျော့၍ သွားကာ ကိုယ်နွေး လာလေသည် ။ မျက်တောင်များ စင်းကာ ငိုက်မျည်း၍ လာမိလေသည် ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်လျှင် အဖျား သွေးဝင်တော့မည် မဟုတ်ဟု စိတ်က ထင်သဖြင့် ချက်ချင်း အိပ်ပျော်နိုင်ရန် ကိုယ်ရော စိတ်ပါ လျှော့ထားလိုက်မိ တော့သည် ။

မှေးခနဲ ဖြစ်သွား၏။ သို့သော်…

မှောက်မျှင်း ပျော်သလိုရှိကာမှ ထူးဆန်းသော အသံကလေး တစ်သံ နားယံထဲ သဲ့သဲ့ ဝင်လာသောကြောင့် မျက်ဝန်းများ ပြန်၍ ကျယ်သွား ပြန်လေသည် ။ ကျွန်တော် ကြားလိုက်သော အသံမှာ တအဲ့အဲ့နှင့် ငိုလိုက်သော ကလေး ငိုသံလေးဟု ထင်၏။ သို့သော်လည်း ထိုသို့ ထင်လိုက်မိခြင်းမှာ လူပျို ကိုယ်လွတ်တွေသာ တစ်စု တစ်ရုံးကြီး နေထိုင်ကြသော ဝိုင်အမ်စီအေတွင် ဖြစ်နေသောကြောင့် သဘာဝ မကျဟူသော အတွေး ပေါက်မိသည် ။ အဖျား သွေးဝင်လုလု၌ မို့ ကြားချင်ရာ ကြားနေသည်ဟု ကိုယ့်ကိုယ်ကို ရယ်ချင်မိရင်း တစ်ဖန် ပြန်၍ ခေါင်းမြီးခြုံကာ အိပ်လိုက် ရပြန်သည် ။ သို့ရာတွင် ကလေးငိုသံကို ပီပီသသ ကြားလိုက်ရပြန်၏ ။ ခေါင်းမြီးခြုံကို လှစ်၍ အသာ နားစွင့်ကြည့်၏။ တစ်ခါ တစ်ခါတွင် သဲသဲကွဲကွဲ ပီပီသသပင် ကြားရ၏။ သို့ပီသပြီး အနီးမှ ကပ်၍ ကြားရသည်ကဲ့သို့ရှိရကား လမ်းအပြင်ဘက် မှ တော့ မဖြစ်နိုင်ဟု ကျွန်တော် တွက်လိုက်မိသည် ။ ဤတွင် သင်္ကာယန စိတ်ကလေး တစ်ရပ်သည် လည်း ကျွန်တော့် အတွေး အာရုံတွင် အညွန့် တလူလူ တက်၍ လာ၏။ ကျွန်တော်သည် စောင်ခြုံကို ကိုယ်မှ ခွာ၊ ခုတင်ပေါ်မှ ဆင်းကာ အခန်း တံခါးကို သွားရောက် ဖွင့်လိုက်မိလေသည် ။

ကျွန်တော် မြင်ရသည် ကား တံခါးဝ မျက်နှာစာ တည့်တည့်တွင် ဘ

ယ်အချိန်က ရောက်နေသည် မသိသော လက်ဆွဲ ကြိမ်သေတ္တာခြင်းကြီး တစ်လုံး ဖြစ်၏။ ကြိမ်သေတ္တာ၏ လက်ကိုင်ဖြူကလွတွင် ကတ်ပြားငယ် ကလေးတစ်ခုကို ကြိုးနီနီ ကလေးနှင့် ချည်နှောင်၍ ထား၏။ ထူး ထူးဆန်းဆန်း ဘယ်သူ့ဆီကများ လက်ဆောင်တွေ ပို့ပါလိမ့်ဟု ချဉ်းက ပ်သွား မိ၏။ ဤတွင် ကျွန်တော် ခေါင်းနားပန်းကြီး၍ သွားမိပါသည် ။ ခေတ္တမျှ အံ့အားကြီးသင့်ပြီး ကြောင်ငေးငေး ကြည့်နေရာမှ ကျွန်တော် လည်း ကြိမ်သေတ္တာ အဖုံးကို ဖွင့်လိုက်ရပါသည် ။

'အူဝဲ... အူဝဲ... အူဝဲ...'

အာပေါင် အာရင်း သန်သန်ဖြင့် လက်ကားရား ခြေကားရား အားပါးတရ ငို၍ နေသော လသားအရွယ် ကလေးငယ် ကလေးကို ကျွန် တော် အံ့သြစွာ တွေ့ရလေသည် ။ ကျွန်တော်လည်း လက်ကိုင်တွင် ချည်နှောင်ထားသော ကတ်ပြားငယ် ကလေးကို ကမန်းကတန်း ဖြုတ် ကြည့်ရ၏။

ဒီမှာ ကိုစိမ်းကားကြီး...

ရှင်က အချစ်ကို တန်ဖိုးမထားဘဲ တွေ့တဲ့ နေရာမှာ ခြေဆေးပြီး မေ့ တတ်တဲ့ သူ ဖြစ်ပေမဲ့ ကျွန်မကတော့ မမေ့ဘူး။ ဘယ်တော့မှ လည်း ခွင့် မလွှတ်ဘူး။

ဒီသားလေးဟာ ရှင့်ကလေး။ ရှင်ပဲ မွေးတော့။

ရှင်ပစ်သွားတဲ့

ကံဆိုးမ

ကျွန်တော့်မှာ နားမလည်နိုင်အောင် ဖြစ်ရပါသည် ။ စာအသွားအ လာကို ထောက်ရှုခြင်းအားဖြင့် ကျွန်တော်နှင့် လားလားမှ မဆိုင် ပတ်သ

က်ခြင်း မရှိကြောင်း ကျွန်တော် သိလိုက်၏။ ကျွန်တော်နှင့် မဆိုင်လျှင် မည်သူနှင့် ဆိုင်ပါ သနည်း။ အဘယ့်ကြောင့် ကျွန်တော့် အခန်း အပေါက်ဝတွင် လာရောက် ထားသွားရသနည်း။ အခန်း မှားသွားလေသလား စုံစမ်း မေးမြန်းရအောင်ကလည်း မလွယ်လှ။ အမည်မဖော် လိုသူက ကိုစိမ်းကားကြီးဆိုသူထံ ရေး၍ သွားရခြင်း ဖြစ်ရကား မည်သူကမှ ဝန်ခံလိုကြမည်မထင်။ ကိုယ့်အကြောင်း နှင့် ကိုယ် ရှိကြမည်ထားဦး၊ အထောက်အထား ဘာတစ်ခုမျှ ပါလာခြင်း မရှိသဖြင့် အရမ်းကာရောလက်ခံမည့် သူ မရှိ တန်ရာ။ မေးစမ်းသော ကျွန်တော့်ကိုပင် တစ်မျိုး တစ်မည် အလွဲအမှား ထင်စရာ အကြောင်း ရှိပေသေးသည် ။ တဒင်္ဂအတွင်း ငိုင်၍ ကြည့်နေမိရင်း တွေးလုံး တောလုံးတွေ မိုးမဆုံး မြေမဆုံးဖြစ်၍ သွားမိလေသည် ။

‘အူဝဲ... အူဝဲ... အူဝဲ...’

ကလေး ငိုသံလေးကလည်း မရပ်ဘဲ ကျယ်သထက် ကျယ် လာလေမှ ကျွန်တော့်မှာ အတွေးများကို ဖြတ်ပစ် လိုက်ရပြီး အူကြောင်ကြောင်ယောင်ကမ်းကမ်းနှင့် ပင် ကြိမ်သေတ္တာကို အခန်းထဲသို့ ဆွဲသွင်း ယူခဲ့ရ၏။ ကလေးမှာ အငို မရပ်သေးဘဲ သဲသဲမဲမဲ ငိုတုန်း ဖြစ်၏။

‘တိတ်... တိတ်ပါ လူကလေးရာ တိတ်ပါ။ မိတ္ထီလာ ကန်တော်အောက်က ဖားကောက်ခဲ့ပါကွာ။ အေး ... အေး ... အို လူကလေးရဲ့ အိပ်ချိန်တန် ဗျိုင်းရှေ့က ပျံ၊ လူကလေးရဲ့ အိပ်ချိန်နီး ဗျိုင်းရှေ့ကဆီး’

ကြိမ်သေတ္တာ ဖွင့်လျက်ကို ကျွန်တော့်အိပ်ရာ ခုတင်ပေါ်တွင် ချပြီး လောလောဆယ် တက်မတတ်၊ ချက် မတတ် ဖြစ်နေသော ကလေးကို အငိုတိတ်ရန် တတ်သမျှ မှတ်သမျှ ချော့ကြည့်ရ၏။ ကိုရွှေညော့်သည် ကလေးကား ကျွန်တော့် ကလေးချော့ကို လုံးဝ ဂရုမပြုဘဲ ရွှေပန်းကလေး

နီတာရဲနဲ့ 'တအဲအဲ'သာ ငိုမဆုံးရှိ၍ နေလေသည် ။

'တိတ်ပါကွာ၊ တိတ်ပါ'

တိတ်ပါဆိုတော့လည်း စကား နားမလည်သေးသော ကလေးသည် အငိုမရပ်ချေ။ သင်းကလေး ဘာတွေ ဝမ်းနည်း၍ ငိုသနည်း။ အမေက ပစ်သွား၍ ငိုလေသလား။ ကျွန်တော့်ကို သူ့အဖေကို စိမ်းကားကြီး ထင်မှတ်ပြီး ရန်တွေ့ ငို ငိုလေသလား။ အပြေးအလွှား မဟုတ်တမ်း တရမ်း တွေးကြည့်ရ၏။ တစ်ဖန် အာရုံ ပြောင်းသွားစေရန်ဟု ရှေ့မှ လက်ခုပ် လက်ဝါးတီးပြ၊ ပြောင်ပြ လုပ်ကြည့်သေး၏။ ချာတိတ် ကလေးသည် ဖြုန်းခနဲ အငိုရပ်ပြီး ကျွန်တော့်ကို ပြူးတူး ပြဲတဲ ကြည့်လေသည် ။ ကျွန်တော်လည်း 'ဒီမှာ ကြည့်၊ ဒီမှာ ကြည့်' ဟု ဘီလူးသွားဖြဲ လုပ်ပြမိသည် ။ ဤတွင် သူကောင်းသား ကလေးသည် ဗြဲခနဲ အော်ငိုပြန်လေသည် ။ ကျွန်တော် မကြံတတ် မစည်တတ် ဖြစ်ရပြန်ပေသည် ။ ငိုလွန်းအားကြီး၍ အမောဆို့ သွားမည်ကိုလည်း စိုးရိမ်ရ၏။ ကလေးမှာ လေးငါးလ အရွယ် ရှိပုံရသည် ။ ဒီအရွယ်သည် အင်မတန် ချူချာတတ်သည်ဟု အဆိုရှိ၏။ အမေ့နို့ပဲ တိုက်တိုက်၊ ကုလား မခြင်း တောင်းဆွဲပဲ တိုက်တိုက် မိုးရာသီ၌ ဝမ်းပျက်ဝမ်း သက်ဖြစ် တတ်သည် ဟု လည်း ကျွန်တော် ကြားဖူးသည် ။ ချာတိတ်ကလေးသည် နေမကောင်း ထိုင်မကောင်းများ ဖြစ်လေသလား။ ဗိုက်ထဲများ နာသလား။ ဗိုက်နာ၍ ငိုသော ကလေးဆိုလျှင် ပခုံးပေါ်တွင် မှောက်လျက်ကလေး ချီတင်ကာ လမ်းလျှောက်ပေးလျှင် သက်သာသည် ဟု လည်း သူငယ်ချင်း ကလေး အမေများက ပြောသည် ကို မှတ်သား ရဖူးသည် ။ ကျွန်တော်လည်း ကလေးကို ကြိမ်သေတ္တာထဲမှ မချီ ယူလိုက်ရ၏။ ထိုအခါ ကလေး၏ ခြေရင်းတွင် အနီးနှင့် ထွေးထားသော နို့အပြည့် နို့ဘူး တစ်လုံးကို တွေ့ရလေသည် ။'အပါး၊ လက်စသတ်တော့ နို့စို့ချိန် ရောက်လို့ ကိုး။ အိုဟို...

ဒါကြောင့် ကိုး’ဟူသော အတွေးပေါက်မိလိုက် ပြန်သဖြင့် ကလေးကို ကြိမ်သေတ္တာထဲ ပြန်ချရပြန်၏။ ပြီးမှ နို့ဘူးကို ယူငင်ကာ ကလေး ပါးစပ်တွင် တေ့ပေးရ၏။ ကလေးငယ်သည် ချက်ချင်းပင် အငို ရပ်သွား၏။ ဆာဆာနှင့် နို့ဘူးကို တွတ်ပတွတ်ပတ် ခြေကန်စို့လေသည် ။ ကျွန်တော့်မှာ သည် တော့မှ သက်ပြင်းချ နိုင်လေသည် ။

‘အင်း…ဘယ်သူ့ ပစ္စည်းမှန်းမသိ၊ ငါ့ဆီတော့ သောင်တင်နေပြီ။ ရှေ့ဆက် ဘယ့်နှယ်လုပ်ပ့ါ’

ကလေး ကလေး ငြိမ်ငြိမ် သက်သက်နှင့် နို့စို့နေသည် ကို ဘေးမှ ထိုင်ကြည့်ရင်း ထိုအတွေး ကျွန်တော့်ခေါင်းထဲ ရောက်၍ လာပြန်လေသည် ။ မောင်းကြေး နင်းခတ်၍ တိုင်းလေးရပ်သို့ လှည့်လည်ကာ ကိုစိမ်းကား ရှာပုံတော် ဖွင့်ပြီး‘ဟောဒီမှာ ခင်ဗျား ကလေး’ ထိုးအပ်ရန်ကလည်း မလွယ်ကူ။ အရူးဟု ကျွန်တော့်ကို သမုတ် ကြလိမ့်မည်သာ ဖြစ်သည် ။ ကလေး အမေ ကံဆိုးမသည် ကလေး အတွက် နို့ဘူးကလေး အသင့်ဖျော်ပေးထားခဲ့သည် ကိုပင် ကျေးဇူး တင်ရမလိုလို ဖြစ်ပါ၏။ ပိုင်ရှင်ကို လိုက်မရှာဝံ့လျှင်လည်း ပုံ့သကူ ပေတကားဟု ကိတ္တိမသားအဖြစ် ကျွန်တော် မွေးစား ရရုံသာ ရှိပေသည် ။ ကျွန်တော်က ဒီကလေးကို မွေးစား မည်ဆိုလျှင် ကလေးနဲ့ လူပျိုဟူသော ဘွဲ့ထူးကို ရပေဦးတော့မည်။ ရင်းနှီးသော ကျွန်တော့် သူငယ်ချင်းတွေကတော့ ကျွန်တော့်ကို ဟိုချောင်ဒီချောင်မှာ သွားပွေရင်း ရလာသည့် ကလေးဟု ယုန်ထင်ကြောင်ထင် ဖြစ်ကြမည်မှာ သေချာသည် ။ မတတ်နိုင်ပေ။ ကိုယ့်လက်ထဲ ရောက် ခုမွေးစားရတော့ မလို ဖြစ်၏။

ကျွန်တော်သည် မျက်စိ ကလေးမှေးကာ နို့ဘူးမှ နို့ကို မြိန်ရေရှက်ရေ စို့နေသော ချာတိတ် ကလေးအား သေသေချာချာ ကြည့်မိလေသည်

။ ကလေးမှာ ဝဝကစ်ကစ် ချစ်ကြင် စရာကလေး ဖြစ်လေကာ နှာတံပေါ်ပေါ်၊ မျက်လုံးပြူးပြူး၊ ပါးစုံ ဖွေးဖွေးကလေးနှင့် ဖြစ်၏။ ဆံပင်နက်နက် ပျော့ပျော့ ကလေးမှာ လည်း ကြီးလျှင် လိမ်ကောက်ကောက် ကလေး ဖြစ်လာလိမ့်မည် ထင်သည် ။ ခြေဆစ်လက်ဆစ် ကိုယ်လုံး ကိုယ်ထည်ကို ကြည့်ရသည် မှာ လည်း အရွယ်ရောက်လျှင် အားကစားသမား ဖြစ်နိုင်သည့် အရည်အချင်း ရှိပုံရသည် ။ ကြီးလျှင် ကျွန်တော်နှင့် ဝါသနာချင်း၊ စရိုက်ချင်း အစစ အရာရာ တူအောင် လေ့ကျင့်ထားရမည်။ ကျွန်တော့်မှာ ပြုံးရပြန်ပါ၏။ မွေးစားမည်ဟု စိတ်ကူးကလေး ပေါ်လာသည် နှင့် ရှေ့ရေးတွေ တစ်သီကြီး တွေးချင်သည့် စိတ်မှာ ရယ်စရာ ဖြစ်ပါလေသည် ။ ကျွန်တော့် စိတ်ထဲကမူ ချာတိတ် ကလေး၏ ရုပ်သည် ကျွန်တော်နှင့် တူနေသည် ဟု ထင်နေ လိုက်မိပါ၏။

ချာတိတ် ကလေးသည် ကုန်သွားပြီ ဖြစ်သော နို့ဘူးကို လက်နှင့် အသာ ဘေးသို့ တွန်းချလိုက်၏။ မျက်လုံး ကလေး ပေကလတ် ပေကလတ်နှင့် ဦးတည်ရာ မှန်သမျှကို စူးစိုက် ကြည့်၏။

'ဝပြီလားကွ'

ကျွန်တော်က ကလေး မျက်နှာကို ကြည့်ပြီး မေးလိုက်သောအခါ ကလေးငယ်သည် ကျွန်တော်က မြူသည် အမှတ်နှင့် ပြုံးပြလေသည် ။ လက်တုတ်တုတ် ကလေးများကို ဝှေ့ယမ်းကာ ပါးစပ်မှ လည်း 'ဂူး ... ဂူး ...'ဟု ဆိုလေသည် ။ ကျွန်တော့်ကို သူ့အဖေများ ထင်နေသည် လား မပြောတတ်ချေ။ ကျွန်တော့်မှာ 'အေး ... ရှေ့လျှောက် မင့်အဖေက ငါပဲ ဖြစ်တော့မှာ ပါကွာ'ဟု တိုးတိုးကလေး ပြောလိုက်မိ၏။

ချာတိတ်ကလေးက 'ဂူး... ဂူး...'ဟု ဆိုပြန်လေ၏။

ကိုင်း ... ဘာပဲဖြစ်ဖြစ် မွေးစားမည်ဟု ဆိုပါစို့။

မည်သို့မည်ပုံ စတင် ဆောင်ရွက်ရပါမည်နည်း။

မရမက သက်သေသက်ကန်တွေ ရှာဖွေပြ၍ သားအဖြစ် မွေးစားနိုင်သည် ဆိုကြစို့။ ကလေးနှင့် ဖြစ်၍ လာသောအခါ၌ လူပျို ကိုယ်လွတ်တွေသာနေသော ဤဝိုင်းအမ် စီအေတွင် နေထိုင်ရန် မဖြစ်တော့ပြီ။ မြို့ထဲတွင် တိုက်ခန်း တစ်ခန်းသော်လည်းကောင်း၊ မြို့ပြင်တွင် အိမ်ငယ်ကလေး တစ်လုံးသော် လည်းကောင်း ငှားရမ်း နေထိုင်ရပေတော့မည်။ အိမ်နှင့် ရာနှင့် ဖြစ်လာပြန်တော့လည်း ကျွန်တော်နှင့် သားသား နှစ်ယောက်တည်း နေ၍ မရ။ အဖော်အလျော်လို၍ လာပြန်သည် ။ ကျွန်တော် အပြင်သွားခိုက် သားသားကို ကြည့်ရှုရန် နာနီကလေးထိန်း ငှားရမည်။ နာနီကလေးထိန်း ငှားရာ၌ အရွယ်ငယ်ငယ် အပျိုများ ငှား၍ မဖြစ်။ သားသည် မအေ မဖြစ်ဖူးလေတော့ သူ့ကို ကလေးအပေါ် ကြင်နာစိတ် သိပ်ရှိမည် မဟုတ်။ အမယ်ကြီးတွေနှင့် သာ ကိုက်သည် ။ သို့သော်လည်း အမယ်ကြီး ဖြစ်ပြန်တော့ ဇီဇာကျယ်ဦးမည်။ အသက်ထောက် လာပြီဖြစ်၍ သားသားကို ပင်ပင်ပန်းပန်း ဂရုတစိုက် အချိန်ရှိသရွေ့ ကြည့်နိုင်မည် မထင်ပေ။ နာနီ ငှားဖို့ အရေး ကျွန်တော့်မှာ ခေါင်းခဲ ရပြန်သည် ။ နာနီ စိတ်ထားမကောင်းလျှင် နှမမုန့်ထောင်း မောင်မုန့်ရောင်း ပုံပြင်ထဲက ကဲ့သို့ သားသား ဒုက္ခရောက်မှာ စိုး၏။ နာနီငှားရ၊ အိမ်ငှားရနှင့် ငွေရေးကြေးရေးကလည်း ပြဿနာပေါ်၍ လာပေဦးမည်။ ထိုပြဿနာကိုကား ရှုမဝ ဦးလေးကျော်ကိုသာ ဖြေရှင်း ခိုင်းရတော့မည်ဟု စိတ်က မှန်းရသည် ။

ကျွန်တော်သည် ကလေးငယ်ကို တစ်ချက် ငုံ့ကြည့်မိပြန်သည် ။ ကလေးသည် လက်ကလေး တယမ်းယမ်းနှင့် ဆော့ရ၊ တဝူးဝူး တဂဲဂဲနှင့် စကားပြောရ လွန်းအားကြီး၍ လား မသိ မျက်လုံးကလေး မေးကာ အိပ်တော့ မယောင် ပြုနေသည် ကို တွေ့ရသည် ။

'ဟော့ကောင်ကြီး ... နေဦးလေကွာ၊ မအိပ်နဲ့ ဦး။ မင်းအဖေနဲ့ စကားပြောလှည့်ဦး'

ကျွန်တော်သည် ထိုသို့ ကျီစားရင်း ကလေးလက်ကို ဆွဲစလိုက်မိ၏။ အင့်ခနဲ အော်သဖြင့် အသာပြန်ချထား လိုက်ရသည် ။ ကိုယ့်ကိုယ်ကို အဖေဟူသော ဝေါဟာရ တပ်ရသည် မှာ လည်း တစ်မျိုးသော အရသာပင် ဖြစ်သည် ။

ကျွန်တော့်သား ဖြစ်၍ လာသောအခါ ချာတိတ် ကလေးကို ဟော့ကောင်ကြီးဟု အမြဲခေါ်၍ မဖြစ်ချေ။ လောလောဆယ်၌ နာမည်တစ်လုံး ရှာပေးရန် တာဝန် ရှိလာသည် ။ ဖိုးထောင်တို့ ၊ ရာကျော်တို့ ဆိုသည့် နာမည်တွေက ယခုခေတ်နှင့် ပန်းမစားတော့ပြီ။ ဘော်ဘီတို့ ၊ တော်တီတို့ ဆိုပြန်ကလည်း ခွေးနာမည် ဖြစ်ခြိမ့်မည်။ ပြီးတော့ အင်္ဂလိပ် နာမည် ဖြစ်သည် ။ မြန်မာစစ်စစ်ဖြစ်လျက်နှင့် အင်္ဂလိပ်နာမည် မှ ည့် ကြသော ကိုစူးရောက်တို့ သောကောရောကောထဲ ကျွန်တော့်သား အပါမခံနိုင်ပေ။ အတူး၊ အတာ၊ အပါ ဆိုတာတွေကလည်း လူဆိုး နာမည် ဖြစ်သည် ။ မောင်မောင်ဆိုတာကတော့ ကမ်းကုန်ရော့။

ကျွန်တော့်သားလေး အိပ်မော ကျစပြုလေ၏။

'ဟယ်... တစ်ခါတည်း အရွယ်ရောက်ပြီးသား နာမည်ယူ မှ ည့်ပစ်လိုက်မှ 'ဟု တွေးရပြန်သည် ။ သို့သော် နာမည်ဆိုတာလည်း နေ့သင့်နံသင့် ဇာတာနှင့် ကိုက်မှ ဖြစ်သည် ။ သားသား၏ မွေးနေ့ သင်္ကရာဇ်ကို သူ့အမေ ကံဆိုးမက ပေးမသွားပေ။ စိတ်မှန်းနှင့် ယူရမလို ဖြစ်သည် ။ ဝင်းဦး၏ သားဆိုလေတော့'ဝင်း'ဖြစ်ဖြစ်၊'ဦး'ဖြစ်ဖြစ် နာမည် တစ်လုံးလုံးတော့ ပါသင့်၏။

နာမည်ဆိုသည် မှာ အရေးကြီးကြောင်းနှင့် နှစ်တစ်ရာ ဆရာချိန်

ပြောဖူး၏။ နာမည်ကောင်း တစ်သက်တာ လမ်းကြောင်း ဖြူးဖြောင့်လိမ့်မည်ဟု အဟောရှိသည် ။ ဇာတာမသိတော့ လက္ခဏာကိုသာ အားကိုးရပေဦးမည်။ ကျွန်တော် အသာအယာပင် သားသား၏ လက်ကလေး တစ်ဖက်ယူ၍ ဖြန့်ကြည့်မိ၏။ ထီးရိုးကြီးက ထင်းနေသည် ။ လက်ဖဝါးပြင်ကောင်းသည် ။ သားသား အသက်ရှည်မှာ ပဲ၊ ပညာတတ် မှာ ပဲ၊ ချမ်းသာမှာ ပဲ။ ပြီးတော့ ကြီးရင် မိန်းမလည်း စွံဦး မှာ ပဲဟု ကျွန်တော် ဟောစာတမ်း ထုတ်လိုက် ချင်ပါသည် ။

အသက်ရှည်ရန်မှာ ကျန်းမာဖို့ အရေးကြီးသည် ။ ကျန်းမာရန်မှာ လည်း အနေအထိုင်နှင့် အစားအသောက်တွင် တည်သည် ။ သားသားကို ဂရုစိုက်ရမည်။

ချာတိတ် ကလေးသည် တစ်ဖက်သို့ လူးလွန့်ရင်း အနည်းငယ်စောင်းလိုက်ရာ ပါးစပ်မှ နို့ဖတ် အခဲကလေးများ အန်ကျလာသည် ။ ကျွန်တော် လက်ကိုင်ပဝါနှင့် ကပျာကယာ သုတ်ပေးရ၏။ ကံဆိုးမ သူ့အမေသည် သားသားကို နို့ကောင်း ကောင်းမှ တိုက်ပါလေရဲ့ လား။ နို့မှုန့်နို့ဘူးတိုက်သည် မှာ ထိုနို့အမျိုးအစားနှင့် သင့်မှ တော်ကာကျ၏။ ကောင်းကင် ဂိတ်လား၊ ဂလက်ဆိုလား၊ နက်စပရေးလား၊ ပယ်လင်နို့မှုန့်လား ကျွန်တော့်လက်ထဲ ရောက်သောအခါ မည်သည့် နို့မှုန့်နှင့် သင့်တော်ကြောင်းကို သုတေသန ပြုရပေဦးမည်။ သားသားသည် တစ်နေ့ထက် တစ်နေ့ အသက်ကြီး၍ လာမည်ဖြစ်ရာ ငယ်စဉ်ကတည်းက လူလုံးလူဖန် ထွားကျိုင်းရန် အစားအသောက် ကောင်းတွေသာ ကျွေးမည် စိတ်ကူးပါသည် ။ သားသား ခြောက်လ၊ ခုနစ်လလောက်လျှင် ထမင်းကို အဝတ် ပါးပါးနှင့် ကစီရေချကာ တိုက်ရမည်။ ထိုမှ တစ်ဆင့် ထမင်းကို ရိုးရိုးနယ် ချေပြီး အာလူးလေး ရောကျွေးမည်။ အာလူး ကျွေးလျှင် ကလေး ဝသည် ဟု ဆို၏။ ဖွဟဲ့...ဝသည် ဟု မပြောစကောင်း၊ ဖွံ့သည် ဟု

ပြောရသည် မဟုတ်လား။ ကလေးဖွံ့တာက အရေး မကြီး၊ အာလူးများ များ ကျွေးလျှင် ချွဲကျပ်တတ်သည် ဟု ပြောကြလေသည် ။ ချင့်ချိန်တိုင်း တာ ရပေဦးမည်။ အသက်တစ်စ ထက်တစ်စ ကြီးလာကာ ထိုင်ရာမှ လေးဖက်ထောက်၊ မတ်တတ်သွား၊ စကားမပီကလာ ပီကလာပြော၊ တော့တီတော့တ ဆော့တတ်လာ၊ ဖိုးစပ်စု ကလေးဖြစ်၊ အသက်ပြည့် တော့ ကျောင်းသွား ကျောင်းပို့ လုပ်ရမည့် တာဝန် ရှိသေးသည် ။

အသက်ရှည်ရာ အနာမဲ့ကြောင်းဟု ဆို၏။

အနာမဲ့ရန်မှာ ဂရုဓမ္မစိုက်ရေး၊ ဆေးကောင်း ဝါးကောင်း မှီဝဲရေး၌ တည်လေသည် ။ သားသားကို ဂရုစိုက် မည်မှာ တော့ အထူး ပြောရန်မ လို။ ဆေးကောင်းဝါးကောင်း ဆိုသည် ကတော့ စဉ်းစားရပေမည်။ က လေးငယ်တုန်း ဆိုလျှင် အင်္ဂလိပ်ဆေးနှင့် အလကားပါပဲဟု ပြောကြသူ တွေများ သည် ။ ပွဲကတော်အုပ်ဆေး၊ ဆရာဘိန်း၊ ဆရာလှတို့ သူငယ် နာ ဆေးတို့ က အတော်စွမ်းသည် ဟု ဆိုကြသည် ။ ဝယ်ပြီး ဆောင်ထား ရပေမည်။ စပါးကြီးသည်းခြေ၊ ဝံသည်း ခြေတို့ ကိုလည်း မှာ ယူ ရပေ မည်။ အန္တရာယ် ကင်းစေရန် ကလေး လည်ပင်းတွင် လက်ဖွဲ့ဆွဲပေးရမ ည်။ ကျောက်၊ ဝက်သက်စသော ဘေးရန်တို့ မှ ကင်းရှင်းရန် ဆေးထိုးလ ည်း မပျက်စေရ။ အချိန်နှင့် အိပ်၊ အချိန်နှင့် စား စေရပေမည်။

'ဟတ်... ဟတ်ချိုး...'

သတိမေ့ပြီး မထိန်းမိဘဲ နှာချေလိုက်မိရာ သေတ္တာခြင်းထဲမှ ချာတိတ်ကလေး လူးခနဲ လွန့်သွား၏။ ကျွန်တော်လည်း လန့်မသွားစေရ န်'ကျွတ် ... ကျွတ်'လုပ်ပေးရသည် ။ ပြန်ငြိမ်သွားစေရန် တင်ပါးကလေး အသာ ပုတ်ပေးရသည် ။

ကောင်ကြီး ကြီးလာလျှင်တော့ သူက လက်ဆွဲ ကာ ဘုရားသွား

ကျောင်းတက် လုပ်တော့မည်။ အဖေရှိလျှင် အမေရှိရမည်ဖြစ်ရာ သားသား မျက်နှာမငယ်စေရန် ကျွန်တော့် မှာ မိန်းမတစ်ယောက် အနေးနှင့် အမြန် ရှာယူရမလို ဖြစ်နေပါသည် ။ မိန်းမယူသည် က အရေးမကြီး။ ကိုယ်နှင့် ရမှ သားသားကို ကိုယ့်မျက်ကွယ်တွင် နှိပ်စက်နေမည့် မိန်းမ ဆိုလျှင် စိတ်ဆင်း ရဲရမည် ဖြစ်လေသည် ။ ကျွန်တော့်မှာ မူလက မိန်းမ မရနိုင်သည့် အထဲ သားတစ်ကောင်နှင့် တိုးလိုး တွဲလောင်း ဖြစ်လာသောအခါ ကြိုက်ချင်သူတွေ ရှိကြတော့ မည်မထင်ပေ။

အပြင်ဘက်တွင် ကား မိုးတွေ စဲသွားတော့မလိုနှင့် သဲကြီးမဲကြီး ပြန်ရွာနေ၏။ တစ်ခါတစ်ရံ လျှပ်ရောင်များ ပင် ပါ၍ လာလေသည် ။ ချာတိတ်ကလေးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်၍ နေရှာလေသည် ။

အိပ်ပျော်နေသော မျက်နှာကလေးကို သေသေချာချာ စူးစိုက်ကြည့်မိ၏။ ပြုံးသည့် အခါ ပြုံး၍ မဲ့သည့် အခါ မဲ့သည် ကို တွေ့ရသည် ။ တစ်ခါတစ်ရံ ငိုတော့ မယောင်ယောင် တွေ့ရပြီး တစ်ခါတစ်ခါတော့လည်း မျက်မှောင်ကြီးကုတ် ထားသည် ကို တွေ့ရသည် ။ သက်ပြင်းကြီးများ လည်း ချသည် ကို တွေ့ရသည် ။ သားတို့ ရုပ်ရည် သီတာငယ်မည် ဟူသော စကားကို ယခုမှ ကျွန်တော် သဘောပေါက် နားလည်မိပါသည် ။

သံယောဇဉ်အတည်၊ ကြည်လင်တဲ့ အရေး ကိုယ့်ရင်သွေး ဖြစ်လာတော့လည်း ထွေးပိုက်ချင်ပါသည် ။ ကျွန်တော်သည် ချာတိတ် ကလေးကို ချီယူရန် ကိုယ်ကို ကိုင်း၍ လက်ဟန် ပြင်လိုက်မိ၏။ ထိုအချိန်ကျခါမှ ပင် ထူးထူးဆန်းဆန်း ကလေးငယ်၏ ရတနာ ရွှေပန်းမှ ရေသွန်လိုက်လေရာ ကျွန်တော့် ပါးစပ်သို့ ပူနွေးသော ရေပြန်များ ဖျန်းပက်၍ သွားလေသည် ။ ကျွန်တော်လည်း ရုတ်တရက်မို့ ကလေးကို ပြန်လွှတ်ချ

လိုက်မိ၏။ ပြီးမှ ကိုယ့်ဘာသာကိုယ် ရယ်ရပါသည် ။ သို့သော်...

ချာတိတ်ကလေးသည် လန့်ဖျပ်နိုးလာသဖြင့် သံကုန် အော်ဟစ်၍ ငိုပါလေတော့သည် ။ ကျွန်တော်လည်း ကမန်းကတန်း ပျာပျာသလဲ ချော့ရပြန်၏။ သည် တစ်ကြိမ်၌ ကား မည်မျှပင် နည်းမျိုးစုံနှင့် ကြိုးပမ်းသော်လည်း ကလေးအငို မရပ်တော့ဘဲ တဝါးဝါး အဆက်မပြတ် ငိုကြွေး လေသည် ။ ကြာသော် ကျွန်တော့်မှာ တက်သွားမည်ကိုပင် စိုးရိမ်လာမိပါ၏။

ကိုယ်ကိုယ်၌ ကလည်း ကလေး အငိုတိတ်စေမည့် နည်းလမ်းကို အခြား မသိတော့ချေ။

နောက်ဆုံး၌ ကျွန်တော်သည် နီးရာဆေးတိုက်သို့ ကလေးကိုပါ ခေါ်၍ သွားကာ ဆရာဝန် အကူအညီ တောင်းပြီး အငို ရပ်စေမည်ဟု အကြံရလိုက်၏။ ထို့ကြောင့် ကလေး တဝါးဝါး ငိုနေလျက်ပင် ကြိမ်သေတ္တာခြင်းထဲ ပြန်ထည့်၊ အဖုံးပိတ်ကာ အခန်း ပြင်ဘက်သို့ လက်က ဆွဲ၍ ထွက်လိုက် မိပါသည် ။

'ဒိုင်း'ခနဲ မိုးကြိုးပစ်သံ ကြားလိုက်ရ၏။ ဓာတ် မီးကြိုးများ ပြတ်သွားသည် ထင့်။ မီးများ မှောင်၍ သွားလေသည် ။ ကျွန်တော်လည်း ရုတ်ခြည်း မမြင်မကန်း ဖြစ်၍ သွားလေရာ ရှေ့တွင် ရှိသော တစ်စုံတစ်ခုနှင့် ဝင်တိုက် မိလေသဖြင့် ကျွမ်းပြန် ကျသွားပါလေတော့သည် ။

ကြိမ်သေတ္တာခြင်းလည်း လက်မှ လွတ်၍ သွားး၏။

နာနာကျင်ကျင်နှင့် ပြန်ထပြီး ကြိမ်သေတ္တာခြင်းကို လက်နှင့်ကြမ်းပြင်တစ်လျှောက် စမ်းသပ်ရှာဖွေ၏။ မတွေ့ရပေ။ ကလေးငိုသံကိုကား ကြားနေရပေသည် ။ ကျွန်တော် နေရာ အနှံ့အပြား ရှာဖွေပြန်သည် ။ သို့သော် မတွေ့။ ကလေး ငိုသံကိုသာ ကြားနေရသည် ။

ကျွန်တော် ဇောချွေးများ ပြန်လာ၏။

'သားရေ၊ လူကလေးရေ... မင်း ဘယ်မှာ လဲဟေ့'

ကျွန်တော် အော်ဟစ် ရှာဖွေမိပါ၏။

'သားရေ... ဟေ့... သား၊ လူကလေးရေ...'

'ဟေ့... ကိုဝင်းဦး၊ ဘာဖြစ်တာလဲဗျ'

ဖျတ်ခနဲ မီးများ ပြန်လည် ပွင့် လာပြီး တစ်စုံတစ်ယောက်က ကျွန်တော့်ကို ပွေ့ထူလိုက်ခြင်းကို ခံလိုက်ရသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ အခန်းချင်းနီး ဘဏ် မန်နေဂျာ ကိုသန်းဖေကို တွေ့ပါ၏။

'ဘာတွေ လျှောက်အော်နေတာလဲဗျ။ ကိုယ်တွေလည်း ပူလို့ ပါလား'

ကိုသန်းဖေက ကျွန်တော့်နဖူးကို စမ်းသပ်ရင်း ပြောလိုက်၏။ မှန်ပေသည် ။ ကျွန်တော့်တွင် အဖျားသွေး တရှိန်ရှိန် ထနေပြီ ဖြစ်၏။ ကျွန်တော့် မျက်လုံးများက အခန်း ဝန်းကျင်ကို လိုက်လံ ရှာဖွေကြည့်၏။ ကြိမ်သေတ္တာခြင်းကို မတွေ့ရတော့ချေ။

'ကလေးငိုသံကို ခင်ဗျား မကြားဘူးလား'

မကျေမနပ်နှင့် ကျွန်တော် ကိုသန်းဖေကို မေးကြည့်မိ၏။ ခေါင်းခါပြလေသည် ။

'ဘာတွေ ကယောင်ကတမ်းနဲ့ လျှောက်ပြီး စိတ် ကူးနေတာလဲဗျ'

ကိုသန်းဖေက ကျွန်တော် ညည်းညူနေသံ ကြား၍ ရုံးမှ အပြန်တွင် ဝင်ကြည့်ရာ ကျွန်တော့်ကို ကြမ်းပြင်ပေါ်တွင် လဲနေကြောင်း၊ တွေ့ရကြောင်းကို ရှင်းပြလေသည် ။ ကျွန်တော်ကလည်း အိပ်မက် သလိုလို ဖြစ်ဟန်တူသော ထိုအဖြစ်အပျက်ကို ပြန်ပြောလေသည် ။ ကိုသန်းဖေက

ဟက်ဟက်ပက်ပက် ရယ်၏။

'အိပ်မက်ပဲ ဖြစ်မှာ ပေါ့ဗျ။ နို့ ... နေပါဦး၊ နေ့လယ်က ခင်ဗျား ဘယ်သူနဲ့ တွေ့ပြီး ဘာတွေ ပြောခဲ့မိသေးသလဲ'

ကျွန်တော် ပြန်စဉ်းစားရ၏။ သို့ကျခါမှ ရှမဝ တိုက်တွင် မောင်ဆွေတင့်နှင့် အချီအချ စကားနိုင်လု ပြောခဲ့သည် များကို ပြန်လည် အမှတ်ရပါသည် ။ မောင်ဆွေတင့်နှင့် ကျွန်တော်မှာ တစ်ယောက်နှင့် တစ်ယောက် ဆုံမိလေတိုင်း ဟုတ်သည် ၊ မဟုတ်သည် အပထား သူနိုင်ငါနိုင် စကားစစ် ထိုးကြစမြဲ ဖြစ်သည် ။ ထို့နေ့ကလည်း ဘယ်သူက စပေးသည် မသိ အချစ်အကြောင်း၊ မိန်းမ အကြောင်းသို့ ရောက်သွားခဲ့၏ ။ မောင်ဆွေတင့်က မိန်းမ ဖြစ်ရသူတွေမှာ ဝဋ်ကြွေး မကုန်ကြသူတွေပင် ဖြစ်ကြောင်း၊ မိန်းမဘဝ၏ ဆူးပေါ် ဖက်ကျ မလှမပ ဖြစ်ရပုံကို ဇာတ်စုံခင်းကာ ရှေ့နေလိုက် နေ၏။ မောင်ဆွေတင့်နှင့် ဆိုလျှင် အမြဲ ကန့်လန့် တိုက်ချင်သော ကျွန်တော်က ဆန့်ကျင်ဘက် စကားများကို သူ မခံချင်အောင် ပြောခဲ့မိ၏။

'ဟုတ်တယ်ဗျို့ ... မောင်ဆွေတင့်နှင့် အချေအတင် ပြောကြရာမှာ အချစ်ဆိုတာ တန်ဖိုးထားလို့ လည်း အပိုပဲ၊ မိန်းမဆိုတာ ယောကျ်ားတွေရဲ့ အသုံးတော်ခံပဲ၊ ကိုယ်တို့ တော့ အိုင်တွေ့ရင် ခြေဆေးမှာ ပဲ၊ အဲဒါပဲ ကောင်းတယ်။ ဝင်းဦး ဂျူနီယာလေးတွေ တစ်မြို့တစ်ယောက် လျှောက်ထားခဲ့မယ်။ မိန်းမများ သနားလွန်းလို့ တကတဲ။ ကလေး လာပြလည်း ကန်လွှတ်လိုက်မယ်လို့ အတင်းမဟုတ်က ဟုတ်ကတွေကို မခံချင်အောင် ပြောခဲ့မိသဗျ။ ယောကျ်ား ဆိုတာ သံယောဇဉ်တို့ ကလေးတို့ ကို ညှာနေရင် မိတတ်တာပဲလို့ ပြောခဲ့မိတယ်'

ကိုသန်းဖေက ရယ်ပြန်လေသည် ။

'အဲ ... အဲဒါပဲ။ ခင်ဗျားကို ကိုယ်စောင့်နတ်က မဟုတ်တမ်းတရား ပြောရမလားဆိုပြီး အိပ်မက်နဲ့ သတိ ပေးတာ ဖြစ်ရမှာ '

ကျွန်တော်လည်း ကိုသန်းဖေ၏ ပြောစကားကြောင့် ဖျားနေသည့်ကြားမှ ခပ်ဟားဟား ကလေး ရယ်ပစ် လိုက်မိပါသည် ။

'တစ်ခုကလည်း ဖြစ်နိုင်သေးတယ်။ ခင်ဗျားပွဲပြီး ထားပစ်ခဲ့လို့ တကယ် လာပေးတာလားမှ မသိတာ'

'တော်စမ်းပါဗျာ'

ကိုသန်းဖေ အခန်းတွင်းမှ ထွက်သွားသောအခါ ကျွန်တော်လည်း ခုတင်ပေါ် ပြန်လှဲလိုက်ရ၏။ သို့သော် အဖျားသွေးကြောင့် မမေ့နိုင်၊ မပျော်နိုင်တော့ချေ။ မျက်စိထဲ၌ လည်း ကလေးငယ်၏ မျက်နှာကို မြင်ယောင်နေလေသည် ။ သူ့အမေ ကံဆိုးမသည် သူ့အဖေ ကိုစိမ်းကားကြီးနှင့် ပြန်ပေါင်းပါစေ။ ချာတိတ်ကလေးလည်း အိမ်ကောင်း ဆောင်ကောင်းနှင့် နေရပါစေဟု ဆုတောင်း နေမိသည် ။

ကျွန်တော် ရူးလှပါ၏။

ဩော်... အထီးကျန် အိပ်မက်မို့ပေတကား။

**ဝင်းဦး**

**အမှတ် ၁၂၁၊ ဒီဇင်ဘာလ၊ ၁၉၉၉ ခုနှစ်၊ ရွှေအမြုတေရုပ်စုံ မဂ္ဂဇင်း။**

***

# အမိနာ

## သာခု

‘အမိနာရေ ... ဟာမက် ဘယ်သွားလဲဟေ့’

‘မရှိဘူး အစ်ကို၊ ထီးသွားပြင်တယ်’

‘သြ...သြ’

‘ဘာခိုင်းမလို့ လဲ အစ်ကို’

‘အေးကွယ်၊ အစ်ကို ထမင်းစားမကောင်းလို့ လမ်းထိပ်မှာ ဟင်းတစ်ခွက် သွားဝယ်ပေးပါလား’

အမိနာသည် ထိုစကား ကြားလိုက်ရသည် နှင့် ချီထားသော ကလေးကို ခပ်သုတ်သုတ်ချကာ ပျာယီးပျာယာ ထလာ၏။

‘ဝယ်ပေးမယ် အစ်ကို’

‘အေးကွယ်၊ ကျေးဇူးပါပဲ။ လာ၊ ရော့ ... ပိုက်ဆံ၊ အိမ်ထဲမှာ ချိုင့်တစ်လုံး သွားယူချည်နော်၊ နင့်အစ်မဆီမှာ တောင်း၊ ဟင်းဝယ်ဖို့ ချိုင့်တစ်ခု ပေးပါလို့ ’

အသားမည်းသလောက် အရုပ်ဆိုးလှသော အသက်လေးဆယ်ကျော်အရွယ် လူပိန်ပိန် ရှည်ရှည် တစ်ယောက်က သို့ပြောရင်း အမိနာအား တစ်ကျပ်တန် စက္ကူတစ်ရွက် လှမ်းပေးလိုက်၏။

အမိနာလည်း အလွန်ရိုသေ ကိုင်းညွတ်သော အမူအရာဖြင့် ပိန်ခြော

က်ခြောက် ထိုလူဘေးမှ ခပ်ကုန်းကုန်း ငုံ့ဝင်သွားပြီး ချိုင့်ကလေး တစ်လုံး ယူထွက်လာကာ ထိုလူရှေ့တွင် ခပ်ယို့ယို့ကလေး ရပ်လိုက်ပြန်ကာ-

'ဘာဟင်းဝယ်မလဲ အစ်ကို'

'ဩော် ... အေး၊ ငါ ပြောမလို့ မေ့သွားတယ်။ ဟို ... ငါးဟင်းရရ၊ ကြက်သားဟင်းရရ၊ အို ... ဒီလိုလုပ်လေ၊ ငါးဟင်း အရင်မေး၊ မရမှ ကြက်သား၊ ဆိတ်သား တစ်ခုခု ပေါ့ကွယ်။ ဘာဟင်းဖြစ်ဖြစ် ဝယ်သာဝယ်ခဲ့၊ တစ်ခွက်'

အမီနာက မရဲတရဲကလေး မော်ကြည့်တဲ့ ကာ...

'ဆိတ်သားဟင်းက အလွတ်လား၊ ပဲနဲ့ ချက်တာလား အစ်ကို'

'အလွတ်ပေါ့ကွယ်၊ နောက်ဆုံးပဲနဲ့ ဆိတ်သားပဲ ရှိတယ်ဆိုလည်း အဲဒါပဲ ဝယ်ခဲ့ပေါ့'

'ဟုတ်ကဲ့ အစ်ကို၊ ဘယ်ဆိုင်က ဝယ်ရမလဲ၊ ကာကာတိုင်ကလား၊ ဟို ...'

'ကာကာဆိုင်က မဝယ်ပါနဲ့ ၊ ဒီလမ်းထိပ် တည့်တည့်က ဆိုင်လေ၊ အမီနာတို့ လူမျိုး ရောင်းတဲ့ ဆိုင်ဟာကော'

'ဟုတ်ကဲ့၊ သိပါတယ် အစ်ကို'

အမီနာ ခပ်သုတ်သုတ်ကလေး လှည့်ထွက်သွား၏။

အမီနာသည် လည်းကောင်း၊ သူ့ချစ်ခင်ပွန်းသည် ဟာမက်သည် လည်းကောင်း နှစ်ယောက်စလုံး မြန်မာအခေါ် (ခေါ်တော) လူမျိုးများ ဖြစ်ကြ၏။ မြန်မာများက သူတို့ အား ခေါ်တောဟု ခေါ်လျှင် မခံချင်ကြ၊ ခြစ်တကောင်း လူမျိုးဟု ခေါ်မှ သဘောကျ၏။ ဘာကြောင့် လေလော မ

သိ။ ဟင်းဝယ်ခိုင်း သူက (အမိနာတို့ လူမျိုးရောင်းတဲ့ ဆိုင်လေ) သိမ် သိမ်မွေ့မွေ့ သုံးလိုက်ဟန် တူ၏။

ထိုလူလည်း အမိနာ ထွက်သွားသည် နှင့် ရုတ်တရက် ကိုယ်ကိုလှည့်ကာ တိုက်တွင်းသို့ ဝင်တော့မည် ပြုပြီးမှ တိုက်ဝ အုတ်နံ့ရံ တစ်ဖက်တွင် ဆွဲချိတ်ထားသော-

ဦးသိုက်မောင်နှင့် သားများ

ဝင်ကုန် ထွက်ကုန်ဌာန

ဆိုင်းဘုတ်ကလေးပေါ်တွင် တင်၍ ပေနေသည့် ဖုန်မှုန့်ကလေးများကို လက်ဖြင့် ပွတ်လိုက်ပြီးမှ တိုက်ထဲသို့ လှမ်းဝင်သွား၏။

ဤလို အမိနာအား ဟင်းဝယ်ခိုင်းသည် မှာ ဤအကြိမ်သည် ပထမ ဖြစ်၏။ ခါတိုင်းက ဦးသိုက်မောင် ထမင်းစား မကောင်းလျှင်ဖြစ်စေ၊ အိမ်တွင် ချက်သော ဟင်းကို မကြိုက်လျှင် ဖြစ်စေ အမိနာ၏ ချင်လင်ဟာမက် ဆိုသူကိုသာ အမြဲဝယ်ခိုင်းလေ့ ရှိ၏။

ယနေ့သော် ဟာမက်ကို မေးရာ၌ အလိုက် သိတတ်သော အမိနာက ပင် ခိုင်းစရာရှိက သူ့ကိုခေါ်ခိုင်းရန် မေတ္တာ ရပ်ခံသလို စကား စခဲ့သောကြောင့် အမိနာအား ပထမ အကြိမ် အနေဖြင့် ခိုင်းခဲ့ခြင်း ဖြစ်၏။

အမိနာတို့ ဇနီးမောင်နှံ၏ လက်ရှိ နေထိုင်မှု အဆင့်အတန်း အခြေအနေကို စာရှုသူတို့ သိထားရန် ဤနေရာတွင် လိုလာ၏။

မူလကဆိုလျှင် ယခု ဦးသိုက်မောင်တို့ တိုက်နေရာသည် မြေကွက်လပ် တစ်ခုဖြစ်လျက် လက်တွန်းလှည်း ကုလားများ ၏ လှည်းများ ထားရာ ဂိုဒေါင်သဖွယ် ဖြစ်ခဲ့၏။ ထိုနေရာ၏ မျက်နှာစာ ထောင့်တစ်ခုတွင် အမိနာတို့ ဇနီး မောင်နှံ၏ ကွမ်းယာဆိုင် ကလေးရှိ၏။

ထိုဆိုင်ကလေးမှာ ကွမ်းယာဆိုင်တို့ အင်္ဂါနေ့နှင့် ညီညွတ်သည် ဟု ဆိုရလောက်အောင်ပင် ကျဉ်းမြောင်း လှတော့၏။ မည်သို့ပင် တိုင်းထွာသည် ဖြစ်စေ ခြောက်ပေပတ်လည် ထက်မပို။

ထို့ကြောင့် လည်း အမိနာတို့ ဇနီးမောင်နှံမှာ ညမှု ညတာ အိပ်ရာထိုင်ခင်းအတွက် နေ့စဉ်နှင့် အမျှ ပြဿနာ တစ်ရပ်အဖြစ် ရင်ဆိုင်ခဲ့ကြရ၏။

နွေနှင့် ဆောင်းရာသီဆိုက တော်ပေသေး၏။ အမိနာက ဆိုင်ပေါ်တွင် အိပ်၍ ဟာမက်က လမ်းမ ကတ္တရာ လမ်းပေါ်တွင် ဖျာကလေးခင်းပြီး ညအိပ် ပြဿနာကို ဖြေရှင်း နိုင်ခဲ့စေကာမူ။ မိုးဥတုရောက်ပြီဆိုက အမိနာတို့ ဇနီးမောင်နှံတွင် အတော်ကလေး ဗျာများ ကြရတော့၏။

အမိနာ တစ်ယောက်တည်း ဆိုင်ပေါ်တွင် အိပ်စဉ်ကပင် တံခါးအလုံပိတ်ပြီး အိပ်၍ မရ။ ခြောက်ပေမျှသာရှိသော ဆိုင်ကလေးပေါ်တွင် ကွမ်းယာ၊ စီးကရက်နှင့် အခြား အချိုရည်၊ သကြားလုံး ပုလင်းများ အတွက်ကလည်း နေရာ ပေးရသေးသဖြင့် အမိနာမှာ ဆိုင်တွင်း၌ ကိုယ်တစ်ပိုင်း၊ ဆိုင်ပြင် ခြေနှစ်ချောင်း စုကာ ထင်းရှူးသေတ္တာခု၍ အိပ်ခဲ့ရ သည် ဖြစ်ရာ မိုးရာသီအတွင်း၌ သူ့ချစ်လင်ရင်း ဖြစ်သော ဟာမက်အတွက် နေရာပေးရန်မှာ လုံး၀ မဖြစ်နိုင် ရှိခဲ့၏။

သို့သော် မဖြစ်၍ လည်း မရ၊ နှစ်ယောက်အိပ်၍ မဖြစ်ဖြစ်အောင် ကြံဖန်ကာ ဆိုင်ထဲတွင် ပင် ဖြစ်သလို အိပ်စက်ခဲ့ကြရရှာ၏။

ခြောက်ပေ ပတ်လည်မျှသော ဆိုင်ကျဉ်းကလေး အတွင်း၌ ဘိလပ်ရည်ပုလင်း အပါအ၀င် ကွမ်းယာဆိုင် ပစ္စည်းနှင့် အတူ သူတို့ ဇနီးမောင်နှံ မည်သို့မည်ပုံ အိပ်စက် ခဲ့ကြရရှာသည် ကို အမိနာတို့ သာလျှင် အသိဆုံး ဖြစ်ပေလိမ့်မည်။ ဘေးလူများ အဖို့ သော်ကား စိတ်မှန်းဖြင့် တွေး

ကြည့် ရန်သာပင်။

ထိုမြေကွက်ကို ဦးသိုက်မောင်တို့ ဝယ်ယူ လိုက်သောအခါ၌ လက်တွန်းလှည်း ကုလားများ လုံးဝ ပြောင်းရွှေ့ ပေးခဲ့ရသော်လည်း ဟာမက်တို့ ဇနီးမောင်နှံမှာ မူ အမီနာကြီး မျက်ရည် စက်လက်ဖြင့် အသနားခံ ကောင်းမှုကြောင့် တစ်ကြောင်း၊ ဦးသိုက်မောင်တို့ ဇနီးမောင်နှံ၏ လူတစ်ဖက်သားကို သနားတတ်သော စေတနာ ဓာတ်ခံကြောင့် တစ်ကြောင်း ၁၆ ရက် တိတိဖြင့် အပြီး ဆောက်ခဲ့သော ကားဂိုဒေါင်ဘေးတွင် အမီနာတို့ ၏ လေးတိုင်စင် ကွမ်းယာဆိုင် ကလေးကို ကြည်ကြည်ဖြူဖြူ ရွှေ့တည်ခွင့် ပြုခဲ့၏။

'ဟဲ့ အမီနာ၊ ဒီလောက် ကျဉ်းကျဉ်းကျပ်ကျပ် ဆိုင်ကလေးထဲမှာ ညည ဘယ်လိုလုပ် အိပ်သလဲဟင်'

ဦးသိုက်မောင်တို့ တိုက်တည်စဉ်က မိုးဦးကျ ဖြစ်သည့် အတိုင်း တိုက်ဆောက်နေသည် ကို လာကြည့်ရင်း လူတစ်ဖက်သား၏ စားဝတ်နေရေးကို အမြဲတစေ မေးမြန်း ဂရုစိုက်တတ်သော ဦးသိုက်မောင်တို့ က အမေးရှိခဲ့ရာ၌ -

'ဘယ့်နှယ်လုပ်မလဲ အစ်ကို၊ ဒီလိုပဲ နေရတာပဲ'

ဦးသိုက်မောင်တွင် အတော်ကလေး စိတ်မကောင်း ဖြစ်သွားကာ-

'အို ... ဒီလိုပဲနေလို့ ဘယ်ဖြစ်မလဲဟဲ့၊ အမီနာ ကဲ ... ကဲ ... ဟာမက်လာရင်ပြော၊ ဒီဆိုင်ကို ဖျက်ပြီး ဆယ်ပေ ပတ်လည်လောက် ပြင်ဆောက်လို့ ၊ ဟုတ်လား။ ဒါမှ နင်တို့ အိပ်လောက်မှာ '

'ဟုတ်ကဲ့ အစ်ကို၊ ပြောပါ့မယ်'

တစ်ပတ်သာသာခန့် ကျော်လွန်ခဲ့ပြီဖြစ်သော နေ့တစ်နေ့တွင် တိုက်

ဆောက်နေသည် ကို လာရောက် ကြည့်ရှုရင်း ဦးသိုက်မောင်တို့ ဇနီး မောင်နှံသည် ခပ်လှမ်းလှမ်း ကွမ်းယာဆိုင်တွင် ထိုင်၍ ငိုင်နေသော အမိနာကို ကြည့်ကာ-

'အင်း... ကျွန်မတို့ ကုသိုလ်ကပဲ တစ်မျိုး ထူးတာပဲနော်၊ ဘယ်ကိုပဲ ပြောင်းပြောင်း ကာကဝဋ္ဋိယ မောင်နှံမျိုးနဲ့ ချည်း တွေ့တွေ့ နေရတာပဲ'

ဦးသိုက်မောင်၏ ဇနီးက အမိနာကို လှမ်းကြည့်ရင်း ပြောလိုက်သဖြင့်-

'အေး... အဲဒါ မင်း ဝမ်းမသာဘူးလား မငွေမြိုင်'

'သာပြီလား ကိုသိုက်မောင်ရယ်၊ ပေးကမ်းစွန့်ကြဲ တယ်ဆိုတာ အမိနာတို့လို တကယ် မရှိဆင်းရဲတဲ့ လူမျိုး ကို လှူရမှ ပိုပြီး ကောင်းတာပေါ့ '

'အဲဒါ မင်းတို့ ငါတို့ ရဲ့ ဒါနကုသိုလ်ကို ပိုပြီး အကျိုးများ အောင် ပါရမီဖြည့်မယ့် လူတွေလို့ သဘောထား ရမှာ ပေါ့ကွာ၊ ဟုတ်ဘူးလား။ တကယ် မရှိလို့ ပေးရ ကျွေးရတာမှ အရသာကွ၊ အရသာ'

'နို့...နေပါဦး၊ ဟိုတစ်လောက သူတို့ ဆိုင်ကလေး ကျဉ်းလို့ ဆိုပြီး ရှင်က ခပ်ကျယ်ကျယ် ပြင်ဆောက်ဖို့ ပြောတယ်ဆို'

'အေးလေ၊ သူတို့ ညညအိပ်ရတာ ကျဉ်းကျပ်နေလို့ '

'ကျွန်မကလည်း မနေ့က စကားစပ်ပြီး မေးကြည့် မိတယ်၊ အဲဒါ အမိနာက ပြောတယ်၊ ပြင်ဆောက်ဖို့ ရာ ပိုက်ဆံ မရှိဘူးတဲ့ '

'ဟေ ... အဲဒါ ဟုတ်မှာ ပဲ၊ ငါလည်း မင်းပြောမှ ပဲ သတိရတော့တယ် မငွေမြိုင်။ သူတို့ အခြေအနေ ကြည့်ရတာ ဆိုင်ကလည်း သိပ်ပြီး ရောင်းရပုံ မပေါ်ဘူးကွနော်'

‘ဘယ်မှာ လာပြီး ရောင်းရပ့ါမလဲရှင်၊ ကွမ်းယာ ဆိုင်တို့ ဘာတို့ ဆိုတာက လမ်းထိပ်တို့ ၊ လမ်းဆုံလမ်းခွ တို့ မှာ သာ ဖွင့်ရတဲ့ ဆိုင်မျိုးပဲ’

‘အေးကွာ၊ ဒီပြင် အလုပ်လည်း သူတို့ မကြံတတ် မစည်တတ်ဘူး ထင်ပါရဲ့ ’

‘ဒါက အရေးမကြီးပါဘူး ကိုသိုက်အောင်၊ အမိနာကို ကြည့်ရတာ နေ့စေ့ လစေ့ကြီးနဲ့ တူတယ်၊ အဲဒါ အခုလို မိုးတွင်းကြီးနဲ့ အိပ်စရာ မရှိတာနဲ့ ကလေး ရလာမှာ နဲ့ ဆိုရင်တော့ ’

‘အေးလေကွာ၊ ဒါဖြင့်လည်း ကဲ … ပြောနေကြာတယ်၊ ဟိုလက်သမား ဆရာခေါ်ပြီး သူတို့ ဆိုင်ပြင်ပေး ခိုင်းလိုက်ကြစို့လား’

ပြောသည့် အတိုင်းပင် ၄ ရက်အတွင်း အမိနာတို့ ဆိုင်ကလေးမှာ သပ်သပ်ရပ်ရပ်နှင့် ကျယ်ကျယ်ဝန်းဝန်း ကလေး ဖြစ်သွားတော့၏။

‘ကိုသိုက်မောင်၊ ကြည့်စီစဉ်ပါဦး၊ အမိနာ တစ်ယောက် ဗိုက်နာနေပတဲ့ ’

အမိနာ့ မီးဖွားရေး ကိစ္စသည် လည်း မနေတတ်သော ဦးသိုက်မောင်တို့ တာဝန်လို ဖြစ်လာရပြန်လျက် ချက်ချင်း ဆေးရုံကားမှာ ၍ ‘ဒပ်ဖရင် ’သားဖွားရုံသို့ ပို့ပေးရရုံမက…

‘ကျွန်မလည်း မိန်းမချင်းမို့ ကိုယ်ချင်းစာမိတယ် ကိုသိုက်မောင်၊ မီးဖွားပြီးစဆိုရင် အာဟာရ ဖြစ်တာကလေး စားပါစေတော့ဆိုပြီး အမိနာ့ အဖို့ လေ ဘီစကွတ်မုန့် ဝယ်ပို့ လိုက်တယ်၊ လိမ္မော်သီးရော၊ ဘာရော အစုံပဲ’

‘ဝယ်ပေးလိုက်ပါကွာ၊ ဒါမျိုးကျွေးရမှ ကုသိုလ် ထူးတာ’

အမိနာ မီးဖွားပြီး၍ ဆေးရုံမှ ဆင်းသော အခါတွင် လည်း -

‘ဟော့ … မငွေမြိုင်၊ အမိနာ့ ကလေးကို မြင်ပြီးပလား၊ ချစ်စရာကြီး ကွာ၊ ဖြူဖြူတုတ်တုတ်နဲ့ နှာတံကလည်း ပေါ်လိုက်ပါဘိနဲ့ ’

‘ကျွန်မကတော့ အမိနာ ပြန်ရောက်ကတည်းက တွေ့ပြီးပြီ၊ အနီး မရှိသေးဘူးဆိုလို့ ရှာကြံပြီး လုပ်ပေးလိုက် ရသေးတယ်လေ၊ အနွေးထည်ရော၊ ဘာရော အစုံပဲ’

‘အေး … ငါကလည်း ခု ငွေနှစ်ဆယ် ပေးခဲ့တယ်၊ ခြင်ထောင်ဝယ်ဖို့ ’

‘ဟင် … ဟုတ်လား ဝမ်းသာလိုက်တာရှင်၊ ကျွန်မလည်း အဲဒါ ပြောမလို့ ပေ့ါ၊ ကလေး နီတာရဲကလေး ခြင်တွေ ကိုက်ထားလိုက်တာ မျက်နှာကလေး အဖုတွေချည်းပဲ’

‘ဟာမက်ရေ’

‘အစ်ကို’

ဦးသိုက်မောင်က ဤသို့ ခေါ်လိုက်တိုင်း ဟာမက်သည် အပြေးကလေး ရောက်လာတတ်၏။

‘အစ်ကို့ကို ဟင်းဝယ် ပေးစမ်းနော်၊ ကြက်သားဟင်း ဝယ်ခဲ့၊ ပိုတဲ့ ပိုက်ဆံ မင်းယူ၊ လက်ဖက်ရည်ဝယ်သောက် ဟုတ်လား’

အလွန် ရိုသေကိုင်းညွတ်သော အမူအရာဖြင့် ဟာမက်သည် ခေါင်းတညိတ်ညိတ် နာခံကာ ပျာပျာသလဲ လမ်းထိပ်သို့ သုတ်ခြေတင်လေ့ ရှိ၏။

ဤသည် မှာ ဦးသိုက်မောင်တို့ ပြောင်း လာပြီးနောက် တစ်လကျော်ကျော် အကြာတွင် ဖြစ်ပျက်ခဲ့သော အပေးအယူ အဆက်အဆံ ကလေးများ ဖြစ်၏။

တစ်နေ့သော ညနေစောင်းအချိန် ဦးသိုက်မောင်သည် ရေမိုးချိုး၍ အပြီး အညောင်းပြေ ဆိုသလို တိုက်ရှေ့တွင် လမ်းလျှောက်နေရာမှ အမီနာတို့ ဆိုင်ဘက်သို့ လှမ်းသွားကာ-

'ဘယ့်နှယ်လဲဟေ့ အမီနာ၊ ရောင်းဖို့ ပစ္စည်းတွေ ဘာတွေ ဘာပြုလို့ ထပ်မဝယ်သလဲ'

ဦးသိုက်မောင်သည် အမီနာတို့ ဆိုင်ပေါ်သို့ နေရာ အနှံ့ ကြည့်နေရာမှ သို့မေးလိုက်သည် ကို-

'ရောင်းမကောင်းဘူး အစ်ကို၊ တစ်နေ့ကို တစ်ကျပ်ခွဲ နှစ်ကျပ်လောက်ပဲရတော့ စားတာနဲ့ ဒီပိုက်ဆံ ကုန်သွားတာပဲ။ နောက်ထပ် ကုန်မဝယ်နိုင်ဘူး အစ်ကို'

ထိုအခိုက်တွင် ခပ်လှမ်းလှမ်းရှိ ဗာဒံပင်အောက်၌ ထိုင်၍ ငိုင်နေသော ဟာမက်သည် အပြေးကလေး ရောက်လာကာ ဦးသိုက်မောင်နှင့် တစ်လံကွာလောက်တွင် လာရပ်၏။

ဦးသိုက်မောင်က ဟာမက်ဘက်သို့ လှည့်ကာ-

'ဘယ့်နှယ်လဲကွ၊ မင်းတို့ အရောင်းအဝယ် မကောင်းဘူးဆို'

ဟာမက်သည် ကြောက်ရွံ့ အားနာသော အသွင်ဖြင့် ပြုံး၍ ခေါင်းငုံ့သွား၏။

'ဒီလိုဆို ဘယ်ဖြစ်မလဲကွ၊ ရောင်းရတဲ့ ပိုက်ဆံသာ ခုလို စားသွားမယ်ဆိုရင် မင်းတို့ ဟာ မကြာခင်ကုန်မှာ ပဲ'

အမီနာတွင် မျက်ရည် လည် နေသကဲ့သို့ ဟာမက်တွင် လည်း ခေါင်းငိုက်စိုက်နှင့် တွေနေ၏။

'ဒီအရောင်းအဝယ်က မကောင်းဘူး ဆိုရင် ဒီပြင် အလုပ်တစ်ခုခုကို လုပ်ပါလားကွ၊ ဟေ'

ဟာမက်သည် မရဲတရဲ မော်ကြည့်ပြီးမှ ပြန်ငုံ့သွားသဖြင့်-

'ဒီပြင်အလုပ် မင်း ဘာလုပ်တတ်သလဲ ဟာမက်'

ယခုမှ ဟာမက်သည် မျှော်လင့်ချက် အလင်းရောင် ဝင်းနေသည့် မျက်လုံးများ ဖြင့် ရဲရဲတင်းတင်း မော်ကြည့်ဝံ့ လာပြီး...

'ဟိုဒင်း အစ်ကို၊ ရေခဲခြစ်လည်း လုပ်တတ်တယ်၊ ကြံရည်လည်း လုပ်တတ်တယ်၊ ထီးပြင်တဲ့ အလုပ်လည်း လုပ်တတ်တယ် အစ်ကို'

'အေး ... ဒါဖြင့်လည်း အမီနာက ဒီမှာ ပဲထိုင် ရောင်း၊ မင်းက အဲသလို ဒီပြင်တစ်ခုခု ရောင်းပါလား'

'ပိုက်ဆံ မရှိဘူး အစ်ကို'

'အေးပါကွာ၊ ငါသိတာပေါ့။ ကဲ ... မင်း ဘာလုပ် ချင်သလဲ ပြောစမ်း'

'ရေခဲခြစ် ရောင်းရင် အမြတ်များများ ရတယ် အစ်ကို'

'အဲဒါ ငွေဘယ်လောက် လိုမလဲ'

'လှည်းတစ်ခု ဝယ်ရမယ် အစ်ကို၊ ပြီးတော့ ဖန်ခွက်ရယ်...'

'ကဲ... ငွေတစ်ရာဆိုရင် လောက်မလား၊ အားလုံး မင်းဟာမင်း ကြည့် ဝယ်ပေါ့'

'ရတယ် အစ်ကို၊ ငွေတစ်ရာဆိုရင်နော် တစ်ခါတည်း ပြီးပြီ၊ အစုံရပါ တယ် အစ်ကို'

ဟာမက်တွင် မကြုံစဖူး ဝမ်းမြောက်သွားသလောက် အမီနာတွင် လည်နေသော မျက်ရည်တို့ သည် လည်း ပြန်၍ ဝင်သွားလေပြီလော မ

ပြောတတ်။ တစ်မျက်နှာလုံး ကြည်လင်နေသည် ကို တွေ့ရ၏။

ဤလို ကူညီထောက်ပံ့ရာ၌ လည်းကောင်း၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းရာ၌ လည်းကောင်း ကျောသား ရင်သား ခွဲခြားမှု ကင်းမှု၌ မြန်မာကို အဘယ်လူမျိုးမှ မီနိုင်အံ့ မထင်။ မြန်မာသည် လူတစ်ဖက်သားကို သနားတတ်ရာ၌ လူမျိုး ခွဲခြားမှုမရှိ။ ထောက်ပံ့ ပေးကမ်းရာ၌ လည်း ဘာသာ ကွဲသော ဘာသော သဘော ထားတတ်သည့် လူမျိုးမဟုတ်။ သို့ အလျောက်လည်း ဟာမက်နှင့် အမီနာတို့ ကို ပေးကမ်း ထောက်ပံ့ခြင်း ဖြစ်၏။

တရုတ်၊ ကုလား စသော လူမျိုးခြားတို့ မှာ မူ ယခု ကဲ့သို့ ရေဖိတ် စပါးထား၍ ပေးကမ်း ထောက်ပံ့ရန် မဆို ထားဘိ ရောင်းရေးဝယ်တာ ကိစ္စတို့ ၌ပင် ငွေပေးဝယ်သည် ချင်းတူသည့် တိုင်အောင် ကုလားသည် ကုလားချင်းသာ ဦးစားပေးပြီး ရောင်းဈေးကိုပင် မြန်မာကို ရောင်းသည့် နှုန်းထက် လျှော့ပေးတတ်ချေ၏။ တရုတ်လည်း ထိုနည်းလည်း ကောင်း ပင်။

ဦးသိုက်မောင်ကဲ့သို့သော မြန်မာတွေသည် ကားဆိုလျှင် ဦးသိုက် မောင် ကဲ့သို့ပင် အမျိုး ဘာသာ ဟူ၍ ခွဲခြားစိတ် ထားတတ်သူများ မဟု တ်။ မြန်မာမှ မြန်မာဟူသည် အမျိုးသားစိတ် ကင်းစွာဖြင့် အားလုံးကို ညီတူထား၍ ဆက်ဆံတတ်သော ဓလေ့ကြောင့် လောမသိ၊ စီးပွားရေး တွင် မြန်မာသည် ယနေ့တိုင် ခေါင်းမထောင်နိုင် ရှိနေကြသေးသည် တ ကား။

သို့သော် အမီနာတို့ တွင် ကား ဦးသိုက်မောင် ကောင်းမှုကြောင့် ခေါ င်းထောင်နိုင်စ ပြု လာပြီ ဖြစ်၏။

ခါတိုင်းကဆိုလျှင် ပဲဟင်းကိုပဲ အနိုင်နိုင် စားခဲ့ရသော အမီနာတို့

မှာ ယခု ငါးကလေးစ၊ ကြက်သား ကလေးစ အရသာ ခံနိုင်နေပြီ ဖြစ်၏။

'ဟာမက်ရေ လာပါဦးကွာ၊ လမ်းထိပ်မှာ ငါးဟင်း တစ်ခွက်လောက် ဝယ်ပေးစမ်းပါ'

ဤသို့လျှင် ဦးသိုက်မောင်သည် နှစ်ရက်တစ်ရက်၊ သုံးရက်တစ်ကြိမ် ဆိုသလို အိမ်တွင် ချက်သော ဟင်းကို ခံတွင်း မတွေ့တိုင်း ကုလားဆိုင် သို့ ဟင်းအဝယ် လွှတ်လေ့ရှိခဲ့၏။

သို့ဟာမက် ဟင်းဝယ်သွားပေးပြီး၍ ပြန်လာ တိုင်းလည်း အမီနာက သူတို့ ဘာသာ စကားဖြင့်-

'ဘာဟင်း ဝယ်ခိုင်းတာလဲဟင်'ဟု အမီနာက အမြဲ မေးလေ့ ရှိသကဲ့ သို့ ဟာမက်ကလည်း ဦးသိုက်မောင် ဝယ်ခိုင်းသော ဟင်းအမျိုး အမည် ကို ပြောပြရင်း လင်မယား နှစ်ယောက်သည် ရံဖန်ရံခါ တီးတိုး တိုင်ပင် လေ့ ရှိကြ၏။

'အစ်ကိုက ကုလားဆိုင်က ဟင်းကို တော်တော် ကြိုက်တယ် ထင်ပါ ရဲ့ နော်'ဟု အမီနာက ထင်မြင်ချက်ပေး လိုက်သည် ကို-

'အေးကွယ့်၊ အစ်ကိုက မြန်မာဖြစ်ပြီး ကုလားတွေ ချက်တဲ့ ဟင်းကိုမှ ဘာပြုလို့ ကြိုက်ရသလဲ မသိဘူး'

ဟာမက်လည်း ထိုပြဿနာကို စိတ်ဝင်တစား ဆွေးနွေးလာ၏။

'မဆလာကြောင့် လို့ ကျွန်မ ထင်တာပဲ။ သူတို့ မြန်မာဟင်းတွေက မ ဆလာထည့်ပြီး ချက်လေ့မရှိဘူး မဟုတ်လား၊ ကုလားဟင်းဆိုတဲ့ ခရမ်း သီးတို့ ၊ ရုံးပတီသီး တို့ နဲ့ ချက်တဲ့ ချဉ်ရည် ဟင်းလောက်သာ မဆလာ ထည့်တယ်၊ ဒီပြင်ဟင်းဆို အားလုံး မဆလာ မပါဘူး'

'အေး... ဒါလည်း ဟုတ်တာပဲ'

‘ပြီးတော့ သူတို့ မြန်မာတွေ တစ်ခါတလေ သုံးတဲ့ မဆလာက အခြောက်လှန်းပြီး ထောင်းထားတဲ့ အမှုန့် မဟုတ်လား၊ ကုလားတွေက တော့ ချက်ချင်း ကြိတ်ပြီး လတ်လတ်ဆတ်ဆတ် အစိုကို ထည့်ချက် တော့ ဘယ်တူ မလဲ၊ အစိုက ပိုကောင်း တာပေါ့နော်’

‘ဒါလည်း မှန်တာပဲ၊ နောက်ပြီး အစ်ကိုကလေ ကာကာဆိုင်က ဟင်း ထက် တို့ လူမျိုးဆိုင်က ဟင်းကို ပိုကြိုက်တယ်၊ သိလား’

‘အိုလေ ... သူတို့ က ရောင်းတမ်း ချက်တာ မဟုတ်လား၊ ဘယ်မှ သိပ်ကောင်းမလဲ၊ ဆီလည်း ခိုမယ်၊ မဆလာလည်း အပေါစား သုံးမှာ ပေါ့’

‘ဒါတော့ သူတို့ လည်း သူတို့ ဖို့ အမြတ်များများ ကျန်အောင်တော့ လုပ်မှာ ပေါ့’

‘အင်းလေ၊ ဒါကြောင့် ကျွန်မ ရှင့်ကို ပြောပြော နေတာပေါ့။ အစ်ကို့ ကို ကျွန်မတို့ ချက်တဲ့ ဟင်း ပေးချင်တယ်လို့ ’

‘ဟာ ဘယ်ဖြစ်မလဲ။ တို့လို ဆင်းရဲသားချက်တဲ့ ဟင်းကို သူတို့လို သူ ဌေးက စားပါ့မလား’

‘မဆိုင်ပါဘူး ဟာမက်ဘိုင်ရယ်၊ အစ်ကို ဝယ်ဝယ် စားနေတဲ့ ဆိုင်မှာ ချက်တဲ့ ကုလားကတော့ သူဌေးမို့လား၊ ဆင်းရဲသား အလုပ်သမားပဲ ချက်တာပါရှင်’

‘အေးလေ၊ ဒါပေမဲ့ နင်က စေတနာနဲ့ ပေးပေမဲ့ အစ်ကိုက မစားဘူး ဆို ရှက်စရာကြီး’

ထိုစကားကြောင့် အမီနာ တွေသွားပြီးမှ -

‘ဟုတ်တာပဲလေ၊ ဒါပေမဲ့ ကျွန်မကတော့ သိပ်ကျွေးချင်တာပဲ။

အစ်ကိုသာ ကျွန်မတို့ ဟင်းကို စားရရင် သိပ်သဘောကျမှာ ၊ နော် ကို ဟာမက်'

ကုလားဟင်း ကြိုက်တတ်သော (ဝါ) သူတို့ ၏ ကျေးဇူးရှင် ဖြစ်သော ဦးသိုက်မောင်အား အမီနာသည် သူချက်သော ဟင်းကို ပြင်းပြသော ဆန္ဒဖြင့် ကျွေးချင်နေရှာ၏။ သို့သော် ဟာမက် ပြောသကဲ့သို့ စားမှ စားပါ့မလား ဟူသော သံသယကြောင့် အမီနာ အောင့်နေရရှာ၏။

တစ်နေ့တွင် မူ ဝတ္ထုအစ၌ ဖော်ပြခဲ့သည့် အတိုင်း ဟာမက်မရှိ၍ အမီနာကပင် ဝမ်းသာ အားရ ဝယ်ပေးခဲ့၏။

နောက် ဟာမက် ပြန်လာသောအခါတွင် အမီနာက ဦးသိုက်မောင်အား ဟင်းဝယ်ပေးခဲ့သည့် အကြောင်းကို လုံးစေ့ ပတ်စေ့ ပြောပြရင်းက -

'အလကားပဲ ဟာမက်ဘိုင်၊ အစ်ကိုတို့ ဆိုင်က ဝယ်လာတဲ့ ဟင်းက နည်းနည်းမှ မကောင်းဘူး၊ အမီနာချက်တဲ့ ဟင်းဆိုရင် အစ်ကို အများကြီး သဘောကျမှာ ပဲ'

အမီနာက သို့လျှင် အားမလို အားမရ ပြောနေသောကြောင့် -

'ကဲ ... အမီနာ နင် ဒီလောက်တောင် ပေးချင်လည်း ညနေကျတော့ နင့်ဟင်းတစ်ခွက် သွားပေးပါလား'

ဤတွင် အမီနာက တွေ့တွေကလေး စဉ်းစားနေပြီးမှ -

'ကောင်းပါ့မလား ဟာမက်ဘိုင်'

'အေးလေ၊ နင်က ဒီလောက် ကျွေးချင်နေတာကို မစားဘူးဆိုလည်း ပြန်ယူခဲ့ပေါ့'

‘မဟုတ်ဘူး ဟာမက်ဘိုင်ရဲ့ ၊ ဟာမက်ဘိုင် ပြောသလို အမီနာတို့ က ဆင်းရဲသား၊ သူတို့ က သူဌေးမို့ စားချင်မှ စားမှာ ထင်ပါရဲ့ နော်’

‘ဒါကြောင့် ငါ ပြောတာပေ့ါ၊ သိပ်ကျွေးချင်နေ လည်း သွားပေးပေ့ါ ဟာ’

‘ခက်တာပဲ ဟာမက်ဘိုင်ရယ်၊ မစားဘူးလို့ ပြောရင် တော်သေးတာ ပေ့ါ၊ တော်ကြာ အရောဝင်တယ် ထင်ပြီး စိတ်ဆိုးသွားမှ ဖြင့်’

‘ဒါဖြင့်လည်း မပေးနဲ့ ပေ့ါ’

သို့လျှင် အမျိုးမျိုး ဆွေးနွေး ပြောဆိုနေကြသည့် အချိန်၌ အမီနာတို့ ဆိုင်ဘေးတွင် အမီနာတို့ လူမျိုးဖြစ်သော ဦးသိုက်မောင်၏ ကားဒရိုင်ဘာ ရှိနေသည် ကို သတိထားမိ ကြဟန်မတူ။

ဒရိုင်ဘာလည်း အမီနာတို့ ဆွေးနွေးခန်း ရပ်သွားသည် နှင့် ဦးသိုက်မောင်ရှိရာ တိုက်အတွင်းမှ အလုပ်ခန်းထဲသို့ ခွင့်တောင်း၍ ဝင်သွား၏။

ဦးသိုက်မောင်က ကိစ္စကို မေးမြန်းရာ၌ ဒရိုင်ဘာသည် သူ့လူမျိုးဖြစ်သော အမီနာနှင့် ဟာမက်တို့ က ဦးသိုက်မောင်အား ဟင်းပေးလိုပုံနှင့် အမီနာတို့ တီးတိုး ပြောဆိုကြသည့် စကားများကိုပါ တစ်လုံးမကျန် ဖောက်သည် ချလိုက် ရုံသာမက သူတို့ လူမျိုးချင်း မျက်နှာရ စိမ့်သောငှာ အမီနာတို့ လင်မယား၏ စိတ်ထားကို ပိုပိုသာသာ ကလေး ချီးကျူး နေ လိုက်သေး၏။

‘အေး ... အေး ... ငါတို့ က ဒီလို မဟုတ်ပါဘူးကွာ၊ ဆင်းရဲသားလည်း လူ၊ သူဌေးလည်း လူပဲ မဟုတ်လား။ ဘယ်သူချက်ချက် မညစ်ပတ်ရင် စားတာပါပဲကွ၊ ကဲ... ဒီနေ့ပဲ အမီနာတို့ ဆီက ဟင်းတစ်ခွက်တော့ တောင်းစား ရဦးမယ်’

ဦးသိုက်မောင် ကိုယ်တိုင်ပင် ပန်းကန် ကလေးတစ်ချပ် ကိုင်သွားကာ-

'အမိနာရေ၊ နင်တို့ ဘာဟင်းများ ချက်သလဲ ဟေ့၊ အစ်ကို့ကို တစ်ခွက်လောက် ကျွေးပါလား'

သို့ပြောလိုက်သော ဦးသိုက်မောင်၏ စကားကို ကြားလိုက်ရသည် နှင့် အမိနာတွင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကာ ပျာယီပျာယာ ထ လာပြီး အလွန်လျှင် ရှင်လန်း ဝမ်းမြောက်သော အမူအရာဖြင့် ဦးသိုက်မောင် လက်ထဲမှ ပန်းကန်ကို လှမ်းယူလိုက်၏။

ရတောင့်ရခဲလှသော အခွင့်အရေး တစ်ခုကို မမျှော်လင့်ဘဲ ရလိုက်သကဲ့သို့ အမိနာတွင် ဘာတစ်ခွန်းမျှ မပြောနိုင်။ ပန်းကန်ကိုင်ထားသော လက်သည် လည်း တဆတ်ဆတ် တုန်နေ၏။

အတန်ကြာမှ အမိနာသည် နင်နေသော တံတွေးကို အနိုင်နိုင် မျိုချလိုက်ပြီးမှ -

'အစ်ကို၊ ဟင်းလေ ဟင်း... နည်းနည်း အေးနေတယ်၊ အမိနာ နွှေးပြီးတော့ ယူလာမယ်နော်၊ အခုပဲ အမိနာ နွှေးလိုက်မယ်'

မူထားမမှန် ဝမ်းသာ လွန်းသောကြောင့် လား မသိ၊ နဂိုအသံမဟုတ်။ တုန်တုန်လှုပ်လှုပ်ကြီး ပြောလိုက်၏။

အမိနာသည် အလောသုံးဆယ် မီးမွှေးပြီး သူချက်ထားသည့် ငါးဟင်းကို အပြင်း နွှေးနေတော့၏။ ဝမ်းသာ လိုက်သည် မှာ လည်း ပြောစရာမရှိ။

'ဟာမက်ပြန်လာမှ ပြောပြရဦးမယ်၊ သူလည်း သိပ်ဝမ်းသာမှာ ပဲ'

ဤသို့လည်း တွေးရင်း ရေရွှတ်ကာ တစ်မျက်နှာလုံး ပြုံးနေတော့၏

။

ဟာမက်ပြန်လာ၏။ အမီနာသည် သူ့ချစ်လင် ဟာမက်အား ခရီး ရောက်မဆိုက်ပင် ပလုတ်ပလောင်း ပြောပြလိုက်၏။ ဟာမက်ရော၊ အမီ နာပါ ထိုနေ့အဖို့ ၌ ထမင်းပင် မစားနိုင်လောက် အပျော်ကြီး ပျော်နေကြ တော့၏။

နောက်တစ်နေ့တွင် ...

အမီနာသည် ခါတိုင်းထက်စောစွာ ဈေးဝယ် ထွက်သွား၏။ ဟာမက် ကလည်း ကလေးကြည့်ရင်း မဆလာ ကြိတ်နေ၏။

အမီနာ ဈေးကပြန်လာမှ ဟာမက်သည် သူ့ရေခဲ ခြစ်လှည်းကို ပြင် ဆင်၏။ အမီနာ ဆိတ်သား ဝယ်လာ၏။ ခါတိုင်းထက် ဆီကို ပိုပိုသာသာ ထည့်၏။ ဆိတ်သားကို နူးပြီး စားကောင်းစေရန် ဒိန်ချဉ်ဖြင့် စိမ်ထားလို က်သေး၏။ နောက် မမောနိုင် မပန်းနိုင် အထူး ဂရုစိုက်၍ အကောင်းဆုံး ဟင်းဖြစ်နေရန် အမီနာသည် ကြိုးကြိုးပမ်းပမ်း ချက်၏။

ရုတ်တရက် ဆိုင်ပေါ်မှ ကလေးငိုသံ ထွက်လာ၏။ ယခင်က ဤလို ကလေးငိုသံကြားလျှင် အမီနာ အူယားဖားယား ပြေးသွားတတ် သော်လည်း ယခုမူ ဦးသိုက်မောင် အတွက် တစ်ခွက်ပေးမည်ဟု ရည်ရွယ်ပြီး ချက်နေသော ဆိတ်သားဟင်းကို အမီနာ ပစ်မထားခဲ့နိုင်။ သူ့အစား ဟာမက်ကို ကလေး အချော့ခိုင်းမည်ဟု ရေခဲခြစ် လှည်းဆီသို့ မျှော်ကြည့်လိုက်၏။ ဟာမက်ကို မတွေ့ရသဖြင့်-

'ဒီကာလနာ ဘယ်များ သွားနေတယ် မသိဘူး၊ ဟင်း'

သူ ဟာမက်ကို ဤလို ကြမ်းတမ်းသောစကား မျိုးဖြင့် ဝမ်းထဲမှ ကျိ တ်၍ ရေရွတ်မိသည် အထိ ဦးသိုက်မောင် အတွက် ဟင်းချက်ရာတွင်

ထူးထူးခြားခြား စိတ်ဝင်စားနေ တော့၏။

တောက်တခေါက်ခေါက်နှင့် ပင် အမီနာသည် ကလေးကို ပြေးချော့၍ ပါးစပ်ထဲ နို့ဘူး တပ်ပေးနေစဉ် ဟာမက် ရောက်လာ၏။

'ဘယ်သွားနေတာလဲ ဟာမက်ဘိုင်၊ ကလေးကို နည်းနည်းပါးပါး ကြည့်ဦးမှ ပေ့ါ၊ တော်ကြာ အစ်ကို ထမင်း စားဖို့ ဟင်းမမီဘဲ နေဦးမယ်'

'အေးပါဟ၊ ငါလည်း သိပါတယ်။ ခုတင်ပဲ အစ်ကိုခေါ်လို့ သွားတာပါ ။ ဒီမှာ ကြည့်စမ်း၊ ငါ့ဖို့ အင်္ကျီသုံး ထည်တောင် ပေးလိုက်တယ်'

ဤတွင် မှ ဟာမက်လက်ထဲတွင် ပါလာသော အင်္ကျီ များကို သတိထားမိတော့၏။

'ကဲပါ…ကလေးကို ကြည့်လိုက်ပါဦး၊ ဟိုမှာ ဟင်းအိုး တူးကုန်မှ ဖြင့်'

အမီနာလည်း ပြောပြောလှည့်လှည့်ပင် မီးဖိုဆီသို့ လှည့်ထွက်သွား၏။

၁၁ နာရီသာသာခန့် အချိန် ဖြစ်၏။

အမီနာသည် အကောင်းဆုံး ဖြစ်စေရန် အထူးဝါ ယမ စိုက်ထုတ်၍ ချက်ထားသော သူ့ဟင်းကို ယခုထိ ဦးသိုက်မောင် မတောင်းသေး။ တစ်ဦး တစ်ယောက်ကိုလည်း အတောင်း မလွှတ်သောကြောင့် -

'ဒီနေ့ အစ်ကို ဟင်းမှ တောင်းပဲ့မလား'ဟူသော ပူပန်စိတ်ကလေးဖြင့် ရင်တထိတ်ထိတ် ဖြစ်နေရှာ၏။ တိုက်ဘက်သို့လည်း မကြာခဏ လှည့်၍ စောင်း၍ ကြည့်၏။ ဦးသိုက်မောင်တို့ အိမ်ဖော် ကလေးမလေးကိုပင် အတောင်း ခိုင်းလေမည် လောဟု လည်း စိတ်စောနေ၏။ ယခုတစ်ကြိမ် လှည့်ကြည့်လိုက်ရာ၌ ကားဒရိုင်ဘာ ထွက်လာသည် ကို မြင်သည်နှင့် -

‘ဒီမှာ ဆွန်နားမြား၊ အစ်ကို ထမင်းစားပြီးပြီလား ဟင်’

အမိနာသည် ရင်တလှပ်လှပ်နှင့် မေးလိုက်၏။

‘ခုထိတော့ စားတာ မတွေ့သေးဘူး အမိနာ၊ ဘာပြုလို့ လဲ’

‘ဒီနေ့လေ အမိနာ ဆိတ်သားဟင်း ချက်ထားတယ်၊ အစ်ကို တောင်း မလာလို့ စောင့်နေတာ၊ ခုထိ’

‘ဒီလိုဆိုလည်း တစ်ပန်းကန် ထည့်ပေးပါလား၊ ငါ ယူသွားပေးမယ် လေ’

ဤသို့လည်း အမိနာ မပေးလို။ သူလက်နှင့် သူသာ ပေးချင်၏။ ပါး စပ်ကလည်း သူ ဤဆိတ်သားဟင်းကို အဘယ်ပုံ ကောင်းအောင် ချက် ထားသည် ကိုလည်း ပြောပြ ချင်သေး၏။

‘ဘယ်ဖြစ်မလဲ ဆွန်နားမြားကို ပေးခိုင်းရင် အမိနာ ကိုယ်တိုင် ဘာ လို့ လာမပေးသလဲဆိုပြီး စိတ်ဆိုးချင်ဆိုးနေမှာ ’

သင့်လျော်သော ဤအကြောင်း ပြချက်ဖြင့် ငြင်း လိုက်သောကြောင့် -

‘ဒါဖြင့် အမိနာ သွားပေးပါလား’

‘ဒီလိုလည်း အမိနာ မပေးရဲဘူး၊ ဘယ်သူတောင်းလို့ လာပေးတာလဲ ဆိုပြီး အော်လိုက်မှာ လည်း အမိနာ ကြောက်တယ်လေ’

သို့ပြောရင်း အတန်ကြာတွေနေပြီးမှ -

‘ဒီလိုလုပ်ရင် မကောင်းဘူးလားဟင်၊ ဆွန်နားမြားက အစ်ကို့ကို သွားပြောပေ့ါ၊ အမိနာ ဆိတ်သားဟင်း ချက်ထားတယ်၊ သိပ်ကောင်း တာပဲ၊ ဘာညာနဲ့ ပေ့ါ’

'အေး … နေဦး၊ အစ်ကို အလုပ်ခန်းထဲက ထွက်လာရင် ငါ ပြော လိုက်မယ်'

ထိုအခိုက်တွင် ဦးသိုက်မောင်သည် အမိနာတို့ စကားပြော နေရာသို့ ရုတ်တရက် ရောက်လာသဖြင့် အမိနာက လေးစားရိုသေသော လက္ခဏာဖြင့် ထိုင်နေရာမှ ထရပ် လိုက်၏။

'ဘာဟင်းချက်သလဲဟေ့ အမိနာ'

'ဆိတ်သားဟင်း အစ်ကို၊ ကျွန်မလေ ခါတိုင်းထက် ကောင်းကောင်း ချက်ထားတယ်၊ ဒိန်ချဉ်လည်း နည်းနည်း ထည့်တယ် အစ်ကို၊ ကျွန်မ သွားထည့် လိုက်မယ်နော်'

အမိနာသည် ဦးသိုက်မောင် အတောင်းကိုပင် မစောင့်တော့ဘဲ မီးဖို ဆီသို့ ခပ်သုတ်သုတ် လှမ်းသွား၏။ တောင်းလျှင် အသင့် ပေးနိုင်စေရန် မီးငွေ့ငွေ့ဖြင့် မီးဖိုပေါ် တင်ထားသော ဆိတ်သားဟင်းကို အကောင်းဆုံး အတုံးများ ရွေးခပ်ပြီး ကိုယ်တိုင်ကိုယ်ကျ သွားပို့ပေးလိုက်၏။

ဂိုဒေါင်ထဲမှ ဆွန်နားမြား ကားထုတ်လာ၏။ မကြာမီ ဦးသိုက်မောင် တိုက်ထဲမှ ထွက် လာပြီး ကားပေါ် တက်မည် ပြုပြီးမှ အမိနာ့ ဆိုင်ရှေ့သို့ ရောက်လာသည် တွင် -

'အစ်ကို၊ ထမင်းစားပါဦး'

ဟာမက်ရော အမိနာပါ ပြိုင်တူလိုခေါ်ရင်း ထိုင်ရာမှ ထတော့ မ ယောင် ဟန်ပြင်လိုက်သည် ကို-

'ထိုင်၊ ထိုင်၊ စားကြလေ'

ဦးသိုက်အောင်လည်း အမိနာတို့ စားနေကြသည် ကို ဝမ်းမြောက် စွာ ကြည့်နေရာမှ ပင်-

'အမိနာက တယ်ဟင်းချက် ကောင်းတာကိုးနော်၊ ဒီနေ့ ပေးတဲ့ ဟင်းလေ သိပ်ကောင်းတယ်၊ အစ်ကို ထမင်းတွေ စားလိုက်တာ သုံးပန်းကန်တောင် ကုန်တယ် အမိနာ'

ထိုစကားကြောင့် ဟာမက်ရော အမိနာပါ အသက်ရှူ မှားမတတ် ဝမ်းသာသွားကြတော့၏။

'ညကျရင်လည်း စားပါဦး အစ်ကို၊ အမိနာ လာပို့ မယ်နော်၊ အစ်ကို့အတွက် ပိုချက်ထားပါတယ်'

ဦးသိုက်မောက် အတောင်းကိုပင် မစောင့်တော့ဘဲ ထူးကဲသော စေတနာဖြင့် ပျာပျာသလဲ ပြောလိုက်သည် ကို-

'မပူပါနဲ့ ကွာ၊ ငါကလည်း တောင်းမှာ ပါပဲ'

ဦးသိုက်မောင်၏ ထိုစကားကြောင့် အမိနာတို့ လင်မယားနှင့် တကွ ဆွန်နားမြားပါ ပြုံးပြုံးကြီး သဘောကျ သွားတော့၏။

ထိုနေ့မှာ ဦးသိုက်မောင် အမိနာတို့ ထံမှ ဟင်း တောင်းစားခဲ့သည်မှာ ဆက်တိုက် အားဖြင့် ၄ ရက်တိတိရှိခဲ့ပြီ ဖြစ်၏။ ထို ၄ ရက်တွင်လည်း အမိနာသည် ဟင်းကို တစ်ရက်နှင့် တစ်ရက် မထပ်ရလေအောင် အမည်အမျိုးမျိုး ပြောင်း၍ ချက်၏။

သူတို့ ခါတိုင်းစားနေကျ ဟင်းမျိုးနှင့် မတူ ချက်ရာ ပြုတ်ရာတွင် အထူး ဂရုစိုက်၏။ ငါးရံ့ဆိုလျှင် အကြေးအခွံများ မပါစေရန် သေသေချာချာ ဆေး၏။ ငါးခူဆိုလျှင်လည်း ဖွေးနေအောင် တိုက်၏။ အမိနာ့တွင် ဦးသိုက်မောင်အတွက် တစ်ခွက်တလေ ပေးစားရန် ဟူသော ရည်ရွယ်ချက်ဖြင့် ချက်ခဲ့သည့် နေ့မှ စ၍ အမိနာ အလွန်ပျော်၏။ စိတ်ပါလက်ပါ ချက်၏။

ဟင်းကလည်း အကယ်ပင် ကောင်း၏။ ဦးသိုက်မောင် ထမင်းစားမြိန်သည် ဟု ပြောသည် မှာ လည်း အကယ်ပင် မြိန်၍ ၊ စားကောင်း၍ ပြောခြင်းဖြစ်ရာ စားရသူတွင် အရသာ ရှိသလောက် ချက်ရသူတွင် လည်း ပင်ပန်းရကျိုး နပ်တော့၏။

အမိနာတွင် ဟင်းကို ကောင်းနိုင်သမျှ ကောင်းအောင် ကြိုးစား၍ ချက်ရသောကြောင့် ခါတိုင်းထက်ပို၍ ပင်ပန်း၏။ ပင်ပန်းရုံသာမကယခင် သူတို့ အတွက် သက်သက်ချက်လျှင် သုံးရက် တစ်ကြိမ်လောက်သာ ဟင်းကောင်းကောင်း ချက်စား၏။ ယခုမူ ဦးသိုက်မောင်အား ကျွေးချင် ဇောဖြင့် နေ့စဉ်လို သားငါး ကောင်းကောင်း ချည်း ချက်နေသောကြောင့် စျေးဖိုးပို၍ ကုန်၏။ သို့သော် အမိနာ မငြိုငြင်။

ကြာသော် ဦးသိုက်မောင်ကပင် နေ့တိုင်း ဟင်းမပို့ရန် တားမြစ်လိုက်ရတော့၏။

'အမိနာရေ၊ အစ်ကို့ဖို့ ဟင်းကို နေ့တိုင်း မချက်နဲ့ ကွယ်၊ အစ်ကို စားချင်တဲ့ နေ့မှ တောင်းစားမယ် ဟုတ်လား'

ဤတွင် ဦးသိုက်မောင်အတွက် ဟူသော ရည်ရွယ်ချက်ဖြင့် အမိနာ ဟင်းအချက် ရပ်တော့၏။ သို့တိုင်အောင် တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို ဦးသိုက်မောင် တောင်းလေ မည်လား ဟူသော မျှော်လင့်ချက်ဖြင့် ဟင်းကောင်းကလေးများ ချက်လေသေး၏။

ဦးသိုက်မောင်ကလည်း အိမ်ကဟင်းနှင့် စား မကောင်းတိုင်း နှစ်ရက်တစ်ကြိမ်၊ သုံးရက်တစ်ခါ ဆိုသလို အမိနာ့ဟင်းကို တောင်း၍ စားမြဲစားခဲ့သည် သာ ဖြစ်၏။

ဤလိုဖြင့် သုံးလေးလခန့် ကြာသော် အမိနာမှု တစ်မျိုး ပြောင်းလာ၏။ ဟင်းချက်ရာ၌ ဦးသိုက်မောင် တောင်းလို တောင်းငြားဟူသော ရည်

ရွယ်ချက်ဖြင့် ဂရုတစိုက်နှင့် သားငါး ကောင်းကောင်း ချက်လိုစိတ် ရှိတော့ဟန်မတူ။ ယခင် အချိုးအတိုင်း မှန်တမ်းသာလျှင် ချက်၏။

ဦးသိုက်မောင်က ဟင်းတောင်းခိုင်းသော အခါတွင် သာ ပေး၏။ သူ့ကိုယ်၌ ကမူ ယခင် ကဲ့သို့ ဟင်းကလေး ကောင်းကောင်း ချက်ကာ လောကွတ်ပျူငှာနှင့် မတောင်း၊ တောင်း တောင်း အစ်ကို့ဖို့ ဟူ၍ လည်း သွားမပို့။

တစ်ခါတစ်ရံ ဦးသိုက်မောင် ကိုယ်တိုင် အမိနာ့ ဆိုင်ရှေ့သို့ ရောက်သွားပြီး‘ဒီနေ့ ဘာချက်သလဲ အမိနာ’ ဟူ၍ မေးလိုက်သည့် တိုင်အောင် အမိနာတွင် ခါတိုင်းကဲ့သို့ ပျာပျာသလဲ အသွင်မျိုး မရှိတော့ဘဲ-

‘ဒီနေ့ ဟင်းမကောင်းဘူး အစ်ကို၊ ငါးခြောက်နဲ့ အာလူးချက်တယ်’

တောင်းမည် စိုးသောကြောင့် လား မသိ။ မကောင်းသည် က စ၍ သာ ပြောလိုက်သည် တိုင်အောင်-

‘အေးလေ၊ ငါးခြောက်နဲ့ အာလူးက မကောင်းပေမဲ့ အမိနာချက်တဲ့ ဟင်းဆိုရင် အရည်ကတော့ ကောင်းမှာ ပါပဲ၊ အစ်ကို့ကို တစ်ခွက်ပေးနော်’

ဦးသိုက်မောင်လည်း အမိနာ့ဟင်းကို ခံတွင်းတွေ့နေသည့် အတိုင်း တွေ့မရှောင်ပင် တောင်းလိုက်သေး၏။

‘ဟုတ်ကဲ့၊ အမိနာ လာပို့မယ် အစ်ကို’

ဦးသိုက်မောင် ထွက်သွားသည် နှင့် အမိနာသည် ခါတိုင်းလို ဟင်းကို မနွှေးတော့ဘဲ ပန်းကန်တစ်ချပ်တွင် ဆောင့်ဆောင့် အောင့်အောင့် ကလေး ခပ်ထည့်ရင်း ပါးစပ်မှ လည်း တတွတ်တွတ်နှင့် ရေရွတ်နေ၏။

တစ်ကြိမ်သော် ဦးသိုက်မောင်က ဆွန်နားမြားကို လွှတ်၍ ဟင်းအ

တောင်းခိုင်းရာ ကြာနေသဖြင့် ထွက်လိုက်လာ သည် တွင် ဆွန်နားမြား နှင့် အမီနာတို့ ဆေးလိပ်ကွေးကို အကြောင်းပြု စကားများ နေကြသဖြ င့် ဦးသိုက်မောင်က မေးမြန်းရာ၌ တစ်ယောက်နှင့် တစ်ယောက် အကြွေးငြင်းရာတွင် ၄၅ ပြား ကွာနေသည့် အကြောင်းရင်း ပေါ်လာ၏။

'ကဲပါကွာ၊ အဲဒီ ၄၅ ပြား အစ်ကို ပေးပါ့မယ်၊ ရန်တော့ မဖြစ်ကြနဲ့ ၊ အချင်းချင်းပဲကွာ'

ဦးသိုက်မောင် ဝင်ဖျန်မှ ကြွေးပြဿနာ ပြေလည် သွားတော့၏။ သို့ သော် ထိုနေ့က ဟင်းမရ။

'ဒီနေ့ ဟင်းမချက်ဘူး အစ်ကို၊ အမီနာတို့ ဆိုင်မှာ ဝယ်စားတယ်'

ထိုကဲ့သို့သော အကြောင်းပြချက်သည် ယခုတလော မကြာခဏ ပေါ်လာတတ်၏။

တစ်နေ့သော်-

ဦးသိုက်မောင်၏ ဒရိုင်ဘာ ဆွန်နားမြား ဟင်းလာ တောင်း၏။ ကြွေးကိစ္စကြောင့် အမီနာနှင့် စကားမပြောသဖြင့် ဟာမက်ထံတွင် တောင်းရာဝယ် ဟာမက်က ဆွန်နားမြား လက်ထဲမှ ပန်းကန်ကို အမီနာ သို့ ကမ်းပေးရင်း ဟင်းထည့် ပေးရန် ပြောလိုက်၏။

'ဒီနေ့ မနက်စာပဲ ချက်တယ်၊ စားလို့ ကုန်ပါရော လား'

မျက်နှာထား ခါခါနှင့် ဆွန်နားမြားကို မကြည့်ဘဲ ပြောလိုက်သဖြင့် ဆွန်နားမြားလည်း ပန်းကန်ကိုယူ၍ လှည့်ထွက်လာသည် တွင် ဦးသိုက် မောင်က လမ်းထိပ်တွင် သွားဝယ်ရန် ပြန်လွှတ်လိုက်သောကြောင့် ဆွန် နားမြား ပြန်ထွက်လာ၏။

ကားဂိုဒေါင်ဘက်မှ ကွေ့၍ အမီနာတို့ ဆိုင်နောက် ဖေးဆီမှ ဖြတ်

လျှောက်လာစဉ် သူတို့ ၏ ခြစ်တကောင်း ဘာသာစကားဖြင့် အမီနာတို့ တီးတိုး ပြောဆိုနေသံ ကြားရသောကြောင့် ဆွန်နားမြားသည် ဆိုင်နောက်ဘက် နံရံတွင် ကပ်၍ နားစွင့်နေ၏။

'နင် ငါ့ကို အော်မပြောနဲ့ ၊ ထပြီး နားရင်းအုပ် လိုက်မယ်၊ နားလည်လား'

ဟာမက်သည် ပါးစပ်ကလည်း ပြော၊ လက်ကပါ ရွယ်လိုက်သဖြင့်-

'အမီနာ ဘယ်မှာ အော်လို့ လဲ၊ ကောင်းကောင်း ပဲ ပြောနေတာကို'

'အေး ... ငါမေးတာ ပြောစမ်း၊ အစ်ကို ဟင်းလာတောင်းတာ ရှိလျက်သားနဲ့ ဘာလို့ မပေးလိုက်တာလဲ'

ဟာမက်က ခပ်မာမာ မေးလိုက်၏။

'ရှိတာက ညစာ အတွက်ပဲ ရှိတာ၊ သူ့ပေးလိုက်ရင် ညကျတော့ ဘာနဲ့ သွားစားမလဲ'

ဟာမက်သည် ခပ်ပြင်းပြင်း တောက်ခေါက် လိုက်ပြီးမှ -

'နင်နော်၊ နင် အရင်ကနဲ့ မတူတော့ဘူး၊ အစ်ကို့ ဆီက ဟင်းလာတောင်းရင် မပေးချင်သလို ဘာလိုနဲ့ '

'အို ... များ တဲ့ အခါတော့ ပေးသားပဲ မဟုတ်လားလို့ '

'နင် ဘာပြောပြောလေ၊ ငါ သတိထားပြီး ကြည့်ကြည့်နေတယ်၊ အစ်ကို့ကို ဆိုရင် အရင်ကလို နင် မပေးချင်ဘူး၊ ဒါက ဘာဖြစ်တာလဲ'

အမီနာ ခေါင်းငုံ့ တွေနေ၏။

'နင် မကောင်းဘူး အမီနာ၊ အစ်ကို့ကို ကျွေးချင် ပေးချင်တုန်းကလည်း နင့်အပြင် မရှိဘူး၊ ခုတော့ တစ်မျိုး ဖြစ်ပြန်ပြီ။ ဒါမျိုး ငါ မကြိုက်

ဘူး သိလား။ နောက်ပြီး အစ်ကိုဟာတို့ ကျေးဇူးရှင် မဟုတ်လား’

အမိနာ ခေါင်းမော်လာ၏။

‘ဟိုတုန်းကတော့ ဟုတ်တယ်လေ၊ အမိနာ အပင်ပန်းခံပြီး ချက်ပို့ခဲ့တယ်။ ဒါပေမဲ့ ခု မလုပ်နိုင်တော့ဘူး။ အလကား အလိုက်မသိ အားမနာ ဟင်းရှိမှန်းမသိ၊ မရှိမှန်းမသိ တတောင်းတည်း တောင်းနေတာပဲ’

‘နင် ခွေးစကား မပြောနဲ့ နော်။ အစ်ကို နင့်ဆီ ဟင်းတောင်း စားတိုင်း မေးတယ် မဟုတ်လား (နင်တို့ ဖို့ ကျန်သေးရဲ့ လား၊ မရှိရင် မပေးနဲ့ )လို့ အမြဲပြောတာပဲ။ ပြီးတော့ တစ်ခါတလေ ဟင်းဝယ်စားဆိုပြီး ပိုက်ဆံလည်း ပေးတာပဲ’

‘အို ... ပိုက်ဆံပေးတာသာ ဟာမက်ဘိုင်က မြင်တာကိုး၊ သွားဝယ်ရတဲ့ ဒုက္ခတော့ မပြောဘူး။ ပြီးတော့ ဆိုင်က ဟင်းကို ဘယ်စားချင်မလဲ၊ ကိုယ်ချက်တဲ့ ဟင်းပဲ စားချင်တာပေါ့’

‘ဒီလိုဆို အစက ဘာပြုလို့ ပေးသေးလဲ၊ နင်ပဲ ပျာပျာသလဲ ကျွေးချင်နေခဲ့ပြီးမှ ’

‘ဒါတော့ တစ်ခါတလေသာ တောင်းမယ်ထင်တာ ကိုး၊ ခုတော့ ခဏခဏ’

ဆွန်နားမြား ဆက်၍ နားမထောင်၊ ကြာနေမည် စိုးသောကြောင့် လမ်းထိပ်သို့ အပြေး ကလေးသွားပြီး ဟင်းဝယ်ခဲ့၏။

ကြွေးကိစ္စ စကားများ ခဲ့သည့် စိတ်နာမှုကြောင့် လောမသိ၊ ထိုစကားများ သည် ဦးသိုက်မောင်နားသို့ ချက်ချင်း ရောက်သွားတော့၏။

‘အေးကွာ၊ ငါလည်း ငါပဲ။ ဒီလို ကိစ္စမျိုးဟာ တစ်ခါတစ်ရံသာ ကောင်းတယ်၊ အမြဲဆိုတော့ သူတို့ လည်း ငြိုငြင် ပေမှာ ပေါ့ကွာ။ အေး

နောက်ကို ငါ တောင်းမစားတော့ဘူး’

ထိုနေ့မှ စ၍ ဦးသိုက်မောင်သည် အမီနာထံတွင် ဟင်းတောင်းမစားဘဲ ဟင်းမကြိုက်လျှင် လမ်းထိပ်မှာ သာ ဝယ်စားခဲ့၏။ သို့သော် အမိနာတို့ အပေါ်၌ ကား မေတ္တာမပျက်၊ ကလေး နေမကောင်းလျှင် ဆရာဝန်ခေါ်ပေး၏။ ဟာမက်-အမီနာတို့ နေမကောင်းလျှင် ဆေးဝယ်ပေး၏။ ခါတိုင်းကဲ့သို့ပင် မေတ္တာမပျက် ထောက်ပံ့ခဲ့၏။

ပထမသော် ဦးသိုက်မောင် ဟင်းမတောင်းသဖြင့် အမီနာ ဝမ်းသာ၏။ သားငါးဝယ် လာပြီး ဟင်းချက်မခိုင်း တော့သဖြင့်လည်း အမီနာ အပင်ပန်း သက်သာသည် ဟု ထင်ကာ သဘော ကျသလိုလို ရှိနေခဲ့၏။

သို့နှင့် တစ်လမှ သည် နှစ်လသို့ တိုင်လာသော် အမီနာတစ်မျိုး ဖြစ်လာပြန်၏။ ဦးသိုက်မောင် ဟင်းမတောင်း တော့သည် ကို စိတ်ထဲမှာ မကျေမနပ် ဖြစ်လာ၏။

ဆွန်နားမြားသော်လည်းကောင်း၊ ဟာမက်သော် လည်းကောင်း ချိုင့်ကလေးဆွဲ၍ ဦးသိုက်မောင်အတွက် ဟင်းသွားဝယ်သည် ကို တွေ့ရတိုင်း အမီနာ့ရင်ထဲတွင် နေမထိ ထိုင်မသာ ဖြစ်လာ၏။

ဦးသိုက်မောင်သည် မူမပျက် အမီနာတို့ ကို မြင်လျှင် နှုတ်ဆက်၏။ အမီနာ့ ကလေးကိုလည်း ပါးဆွဲမေးကိုင်ဖြင့် ယုယမြဲယုယ၏။ မုန့်ဖိုးလည်း ပေးမြဲပေး၏။ သို့သော် အမီနာ စိတ်ထဲ၌ ကြိတ်ခဲမရ ဖြစ်နေသည့် အချက်တစ်ခုမှာ -

‘ဒီနေ့ ဘာချက်လဲ အမီနာ’

ဤလို ဦးသိုက်မောင် မေးနေကျ စကားကို မကြားရတော့သည့် အဖြစ်ကို အမီနာ ရင်နင့်အောင် အနေရ ခက်လာ၏။

'အစ်ကို ဘာပြုလို့ မမေးပါလိမ့်၊ အစ်ကိုဟာ ငါ ချက်တဲ့ ဟင်းကို သိပ်ကြိုက်တယ်၊ အနည်းဆုံး နှစ်ရက် တစ်ခါတော့ တောင်းစားတတ်တာ၊ ခုဆို အစ်ကို မတောင်းတာ ၂ လလောက် ရှိနေပြီ'

သို့တွေးမိလေ အမိနာ အနေရခက်လေ၊ စိတ်ထဲတွင် မကြည်လင်လေဖြင့် သူ့ရင်ထဲ တွေနေ၏။

'အစ်ကိုဟာ ငါချက်တဲ့ ဟင်းဆိုရင် ပုစွန်ခြောက်နဲ့ မုန်လာဥပဲ ဖြစ်ဖြစ် ဘယ်လောက်ညံ့ညံ့ အရည်ကလေးက သိပ်ကောင်းတာပဲဆိုပြီး အမြဲ တောင်းစားတတ်တယ်၊ ခု ဘာပြုလို့ မတောင်းတာပါလိမ့်'

အမိနာတွင် ဦးသိုက်မောင် ဟင်းတောင်း၍ မစားတော့သည် ကိုလည်းကောင်း၊ ဘာဟင်းချက်သည် ဟူ၍ မျှ မေးဖော် မရတော့သည် ကိုလည်းကောင်း၊ ဤနှစ်ချက်သော ဟင်းကိစ္စကို အကြောင်းပြုကာ နေ့စဉ်နှင့် အမျှ တွေးနေမိတော့ကာ နောက်ဆုံး၌ ထိုပြဿနာသည် ပင် အမိနာ့ အဖို့ ဝေဒနာ တစ်ခုလို မရေမရာ ခံစား နေရရှာ၏။

ဦးသိုက်မောင်ကိုမြင်တိုင်း မျက်ရည်လည်လာ၏။ သူကပင်စ၍ -

'အစ်ကို ထမင်းစား ကောင်းရဲ့ လား၊ အမိနာ ဒီနေ့ ဆိတ်ခြေထောက် ဟင်း ချက်တယ်လေ၊ အစ်ကို နည်းနည်း စားပါလား' ဟူ၍ လည်း ယခင်ကလို သူမပြောဝံ့။ သူ့လိပ်ပြာ သူမလုံဘဲ ရှိနသလို ဖြစ်နေရှာ၏။

'အမိနာ နင်ဘာဖြစ်နေတာလဲ၊ ခုတလော အားကြီး မှိုင်တာပဲ၊ နင် ထမင်းလည်း ကောင်းကောင်း မစားဘူး၊ ပြောစမ်း၊ နင် နေလို့ ထိုင်လို့ မကောင်းဘူးလား'

ဟာမက်က ထမင်းစားရင်း ငိုင်နေသည် အမိနာအား သို့လျှင်  ကောက်ကာငင်ကာ မေးလိုက်သည် နှင့့် အမိနာတွင် မျက်ရည်များ ဝေကျလာ

ကာ-

'ဟာမက်ဘိုင်၊ အစ်ကိုလေ အစ်ကို၊ အမီနာ့ဆီ ဟင်းမတောင်းတာ ၂ လလောက် ရှိပြီ'

ထိုစကားကြောင့် ဟာမက်တွင် ထမင်းလုတ်ကို ပါးစပ်တွင်း သွင်းမည့် တန်းလန်းက အံ့အားသင့်စွာ မျက်လုံး ပြူးကြည့်ရင်း-

'အဲဒါ ဘာဖြစ်သလဲ၊ အစ်ကိုကလည်း ဟင်း မတောင်းတော့ဘူး၊ နင်ကလည်း သိပ်မပေးချင်ဘူး မဟုတ်လား၊ ပြီးရောပေါ့'

'ဟင့်အင်း၊ အဲဒီလို မဟုတ်ဘူး ဟာမက်ဘိုင်။ အစက အစ်ကို ဟင်း ခဏ ခဏ တောင်းလို့ စိတ်ညစ်သွားတယ်။ ငါးတွေ ဝယ်လာ၊ ဆိတ်သားတွေ ဝယ်လာနဲ့ ခဏ ခဏ ချက်ခိုင်းလို့ ပင်ပန်းတာနဲ့ စိတ်တို သွားတယ်။ အစ်ကို ဟင်းတောင်းလို့ တစ်ခါတလေ အမီနာတို့ စားရတာ မဝတဲ့ အတွက် ဒေါသဖြစ်တယ်။ ဒါကြောင့် အစ်ကို့ကို ဟင်း မပေးချင်တော့ဘူး'

'ခုတော့ နင် ဘာဖြစ်လာပြန်ပြီလဲ။ နင် ရူးနေသလား အမီနာ'

'မသိဘူး၊ ရူးသလား ဘာဖြစ်သလဲ မသိတော့ဘူး။ ခု အစ်ကို ဟင်းမတောင်းတာ ၂ လ လောက်ရှိပြီ။ ဘာဟင်းချက်လဲလို့ တောင် မမေးတော့ အမီနာ စိတ်မကောင်းဘူး ဟာမက်ဘိုင်'

အမီနာတွင် မျက်ရည်များ တတွေတွေ ယိုစီးလာ၏။

'အမီနာ အစ်ကို့ကို ဟင်းချက်ပေးချင်တယ်၊ စားမှ စားပါ့မလား မသိဘူး။ အော်လိုက်မှာ လည်း အမီနာ ကြောက်တယ်'

'အဲဒါ နင့်အပြစ်နဲ့ နင်ပဲ။ ငါလည်း မပြောတတ်တော့ဘူး'

'မနက်ဖြန်ကျရင် အမီနာ ဟင်းကောင်းကောင်း ချက်မယ်။ အစ်ကို

ကြိုက်တဲ့ ဟင်းလေ၊ ဆိတ်သားနဲ့ ချဉ်ပေါင်ရွက် ဟင်းချက်ပြီးတော့ အစ်ကိုကို သွားပေးမယ်။ အော် ချင်အော်ပစေ။ မစားဘူး ဆိုရင်လည်း အမီနာ အတင်း ကျွေးမယ်၊ ငိုပြီးတော့ တောင်းပန်မယ်၊ အစ်ကို စားပါလို့ ရှိခိုးပြီး ပြောမယ်'

'အေးလေ၊ နင့်သဘောပဲ'

နောက်နေ့တွင် အမီနာသည် သူပြောသည့် အတိုင်း ချက်၍ ပန်းကန်ကြီးကြီးနှင့် ဟင်းတစ်ခွက်ကို ဦးသိုက်မောင် ထမင်းစားနေခိုက် ကြောက်ကြောက်လန့်လန့်နှင့် ပင် သွားပို့၏။ သူ့တွင် မျက်ရည်တွေ ဝဲနေ၏။ ရင်တွေလည်း တဒိတ်ဒိတ် ခုန်နေ၏။ လက်များ လည်း တဆတ်ဆတ် တုန်နေ၏။

ဦးသိုက်မောင်လည်း အမီနာ၏ နောင်တရလာမှုကို ဝမ်းမြောက် ဝမ်းသာ ဆီးကြိုရင်း-

'အတော်ပဲဟေ့ အမီနာ၊ ခုပဲ အစ်ကို ဟင်းတောင်း ခိုင်းတော့မလို့ ၊ ဟန်ကျလိုက်တာ၊ ဟာ အစ်ကို့အကြိုက် ဆိတ်သားနဲ့ ချဉ်ပေါင်ကိုး။ ကျေးဇူးပဲကွာ၊ ကျေးဇူးပဲ'

ည
သာစု
အမှတ် ၁၂၅၊ ဧပြီလ၊ ၂၀၀၀ ပြည့်နှစ်၊ ရွှေအမြုတေရုပ်စုံ
မဂ္ဂဇင်း။

***

# ခရီးသည်

ဇေယျ

ကြက်ဦးတွန်ခဲ့ပြီ။ ရွာကလေးကား မလှုံ့တလုံ ခြုံ စောင်ကလေးနှင့် ကွေး၍ အိပ်ပျော်လျက်ပင် ရှိသေး၏။

လူကလေးတို့ မိသားစု သုံးယောက်သည် ရွာ တံခါးဝတွင် နှုတ်ဆက်လျက် ရှိကြ၏။

'လူကလေး ကောင်းကောင်း သွားနော်။ အမေတို့ စိတ်ချပါရစေ။ ငါ့ သား အရက်မသောက်နဲ့ ၊ ဖဲမရိုက်နဲ့ ၊ မကောင်းတဲ့ လူတွေနဲ့ မပေါင်းနဲ့ ။ ကောင်းကောင်း နေနော်' ဟူသော မိခင်ကြီး၏ မှာ စကားသည် မြူနှင်း များ အကြားမှ ထွက်ပေါ်လာ၏။ အဖမူကား ဘာမျှမပြော။ မြူနှင်းတဝေ ဝေ ထဲတွင် သား၏ မျက်နှာကိုသာ ငေးစိုက်ကြည့်နေ၏။

လူကလေးသည် အမိပေးလိုက်သော ဆေးပေါ့လိပ် ငါးလိပ်၊ ကောက်ညှင်း ငါးဆိုင်း၊ ကြံသကာတစ်ခဲကို ဘေးမှ လွယ်အိတ်ထဲတွင် ထည့်၍ လွယ်ထား၏။ အဖပေးလိုက်သော ငွေသုံးဆယ်မူကား အတွင်း အိတ်ကပ်ထဲတွင် သေချာစွာပါ ရှိ၏။

'လူကလေး ကောင်းကောင်း သွားနော်။ ငါ့သား ကလေး သွားပေ တော့ ... သွားပေတော့'ဟု နှုတ်ဆက်လိုက်သော မိခင်၏ စကားသံများ သည် မြူနှင်းများ အကြားမှ ဖောက်လျက် နောက်မှ လိုက်လာသည် ဟု ထင်ရ၏။

လူကလေးသည် သန်မာတောင့်တင်း သစ်လွင်သော ခြေများ ဖြင့် ပေတစ်ရာကို လျှောက်ခဲ့၏။ တစ်လှမ်းထက် တစ်လှမ်းရွာမှ ဝေးခဲ့၏။ လမ်းဘေးရေမြောင်း နှုတ်ခမ်း ရှိ မြက်ဖုတ်များ အပေါ်သို့ နှင်းပေါက်ကြီးများ တပေါက်ပေါက် ကျသံကို ကြားရ၏။ အတန်ကြာလျှင် ဆို့ဆိုင်းနေသော မြူနှင်းများ အကြားမှ နေရောင်ခြည်ကလေး ထိုးလာ၏။ ရိတ်ပြီးစ လယ်တောရိုး ဖြတ်များမှ ငှက်ကလေး တစ်ကောင်သည် ထ၍ ပျံကာ လူကလေးအား‘သွားတော့... သွားတော့’ ဟု နှုတ်ဆက်လိုက်သလိုလို ကောင်းကင်မှ ကွေးကြော်လျက်ရှိ၏။

လူကလေး၏ ခြေလှမ်းများကား မှန်လျက်ရှိ၏။ တောင့်တင်းလှ၏။ သန့်စွမ်းလှ၏။ တစ်လှမ်းထက် တစ်လှမ်း ရှေ့သို့ တိုးခဲ့၏။ တစ်ကြိမ်နှစ်ကြိမ် ရွာကလေးဆီသို့ ပြန်ကြည့်ကာ ရွာမှ နှုတ်ဆက်လိုက်သော သူများကို ပြန်လည် လွမ်းဆွတ်သလိုလို ဖြစ်မိ၏။ သို့သော် လူကလေးသည် ရှေ့သို့သာ သွားမြဲ သွားလျက်ရှိ၏။

အရှေ့မှ နေလုံးကောင်းကောင်း ထွက်ခဲ့ပြီ။ မြူနှင်းများ ရှင်း၍ လောက ဓာတ်ကြီးသည် ကြည်လင် လျက်ရှိ၏။ လက်ဝဲလက်ယာလမ်းဘေးနှစ်ဖက်အတန် ဝေးတွင် သရက်ပင်များ ဝိုင်းရံ အုပ်ဆိုင်းထားသော ရွာကလေး များကို မြင်ရ၏။ လူကလေးသည် နောက်သို့ ပြန်ကြည့်မိ၏။ သို့သော် မိမိဇာတိ ရွာကလေးကို မမြင်ရတော့ပြီ။ ဝေးခဲ့လေပြီ။ လမ်းတွင် အဖော်တစ်ယောက် နှစ်ယောက် တွေ့ရ၏။ သို့သော် မကြာလှ။ ခဏနှင့် ပင် လမ်းခွဲသွားကြ၏။

လူကလေးသည် တစ်လှမ်းထက် တစ်လှမ်း ခရီး ရောက်လာသလောက် နေသည် လည်း တစ်ဆင့်ထက် တစ်ဆင့် မြင့်သည် ထက် မြင့်လျက် ရင့်လာ၏။ အတန်ကြာလျှင် ချွေးများ ပြန်လျက် မောသလိုလို ရှိ

လာ၏။ သို့သော် မရပ်မနား ဆက်လက်လာခဲ့ရာ ဆွမ်းခံဝင်ချိန်လောက်တွင် လမ်းဘေး၌ ထိုးထားသော တဲကလေး တစ်တဲသို့ ရောက်လာ၏။

တဲပေါ်တွင် မိန်းမပျိုကလေး တစ်ယောက် ထိုင်နေ၏။ မိန်းမပျိုကလေးသည် လူကလေးအား နှုတ်ဆက် သလိုလို ကြည့်၍ ပြုံး၏။

'တစ်ဆိတ်ကလေး ဒီတဲမှာ နားပါရစေ အမိရယ်' ဟု ဆိုရာ'နားပါ၊ နားပါ'ဟု ပြန်ပြော၏။

လူကလေးသည် အိုးသစ်ကလေးနှင့် တည်ထားသော ရေအိုးစင်ကို ကြည့်၏။

'အမိရယ် ရေကလေး တစ်ခွက် သောက်ပါရစေ' ဟု ခွင့်တောင်း၏။

'သောက်သာ သောက်ပါ၊ ခွင့်တောင်းစရာ မလိုပါဘူး။ ကျွန်မလည်း ခရီးသွားပါပဲ'ဟု ဆို၏။

လူကလေးသည် မွှေးကြိုင်သော အုန်းမှုတ်သစ် ကလေးနှင့် ကြည်လဲ့ စိမ့်အေးသော ရေတစ်ခွက်ကို သောက်လိုက်သဖြင့် အမော ပြေသွား၏။

'အမိရယ် ဘယ်ခရီး သွားမလို့ လဲ'

'ကျွန်မ ရှေ့ကို သွားမလို့ ပါ'

'ဘယ်ထိအောင် သွားရမှာ လဲ'

'လမ်းဆုံးနေဝင် ညို့ညို့မှိုင်းမှိုင်းကြီး အထိ'

'အဖော်ပါသလား'

'မပါပါဘူး'

'ကောင်းပြီ။ ကျုပ်လည်း ဒီခရီးကို သွားရမှာ ပဲ။ အတူတူ သွားကြစို့။

လိုက်ခဲ့ပေတော့’

မိန်းမပျို ကလေးသည် လူကလေး၏ မျက်နှာကို ကြည့်၍ စဉ်းစား နေ၏။ မျက်လုံးများ သည် ဤလူအား ခရီးသွားဖော်ပြု၍ ယုံကြည် အားကိုး ရပါမည်လားဟု မေးမြန်း နေသလိုလို ရှိ၏။ အတန်ကြာမှ နှုတ်ခမ်းကလေးသည် ပြုံးလာ၏။

‘ကောင်းပါပြီ၊ ကျွန်မ အတူတူ လိုက်ခဲ့မယ်’

‘မင့်မှာ ဘာစားစရာပါသလဲ’

‘ကျွန်မမှာ မနက်က ချက်ထားတဲ့ ထမင်း ကလေးနဲ့ ငါးပိကင် က လေး တစ်ကောင်ပါတယ်’

‘အေး... ငါ့မှာ လည်း အဖေတို့ အမေတို့ ပေးလိုက်တဲ့ ကောက်ညှင်း ဆိုင်းနဲ့ ကြံသကာပါတယ်။ အတူတူ စားပြီး သွားကြစို့’

စားသောက်ပြီး၍ ထွက်ခဲ့ကြ၏။ နေမွန်းတည့်၍ ပူပြင်းလှပြီ။ တစ်ခါတစ်ရံ သစ်ပင်ရိပ်များ အောက်တွင် လျှောက်ခဲ့ရ၏။ တစ်ခါတစ် ရံလည်း နေပူကျဲကျဲတွင် ပြာပူ ကဲ့သို့ ပူလှသော လမ်းကို နင်း၍ လျှောက်ခဲ့ရ၏။ သို့သော် ရယ်စရာကလေး၊ ငိုစရာကလေးများ နှစ်ယော က်သား ပျော် ပျော်ပါးပါး လာခဲ့ကြ၏။

မိန်းမပျိုကလေး၏ နဖူးဆံစတွင် ချွေးဥကလေးများ စီစပြုလာ၏။ လူကလေးသည် သနား ကြင်နာစွာဖြင့် စောင်ကလေးနှင့် မိုးပေး၏။ အ တန်ကြာလျှင် မိန်းမပျို ကလေးသည် မလှမ်းနိုင် လှမ်းနိုင် ခြေကလေး များ ခွေယိုင် လာသဖြင့် လူကလေးသည် သန်စွမ်းသော လက်မောင်းကို ဆန့်တန်းပေးကာ မှီတွဲလိုက်လာစေ၍ ညောင်ပင်ကြီးတစ်ပင်သို့ ရောက် အောင် ဆောင်လာခဲ့လေ၏။ ညောင်ပင်ဝန်းကြီး၏ အရိပ်ကား နေပြော

က်မထိုး အေးမြလှ၏။ အခါလည်သား အရွယ် သူငယ်ကလေး တစ်ယောက်သည် တစ်ကိုယ်တည်း ကစားနေသည် ကို တွေ့ရ၏။ သူငယ်ကလေးကို မြင်လျှင် မိန်းမပျို ကလေး၏ မျက်နှာသည် ရွှင်လန်းလာလျက်‘ ချစ်စရာ ကောင်းလိုက်တာ’ ဆိုကာ ကောက်၍ ချီလေ၏။

‘နင် ဘယ်ကလဲ၊ နင့်အမေကော၊ ဘယ်သူ့သား လဲ’ မေးသော်လည်း ကလေးသည် မပြောတတ်။ ပြုံးကာ ရယ်ကာ အသံကလေး တသာသာနှင့် လူကလေးလက်သို့ တစ်မျိုး၊ မိန်းမပျို ကလေးလက်သို့တစ်ဖုံ ခုန်ကာ ကူးကားနှင့် မြူး၍ နေရှာလေ၏။

‘ဒီကလေးကို ကျွန်မတို့ ခေါ်သွားရအောင်’

‘ခရီး အဝေးကြီးကွယ်။ တို့ ချီ သွားနိုင်ပါ့မလား’

‘အို... ကျွန်မ ချီပါ့မယ်’

ညောင်ပင်ရိပ်တွင် ကလေးကို ချီကာ ချော့ကာ နှင့် အတော် ပျော်၍ နေကြ၏။ ရှေ့သို့ဆက်၍ သွားကြဦးမည်ကိုပင် မေ့နေကြ၏။

‘ဟော့ ... နေကလေး စောင်းပြီ၊ သွားကြဦးစို့ရဲ့ ’ဟု ဆိုကာ လူကလေးသည် မိန်းမပျို ကလေးလက်မှ ကလေး ကို ယူ၍ ပခုံးပေါ်သို့ တင်ပြီးလျှင် ခရီး ထွက်ခဲ့ကြပြန်လေ၏။

တစ်လမ်းလုံး အလွန်ပျော်ကြ၏။ ကလေးကို တစ်ယောက် တစ်လှည့် ချီခဲ့ပိုးခဲ့ကြ၏။ ညနေ လေးနာရီခွဲ လောက်သို့ ရောက်သောအခါ တံတားအို ကလေးတစ်ခုနှင့် လမ်းခွဲ ကလေး တစ်ခုကို ရောက်လာကြ၏။ ရွှင်ပြုံးနေသော မိန်းမပျိုကလေး၏ မျက်နှာသည် လမ်းခွဲ ကလေးကိုကြည့်လိုက်၊ လူကလေးနှင့် ကလေးငယ်ကို ကြည့်လိုက်ဖြစ်နေပြီး နောက် မျက်နှာကလေး အိုလာကာ သက်မချ လိုက်လေ၏။

‘ဟိုဘက်က ထန်းပင်အုန်းပင် ကလေးတွေ တန္တဲ့နဲ့နဲ့ ရွာကလေးဟာ ကျွန်မတို့ ရွာကလေးပဲ။ ကျွန်မ ဒီက လမ်းခွဲပြီး သွားခဲ့တော့မယ်’

လူကလေးမှာ အံ့အား သင့်နေလေ၏။

‘ဩော် ... ဘယ်ကို သွားရမှာ လဲ။ ပထမတော့ လမ်းဆုံး အထိ အတူ တူ သွားမယ်ဆို’

‘ဟုတ်တယ်။ နို့ပေမဲ့ ကျွန်မတို့ ရွာကလေး ရောက်နေပြီ။ ဆက်လိုက် လို့ မဖြစ်တော့ဘူး’

‘ဒါဖြင့် မင်းခွဲသွားရင် ရှေ့လျှောက်လို့ ငါတစ်ယောက်တည်း သွားရ တော့မှာ ပေ့ါ’

‘တစ်ယောက်တည်း မဟုတ်ပါဘူး။ ကလေးကိုပါ ရှင်နဲ့ အတူတူ ခေါ် သွားလေ’

‘အေးလေ၊ မင်းတို့ ရွာရောက်ပြီပဲ၊ သွားရမှာ ဖြင့် သွားပေတော့’

‘သွားတော့မယ်နော်’

လူကလေးမှာ မျက်ရည်တွေ ဝိုင်း လာလေ၏။ လယ်တောကန်သင်း ကလေးပေါ်မှ လက်ကလေး တပြပြနှင့် သွားပြီ၊ သွားရှာလေပြီ။ လမ်းတ စ်လျှောက်လုံး ပျော်ပျော်ပါးပါး အေးအတူ ပူအမျှ လာခဲ့ကြရာမှ ဤတွင် ခွဲကြရလေ၏။ လူကလေးသည် တံတားအိုကလေးမှ မခွဲနိုင် မခွာရက် တသက်သက် ဖြစ်နေဘိ၏။ သို့သော် မနေသာ၊ မိမိသွားရမည့် ခရီးလမ်း တာက ကျန်သေး၏။ ဆက်လက် သွားရချေ ဦးတော့မည်။

ကလေးကို ပခုံးပေါ် ပစ်တင်ပြီးလျှင် တစ်ယောက်တည်း ထွက်ခဲ့ လေ၏။ တံတားအို ကလေးကို မကြာမကြာ ပြန်ကြည့်မိ၏။ သို့သော် မိ မိအဖော် ကလေးကိုကား မမြင်ရတော့ပြီ။

အနောက်သို့ နေကလေး စောင်းခဲ့၏။ ဆောင်းဦး လေကလေး တညင်းညင်း တိုက်သွင်းလျက်။ အအေးဓာတ် ကလေးများ ပေါ်စပြု၏။

ရှေ့တွင် ဇရပ်ပျက် ကလေး တစ်ခုကို တွေ့ရ၏။ လူကလေးမှာ နံနက် မိဘရွာမှ ထွက်လာစဉ် ကဲ့သို့ မဟုတ်။ ခရီးကလည်း ပန်း၊ အဖော်ကလေးနှင့် လည်း ခွဲခဲ့ရ၏။ သူငယ် ကလေးကို ပခုံးတွင် တင်၍ လည်း ထမ်းခဲ့ရသောကြောင့် နွမ်းရိခဲ့လေပြီ။ ဇရပ်ပျက် ကလေးထဲတွင် အဘိုးအို တစ် ယောက်နှင့် တွေ့၏။

'ဩော်...ငါ့မြေး မော လာပြီ မှတ်တယ်။ ဘယ်က လာလို့ ဘယ်ကို သွားမှာ လဲကွဲ့'

'ကျွန်တော် အမေတို့ ရွာက လာခဲ့ပါတယ်။ ရှေ့က ညို့ညို့ လမ်းဆုံး ရောက်အောင် သွားမလို့ ပါ'

'အေး အဘိုးလည်း အဲဒီကိုပဲ သွားမလို့ ပဲ။ မော လွန်းလို့ နားနေရတယ်။ ဒီတစ်ညတော့ ဒီမှာ ပဲ အိပ်ရတော့မယ်။ ခြေတွေကလည်း မသန်တော့ ရှေ့လျှောက်သွားနိုင် ဦးမလား မပြောတတ်ဘူးကွဲ့'

'ကျွန်တော်တော့ မမှောင်ခင်ဘဲ ရောက်အောင် သွားမယ်'

'အေး ... သွားနိုင်လည်း သွားတာပေ့ါကွယ်။ လောကကြီးဟာ ဒီလိုပဲကွဲ့၊ အရင်သွားပေမဲ့ နောက်မှ ရောက်တဲ့ လူများ လည်း ရှိတယ်။ နောက်သွားပေမဲ့ အရင် ရောက်သူများ လည်း ရှိတယ်။ ကံတရားပေ့ါကွယ် အေး... အေး...သွားပေတော့'

'ဘကြီး နေလည်း စောင်းပြီး၊ ခုပဲ သွားမှ ရတော့မယ်။ ဒီကလေးကို ဘကြီးဆီမှာ ပဲ ထားခဲ့ပါရစေ'

'ဟဲ့ ... ကလေးက နေမတဲ့ လား'

‘နေပါတယ်။ ကျွန်တော်လည်း သူ့ကို လမ်းက ကောက်ပြီး ချီလာခဲ့တာပဲ’

‘အေး ... မင်းခေါ်မသွားနိုင်လည်း ထားခဲ့တာပေါ့ကွယ်’

နေကလေး ဝင်လုပြီး မြူနှင်းတို့ သည် အရပ်လေး မျက်နှာမှ ဝိုင်းအုံဆိုင်း ဆို့လာ၏။ လူကလေး၏ ခြေလှမ်းများ သည် ရှေ့သို့ မှန်မှန်ကြီး လှမ်းလျက်ရှိ၏။ ယခုမူကား တစ်ယောက်တည်း ဖြစ်၍ နေ့လယ်က လောက် မသာယာတော့ချေ။ လူကလေး စိတ်သည် နွမ်းရိလျက် ရှိ၏။ ကိုယ်လည်း ပန်းလျလှ၏။

မှောင်တော့မည်။ အမှောင်သည် လူကလေးအား လေးမျက်နှာမှ ဝိုင်းအုံလျက် တဖြည်းဖြည်း နီးသည် ထက် နီးလာ။

လူကလေးကား သွားလျက်ပင်ရှိ၏။

ဇေယျ

မှတ်ချက်။ ။

ဤဝတ္ထုကို ၁၉၄၇ ခုနှစ်က စာပေဒေသာမဂ္ဂဇင်း အမှတ်(၈)မှာ ပထမဆုံးအကြိမ် ဖော်ပြခဲ့တာဖြစ်ပြီး ၁၉၆၈ ခုနှစ်က ဆရာမ Anne Marie Esche (မနှင်းဆီ) က ဂျာမန်ဘာသာသို့ ပြန်ဆိုခဲ့ဖူးပါတယ်။

## အမှတ် ၁၂၈၊ ဇူလိုင်လ၊ ၂၀၀၀ ပြည့်နှစ်၊ ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း။

***

# စိတ္တဇဆေးရုံသို့

## မဟာဆွေ

'မရွှေကလည်း ကွာ... မင်းကြောင့် ခက်တာပဲ။ ဒီကောင် မယားပါသားလည်း မဟုတ်၊ ငါ့ရန်သူလည်း မဟုတ်ဘူး ။ မင်းနဲ့ ငါနဲ့ မောင်နှံ စုံရတဲ့ သားကွ'

အရပ် ထောင်ထောင်မောင်းမောင်း အသက် ၅၅ နှစ်ခန့် မွန်မွန်ရည်ရည် လူကြီး တစ်ယောက်သည် ကျိတ်၍ ငိုသော အသက် ၅၂ နှစ်ခန့် ရုပ်ရည်အတော် သန့်သော မိန်းမကြီး တစ်ဦးအား ရှင်းလင်း ပြောဆိုနေ၏။

'ကျွန်မ ပြောတာက မကုရဘူး မဟုတ်ပါဘူး။ ဒီလို ကုတတ်တဲ့ ဆေးဆရာတို့ ၊ ဘုန်းကြီးတို့ နဲ့ မသိမသာ ကုပါဦးလား။ အဲဒီလို ကုမရတော့မှ ကိုဆိုင်တို့ ကြိုက်သလို ကုပေါ့'

'ဟော့ ... အဲဒီဟာတွေနဲ့ ကုရင် စုန်းဖက်တယ်၊ နတ် စွက်တယ်၊ ဘာပယောဂနဲ့ ရှုပ်နေမယ်။ ပြီးတော့ သူတို့ တစ်တွေဟာ ခေတ်ပေါ်စမ်းသပ်တဲ့ ကိရိယာမရှိ၊ စိတ်ပညာ နားမလည်နဲ့ ။ အနောက် နိုင်ငံလက်သုံး'လူတစ်ယောက်ရူးရင် စိတ္တဇ ဆေးရုံ မြန်မြန်ပို့'ဆိုတာကို အကြိုက်ဆုံးပဲ။ စိတ္တဇ ဆေးရုံ မပို့ရင် မင့်သား သာပြီး ဆိုးသွားမယ်'

'အခုလည်း သူ့ဟာသူ အေးအေးနေတာပဲ။ ဘယ်သူ့ ရန်ရှာလို့ တုံး'

'ရန်ရှာတဲ့ အရူးကမှ တော်သေးတယ်။ ခုလို ယဉ်ယဉ်လေး ရူးတာက သိပ်ကြောက်စရာ ကောင်းတယ်'

'ဒီလိုဆိုရင်လည်း သာသာကြည်ကြည် ခေါ်သွားပါလား'

'မရဘူး မရွှေ၊ စိတ္တဇ ဆေးရုံပို့တာ မှန်းသိရင် ငါ့တောင် ထိုးကြိတ် ထွက်ပြေးမယ့်သား'

ကနက်ဒီလမ်း နှစ်ထပ်တိုက်တစ်လုံး၏ အပေါ်ထပ်တွင် အငြိမ်းစား တရားသူကြီး ဝတ်လုံတော်ရ ဦးမြင့် ဆိုင်သည် ဇနီး ဒေါ်လှရွှေနှင့် သား ရှူးအတွက် အချီအချ ပြောဆိုနေခြင်း ဖြစ်၏။ ထိုအတွင်း အသက် ၂၅ နှစ် ခန့် ထောင်ထောင်မောင်းမောင်း လူရွယ် တစ်ယောက် တက်ရောက် လာကာ ဒေါ်လှရွှေအနီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် နေသော ဦး မြင့်ဆိုင်အား-

'ကိုတင်ဝင်းနဲ့ ကိုမြကျော် ရောက်နေပြီဖေဖေ။ သူတို့ နှစ်ယောက်စ လုံး ကိုကို့အခန်းထဲ ချောင်းအကြည့်ခိုင်းတယ်။ ဟာ ... လူကောင်းပဲဗျာ။ ပညာထူးချွန်တဲ့ လူတစ်ယောက်ဟာ ပညာတစ်ရပ်ကို လေးလေးနက် နက် ကြံစည် နေတဲ့ အခါ မသိတဲ့ လူများက အရူးလို့ ထင်တတ်ကြတယ် တဲ့ '

'ဟေ ... ဒီလိုဆိုရင် မဖြစ်ဘူး။ သူတို့ နှစ်ယောက် အပေါ် ခေါ်ခဲ့စမ်း။ ဖေဖေ ရှင်းပြမယ်'

လူရွယ်သည် အောက်ထပ်သို့ ဆင်းသွားကာ အသက် ၂၄-၂၅ နှစ်ခန့် ရှိ တင်ဝင်းနှင့် မြကျော် အမည်ရှိ ကာယဗလ အလေးမ သမားနှစ်ယော က်ကို ခေါ်ဆောင်၍ အပေါ်ထပ်သို့ တက်လာကြပြန်သည် ။ ဦးမြင့်ဆိုင် က ပြုံး၍ -

'ထိုင်ကြပါမောင် ထိုင်ကြပါ'ဟု ဧည့်ခန်းတွင် နေရာ ထိုင်ခင်းပေးပြီး နောက် လူရွယ်တစ်ယောက်က-

'ကျွန်တော်ဖြင့် ရှုးတယ်လို့ မထင်ပါဘူး ခင်ဗျာ။ တစ်စုံတစ်ရာ စူးစိုက် နေတယ်လို့ ထင်တာပဲ။ ငြိမ်သက်ပြီး ဣန္ဒြေရလိုက်တဲ့ ဖြစ်ခြင်း'

'ခဏတွေ့တဲ့ လူကတော့ ဒီလိုထင်ကြမှာ ပဲ။ ဦးတို့ က အမြဲ အကဲ ခတ်နေတာပဲ။ သားအရင်း တစ်ယောက်ကို ဘယ်သူ စိတ္တဇ ဆေးရုံ ပို့ချင်မလဲ'

'ကျွန်တော်တို့ လည်း ဒါကြောင့် အလွန် အံ့သြနေတာပဲ။ ကိုစောလွန်း ပြောပြတာတောင် မယုံဘူး။ လိုက်ကြည့်ပါရစေဆိုပြီး လိုက်လာကြတာပဲ'

တင်ဝင်းနှင့် မြကျော်သည် တစ်ယောက်တစ်ပေါက် ထင်မြင်ချက်များကို ဝင်ရောက် ပြောဆိုနေကြ၏။ ဦးမြင့်ဆိုင်မှာ ပြတင်းပေါက်ကို လှမ်းမျှော်ကြည့်ကာ လေးလေးနက်နက် စဉ်းစားဟန်နှင့် လူငယ်များဘက်သို့ ပြန်လှည့် လာကာ-

'သူ အသက် ၂၀မှာ ဘီအက်စီ ရန်ကုန် တက္ကသိုလ်က အောင်တယ်။ ၁၉၃၉ ခုနှစ် စာမေးပွဲတုန်းကပေါ့။ အဲဒီ နှစ်မှာ ပဲ ပညာတော်သင် ရွေးတဲ့ ထဲ သူပါသွားတယ်။ ဟိုမှာ ဘီအက်စီ အင်ဂျင်နီယာ ဆက်သင်တယ်။ လျှပ်စစ်ပညာ၊ လျှပ်စစ်ဘက်၊ အင်ဂျင်နီယာ ဘက်စုံလို့ သူပြောသွားတယ်။ သူ ဘိလပ်သွားပြီး သူ သင်တဲ့ လက်တွေ့ပညာတွေ သူ အင်ဗင့်(ထွင်) ထားတဲ့ ဟာတွေလည်း စုံလို့ စာရေးတယ်။ စစ် ဖြစ်တော့မှ သူ့ဆီက စာမရတာဘဲ။ စစ်ပြီးတော့လည်း တော်တော်နဲ့ မပေါ်လာဘူး။ ၁၉၄၅ ခုနှစ် ကုန်ခါနီးမှ ပြန်ရောက်လာတယ်'

'ဟိုမှာ ခြောက်နှစ်လောက် ကြာတာပေါ့'

'ရောက်စတုန်းကတော့ ကောင်းသား မောင်ရေ။ အင်ဂျင်နီယာ ဘက်ရော၊ အဆောက်အဦ ဘက်ရော၊ လျှပ်စစ် ဘက်ရော အလွန်တော်

ပါတယ်။ အိမ်မှာ ဓာတ်မီးကြိုး(ဖြူး) ဘာဖြစ်တယ်ဆို သူ ပြင်တာပဲ။ ဓာတ်မီးဖန်သီး ရှော့ဖြစ် တယ်ဆိုလည်း လွှင့်မပစ်ရဘူး၊ သူ ပြင်တာပဲ။ စုံလို့ ဆိုပါတော့'

'ဒီလောက်တောင် တော်တဲ့ လူဟာ ဘာကြောင့် ရူးရမလဲ ဦးရဲ့'

'ပြောပါ့မယ်၊ နောက်တော့ တစ်စတစ်စ ဖောက်လာတယ်။ ရယ်ချင်ရင် ဟားတိုက် ရယ်ပစ်တာပဲ။ မှိုင်ချင်လည်း မှိုင်နေတာပဲ။ သူ စိတ်ငြိမ်မလားလို့ သူနဲ့ ရည်ရွယ် ထားတဲ့ မိန်းကလေးနဲ့ အပလူးခိုင်းတယ် မရဘူး။ တင်မေရီ အသက် ၂၃ နှစ် မိန်းမချောကလေးပေါ့။ ဒါဟာလည်း လူကြီးချင်း အနိုင်ကျင့် စေ့စပ်တာ မဟုတ်ဘူး ။ သူ ဘိလပ် မသွားခင်ကလေး တင်မေရီ ၁၆ နှစ်လောက်မှာ သူတို့ ချင်း အသည်းစွဲချစ်ကြတာ ခုတော့ သူစိမ်းပြင်ပြင်ပဲ။ ဒါတောင် မိန်းကလေးဟာ စိတ်မပျက်ရှာဘူး မောင်ရဲ့'

'စိတ္တဇဆေးရုံ ပို့မယ်ဆိုတာကော တင်မေရီ သိပါလား ဦးကြီးရဲ့'

'သူလည်း အသိပေးဖို့ ကောင်းတာမို့ လာခဲ့လို့ မှာ လိုက်တယ်။ သူ့ဟာက စားချိန် အိပ်ချိန်လည်း မမှန်ဘူး။ တစ်ခါတလေ ဘယ်ထွက်သွားမှန်းလည်း မသိဘူး။ ပြန်လာရင် ဘယ်သူမှ မနှိုးဘူး။ အပြင်ဘက်မှာ အိပ်တာပဲ။ ထမင်း စားတာ အချိန်မမှန်ရုံ မဟုတ်ဘူး ၊ တစ်ခါတလေ ၂၄ နာရီလုံး မစားဘူး။ နောက် သူ့ဟာသူဆာတော့ ဘယ်ကဝယ်လာမှန်း မသိဘူး၊ ပေါင်မုန့် ညှို့ခြောက်တွေဝါး၊ ရေနဲ့ သောက် နေလိုက်တာပဲ။ ဒါနဲ့ ဒီကောင် စမ်းကြည့်မှ ပဲလို့ သူ ထမင်း စားတဲ့ အခါမှာ ဟင်းတွေအကုန်ငံပြာရည်လောက်နီးနီး ငန်အောင် လုပ်ပေးတယ်၊ ငန်တယ် မပြောဘူး စားတာပဲ။ တစ်ခါတော့ ဆားအငန် တစ်ခုမှ လုံးလုံးမထည့်ဘဲ ကျွေးကြည့်တယ်။ ဆားပေါ့တယ် မပြောဘူး။ တစ်ကြိမ်လည်း မက၊ နှစ်ကြိမ်

လည်း မကဘူး။ ခေါ်ရင်လည်း ကြားချင် မှ ကြားတာ။ တစ်ခါတစ်ခါ သူ ကပဲ ကျုပ်တို့ ကို ကြည့်ပြီး အရူးတွေ သဘောနဲ့ ပြုံးလိုက်သေးတယ်။ ဒီ လို ပြုံးရာက မျက်မှောင်ကြုတ်ချင် ကြုတ်သွားပြန်ရော’

‘ဒီလိုဆိုတော့လည်း အကဲခတ်ရ ခက်သားပဲ’

‘သူ့ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်၊ ဆံပင်တွေ ဘယ်လောက် ရှည်နေ တယ်ဆိုတာ သေသေချာချာ ကြည့်ခဲ့ရင် မြင်မှာ ပဲ’

‘ဟုတ်ကဲ့၊ မြင်ခဲ့ပါတယ် ခင်ဗျာ’

ထိုအတွင်း တစ်စုံတစ်ဦး တက်လာသံကြား၍ လှမ်းကြည့်ရာက အ သက် ၂၃ နှစ်ခန့် ကိုယ်အချိုးအဆက် ကျ၍ နှာတံပေါ် ကြည်လင်သော မျက်လုံးများ ဖြင့် ကာယ ဗလသမားများ ငေးကြည့် လောက်အောင် လှ ပပြေပြစ်သော မိန်းကလေး တစ်ယောက်ကို မြင်ကြသည် ။

‘လာဟေ့ မေရီ’ဟု ဦးမြင့်ဆိုင်က လွတ်နေသော နှစ်ယောက်ထိုင် ဆို ဖာကို ညွှန်ပြရာ တင်မေရီလည်း ဝင်ရောက် ထိုင်လိုက်၏။ အပြာခံ အဝါ ချိတ်လုံချည်၊ ပဒုမ္မာရင်ဖုံး စိန်ကြယ်သီး တပ်များ ဖြင့် နီးနီးကပ်ကပ် မြင်ကြရမှ ပိုမို ချောမောကြောင်း သိကြသည် ။

‘မေရီ သူ့ကြည့်ခဲ့သေးလား’

‘ကြည့်ခဲ့တယ် ဘဘကြီး။ သူ့ ညာလက်ထဲ ဘာကလေးမှန်း မသိဘူး၊ မြှောက်ကြည့်လိုက်၊ ချကြည့်လိုက်၊ စွေစောင်း ကြည့်လိုက်နဲ့ ။ ပြီးတော့ ခွက်ထိုးခွက်လန် ရယ်နေတယ်။ မေရီက ကိုကိုထွန်းလို့ ခေါ်တော့ မျက်နှာကြီးနဲ့ လှည့်ကြည့်ပြီး ဘယ်လက်နဲ့ ယမ်းပြရုံမကဘူး’သွား‘လို့ ငေါက်လိုက်သေးတယ်’

တင်မေရီမှာ ထိုသို့ပြောရင်း မျက်ရည်စို့လာသဖြင့် လုံချည်ခါးကြား

ထဲ ညှပ်ထားသော လက်ကိုင်ပဝါကလေးနှင့် မျက်ရည် သုတ်နေရှာသည် ။

'အဲဒါသာ ကြည့်တော့ မောင်တို့ ။ ဒီရုပ်၊ ဒီရည်၊ ဒီအသံနဲ့ မိန်းကလေး တစ်ယောက်ကို ဂရုမစိုက်တာဟာ အရူးလို့ မဆို ဘယ်လိုဆိုမလဲ။ အခု နုပါသေးတယ် သမီးရယ်။ စိတ္တဇ ဆေးရုံပို့လိုက်ရင် ပျောက်ကင်းသွားမှာ ပါပဲ'

'မနေ့က တိုင်ပင်ကြသလိုလုပ်ပြီး ပို့ကြမှာ လား'

'ဒီလိုမပို့ရင် သူ့ကို အထိန်းမှာ တောင် မဟုတ်ဘူး သမီးရဲ့ ။ ခုနကပဲ သမီးရဲ့ ကြီးကြီးနဲ့ ဒါတွေ ပြောနေသေးတယ်'

ငင်းတို့ တိုင်ပင်ကြသည် ကား သားရူးစောထွန်းအား သားငယ်စောလွန်း ကာယဗလ သမား နှစ်ယောက်နှင့် အလစ်အတင်း ကိုင်ချုပ် ကြိုးနှင့် တုပ်ပြီး စိတ္တဇဆေးရုံသို့ ပို့ရန် ဖြစ်လေသည် ။ တင်မေရီက ချစ်သူအား ကြမ်းကြမ်းတမ်းတမ်း ပြုလုပ်ကြသည် ကို မကြည့်လို၊ မမြင်လိုရှာဟန်တူသည် ။ တင်ဝင်းက-

'အန္တိ့ မတင်မေရီ သဘောကော ဘယ်လိုထင် သလဲ'

'အထင်ရ အခက်သားရှင့်။ မူမမှန်တာကတော့ အမှန်ပဲ။ သူ ဘိလပ်က ပြန်ရောက်စတုန်းက ကျွန်မကို သိပ်ချစ်တာပဲ၊ အလွန် ယုယတယ်။ ကုန်ကုန် ပြောပါရစေ ရှင်၊ အပယိက သူချစ်သမျှ သည်းခံခဲ့တယ်။ ဟောလွန်ခဲ့တဲ့ နှစ်လလောက်ကစပြီး သုန်သုန်မှုန်မှုန်နဲ့ ။ နောက်တော့ ကျွန်မကို သိမှ သိပါလေသေးစလို့ တွေးရလောက်အောင် မူပြောင်းသွားတာပဲ'

'ကဲ မောင်တို့ ၊ ကျုပ်တို့ က လက်တွေ့။ ဒီတော့ မနက်စာ စားပြီးရင် ပြီးချင်း ပို့ကြရမယ်'

တိုင်ကပ်နာရီကြီးကို မော့ကြည့်ရာ ၉ နာရီနှင့် ၃၅ မိနစ်မျှ ရှိသေး၏ ။ တင်ဝင်းကပင်-

'ကျွန်တော်လည်း ဘီအက်စီ အင်ဂျင်နီယာ နောက်ဆုံးနှစ် သင်နေတာပဲ ဦးရဲ့ ။ ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စား အလုပ်တစ်ခု စဉ်းစားတုန်းက ထမင်းစားစို့ ဟော့လို့ နောက်က ကပ်ပြီး အော်ပြောတာတောင် မကြားဘူး။ ပခုံးလှုပ်တော့ နှောင့်ယှက်တယ် ထင်တာနဲ့ ဆွဲထိုးမယ်လုပ်တာ မေမေ ဖြစ်နေလို့ ပေါ့။ ဒီကောင် နင့်နား ဘာဖြစ်နေသလဲ မအေ တစ်ယောက်လုံး ခေါ်တာ မကြားဘူးလားလို့ အကြိမ်းခံရ သေးတယ်'

'မောင့် အဖြစ်မျိုးလောက်ဆိုရင် ကျုပ်တို့ ရူးပြီလို့ မဆုံးဖြတ်ပါဘူး။ အဏုမြူဓာတ် ကြံစည်နေတဲ့ သူငယ် ကလေးတစ်ယောက်ဟာ မျက်လုံးလည်နေသလို ထင်ရတယ်၊ အရူးတစ်ပိုင်းလို ဖြစ်နေတယ်လို့ တွေ့ဖူးတယ်။ သူက ဒီထက် ဆိုးတာလားကွဲ့'

'အနောက်နိုင်ငံက အင်ဗင်းတား လောကဓာတ် ဆရာတွေ အကြောင်း ကျွန်တော် အများကြီး ဖတ်ဖူးပါတယ်။ ဒီလိုပဲ အရူးလို့ အစွပ်စွဲခံရတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါပဲ ဦးကြီးရယ်။ ဒီတော့ ကျွန်တော်လည်း အင်ဂျင်နီယာ ကျောင်းသား တစ်ဦးပဲဟာ အကဲခတ်ကြည့်ရင် သိနိုင်ပါတယ်။ သူ့ အခန်းထဲ ဝင်ကြည့်ရုံနဲ့ ကိုယ်တိုင် မလုပ်တတ်ပေမဲ့ ဘာတွေ ကြံနေတယ်ဆိုတာ လောက်တော့ သိနိုင်၊ အကဲခတ်နိုင် ပါတယ်'

တင်ဝင်းက မလျှော့တမ်း ဆင်ခြေတက်နေသဖြင့် ဦးမြင့်ဆိုင်မှာ စိတ်မရှည်သော အမူအရာနှင့် ဦးခေါင်းတစ် ချက် နှစ်ချက်ကုတ်ကာ-

'ကျုပ်တို့ ရှက်တာနဲ့ ထိမ်ချန်ထားတာ မောင် မသိဘဲကို မောင်ရဲ့ ။ သိများ သိရင် မောင်တို့ ဆင်ခြေဆင် လက်တက်နေမယ် မထင်ဘူး'

'ကိုစောလွန်းနဲ့ ကျွန်တော် ဘယ်လောက်ခင်ကြ တယ်ဆိုတာ ဦးကြီး အသိပါ။ ဒီတော့ ထိမ်ချန်မထားနဲ့ ၊ သိပါရစေ။ ဒါမှ ပိုပြီး အကဲခတ် နိုင်ပါတယ်'

'ကဲ ... ဒီလောက်တောင်ရှိလှတာ စောလွန်း ပြောလိုက်စမ်းပါကွာ' ဟု ဖခင်ကြီးက အမိန့်ပေးသဖြင့် ရှုးကြောင်း ကုန်စဉ်ကို စောလွန်းက ပြန်ပြောနေသည် မှာ အောက်ပါအတိုင်း ဖြစ်လေသည် ။

'ဝုတ်ဝုတ်- ဝုတ်အုတ်အုတ် ဝုတ်ဝုတ်'

အချိန်ကား ည ၁ နာရီခန့်ရှိပြီ ဖြစ်၏။ ဦးမြင့် ဆိုင်သည် အောက်ထပ်မှ ခွေးဟောင်သံကြားသဖြင့် နိုးနေကာ ဒေါ်လှရွှေအား လှုပ်နှိုးပြီး' ဟေ့ ... မရွှေ ခွေးဟောင်သံ ကြားတယ်ကွ၊ အတော် ထူးဆန်းတယ်' ဟု ပြောရာ ဒေါ်လှရွှေက'ခွေးဟောင်းတာ ဆန်းသမို့လား ဘော်ဘီဖြစ် မှာပေါ့'

'အို... ဘော်ဘီက အပေါ်မှာ ပဲ၊ ဘော်ဘီ့အသံ မဟုတ်ပါဘူး'

ထိုအခိုက်မှာ ပင် ဝုတ်ဝုတ်ဟု ခွေးဟောင်သံကြား ပြန်ရာ ဒေါ်လှရွှေပင်'အင်း ဟုတ်သား၊ အိမ်အောက်ထပ်က ခွေးဟောင်သံပဲ။ ဘယ်က ခွေးများ ဝင်ပြီး ဟောင်နေ ပါလိမ့်'ဟု ပြောလိုက်၏။ ဦးမြင့်ဆိုင်သည် အိပ်ရာမှ ထကာ သားငယ် စောလွန်းရှိရာသို့ ဓာတ်မီးများ ဖွင့်ပြီးလျှင် လာခဲ့၏။ ညေ့ခန်း ဆိုဖာပေါ်တွင် အိပ်နေသော အမွေးဖြူဖွား စပါနီယာမျိုး ခွေးတစ်ကောင်သည် အိပ်ရာမှ ထပြေးလာကာ ဦးမြင့်ဆိုင်အား နှုတ်ဆက်လာ၏။ ဦးမြင့်ဆိုင်သည် 'ဟဲ့ ... ဘော်ဘီလည်း ဒီမှာ ရှိသားပဲ'ဟု တိုးတိုးပြောပြီးလျှင် စောလွန်း၏ တံခါးကို ခေါက်လိုက်၏။'ဟဲ့ ... စောလွန်း ၊ စောလွန်း ထစမ်း'ဟု နှိုးလိုက်ရာ'ဘယ်သူလဲ၊ ဖေဖေလား' ဟု ပြန်မေးရင်း အတွင်းမှ ချောက်ခနဲ တံခါးဖွင့်သံ ကြားရပြီး တံခါးပွင့်လာကာ

စောလွန်း ထွက် လာလေသည် ။

‘အောက်က ခွေးဟောင်သံကြားတယ်၊ ဘယ်က ခွေးဝင်နေသလဲ’

‘တံခါးတွေ ပိတ်မပိတ် ကျွန်တော် ကိုယ်တိုင် ကြည့်ပြီးမှ တက်လာတာပဲ။ ဘယ်ခွေးမှ မဝင်နိုင်ပါဘူး ဖေဖေရယ်’

‘အောက်ထပ်ကမှ တကယ့် အောက်ထပ်က၊ သွား ကြည့်စမ်းကွာ’

စောလွန်းသည် ဖခင်ကြီး ခိုင်းသဖြင့် ခြောက်လုံးပြူး ဆွဲကာ အောက်ထပ်သို့ ဆင်း၍ သွားလေသည် ။ အောက်ထပ်၌ ဖယောင်းတိုင် ၂၅ အားရှိသော မီးတစ်ပွင့် အလင်းထွန်းထားရာ စောလွန်းသည် ချောင်ကြို ချောင်ကြား အထိ သွားရောက် ရှာဖွေသော်လည်း ခွေးမဆိုထားဘိ ကြွက်တစ်ကောင်မျှပင် မတွေ့ရချေ။ တနင်္ဂနွေထောင့်ရှိ အခန်း တစ်ခန်းကား စောထွန်း၏ အင်ဂျင်နီယာခန်းဖြစ်ရာ စောလွန်းသည် ထို အခန်းကို သတိရသဖြင့် သွား၍ ကြည့်ပြန်၏။

အတွင်းဘက် တံခါးငယ် တစ်ခုကို ဖွင့်ထားရာ စောလွန်းသည် ထို တံခါးပေါက်မှ စောထွန်းအား ကြည့်နေ၏။ စောထွန်းမှာ အတုတ် ငါးမူး လုံးခန့်၊ အလျား နှစ်လက်မခန့် သတ္တုနှင့် တူသည့် အရာကို ဓာတ်မီး ရောင်တွင် စိတ်ဝင်တစား ကြည့်ရှုနေ၏။ မည်ကဲ့သို့ လုပ်လိုက်သည် မသိ ထိုအရာကလေးသည် ချာရပတ် လည်နေ၏။ တစ်ဖန် လက်ညှိုးနှင့် တစ်နေရာ နှိပ်လိုက်သဖြင့် အလည် ရပ်သွားပြန်သည် ။ ထိုနောက် အခြားတစ်ခုကို ကောက်ကာ ဟိုဖြုတ်သည် တပ်နှင့် ဘာလုပ်နေသည် ဟု စောလွန်း နားမလည်ချေ။ ထိုသို့ လုပ်နေရာ အတွင်း ပြတင်းပေါက်သို့ လှည့်ကြည့်လိုက်သဖြင့် စောလွန်းသည် သူ၏ ကိုယ်ကို ဘေးသို့ လျင်မြန်စွာ ကွယ်လိုက်၏။ ထို့နောက် ယခုမှ ရောက်လာဟန်နှင့် တံခါးပေါက်တွင် မျက်နှာဖော်ပြန်ကာ-

‘ကိုကို အောက်ထပ်က ခွေးဟောင်သံကြားလို့ ဆင်းလာတာပဲ’

‘မဟုတ်ပါဘူး၊ မင်းတို့ အပေါ်ထက်က အကြား လွဲလို့ နေမှာ ပါ။ လမ်းဘက်က ခွေးဟောင်တာပါ။ ကိုကိုလည်း ခုန ကြားသားပဲ’

‘ကိုကို မအိပ်သေးဘူးလား၊ ၁ နာရီကျော်နေပြီ’

‘အေး ... ခဏကြာရင် အိပ်မယ်ဟေ့’

စောလွန်းသည် အိမ်ပေါ်သို့ တက်ရောက်လာကာ ဖခင်ကြီးအား ဘာမျှမတွေ့ရကြောင်း ပြောဆိုကာ သူ၏ အိပ်ခန်းသို့ ဝင်ရောက် အိပ်နေလေသည် ။

နောက်တစ်နေ့ ညသုံးနာရီလောက်တွင် ကြားရပြန်သည် ။ ထို အကြိမ်၌ မူ ဦးမြင့်ဆိုင်သည် သူ၏ နားကို ကောင်းစွာ အသုံးချလေသည် ။ ဘောဘီလည်း ထိုခွေးဟောင်သံကြောင့် ရောနှော ဟောင်၍ နေရာ အောက်က ခွေးဟောင် သံမှာ ဘော်ဘီ၏ အသံလောက် မကျယ်သည့် အပြင် လေသံလည်း အနည်းငယ် ပြတ်တောင်းပြတ်တောင်း ဖြစ်နေ၏။ စောလွန်းအား ဆင်း၍ ကြည့်စေသောအခါ ဘာမျှမတွေ့ရ။ စောထွန်းကို သာ အင်ဂျင်နီယာခန်းလည်း ခေါ် ဓာတုဗေဒခန်း လည်း ခေါ်နိုင်သည့် သူ့အခန်းထဲက ထွက်ခိုက် တွေ့ဆုံ၍ ညီအစ်ကိုနှစ်ယောက် အပေါ်ထက် သို့ တက်ရောက်လာ ကြသည် ။

နောက် သုံးရက်ခန့်အထိ ခွေးဟောင်သံကို မကြား ရချေ။ တစ်ည နေခင်းတွင် စောထွန်းသည် ဘော်ဘီကိုခေါ်ကာ ကန်တော်ကြီးစောင်း သို့ ထွက်ခွာသွား၏။ တစ်ခါမျှ ခေါ်မသွားဖူးသဖြင့် ဦးမြင့်ဆိုင်နှင့် အိမ် သားများ အံ့အားသင့်နေကြ၏။ ညနေ ခြောက်နာရီခွဲတွင် ပြန်လာမှ စိတ်အေး သွားကြသည် ။ နောက်တစ်နေ့ ညနေ ငါးနာရီခန့်တွင် ထိုသို့ပ င် ခေါ်ထွက်သွား၍ ခြောက်နာရီသာသာပင် ပြန်လာသည် ။ ထိုအခါ၌ ဦး

မြင့်ဆိုင် စိတ်ကူးရကာ စောလွန်းအား နောက်တစ်နေ့ ညနေ စောထွန်း မထွက်မီ စောထွန်းရှေ့တွင် ပုဇွန်တောင်ဘက်သို့ အသွားခိုင်းလိုက်၏။ အမှန်ကား စောထွန်းနှင့် ဘော်ဘီ ဘာကိစ္စနှင့် ထွက်ကြသည် ကို တစေ့ တစောင်း ချောင်းကြည့်ရန် လွှတ်လိုက်ခြင်း ဖြစ်လေသည် ။

စောလွန်းသည် ကန်တော်ကြီး ချုံကွယ်တစ်ခုမှ သူ့အစ်ကို အလာကို စောင့်၍ နေ၏။ စောထွန်း ဘော်ဘီနှင့် လာနေသည် ကို မြင်ရသောအခါ သူ့အား လှမ်းမမြင်မိ။ ချုံ တစ်ခုတွင် ကွယ်နေလေ၏။ စောထွန်းကား လူအလွန် ရှင်းသောအခါ မြက်ခင်းပေါ်တွင် ထိုင်ချလိုက်၏။ စောလွန်း လည်း သူ့အစ်ကိုနှင့် နီးနိုင်သလောက် နီးကပ်စွာ ချုံကို အကာအကွယ် ယူ၍ တိုးလာ၏။ ဘော်ဘီလည်း ရှေ့သို့ ထွက်ကာ တဝုတ်ဝုတ်နှင့် ဟောင်နေသည် ။

စောလွန်းသည် ဘော်ဘီ၏ ရှေ့တွင် ကြည့်သောအခါ ကြိုးနှင့် ချည်ထားသော ပုတ်သင်ညို တစ်ကောင်ကို မြင်ရ၏။ ဘော်ဘီကား ကိုက်ရန် ပြေးသွားလိုက် ပုတ်သင်ညိုက ကိုယ်ကလေးဖောင်းကြွ လည်ထောင်ကာ ပါးစပ်ဖြဲ နေသဖြင့် မကိုက်ဝံ့ဘဲ ဟောင်လိုက်ဖြစ်နေသည် ။ ပုတ်သင်ညိုအား ယနေ့မှ ချည်တုပ်သည် မဟုတ်၊ ထွက်စကပင် ချည်တုပ်ထားဟန်တူရာ စောလွန်း အတော် စိတ်မကောင်း ဖြစ်သွားသည် ။ စောလွန်းမှာ မိဘနှင့် မကွဲမကွာ နေရသောကြောင့် ဘာသာရေးတွင် အတော်ခေါက်မိသည် ။ ဝဋ်အမြဲ ငရဲအပ ဆိုသည် ကိုလည်း နားလည်၏။ ဘုရားလောင်း ဝိဓူရအမတ် ပုဏ္ဏက မြင်းမြီး ဇောက်ထိုးချည်ပြီးလျှင် တောင်စောင်းနှင့် အတိုက်ခံရခြင်းမှာ အတိတ်ဘဝက လယ်သမားဖြစ်စဉ် လယ်ထွန်သောအခါ ဖားငယ်တစ်ကောင်ကို ထွန်သွားနှင့် ခိုက်မိ၍ သေမည် စိုးသောကြောင့် ထွန်တိုင် တွင် ကြိုးချည်ခဲ့မိသော ဝဋ်ကြွေးဖြစ်သည် ကို လူကြီးများ ပြောပြသဖြင့် မှတ်သား ဖူးသူ ဖြစ်၏။

ဘော်ဘီနှင့် စောထွန်းကား ပုတ်သင်ညိုရှေ့သို့ တိုးသွားကာ ဘော်ဘီအား ကိုင်ထား၏။ ဘော်ဘီက ပုတ်သင်ညိုအား တဝုတ်ဝုတ် ဟောင်နေ၏။ ထိုသို့ ဟောင်နေစဉ် ဘော်ဘီ၏ မျက်နှာ ဘော်ဘီ၏ ပါးစပ်ကို သေချာစွာ ကြည့်ရှုနေပြန်၏။ အကြိမ်ကြိမ် ကြည့်ရှုပြီးနောက် ကျေနပ်သော အမူအရာနှင့် ဘော်ဘီကိုခေါ်ကာ စောထွန်း ထွက်ခွာသွား၏။ စောလွန်းကား မထွက်ခွာသေး။ စောထွန်းတို့ ပျောက်ကွယ်သွားမှ ပုတ်သင်ညို အနီးသို့ သွား၍ ကြိုးကို မောင်းချအားငယ်နှင့် ဖြတ်ကာ လွှတ်ပေးလိုက်သောအခါ ပုတ်သင်ညိုမှာ ချုံတစ်ခုဆီသို့ ပြေးသွားရှာလေသည် ။

'ဘယ့်နှယ်လဲဟေ့၊ ဘာတွေ မြင်ခဲ့သလဲ'

စောထွန်း ရောက်နှင့် ၍ ငါးမိနစ်ခန့်ကြာမှ ပုဇွန်တောင်က ပြန်လာသော စောလွန်းအား ဦးမြင့်ဆိုင်က ဆီးကြို မေးလိုက်ခြင်း ဖြစ်၏။ စောလွန်းက သူမြင်ခဲ့သမျှ ခရေစေ့တွင်းကျ ပြောပြလိုက်၏။

'ဒီကောင် ဘာလုပ်တာလဲ၊ ဖေဖေ့ အထင်တော့ ရူးစပျိုးပြီ ထင်တယ်။ ခွေးနဲ့ ပုတ်သင်ညို ရှူးတိုက်ပြီး ကစားတာ ဒီထက် ပျော်စရာနည်း မရှိတော့ဘူးလား'

'ကျွန်တော်လည်း တွေးလို့ မရဘူး ဖေဖေရဲ့ '

'အေးကွာ၊ နောက်တစ်နေ့ လိုက်ကြည့်သေးတာပေါ့'

နောက်တစ်နေ့၌ မူ စောထွန်းသည် ဘော်ဘီနှင့် မထွက်တော့ချေ။ ဦးမြင့်ဆိုင်နှင့် စောလွန်းတို့ လည်း စောထွန်း၏ အမူအရာကို အကဲခတ်ကြည့်ရှုနေကြ၏။ ဘာမျှ ထူးခြားသည် ကို မတွေ့ကြချေ။ သို့နှင့် အိမ်အပေါ်ထပ်သို့ တက်ရောက်အိပ်ကြရာ စောထွန်းသည် ၁၀ နာရီခန့်တွင် တက်ရောက်၍ အိပ်တော့သဖြင့် အံ့အား သင့်နေကြလေသည် ။

သန်းခေါင်ကျော် နှစ်နာရီခန့်တွင် အိမ်အောက်ထပ်မှ ဘော်ဘီဟောင်သံကို ကြားကြ၏။ ဘော်ဘီမှာ နှစ်ခါလည်သားမျှ ရှိပြီဖြစ်ရာ သူ၏ အောင်မြင်သော ဟောင်သံကိုအရ ကျက်မိပြီး ဖြစ်ရကား ဦးမြင့်ဆိုင်သည် စောလွန်း အခန်းသွားကာ-

'ဟဲ့ ... စောလွန်း၊ ဘော်ဘီ အောက်ထပ် ရောက် နေပါလား'

'ဟုတ်တယ် ဖေဖေ၊ ကျွန်တော်လည်း နိုးနေလို့ ကြားမိတယ်'

စောလွန်းသည် သူ့အခန်းမှ ထွက်ခဲ့ကာ စောထွန်း၏ အိပ်ခန်းကို ဖွင့်ကြည့်သောအခါ စောထွန်း အိပ်ရာတွင် မရှိချေ။ ဦးမြင့်ဆိုင်က-

'ည ၁၀ နာရီလောက်တုန်းက မင်းနဲ့ အတူတူ တက်လာကြတယ် မဟုတ်လား'

'ဟုတ်တယ် ဖေဖေ၊ ဘော်ဘီခေါ်ပြီး ဘယ်အချိန် လစ်ပြေးပါလိမ့်'

'ကဲ ... သွားကြည့် ချေစမ်းကွယ်'

စောလွန်းသည် အောက်ထပ်သို့ ဆင်းသွား၏။ ဟိုသည် ကြည့်ရှုရာ ဘော်ဘီမှာ စောထွန်း၏ ဓာတုဗေဒခန်း နံရံ တစ်နေရာတွင် ဟောင်တုန်းပင် ဖြစ်၏။ ရှေ့လက်နှစ်ဖက် ရှေ့သို့ ဆန့်ထုတ်လိုက်၊ လျှင်မြန်စွာ ရပ်လိုက်၊ ဟောင်လိုက်နှင့် လုပ်နေ၏။ စောလွန်းအနီးသို့ သွားရောက်ကြည့်ရှု သောအခါ ကြိုးချည်ထားသော အခြား ပုတ်သင်ညို တစ်ကောင်ကို ဟောင်၍ နေခြင်း ဖြစ်၏။ စောထွန်းအား လှမ်းကြည့်သောအခါ လေတချွန်ချွန်နှင့် အတော် ကျေနပ်သော အမူအရာကို မြင်ရ၏။

'ကိုကို သန်းခေါင်ကျော် အချိန်မတော်ကြီး ဘော်ဘီနဲ့ ဘာလုပ်တာလဲ'

'အေး မင်းတို့ အဖို့ တော့ အချိန်မတော်ဖြစ်မှာ ပေါ့၊ ကိုကိုဖို့ တော့ အလွန်ကောင်းတဲ့ အချိန်။ အိပ်ငိုက်မိမှာ စိုးလို့ ဘော်ဘီကို ဆူအောင် ခိုင်းထားတာ။ ဒီကောင်နဲ့ ပုတ်သင်ညို ရန်သူဖြစ်အောင် သုံးရက် ကျင့်ယူရတယ်ကွ'

'ဒါဖြင့် ညနေတိုင်း ဘော်ဘီခေါ်သွားတာ ပုတ်သင်ညိုနဲ့ ရန်တိုက်ပေးနေတာပေါ့'

'အေး...မင်းလည်း စုံထောက်ဉာဏ်နဲ့ စဉ်းစား တတ်သားပဲ'

'ကျွန်တော် ဘော်ဘီ ခေါ်သွားတော့မယ်'

'အေးအေး ခေါ်သွားတော့'ဆိုသဖြင့် စောလွန်း သည် 'ဘော်ဘီ-ဘော်ဘီ'ဟု ခေါ်လိုက်ရာ ဘော်ဘီ ပြေးလိုက်လာ၏။ တစ်ဖန် ပုတ်သင်ညိုရှိရာ ပြန်ပြေးသွားကာ ဟောင်နေပြန်သဖြင့် စောလွန်းသည် ဘော်ဘီအား ပွေ့၍ အိမ်ပေါ်တက်ခဲ့လေသည် ။

ထို့နောက် စောထွန်း လေးငါးရက်မျှ ငြိမ်၍ နေ၏။ သို့ရာတွင် တစ်ယောက်တည်း ဖြစ်လျှင် ပြုံး၍ နေရာ တစ်စုံတစ်ဦး အနီးသို့ ရောက်လာလျှင် မျက်နှာပိုး သတ်နေတတ်၏။ ခြောက်ရက်မြောက်ည၌ ၎င်းတို့၏ တစ်ခေါ်သာသာ ဝေးသော သိမ်ဖြူကွင်း အရှေ့ပိုင်းဆီလောက်မှ ခွေးဟောင်သံ ကြားရရာ သန်းခေါင်ကျော် နာရီပြန် တစ်ချက်ခန့် ဖြစ်သဖြင့် ဆိတ်ငြိမ်ခြင်းကို ဖောက်ထွင်း လာလေသည် ။ အစ ပထမ၌ ဘော်ဘီ ငြိမ်၍ နေ၏။ အတန်ကြာသော် ဘော်ဘီပါရောစ၍ ဂူအူအူ ဟု အူပြန်၏။ ဘော်ဘီမှာ ဆိုဖာပေါ်တွင် အိပ်နေခြင်းဖြစ်ရာ ဆိုဖာပေါ်မှ အူသည် ကို စောလွန်းသိ၏။ ဘော်ဘီအား မအူရန် ခြိမ်းခြောက်မည်ဟု အပြင်သို့ အထွက်လိုက် စောလွန်း အတော် အံ့အား သင့်သွား၏။ အကြောင်းမူကား မီးပွင့်များ ပိုလင်းလျက် ဘော်ဘီအူနေသည် ကို အာရုံစူးစိုက် ကြည့်ရှုနေ

သော စောထွန်းအား မြင်ရသောကြောင့် တည်း။

'ကိုကို့နှယ် ခွေးတစ်ကောင်လုံး အနားက အူနေတာ မောင်းမပစ်ဘူး'

'သူ့သဘာဝပဲကွာ၊ ဘယ်မှာ တားလို့ ကောင်းမလဲ'

'ဟဲ့ကောင် ဘော်ဘီ ဘာလဲ အူနေတာ' ဟု စောလွန်းက ဘော်ဘီအနီးသွားကာ မာန်လိုက်ရာ'အို... စောလွန်းကလည်း နေပါစေ'ဟု ဟန့်တားလိုက်၏။ အချိန် အနည်းငယ်စီသာ ပြောင်းလျက် သုံးလေးညအပြင်က ခွေးတွေအူလိုက်၊ ဘော်ဘီအူလိုက်၊ စောထွန်းက အနားက အာရုံ စူးစိုက်ကြည့်နေလိုက်နှင့် တွေ့ရ၏။ ငါးရက်မြောက်ည၌ ခွေးအူသံ မကြားတော့ချေ။ သို့ရာတွင် တစ်ညသန်းခေါင် အချိန်တွင် ဘော်ဘီနှင့် စောထွန်း ပျောက်၍ သွားရာ နှစ်နာရီ လောက်မှ ပြန်ရောက်လာသည်ကို တွေ့ကြရ၏။

လေးငါးညပင် ထွက်ခွာ သွားပြီးနောက် မထွက်ကြတော့ချေ။ တစ်ည သုံးနာရီခန့် ဘုရားခန်းဆီမှ ကြေးစည် သံကြားရ၏။ ကြေးစည်သံနှင့် ရော၍ ဘော်ဘီအူသံကို ကြားရသဖြင့် စောလွန်းတံခါး အသာဖွင့်ကြည့်ရာ တစ်ခန်းလုံး မှောင်နေ၏။ ခါတိုင်းမှာ မူ ဧည့်ခန်း အထက်တွင် ၂၅ တိုင်အား ဓာတ်မီးအလင်း ထွန်းထားသဖြင့် ထိန်လင်းနေ၏။ ကြေးစည်သံတစ်ချက် ခတ်ပြီးနောက် ဘော်ဘီ အူပြန်ရာ ဘုရားစင် ရှေ့တွင် လက်နှိပ်ဓာတ်မီးရောင် ပေါ်လာ၍ ဘော်ဘီအား ထိုးကြည့်မိ၏။ ဘော်ဘီ၏ အဖြူရောင်ကို လက်နှိပ်ဓာတ် မီးရောင်ဟပ်သဖြင့် ဘော်ဘီ၏ ဘေးရှိ စောထွန်း၏ သဏ္ဍာန်ကို ကောင်းစွာ မြင်ရ၏။ ကြေးစည်သံတစ်ချက် ထပ်တီး ပြီးလျှင် ဘော်ဘီအား လက်နှိပ်ဓာတ်မီးနှင့် ထိုးထားရာ ဘော်ဘီ၏ အူသံကို ကြားရပြန်သောအခါ စောလွန်း ပိုမို အံ့အား သင့်သွားလေသည် ။ အူသံကား ဘော်ဘီ၏ အူသံ အစစ်ဖြစ်၍ ဘော်ဘီအူနေ

ခြင်း မရှိဘဲ ထိုအသံသည် ဘော်ဘီ၏ ဘေးနားက ထွက်လာသဖြင့် စော ထွန်း အူပြသည် ကို ကောင်းစွာ နားလည်သောကြောင့် ဖစ်တော့သည် ။

'မင်း အထင်လွဲလို့ လား စောလွန်းရာ၊ မဟုတ်နိုင်ပါဘူး'

နောက်တစ်နေ့ နံနက် စောလွန်း ညကအဖြစ်အပျက် ပြောပြသဖြင့် ဦးမြင့်ဆိုင်က မယုံကြည်နိုင်သော အမူအရာနှင့် ပြောဆိုလိုက်ခြင်း ဖြစ်၏။

'ဟုတ်ပါတယ် ဖေဖေရဲ့ ၊ ကိုကိုမှ အစစ်။ အသံကလည်း ဘော်ဘီအ သံနဲ့ တထေရာတည်းပဲ'

'ဟယ် ... ကြံကြီးစည်ရာ၊ ခွေးအူသံလိုက်ပြီး တူအောင် အူရတယ်လို့ ၊ ဒီကောင် ရူးပြီ ကနေ့စမ်းကြည့်ရမယ်'

ထိုနေ့ နံနက်စာ ထမင်းကို စောထွန်း မွန်းလွဲ တစ်နာရီခန့်မှ စားသ ဖြင့် သားအဖ နှစ်ယောက် တိုင်ပင်ထား ကြသည့် အတိုင်း ဟင်းခွက်များ တွင် အလွန်ငန်အောင် ပြုပြင် ထားကြသည် ။ စောထွန်းကား ခါတိုင်း ဇွန်းခက်ရင်းနှင့် စားနေကြဖြစ်ရာ ထို့နေ့ လက်ဖြင့်စား၏။ ထမင်းလုပ် ကို ပလုတ်ပလောင်း လွေးစား၊ ဟင်းခွက်စုံနှိုက်ဖြင့် ရှုံ့မဲ့ခြင်း မရှိချေ။ ထမင်း စားပြီးသောအခါ လက်တိုတစ်ထပ် ဆေး၊ ပါးစပ် ပလုတ် မ ကျင်းဘဲ သူ့အလုပ်ခန်းသို့ ထ၍ သွားကာ အလုပ် ရှုပ်ဟန်တူသည် ။

'ရူးပြီ၊ ရူးပြီ၊ ဧကန္တ ရူးပြီ။ ဟင်းငန်လွန်းလို့ မှ ငန်တယ်မပြောဘဲ'

ဦးမြင့်ဆိုင် အလွန် စိတ်ပျက်ဝမ်းနည်းစွာ ညည်းညူ ပြောဆို လိုက် လေသည် ။ ဘော်ဘီကား စောထွန်း၏ အသည်းစွဲ ဖြစ်နေ၏။ စောထွန်း ကိုယ်တိုင် ယုယယနှင့် အစာ ကျွေးနေသည် ။ ဦးမြင့် ဆိုင်နောက်တစ်ချီ ဆားလုံးလုံး မပါသော ဟင်းများ နှင့် ကျွေးသောအခါလည်း စောထွန်း

ဘာမျှမပြော။ တစ်ရက်တွင် ကား စောထွန်း တစ်နေ့လုံး ထမင်းမစားဘဲ ပေါင်မုန့်ခြောက်တွေဝါး၊ ရေတွေ အဝသောက် လိုက်သည် ။

တစ်ညနေခင်းတွင် ကား စောထွန်း အလွန်ချစ်လှသော ဘော်ဘီက လေး သေဆုံး နေ၏။ စောထွန်း ရှေးဦးစွာ သိ၏။ ဆိုဖာပေါ် အိပ်စေခြင်း ဖြင့် သူတို့ အလွန် မြတ်နိုးချစ်ခင်သော ခွေးဖြစ်ကြောင်း သိသာ၏။ စော ထွန်းလည်း ဘော်ဘီ၏ အလောင်းကို ပွေ့ယူကာ'ဘော်ဘီ ဘော်ဘီ'ဟု ခေါ်ပြီးလျှင် ဘော်ဘီမျက်နှာကို နမ်းရှုပ်နေရာ မြင်ရတာ အိမ်သားများ ပင် ယူကျုံးမရ ဖြစ်ကြရသည် ။

အချိန်မှာ ညနေ ငါးနာရီခန့် ရှိသေးရာ စောထွန်းသည် 'ကျွန်တော့် အကောင်ကို ဒီပြင်ခွေးတွေလို ဆွဲမချဘူး၊ ကောင်းကောင်း သင်္ဂြိုဟ်ရ မယ်'ဟု ပြောကာ သူ့ဓာတု ဗေဒ အခန်းထဲသို့ ဝင်သွားပြီးလျှင် သွပ်ပြား ကို တူနှင့် ရိုက်နေသောအသံ ကြားနေကြ၏။ နာရီဝက်ခန့် ကြာသောအ ခါ သွပ်ခေါင်း ကလေးတစ်လုံး ကိုင်ပြီးလျှင် စောထွန်း ထွက် လာလေသ ည် ။ သွပ်ခေါင်းမှာ ဘော်ဘီ၏ အလောင်းနှင့် အံကိုက်ဖြစ်၍ အဖုံးဖုံးပြီး လျှင် လေလုံအောင် ဂဟေ ဆက်လိုက်သည် ။ ထို့နောက် တိုက်ထောင့် တစ်နေရာတွင် စောထွန်း ကိုယ်တိုင် တူး၍ မြှုပ် လိုက်လေသည် ။

'ဟ ... ဒီအကောင်များ အဆိပ်ကျွေး သတ်လိုက်တာလား'

'ကျွန်တော်တော့ လုံးလုံး မထင်ဘူး ဖေဖေ၊ သူ့ခွေး သူသိပ်ချစ်တာ'

'မင်းပြောတာတော့ ဟုတ်သားပေါ့။ ရူးနေတဲ့ အကောင်ဆိုတာ ခုချစ် ပေမဲ့ တော်တော်ကြာ သတ်မပစ်ဘူးလို့ ပြောနိုင်မလား'

ဦးမြင့်ဆိုင်၊ ဒေါ်လှရွှေနှင့် စောလွန်းတို့ ပြောဆို နေကြခြင်း ဖြစ်၏။ ဒေါ်လှရွှေကား အခြား စကားထက် သူ့ခွေး လိမ္မာပုံကို ပြောနေရှာသည် ။ ခွေးသေရပုံကို နားမလည်အောင် ဖြစ်နေကြသည် ။

ထိုနေ့ည ၁၂ နာရီခန့်တွင် စောလွန်းသည် အောက်ထပ်သို့ ဆင်း၍ သွား၏။ ထိုသို့ သွားခြင်းမှာ စောထွန်း ခါတိုင်းကဲ့သို့ မဟုတ်။ အိပ်ရာသို့ စောစော မဝင်စဖူး ၈ နာရီခန့်တွင် ဝင်အိပ်နေရာမှာ ၁၂ နာရီ ထိုးခါနီး တွင် အောက်ထပ်သို့ ဆင်းသွားသည် ကို သိလိုက်သောကြောင့် ဖြစ်၏။ စောထွန်းမှာ သူ၏ အခန်းတွင်း၌ တစ်စုံတစ်ရာ လုပ်ကိုင်နေသည် ကို အသံဖြင့် သိရ၏။ သို့ရာတွင် ခါတိုင်းကဲ့သို့ အတွင်းဘက် တံခါးကို ဖွင့်မ ထားသဖြင့် ဘာလုပ်နေသည် ကို မမြင်ရ။ မဆွကပင် စိတ်ကူးထားသ ည့် အတိုင်း ပြတင်းတံခါး  တစ်ခုမှာ ငွေမှုးစေ့ခန့် လွန်ပူနှင့် အပေါက် ဖောက်ထားပြီးလျှင် အသုံးမချသေးလျှင် သစ်သားစတစ်ခု အံကိုက် ဆို့ ထားသောကြောင့် စောလွန်း မရိပ်မိချေ။

စောလွန်းသည် ထိုအပေါက်ကို အသုံးချရမည်ဖြစ်ရာ သစ်သားစကို နုတ်လိုက်ပြီးလျှင် ထိုအပေါက်မှ အခန်း ထဲသို့ ချောင်းကြည့်နေ၏။ အတော်ပင် အံ့အားသင့်သွား ပြန်သည် ။ အကြောင်းမူကား စောထွန်းမှ သံဖြူခေါင်းနှင့် သင်္ဂြိုဟ်ထားသော ဘော်ဘီ၏ အလောင်းကို ကိုင်တွယ် ကြည့်ရှုနေသော ကြောင့် တည်း။

စောထွန်းသည် ဘော်ဘီ၏ အလောင်းကို ကြည့်ရှု ပြီးနောက် အလွန် ထက်ပုံရသော အသွား ၆ လက်မခန့် ဓားမြှောင် တစ်စင်းဖြင့် ဘေးအောက်ကနေ၍ စအိုအထိ ဆွဲချလိုက်၏။ ထို့နောက် စိတ်ရှည် လက်ရှည် ဘော်ဘီ၏ အရေခွံကို ခွာ၍ နေ၏။ ခြေထောက် အရေခွံပါမ ကျန် ပုံပန်း မပျက်စေရ ခွာယူပြီးလျှင် သွပ်ပုံးငယ် တစ်ခုထဲသို့ ဘော်ဘီ ၏ အရေခွံကို ထည့်ထား၏။ တစ်ဖန် ဘော်ဘီ၏ ရင်ကိုခွဲကာ အသည်းနှလုံး အူသိမ်အူမ နေပုံကို အတန်ကြာ ကြည့်ရှုနေ ပြန်သည် ။ စောလွန်းကား စောစောညနေက ဘော်ဘီ ဘာကြောင့် သေရသည် ကို

စဉ်းစား၍ မရ။ ယခုကဲ့သို့ မြင်ရမှ သူ့အစ်ကို အဆိပ်ကျွေး သတ်လိုက်ကြောင်း စဉ်းစားမိလေသည် ။ ဘာ့ကြောင့် သတ်သည် ၊ ဘယ်လို အသုံးချမည် စသည် တို့ ကိုလည်း စဉ်းစားမရ။ စောထွန်းလုပ်သမျှ ကြည့်ရှုနေရာ ဘော်ဘီ၏ လည်ချောင်းကို ခွဲကြည့်၏။ တစ်ဖန် လျှာနှင့် ပါးစပ်ကိုလည်း ဓားနှင့် ဖြတ်တောက်ကာ သေချာစွာ ကြည့်ပြီးလျှင် သွပ်ခေါင်းထဲသို့ ပြန်၍ ထည့်ထားလိုက်၏။

ဘော်ဘီ၏ အရေမှ အပ ကျန်ခန္ဓာ အစိတ်အပိုင်းများကို သွပ်ခေါင်းထဲ သွင်းပြီးလျှင် စောထွန်းသည် အပြင်သို့ ထွက်သွား၏။ ဘော်ဘီ၏ အလောင်းပြန်၍ မြှုပ်နှံသည် ကို စောလွန်း ရိပ်မိလေသည် ။ စောထွန်း ပြန်၍ ဝင်ရောက် လာပြီး ပစ္စည်းများ သိမ်းဆည်းနေခြင်းဖြင့် ဤညအဖို့ ဤမျှ နှင့် အလုပ်သိမ်းတော့မည်ကို စောလွန်း နားလည်ရကား ချောင်းကြည့်ပေါက်ကို သစ်သားစနှင့် ဆို့ပြီးလျှင် စောထွန်း အရင် အိမ်ပေါ်သို့ တက်ရောက်သွားကာ အခန်းထဲသို့ ဝင်ရောက် အိပ်နေလေသည် ။

ထို့နောက်မူကား စောထွန်းသည် တစ်ယောက်တည်း ရယ်လိုရယ်၊ မျက်မှောင်ကုတ်နေလိုနေ၊ မည်သူ တစ်ဦး တစ်ယောက်မျှ ဂရုမစိုက်။ ထမင်းဟင်းလည်း သတိရသည့် အခါကျမှ စား၍ မစားသည့် အချိန်ကများ၍ နေလေသည် ။

စောလွန်း၏ စကားဆုံးလျှင် ဆင်ခြေဆင်လက် အများ ဆုံး တင်ဝင်းပင်-

'သူ တစ်ခုခု ကြံစည်နေတာတော့ အမှန်ပဲဗျာ။ သူ့အခန်းထဲ ဝင်ကြည့်ရရင် ကျွန်တော် အကဲခတ်နိုင်မယ်လို့ ထင်တာပဲ'

'အမယ်လေး၊ မလုပ်လေနဲ့ ကိုတင်ဝင်း။ သူ့ အခန်းထဲကို သူမရှိခိုက် ဘယ်သူမှ မဝင်ကြနဲ့ ။ လျှပ်စစ် ဓာတ်လွှတ်ထားတယ်လို့ သတိပေးထား

တာပဲ။ တစ်ခါတော့ ကြောင်တစ်ကောင် ဘယ်လို ဝင်လိုက်တယ် မသိဘူး၊ စန့် သေနေတာပဲ’

စောလွန်းက သူ့အစ်ကို အခန်းအကြောင်း ရှင်းပြနေ၏။ ဦးမြင့်ဆိုင်က-

‘ရှုးတာကတော့ သေချာပါတယ်။ မောင်တို့ အကူအညီနဲ့ ပို့လိုက်တာ အကောင်းဆုံးပဲ’

စောလွန်း အကျိုးအကြောင်း ပြန်ပြောနေသည် မှာ မိနစ် ၂၀ ခန့် ကြာရာ ၁၀ နာရီ ထိုးခါနီးတွင် ဒေါ်လှရွှေမှ အပ အားလုံး အောက်ထပ်သို့ ဆင်း၍ လာကြလေသည် ။ ထိုအချိန်၌ စောထွန်းသည် အောက်ထပ် ဧည့်ခန်း ဆိုဖာ တစ်ခုပေါ်တွင် ထိုင်၍ နေ၏။ အပေါ်က ဆင်းလာသူ ငါးယောက်လည်း စောထွန်းရှိရာသို့ လာကြ၏။ စောထွန်းမှာ တစ်ယောက်ထိုင် ဆိုဖာတွင် ထိုင်နေရာ စောလွန်းနှင့် တင်ဝင်းက နှစ်ယောက် ထိုင်တွင် ထိုင်ကြ၍ မြကျော်က တစ်ယောက်ထိုင်၊ တင်မေရီက စောလွန်းနှင့် မျက်နှာချင်းဆိုင်၊ ဦးမြင့်ဆိုင်က အခြား ဆိုဖာလွတ် တစ်ခုတွင် ထိုင်ချလိုက်လေသည် ။

ထိုသို့ ထိုင်ကြရာ၌ ကာယဗလသမား တင်ဝင်းနှင့် မြကျော်မှာ စောထွန်းအား ဝဲယာညှပ်၍ ထိုင်မိပြီး ဖြစ်ကြသည် ။ စောထွန်းမှာ အရပ် ၅ ပေ ၉ လက်မခန့်ရှိ၍ ထွားကျိုင်း သန်မာပုံရ၏။ နှုတ်ခမ်းမွေးမှာ လက်တစ်သစ်ခန့် ရှည်၍ မုတ်ဆိတ်မွေးမှာ လက်နှစ်သစ်ခန့် ရှည်နေ၏။ ဆံပင်များမှာ ကား အုပ်လုံးသိမ်းခါစကဲ့သို့ ဖြစ်၍ နေရာ မော်လဝီနှင့် ယောဂီ ဟိန္ဒူများ နှင့် တူ၍ နေလေသည် ။

ထိုကဲ့သို့ အမွေးအမှ င် ထူနေသည့် အထဲကပင် ပေါ်လွင်သော နှာတံ၊ နားထင် မသိမသာချိုင့်၍ ကားနေသော နားရွက်၊ နဖူးကျယ်၊ စူးရှ

ကြည်လင်သော မျက်လုံးများ သည် သပ်ရပ်စွာနေက လူချော လူခန့်ကြီး တစ်ယောက် ဖြစ်နိုင်သည် ဟု တင်ဝင်း အကဲခတ် ကြည့်နေလေသည် ။ မျက်လုံးများမှာ ဝိုင်းလည်နေ၍ မျက်တောင်မခတ်ဘဲ ငါးမိနစ်ခန့် နေနိုင်ခြင်းဖြင့် တစ်စုံတစ်ခုကို အာရုံစူးစိုက် ကြံစည် လာသူဖြစ်ကြောင်း သိသာနိုင်၏။ ၎င်းတို့ အစီအစဉ်မှာ ကာယဗလ သမားနှစ်ယောက်က အလစ်တွင် စောထွန်း၏ လက်နှစ်ဖက်ကို ဖမ်းချုပ်၊ နောက်ပြန် ကြိုးနှင့် တုပ်ရန် ဖြစ်လေသည် ။

သို့ရာတွင် တကယ် အနီးကပ်ကြည့်သောအခါ စောထွန်း၏ ကာယဗလသည် အလွယ်တကူနှင့် ရမည်မဟုတ်။ အင်တိုက်အားတိုက် လက်ဦးအောင် ချုပ်ကိုင်မိမှ သာ ရနိုင်မည်ကို ကာယဗလသမား နှစ်ယောက်လုံး စဉ်းစား မိကြလေသည် ။

'ကိုကိုထွန်း ထမင်းစားပြီးပလား'

တင်မေရီသည် ပြုံးချိုသော အမူအရာနှင့် ကြည့်ရှု မေးမြန်းနေ၏။ တင်မေရီနှင့် စကား အပြန်အလှန် ပြောခြင်းဖြင့် သတိလစ်နိုင်စရာ စောထွန်းမှာ သူထိုင်သော ဆိုဖာကို တင်ဝင်းနှင့် မြကျော်၏ အလယ်ကြားမှ ဖင်မြှောက တွကနှင့် နောက်သို့ မရွှေ့နေရင်း-

'စားမိသလား၊ မစားမိသလား မသိဘူး မေရီ'

စောထွန်း၏ လက်နှစ်ဖက်မှာ ဆိုဖာလက်တင်ပေါ်တွင် တစ်ဖက်စီ တင်ထားရာ နောက်သို့ ဆုတ်နေသော်လည်း လှမ်း၍ ဆွဲသာအောင် လက်တစ်ကမ်းမီနေ၏။ စောထွန်းမှာ မေရီအား ပြန်ပြောကာ စိုက်၍ ကြည့်နေ၏။ ကာယဗလသမား နှစ်ယောက်လည်း တစ်ဦးနှင့် တစ်ဦး မျက်ရိပ် ပြကာ စောထွန်း၏ လက်ကို တစ်ဖက်စီ ဆွဲကြလေရာ စောထွန်း၏ ဘယ်လက်ကို မြကျော်က မိသော်လည်း တင်ဝင်း ဆွဲရမည့်

ညာဘက်မှာ အနည်းငယ် နောက်ကျနေသဖြင့် လွတ်ထွက်သွား၏။ စောထွန်း၏ ထိုညာလက်သည် လျှင် သူ၏ ဖင်အောက်သို့ နှိုက်ခွင့်ရလေရာ လက်ထဲတွင် ခြောက်လုံးပြူးပါလာ၏။ မြကျော် ဆွဲထားသော ဘယ်လက်ကို ဆောင့်ရုန်းရင်း-

'ဒီအကြံတွေ သိပြီးသား။ ရီးတီးရားတားလုပ်ရင် ကျည်ဆန်ဖောက်သွားမယ်'

အားလုံး အံ့အားသင့်နေကြ၏။ ခြောက်လုံးပြူး ရှင်ကို ဗလက လည်းကောင်းနှင့် မည်ကဲ့သို့ ဖမ်းရမည်ကို မကြံတတ်အောင်ဖြစ်၍ နေကြသည် ။ စောထွန်းက'ခဏ နေကြဦး'ဟု ဆိုကာ သူ၏ ဓာတုဗေဒခန်းထဲသို့ ဝင်သွား၏။ ဘာလုပ်လိုက်သည် မသိ၊ သူ့အခန်းထဲမှ -

'လူကလေးရဲ့ ၊ စောထွန်းရဲ့ ကံဆိုးလှချည်လား သားရယ်။ အခု မင်းကို စိတ္တဇဆေးရုံ ပို့တော့မတဲ့ ။ မေမေ မကြည့်ရက်ဘူး သားရဲ့ '

ဒေါ်လှရွှေ၏ အပေါ်ထပ်မှ ညည်းသံကို ဧည့်ခန်းမှ အားလုံး ကြားကြလေသည် ။ ထိုအခါကျမှ စောထွန်းသည် အပေါ်ထပ်မှ ပြောသမျှ ကြားနိုင်အောင် အသံဖမ်းစက် လုပ်ထားသည် ကို ရိပ်မိကြ၏။ ထိုစက်မှာ အတိုးအကျယ် နှစ်မျိုးရနိုင်ရာ စောထွန်း အသံကျယ်အောင် လုပ်သဖြင့် ကြား ကြရသည် ကိုလည်း တွေးမိကြသည် ။

'ဒီလိုဆိုတော့လည်း အရူးနဲ့ မတူပါလား ဦးရဲ့ '

တင်ဝင်းသည် စောထွန်း၏ အပြုအမူကို အကဲခတ်ကာ ပြောဆိုလိုက်ခြင်း ဖြစ်၏။ ထိုကဲ့သို့ ပြောနေစဉ်မှာ ပင် စောထွန်း၏ ဟက်ဟက်ပက်ပက် ရယ်မောသံကြား ကြပြန်သဖြင့် အကောင်းထင်သူ တင်ဝင်းမှာ အံ့အားသင့် သွားပြန်သည် ။ စောထွန်းသည် ဓာတုဗေဒ အခန်းမှ ထွက်လာကာ-

‘ကဲ ... မိတ်ဆွေနှစ်ယောက် ပြန်ကြဗျာ။ ဟေ့ ... စောလွန်း မင်းဟာ ကိုကို့ သတ္တိ သိတယ် မဟုတ်လား။ ဒီကိစ္စမှာ မင်းခေါင်းဆောင်။ ဒီတော့ မင်းကို ဆုံးမရမယ်’

စောထွန်းသည် ခြောက်လုံးပြူး ခါးထိုးပြီးလျှင် ရှေ့သို့တိုးကာ စောလွန်းအား ထိုးမည်အလုပ် ဦးမြင့်ဆိုင်က ကြားက ဝင်ရပ်လိုက်သဖြင့်‘ခင်ဗျားကြီးလည်း အလကားပဲ’ ဟု တွန်းပစ်လိုက်ရာ အဘိုးကြီး ဟပ်ထိုးလဲသွားရှာ၏။ ကာယဗလ သမားလည်း ဖြစ်၊ သိုင်းလည်း ကောင်းစွာ တတ်ကြသော တင်ဝင်းနှင့် မြကျော်သည် ထိုအချိန်ကလေးမှာ ပင် စောထွန်း၏ လက်နှစ်ဖက်ကို တစ်ဖက်စီ ချုပ်ကိုင်မိကြ၏။ နောက်ပြန် ချုပ်သဖြင့် ရုန်း၍ မရ။ လွတ်နေသော ခြေထောက်ဖြင့် ခတ်သော်လည်း ရှောင်တိမ်းကြကာ နောက်ပြန်ကြိုးနှင့် တုပ်လိုက်ကြ၏။ တစ်ဖန် ပက်လက်လှဲပြီးလျှင် သောင်းကျန်းသော ခြေနှစ်ဖက်ကို အတင်းဖိပြီးလျှင် ကြိုးနှင့် တုပ်မိကြပြန်သည် ။

‘ငါမရူးဘူး၊ နင်တို့ အရူး။ ငါ့လွှတ်၊ ငါ့လွှတ်။ ဟဲ့ ... အရူးတွေ နင်တို့ရူးပြီ။ ငါ့ကို အရူးထင်ကြတယ်။ မေမေ မေမေ ကျွန်တော် မရူးဘူးဗျ’

စောထွန်းသည် အသံကုန် ဟစ်အော်နေသည် ။ အိမ်နီးနားချင်း အချို့ လာကြည့်ကြရာ စောထွန်းအား အကောင်း မထင်‘စောစောက စိတ္တဇဆေးရုံပို့ဖို့ ကောင်းတာပဲ’ဟု ပြောကြ၏။ တင်မေရီမှာ ကား ချစ်သူအား အတင်းကြိုးနှင့် တုပ်နှောင်နေသည် ကို မြင်ရသောအခါ မျက်ရည်ဝဲနေရှာသည် ။

‘ဟဲဟဲ ... ဟဲဟဲ ... မေရီ ... မေရီလည်း ကြံရာပါပေါ့ ဟုတ်လား’

စောထွန်း၏ နက်ကျယ်သော အသံကို ကြားရပြန်၏။ ကြိုးတုပ်ထားလျက် တွန့်လိမ်နေသော စောထွန်းအား ကာယဗလသမား နှစ်ယောက်

ခေါင်းဘက်ခြေဘက် မယူကာ ဆင်ဝင်အောက်ရှိ ကားကြီးပေါ်သို့ တင်လိုက်ကြ၏။

တင်မေရီ ကိုယ်တိုင် မောင်း၍ စီးလာသော ကားကလေးတွင် တင်မေရီ၊ ဦးမြင့်ဆိုင်၊ စောလွန်းတို့ စီးကြ၍ ကြိုးနှင့် တုပ်ထားသော အရူးနှင့် ကာယဗလသမား နှစ်ယောက်မှာ ဦးမြင့်ဆိုင်၏ ကားကြီးတွင် စီးကြကာ ဒရိုင်ဘာအား တံတားလေးသို့ အမောင်း ခိုင်း လိုက်လေသည် ။

စိတ္တဇဆေးရုံသို့ ရောက်လျှင် ဦးမြင့်ဆိုင်သည် ဆေးရုံအုပ် ဆရာဝန်ကြီးနှင့် တီးတိုး ပြောပြီးနောက် စောထွန်းအား အခန်း တစ်ခန်းထဲသို့ သွင်းလိုက်ကြ၏။ စောထွန်းမှာ တစ်လမ်းလုံး အော်ဟစ် ဆဲဆိုရင်း ပါလာရာ ဆေးရုံခန်းထဲ ရောက်လျှင် အသံပင် ကောင်းစွာမပီ။ နွားအော်သလို ကုန်း၍ အော်နေရာ ၎င်းအား ကျွေးမွေးပြုစုရမည့် လက်ထောက်ဆရာဝန်များ ပင်'ဒီဗလကြီးနဲ့ ဂျောက်ပဲ' ညည်းကြ၏။ စောထွန်းအား အတွင်းသို့ သွင်း၍ ကြိုးများကို သံတိုင်ကြားမှ လက်လျှို၍ ဖြေပေးကြ၏ ။

စောထွန်းသည် လက်နက် တစ်စုံတစ်ရာ ကြည့်သော်လည်း မမြင်သဖြင့် ထ၍ ခုန်လိုက်၊ အခန်းနံရံကို ခြေနှင့် ကန်လိုက်ဖြင့် သောင်းကျန်းရင်း-

'အမယ်လေးဗျ။ ကျုပ်ကို အရူးတိုင်းပြည်ရောက်နေတဲ့ လူကောင်းတစ်ယောက်လို ဖြစ်နေပြီ။ ရူးတာက သူတို့ ၊ ကောင်းတဲ့ ကျုပ်ကို အရူးဆိုပြီး ဒီအရူးထောင်ပို့ကြတယ်။ တော်ပါပေရဲ့ ၊ ဒါဟာ သားချစ်တဲ့ ဖအေ၊ အစ်ကိုချစ်တဲ့ ညီ၊ ရည်းစားချစ်တဲ့ မေရီ၊ အို...ဟို-ဟို တော်ကြပါပေရဲ့ အရပ်ကတို့ '

စောထွန်းသည် စိတ်ထဲရှိတာတွေ ကုန်းအော် နေသည် ။ ဦးမြင့်ဆိုင်

ကား စောထွန်း ဖောက်ပြန်လာပုံကို ဆရာဝန်ကြီးအား အကျိုးအကြောင်း ပြောပြနေ၏။ ခဏကြာလျှင် ပြန်ကြမည်လုပ်ရာ က ရဏာ မကင်းသော မေရီသည် အခန်းပေါက်နားသို့ လာကာ'ကိုကိုထွန်း ပြန်တော့မယ်' ဟု နှုတ်ဆက်၏။ စောထွန်းသည် ခြေနှစ်ဘက် မီးပူနင်း မိသလို ခုန်ဆွ ခုန်ဆွလုပ်ရင်း'သွား'ဟု အော်ငေါက်လိုက် လေသည် ။

'ကျွန်တော် အစက မထင်ဘူးဗျာ၊ ခုမှ တကယ် ရူးမှန်း သိရတော့ တာပဲ' တင်ဝင်းသည် ဦးမြင့်ဆိုင်အား ကြည့်ကာ ပြောလိုက်၏။ အားလုံး မော်တော်ကားရှိရာသို့ ထွက်ခွာကြရာ'အေ- ဟေ၊ ဟေ-အေး ... တော်ပေ့ ဟေး' ဟု အလွန်စူးရှ ကျယ်လောင်သော စောထွန်း၏ အသံကို ကြားရ ပြန်သည် ။

'ဘဘကြီး ဘယ်လောက်ကြာရင် ပျောက်မှာ တဲ့ လဲ'

'အကဲ မခက်ရသေးဘူးတဲ့ ၊ ဖြစ်ပျက်တာ မကြာသေးတော့ မြန်မြန် ပျောက်လိမ့်မယ်လို့ ပြောလိုက်တာပဲ'

ကားကလေးပေါ် တက်မိလျှင် တင်မေရီနှင့် ဦးမြင့်ဆိုင် အပြန်အလှ န် ပြောဆိုကြခြင်း ဖြစ်၏။ ကားနှစ်စီးသည် ရန်ကုန်ဘက်သို့ မောင်းနှင် သွားကြလေသည် ။

ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန် တစ်ယောက် ကြီးထွားကြံ့ ခိုင်ပုံရသော ဆေးရုံလုပ်သား ကုလား နှစ်ယောက်တို့ သည် စောထွန်း၏ အခန်းသို့ ရောက်ရှိလာ ကြသည် ။ စောထွန်းထိုင်ရန် ပေးထားသော ကု လားထိုင် တစ်လုံးမှာ ကြေမွနေသည် ကို မြင်ကြ၏။ သို့ရာတွင် စော ထွန်းမှာ သောင်းကျန်းသည့် အမူအရာမရှိဘဲ အခန်းထဲတွင် ဣန္ဒြေရရ လမ်းလျှောက်နေသည် ။'မောင်စောထွန်း' ဟု ခေါ်လိုက်လျှင် သံတိုင်များ ကာထားသော ပြတင်းဆီသို့ လာလေသည် ။

‘အလကားပါ ဆရာရယ်၊ သူတို့ ကျွန်တော့်ကို အထင်လွဲကြတာပါ။ ကျွန်တော် ပစ္စည်းတစ်ခုကို အင်ဗင်း လုပ်နေတော့ အာရုံစိုက်မိရာ စိုက်နေတာပါ’

‘အနို့ အပေါ့အငန်မှန်းတောင် မသိဘူးဆို’

‘ဒါလည်း ထမင်းချက်တွေ မမာန်ချင်တာနဲ့ တမင် မျိုသိပ် စားလိုက်တာပါ။ နောက်အစား ကြောင့် ကြနေရင် အလုပ်ပျက်မှာ စိုးလို့ ပေါင်မုန့်ခြောက်စားတော့လည်း သူတို့ တစ်မျိုး ထင်ကြတာပဲ။ ကျွန်တော် မရူးတာတော့ အမှန်ပါပဲ’

ဆရာဝန်ကြီးသည် စောထွန်းအား အကဲခတ်ကြည့် ရှုနေ၏။ မျက်နှာ အမူအရာမှာ ဖောက်ပြန်ခြင်းမရှိ၊ တကယ့် လူကောင်း ပကတိကဲ့သို့ မြင်ရသဖြင့် အပြင်မှ ခတ်ထားသော သော့ခလောက်ကို ဖွင့်ကာ ၄ ယောက် စလုံးဝင် လိုက်ကြသည် ။ ဆရာဝန်ကြီး ကိုယ်တိုင် လက်သွေးစမ်း၊ နားကြပ်တံနှင့် စမ်း၊ နှလုံးတုန်ပုံ အကဲခတ်နှင့် နာရီဝက်ခန့် စမ်းသပ်ပြီးလျှင် ကျေနပ်သော အမူအရာနှင့် -

‘ဟုတ်တယ်၊ မောင်စောထွန်း ဘာမှ မဖြစ်ဘူး။ အနို့ စောစောက ဘာလို့ ကြမ်းရတာလဲ’

‘ကျွန်တော် အရူးမဟုတ်ဘဲ အရူးစွပ်စွဲတော့ စိတ်ဆိုးတာပေါ့ ခင်ဗျာ ။ နောက်မှ စဉ်းစားမိတာက ဒီလို ကြမ်းလေ သူတို့ အထင်လွဲလေဖြစ်မှာပဲဆိုပြီး ကျွန်တော် စိတ်ကို ပြင်လိုက်တာပဲ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဒေါက်တာ’

‘မောင့် အပြုအမူက အဆန်းသားကိုး၊ ခွေးလို အူတယ်တဲ့ ။ ကိုယ့်အိမ်ကခွေးကို သတ်ပစ်ပြီး ခွေးရေကို ယူ၊ ခွေးရဲ့ အစိတ်အပိုင်းတွေ ခွဲစိတ်ကြည့်နဲ့ ဆိုလား’

‘ကြည့်စမ်း ခွေးသား စောလွန်း။ ကျွန်တော်  တံခါး အလုံပိတ် လုပ်လျက်နဲ့ ဒင်း(သင်း)ဘယ်လို ချောင်း ကြည့်ပြီး အကုန် မြင်သွားပါလိမ့်’

‘အဲဒါ ဘယ်လိုသဘောလဲ မောင်စောထွန်းရဲ့ ’

‘မပြောနိုင်သေးဘူး ခင်ဗျာ။ သူတို့ ကိုလည်း ကျွန်တော် ပြောမပြလို့ ဒီလို အထင်လွဲကြတာပဲ။ အခု အလွန် အရေးကြီး နေပါတယ်။ ကျွန်တော် ကြံစည်ထားတဲ့ ပစ္စည်း အကုန်မဆိုတဲ့ အရေးကြီးတဲ့ ပစ္စည်း အစိတ်အပိုင်း တစ်ခု ပျောက်ပျက်ရင် အဲဒီတစ်ခါတော့ ကျွန်တော် တကယ်ရှုံးပြီလို့ သာ မှတ်ပေတော့ ခင်ဗျာ’

‘ကဲလေ ပြန်ချင်လည်း လွှတ်ရတာပေါ့။ ကျုပ် ဂျစ်ကားနဲ့ အပို့ ခိုင်းလိုက်ပါမယ်’

‘ကဲ ... မောင်တင်ဝင်း အခုတော့ သိပြီ မဟုတ်လား၊ အာရုံ စူးစိုက်လို့ ဆို’

‘သိပါပြီ ဦးကြီးရဲ့ ၊ သူလည်း စိတ္တဇဆေးရုံ ပို့မယ်လုပ်ရော ကြမ်းလိုက်တဲ့ ဖြစ်ခြင်း။ ကျွန်တော်တို့ ထွက်လာတော့ ကျောင်းခန်း အသံဟာ ကုလားထိုင် ရိုက်ချိုးတာ ဖြစ်မှာ ပဲ’

ဦးမြင့်ဆိုင်တို့ လူစုသည် ပြန်လာမှ နံနက်စာ စားသောက်ကြပြီး လျှင် အောက်ထပ် ဧည့်ခန်းတွင် စကား ပြောဆိုနေကြခြင်း ဖြစ်သည် ။ မြကျော်က-

‘ဦးကြီးသာ ကြားက ဝင်မရပ်လိုက်ရင် ကိုစော လွန်းလည်း သက်သာမှာ မဟုတ်ဘူး ’

ထိုအခိုက် ဂျစ်ကားတစ်စီး တင်မေရီ၏ အိုပယ် ကားကလေးနောက်မှ ထိုးရပ်လိုက်၏။ ကားတစ်ခုလုံး မမြင်ရ၊ စက်ခေါင်းကိုသာ မြင်ကြ၏။

ချက်ချင်းလိုပင် ထွားထွား ကျိုင်းကျိုင်း လူတစ်ယောက် ဆင်ဝင်ပေါက်သို့ ပေါ်ထွက်လာရာ စောလွန်းနေရာမှ ထ၍ ပြေးလေသည် ။ ကျန်လူများ လည်း သတိကြီးစွာနှင့် လှမ်းကြည့်နေကြသည် ။ တင်မေရီ ကသာ-

'ဟင် ... ကိုကိုထွန်း၊ ထွက်ပြေးလာသလား'

' မဟုတ်ဘူး ။ အစကတည်းက ဘာမှ မဖြစ်ဘဲဟာ။ ဆရာဝန်က စမ်းသပ်ပြီး မရူးမှန်းသိတော့ သူ့ဂျစ်ကားနဲ့ ပို့လိုက်တာပေါ့'

စောထွန်းသည် ဣန္ဒြေရရပင် ဆိုဖာလွတ်တစ်ခုတွင် ထိုင်ချလိုက်၏ ။ စောလွန်းလည်း စောထွန်း၏ တည်ငြိမ်သော အသံကိုကြားမှ မရဲတရဲနှင့် ထွက်၍ လာလေသည် ။

'မနက်က ပြောကြတဲ့ အထဲမှာ ကိုတင်ဝင်းဟာ အင်ဂျင်နီယာနဲ့ ပတ်သက်ပြီး အတော် ခေါက်မိပုံရတယ်။ ခင်ဗျားလို လူရှေ့မှာ ရှင်းပြရင် နားလည်လိမ့်မယ်'

'ပြောစမ်းပါဦးဗျာ၊ ကြားစမ်းပါရစေ'

'နှစ်နှစ်လောက်ကြာရင် ဘိလပ်မှာ ကမ္ဘာ့ အရုပ်ပြပွဲ ကျင်းပလိမ့်မယ်။ ကျွန်တော် ကြံစည်တာကတော့ အရုပ် ပြပွဲ မတိုင်ခင်ကပါပဲ။ အရုပ်ပြပွဲအကြောင်း သိရတော့ တစ်မျိုး ထွင်မိတာပါပဲ။ အမေရိကန်လည်း နှစ်နှစ်လောက် နေခဲ့တော့ တစ်နေ့မှာ ရေဒီယို ဝိဇ္ဇာတစ်ယောက်နဲ့ တွေ့တယ်။ သူကြံနေတာက တစ်လက်မလောက်ရှိတဲ့ ကမ္ဘာပေါ်မှာ အငယ်ဆုံး ရေဒီယိုတဲ့ ။ ပစ္စည်းတစ်ခုဟာ သဘောထားတူရင် ဘယ်လောက်သေးအောင်လုပ်လုပ် ရတာပဲဆိုပြီး သူ ရှင်းပြ တယ်။ ကျွန်တော်လည်း အတော်သဘောကျလို့ အဲဒီကတည်းက အသေးဆုံး ဒိုင်နမို တစ်ခု ကြံစည်ခဲ့တယ်။ သုံးနှစ် လောက်ကြာမှ အထမြောက်တယ်'

‘ဘယ်လောက် သေးသလဲဗျာ’

‘လုံးပတ် ငါးမူးလုံး၊ အလျား တစ်လက်မ တစ်မတ်ရှိတယ်’

‘ဟာဗျာ၊ ဒိုင်နမိုဟာ လျှပ်စစ်အားနဲ့ ယူရတာ၊ ဒီလောက် သေးလို့ ဖြစ်ပ့ါမလား’

‘ဖြစ်ပါတယ်၊ ကျွန်တော် အထမြောက် နေမင့်ဟာ။ အဲဒီ အမေရိကန်မှာ သမ္မတဟောင်း ကူပါစီးတဲ့ စက်မြင်းဟာ ပကတိ မြင်းနီးနီးရှိပြီး လေးဖက် ထောက်သွားတာ ပါပဲ’

‘ဟင် ကိုကိုကလည်း မြင်းပဲဟာ လေးဖက် မဟုတ်လို့ သုံးဖက်တည်း သွားရမှာ လား’

‘ မဟုတ်ဘူး ၊ အသက်ရှင်တဲ့ မြင်းဆိုတာ ဒုန်းအသားကျ လေးဖက်ကို အဲဒီလို အမျိုးမျိုး ပြေးကြတယ်။ စက်ရုပ်ကတော့ လေးဖက် တစ်ခုတည်းသာ သွားတယ်လို့ ပြောတာ။ ဒါနဲ့ ကမ္ဘာ့ အရုပ်ပြပွဲသံကြားတော့ အရုပ်အမျိုးမျိုး ကြည့်ခဲ့တယ်။ ကျွန်တော်ထွင်ထားတဲ့ အရုပ်မျိုးကတော့ ကမ္ဘာမှာ ဘယ်သူမှ မထွင်သေးတဲ့ အရုပ်ပဲ’

‘ခွေးရုပ် မဟုတ်လား’

မောင်တင်ဝင်းက သွက်လက်စွာ ဝင်ရောက် မေးလိုက်ရာ စောထွန်းက ပြုံးလျက်-

‘ဒါကြောင့် ခင်ဗျား ခေါက်မိလိမ့်မယ်လို့ ပြောရတာ။ ဟုတ်တယ်၊ ခွေးရုပ် ခွေးရုပ်’

‘ကိုကိုကလည်း ခွေးရုပ်တွေ အကြီးအငယ် အရွယ်အမျိုးမျိုး ပြည့်လို့ပဲဟာ’

'မင်းကတော့ ဒုံးဝေးပါတယ်လေ။ လက်တွေ့ပြမှ ဖြစ်မယ်'ဟု ပြောဆိုကာ စောထွန်းသည် နေရာမှ ထ၍ သူ၏ ဓာတုဗေဒ အခန်းသို့ သွား၏။ ချက်ချင်းလိုပင် နံရိုးနှင့် ဦးခွံရိုးသာ ကျန်သည့် ခွေးသေရိုးနှင့် တူသော အရာတစ်ခုကို ယူ၍ ထွက်လာသည် ။ စောထွန်းသည် ထိုအရာကို စားပွဲ ပေါ်တင်လိုက်ရာ ခွေးသေကောင် အရိုးနှင့် တူသော အရုပ်ကို မြင်ကြရ၏။ နံရိုး၊ ဦးခေါင်းခွံတို့ မှာ သတ္တုဖြူနှင့် လုပ်ထားရာ အလွန်စေ့စပ်သေချာ၍ အရိုးအဆစ် အနေအထား အားလုံး တကယ့်ခွေး၏ အင်္ဂါအစိတ်အပိုင်း အတိုင်း ဖြစ်လေသည် ။

'ကျွန်တော် ကိုင်မကြည့်ရဘူးလား ကိုစောထွန်း'

'ကြည့်ပါ၊ ကြည့်ပါ၊ ကြည့်ရအောင် ပြတာပဲ'

တင်ဝင်းသည် လက်နှစ်ဖက်ဖြင့် ကိုယ်တွယ် ကြည့်၏။ ခွေး၏ ဝမ်းထဲ၌ အသည်းနှလုံး၊ အစာအိမ် အူတို့ မရှိ။ သို့ရာတွင် စောထွန်းပြောသော ဒိုင်နမို အငယ်စား ဘက်ထရီအိုး အငယ်စား အပ်ချည်မျှင်လောက်နှင့် ထိုထက် သေးသော နန်းကြိုးငယ်များ ရှုပ်ယှက်ခတ်ဖြစ်၍ နေလေသည် ။ စောထွန်းက တင်ဝင်းလက်မှ ယူကာ ခလုတ်တစ်ခုကို နှိပ်ပြရာ ဒိုင်နမို ကလေးလည်၍ နန်းကြိုးများ ပါ လှုပ်ရှား ပြီးလျှင် ခွေးရုပ်၏ ခြေများ သည် လမ်းသွားသလို လှုပ်ရှား နေလေသည် ။

'ခင်ဗျားခွေးက အလုပြရုံသာ မဟုတ်၊ လမ်းလည်း သွားတာပေါ့'

'ဟုတ်ကဲ့၊ တစ်ခုရှိတယ်။ ခွေးပြေးသလိုတော့ မရဘူး။ ကူးပါးရဲ့ မြင်းသွားသလိုပဲ ရတယ်'

'ဒီလို သွားတာကိုပဲ အံ့ဩစရာ ကောင်းလှပါ ပြီ။ ပြီးတော့ ဟောင်တာတို့ ၊ အူတာတို့ ကော လုပ်ပြဦးမှာ လား'

စောထွန်း အဖြေမဘေးဘဲ ရယ်၍ နေ၏။ ကျန်လူ အားလုံးလည်း စောထွန်း ဘော်ဘီနှင့် အဟောင်အအူကျင့် နေသည် ကို သတိရကြကာ ပြုံးကြလေသည် ။ စောထွန်းသည် သူ့ခွေးရုပ်ကို ကိုင်ထားရင်း-

'ခွေးရဲ့ အသားနေရာတွေမှာ အချိုးအစားအတိုင်း ရော်ဘာစိမ်းတွေ ဆေးစိမ်ထည့်ထားတယ်၊ အသားမကျတတ် သေးဘူး။ လျှာနဲ့ လည်ချောင်း နေရာဟာ အခက်ခဲဆုံး၊ အပင်ပန်းဆုံးပါပဲဗျာ။ အဲဒီဟာကိုင်တော့ တစ်ခု သတိရတယ်။ နိပါတ်ထဲမှာ ခွေး၊ ဝက်၊ ငှက် စတဲ့ တိရစ္ဆာန် တွေက လူစကား ပြောတယ်ဆိုတာ လုံးလုံးကို မယုံတော့ဘူး'

'ဟဲ့ ... ဟဲ့ ... စောထွန်း၊ ဘုရားဟောကို ဘာလို့ ပုတ်ခတ်ရတာလဲ'

ဦးမြင့်ဆိုင်သည် ပျာပျာသလဲနှင့် ဟန့်တားရာ စောထွန်းက အပြုံးမပျက်။

'ဘုရားကို ယုံကြည်ပါတယ်။ တိရစ္ဆာန်က စကား ပြောတယ်လို့ ဘုရားက ဟောတယ်ဆိုတာသာ မယုံတာ၊ အသံဖြစ်ပေါ်ဖို့ မှာ ဌာန်ရယ်၊ ကရိုဏ်းရယ်လို့ ရှိရတယ်။ ဌာန်ကရိုဏ်း အပြည့်အစုံဟာ လူမှာ သာရှိတာ။ တိရစ္ဆာန်မှာ မရှိဘူး။ လူမှာ တောင် တစ်ခုခု ချို့ယွင်းရင် အဆွံ့၊ အအ ဖြစ်သေးတာပဲ။ ဥပမာ ဩဋ္ဌဌာန်ဖြစ်တဲ့ ပ-ဖ-ဗ-ဘ-မ ကို လူက လွဲလို့ ဘယ်တိရစ္ဆာန်မှ ပီသအောင် မပြည်နိုင်ဘူး'

'နွားတွေ'ဝမ်းဘဲ၊ ဝမ်းဘဲ'လို့ အော်တာကော ကိုကိုရယ်'

'မဟုတ်ပါဘူးကွယ်။ ဝတ်အဲ၊ ဝတ်အဲလို့ အော်တာပါပဲ။ ခြေလေးချောင်းမှန်သမျှ အနဲ့ ဝသံ ထွက်တာ သာများ တယ်။ စပ်မိလို့ ပြောရဦးမယ်။ ဘိလပ်မှာ ကျွန်တော့် မိတ်ဆွေတစ်ယောက်ရဲ့ ခွေးဟာ အိုင်ဝမ့်ဝမ်းလို့ မြည်တယ်။ သိပ်တော့ မပီလှပါဘူး။ ခင်ဗျားကြည့်။ တစ်နေ့ ကျုပ်ခွေး ကမ္ဘာ့ကျော်ရမတဲ့ ။ ကျုပ် ပေါင်မုန့်တွေကိုင်တုန်း ဒီအသံ မြည်

အောင် သင်ပေးမယ်တဲ့ ။ ဒီတော့ အိုင်ဝမ့်ဝမ်း။ ကျွန်တော် တစ်ခုလိုချင် တယ်လို့ အဓိပ္ပာယ် မရဘူးလားတဲ့ ’

‘ကိုကို ဘော်ဘီရဲ့ အရေခွံဟာ ဒီအရုပ်နဲ့ ဆက်စပ်တာပေါ့’

အေးအေးဟု ဆိုကာ စောထွန်း သူ့အရုပ်နှင့် ဓာတု ဗေဒခန်းသို့ သွားမည်အလုပ်-

‘ကိုစောထွန်း အပြည့်အစုံပြီးတဲ့ အခါ ပြဦးမယ် မဟုတ်လားဗျ’

‘ဟုတ်ကဲ့၊ ပြပါ့မယ်’

တင်ဝင်း၊ မြကျော်တို့ နှုတ်ဆက် ထွက်ခွာသွားကြသည် ။ တင်မေရီ တစ်ယောက်သာ ကျန်ရစ်၏။ စောထွန်း အခန်းထဲက ထွက်လာသောခါ ဘန်ကောက်လုံချည်နွမ်း၊ ကာကီရှပ်လက်တို၊ ဆံမုတ်ဆိတ် ရှည်နေ သော စောထွန်းအား ကြည့်ကာ-

‘ကိုကိုထွန်း ဆံပင် ညှပ်ချေရအောင်လား’

‘ညှပ်တာပေါ့ မေရီ၊ ပြီးစီးလုနီးနေတော့ စိတ်လည်း အတော် ပေါ့သွားပါပြီ’

တင်မေရီသည် စောထွန်း၏ လက်ကို ဆွဲကာ သူ့ကားရှိရာသို့ လာ လေသည် ။ တင်မေရီက စတီယာရင် တွင် ထိုင်ရာ စောထွန်းက သူ မောင်းမည် ဆိုသဖြင့် တင်မေရီ ကားမောင်းသော စောထွန်းဘေးတွင် ထိုင်လျက် လိုက်ပါ သွားလေသည် ။

တစ်နာရီခန့်ကြာလျှင် နှစ်ယောက်သား ပြန်ရောက်လာကြသည် ။ ဒေါ်လှရွှေကား သားမရှုးမှန်း သိကတည်းက ဝမ်းသာနေသည် ။ တင်မေ ရီကား စောထွန်း ရေမိုးချိုး၊ အဝတ်သစ်များ လဲသည် အထိ ကူညီ လုပ်ကိုင်ပေးနေသည် ။ စောထွန်း၏ အခန်းထဲမှာ ပင် လွတ်လပ်စွာ နှစ်

ယောက်တည်း နေကြရာ တင်မေရီသည် ထိုအခါကျမှ စောထွန်း၏ လည်ပင်း ကိုဖက်၍ တရှုပ်ရှုပ် ငိုနေတော့၏။

'အို … မေရီ ဘာလို့ ငိုရတာလဲကွယ်'

'ငိုမှာ ပေါ့၊ မေရီကို စကားလည်း မပြောဘူး၊ တစ်ခါတစ်ခါ ငေါက် လွှတ်သေးတယ်။ မေရီတော့ ချစ်လို့ လာတာ။ ရှူးတယ်ဆိုတော့လည်း မေရီ ဘယ်လောက် စိတ်ဒုက္ခ ရောက်ရလဲ'

'ကဲကွယ် ပြီးတာပြီးပါစေတော့ မေရီကလည်း ' ဟု ရင်ခွင်ထဲဆွဲ၍ သွင်းကာ မေရီ၏ ပါးပြင်နှစ်ဖက်ကို ကြူကြူ မွှေးနေ၏။ မေရီက ပက် လက်လှန်ကာ ကြည်လင်သော မျက်လုံးများ ဖြင့် လှန်ကြည့်ကာ-

'ခုမှ လူနဲ့ တူတော့တာပဲ။ သူများ ပြော ပြောစရာ။ တကယ့် အရူး ကြီးနဲ့ တူတာပဲ'

'ဟဲ့ … လောကဓာတ် ဆရာဆိုတာ ဒီလိုပဲ၊ ကိုကို တစ်ယောက်သာ မ ဟုတ်ဘူး '

'မေရီ တစ်ခု တွေးမိတယ်။ ကိုကိုနဲ့ လက်ထပ်ပြီးတဲ့ နောက် ကိုကို က ခုလိုသာ ဓာတုဗေဒ အခန်းထဲချည်း ခွေးအောင်းနေရင် ပျင်းစရာ ဘ ယ်လောက်ကောင်းမလဲလို့ '

'အဲဒီတော့လည်း အဲဒီအလိုက်ပေါ့ မေရီရယ်။ ကိုကို ဆာလိုက်တာ တစ်ခုခု စားဦးမှ ပဲ'ဟု ပြောသဖြင့် တင်မေရီသည် စောထွန်း၏ လည်ပင်းကို ဟီးလေးခို၍ ဆွဲပြီးလျှင် ဘေးသို့ ထိုင်လိုက်၏။

'ဆံပင်ညှပ်သွားတုန်းက ပြောပါတော့ ကိုကိုရယ်၊ တရုတ်တန်း ဝင် စားခဲ့ရင် ပြီးတာပဲ'

'မနက်က ဘာဟင်းနဲ့ စားကြသလဲ'

'စုံလို့ ပဲ။ ဟင်းတွေ ထမင်းတွေ အများကြီး ရှိသေးတယ်။ လာ ဆင်းကြစို့၊ မေရီ ပြင်ပေးမယ်'ဟု ပြောကာ နှစ်ယောက်သား ဆင်း၍ သွားကြ၏။ မေရီကိုယ်တိုင် ထမင်းချက်နှင့် အတူ ထမင်းစားခန်းတွင် ပြင်ဆင်ပေးရာ စောထွန်းသည် ဇွန်းခက်ရင်းနှင့် ကြွေခြေရစွာ စားသောက် နေလေသည် ။ တင်မေရီက-

'တစ်လောက ဆားငန်တာလည်း မပြော၊ ဆား လုံးလုံး မပါတာလည်း မပြောဘူးဆို'

'ပေ့ါတာငန်တာ စဉ်းစားခွင့် မရဘူး မေရီ'

မေရီသည် ကြက်သားရိုစ့်ကို ခက်ရင်း တစ်ဖက်၊ အရိုးထွင် သားလှီးဓားကို တစ်ဖက်ကိုင်ကာ အသားများကို စောထွန်း ပန်းကန်ထဲသို့ ထည့်ပေးနေ၏။ စောထွန်းလည်း မြိန်ရေရှက်ရေ စားသောက် နေလေသည် ။

နောက်တစ်နေ့ကစ၍ စောထွန်း သူ၏ ဓာတုဗေဒ အခန်းထဲတွင် တကုပ်ကုပ်နှင့် အလုပ်လုပ်နေ၏။ စောလွန်းအားလည်း ချောင်းမကြည့်ရန် မှာ ထားသဖြင့် မကြည့် ရတော့ချေ။ ရက်သတ္တပတ်မျှ ကြာသောအခါ စောထွန်းသည် ညနေ ၅ နာရီခန့်တွင် အိမ်က ကားကြီးကို ကိုယ်တိုင် မောင်း၍ ထွက်ခွာသွား၏။ ၆ နာရီကျမှ ပြန်၍ လာရာ ကားပေါ်က ဆင်းလျှင် သုံးထပ်သား လက်ဆွဲ သေတ္တာတစ်လုံး ပါလာ၏။ သေတ္တာမှာ ဖြက်နှစ်ပေ၊ အနံ နှစ်ပေ၊ ဒုတစ်ပေ ခွဲရှိ၏။

နောက်တစ်ညနေတွင် စောထွန်းသည် ထိုသေတ္တာကို ဆွဲကာ ကန်တော်ကြီးဘက်သို့ ထွက်ခွာသွား၏။ တစ်နာရီ ခန့်ကြာမှ ပြန်လာ၏။ ထိုကဲ့သို့ သုံးလေးရက် သွားပြီး သောအခါ စိတ်လက် ပေ့ါပါးစွာနှင့် လေတချွန်ချွန် ဖြစ်နေသည် ကို အိမ်သားအားလုံး သတိထားမိကြလေသည် ။

သုံးရက်ခန့်ကြာသော ည ၇ နာရီအချိန်ကား စောထွန်း၏ လက်စွမ်း

ပြမည်ဖြစ်သဖြင့် တင်ဝင်း၊ မြကျော်၊ တင်မေရီတို့ တင်ကူး ရောက်ရှိလာကြသည် ။ ဦးမြင့်ဆိုင်က လောကဓာတ် ဝါသနာပါသူများအား ဖိတ်၍ ပြရန် ပြောရာ လူများအားကြီးလျှင် သူ့ခွေးရုပ်အား မကောင်းကြံစည်မည်ကို စိုးရိမ်ကြောင်းနှင့် ပြောပြလေသည် ။ တိုက်ကြီး၏ အောက်ထပ်တွင်ကား ဓာတ်မီးများ ထွန်း၍ ထား၏။ စောထွန်း၏ အမိန့်အရ ဆိုဖာကြီးများကို ကော်ဇောကြီးပေါ်မှ ဖယ်၍ ထားကြရ၏။ တူရကီကော်ဇောကြီးဘေးတွင် ဆိုဖာများ နှင့် ဝိုင်းထိုင်နေကြ၏။ စောထွန်းသည် သူ၏ ဓာတုဗေဒအခန်းသို့ သွားကာ သုံးထပ်သား လက်ဆွဲသေတ္တာကို ထုတ်၍ လာ၏။ သေတ္တာကိုဖွင့်၍ တစ်စုံတစ်ရာ ဆွဲထုတ်လိုက်သော အခါ အမွေးဖွားစပါနီယာ ခွေးကလေး တစ်ကောင်ပါလာ၏။

‘ဘော်ဘီ…ဘော်ဘီ… အံ့မယ်လေး ဘော်ဘီ ချွတ်စွပ်ပဲ’

စောလွန်းသည် ဝမ်းသာအားရနှင့် ပြောလိုက်မိ၏။ စောထွန်းက ဘော်ဘီအား ကော်ဇော အလယ်တွင် ချထား သောအခါ ဆိုဖာပေါ်က ပုဂ္ဂိုလ်များ ကော်ဇောပေါ်သို့ ဆင်း၍ လာကြကာ နီးနီးကပ်ကပ် ကြည့်ရှုကြ၏။

‘ကိုကို ဒီအရေဟာ ဘော်ဘီရဲ့ အရေ မဟုတ်လား’

‘အေး ဟုတ်တယ်’

‘ရက်စက်လှချည့်လား သားရယ်၊ ကိုယ်မွေးတဲ့ ခွေးတစ်ကောင်လုံး သတ်လို့ ’

စောထွန်း ဘာမျှမပြော။ ခွေးရုပ်ကလေးမှာ ဘော်ဘီနှင့် ချွတ်စွပ်တူ၍ ခြေသည်းလက်သည်း၊ ပေါင်တံ အကျ၊ ရင်အနေ၊ ခါးသေးပုံမှ စ၍ အချိုးအလွန်ကျလေသည် ။ မျက်လုံးကလည်း တကယ့် ဘော်ဘီ၏ မျက်လုံးဟု စောလွန်း ကပြော၏။ တင်မေရီကလည်း ထောက်ခံလေသည် ။

‘ကိုစောထွန်း စက်ခလုတ်ကလေးတွေက ဗိုက်အောက်မှာ မဟုတ်လား’

တင်ဝင်းက မော့ကြည့်မေးလိုက်ရာ စောထွန်းက ‘ဟုတ်တယ်’ဟု ပြောပြီးလျှင် ပရိသတ်အားလုံးကို ဆိုဖာ များ ပေါ် ထိုင်စေ၏။ ၎င်းကိုယ်တိုင် ခွေးရုပ်အနီးသို့ သွားကာ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ခွေးရုပ်ကလေးသည် မပြေးတပြေး သွားနေ၏။ ခြေလှမ်းပုံမှာ ၊ ဘယ်လက်နှင့် ညာခြေ ပြိုင်တူတစ်လှည့်၊ ညာလက်နှင့် ဘယ်ခြေ ပြိုင်တူ တစ်လှည့် လှုပ်ရှားသွားနေရာ စောထွန်းပြောသကဲ့သို့ပင် ခွေးပြေးသည် နှင့် မတူ၊ မြင်းသွားသည် နှင့် တူလေသည် ။ ခြေထောက်များ အရွေ့တွင် ရွှေ့တိုင်း အဆစ်နေရာက ညွတ်ကွေးလေရာ အရုပ်နှင့် မတူ။ တကယ့် တိရစ္ဆာန် ပြေးပုံနှင့် တူလေသည် ။ စောထွန်းခွေးကလေးကို ရပ်လိုက်၏။

‘တစ်ခါပြေးရင် ဘယ်လောက် ဝေးဝေး ပြေးနိုင်သလဲ’

‘ဘက်ထရီ တစ်အား ကုန်ဆိုရင် ဂိုက် ၂၀၀ လောက် ပြေးနိုင်ပါတယ် ။ ဒါပေမဲ့ ဂိုက် ၅၀လောက် ပြေး ရင်ပဲ ပရိသတ် သဘော ကျသွားမှာ ပဲ’

‘ကျွန်တော်တို့ တော့ ကြားလည်း မကြားဖူးဘူး၊ မြင်ဖူးဖို့ ဆိုတာ ဝေးရော’

စောထွန်းသည် ခွေးရုပ်ကလေး၏ စက်ခလုတ် တစ်ခုကို နှိပ်လိုက်ရာ ခွေးကလေသည် ရှေ့လက်နှစ်ဖက်သာ ကြမ်းပြင်နှင့် လွတ်ရုံလောက် လှုပ်ရှားကာ တဝုတ်ဝုတ်နှင့် ဟောင်နေသည် ။ ဟောင်သောအခါ အသံထွက်ရုံ သာမဟုတ်၊ ခွေး၏ ပါးစပ်ကလည်း တကယ့် ခွေးဟောင် သံကဲ့သို့ လှုပ်ရှားနေ၏။

‘ဘော်ဘီမှ တကယ့် ဘော်ဘီ အသံပါပဲဗျာ’

စောထွန်းသည် ‘ကဲ…ဘော်ဘီ မောနေမယ်’ဟု အဟောင်ရပ်လိုက်၏။ ခွေးဟောင်သံမှာ ပကတိခွေးလောက် မကျယ်သော်လည်း ပေ ၂၀၀ လောက်က ကောင်းစွာ ကြားနိုင်ကြောင်းနှင့် စောထွန်းက ရှင်းပြလေသည် ။ တင်ဝင်း က-

‘ဟောင်စက် ခလုတ်နှိပ်ရင် ဘယ်လောက်ကြာအောင် ဟောင်နိုင်သလဲ’

‘ငါးမိနစ်လောက်ကြာကြာ ရပါတယ်။ ဒါပေမဲ့ တစ်မိနစ်လောက်ဆိုရင် လူတွေအတော် အံ့အားသင့်သွား ကြမှာ ပဲ’ဟု ပြောရင်း အခြား ခလုတ်တစ်ခု နှိပ်ပြန်၏။

ခွေးကလေးမှာ နောက်ခြေနှစ်ချောင်း ဆောင့် ကြောင့် ထိုင်ချလိုက်ပြီးလျှင် ဝူဝူဝူဟု ပြန်လေသည် ။ စောလွန်းသည် ဘော်ဘီ၏ အူသံနှင့် တထေရာတည်း ဖြစ်ကြောင်း ပြောပြ၏။ ခွေးကလေး အူတိုင်း ဦးခေါင်းကလေး မော့မော့ သွားလေသည် ။ စောထွန်းက အအူရပ်စေပြီးလျှင် သေတ္တာထဲသို့ ပြန်ထည့်လိုက်၏။

‘အစာကျွေးရင် လိုက်ဟပ် စားအောင်ကော လုပ်မရဘူးလား ကိုကို’

‘သိကြားမင်းတောင် လုပ်တတ်မှာ မဟုတ်ဘူး ။ ဒီသုံးမျိုးတောင် ငါးနှစ်ကျော် ကြံစည်ခဲ့ရတာ’ဟု ပြောကာ သူ၏ အရုပ်ကို ဓာတုဗေဒအခန်းထဲ သွား၍ သိမ်းလိုက်၏။

ပရိသတ်များ လည်း စောထွန်း၏ ပညာကို လက်ဖက်ရည် ဝိုင်းသောက်ကြရင်း ချီးကျူးပြောဆိုနေကြ၏။ ၈ နာရီခွဲခန့်တွင် လူစု ခွဲလိုက်ကြလေသည် ။

‘သူတော့ အိပ်ရေးဝဝကြီး အိပ်နေတာပဲဗျာ။ ဒါပေမဲ့ ကျွန်တော် မရဲ

ဘူးဗျာ။ တစ်စုံတစ်ခု ဖြစ်ရင်လည်း အခက် ပဲ’

‘စိတ်ချပါဗျာ။ တစ်နာရီတည်းပါ၊ မယုံရင် ခင်ဗျားပါ လိုက်ခဲ့ပါ’

တစ်ည ၇ နာရီခန့်တွင် စောလွန်းနှင့် တင်ဝင်း တိုင်ပင်နေကြခြင်း ဖြစ်၏။ တင်ဝင်းသည် အင်ဂျင်နီယာ ဝါသနာပါသဖြင့် ခွေးရုပ်၏ အတွင်းစက်များကို စောထွန်း မသိအောင် ဖြုတ်၍ ကြည့်ချင်၏။ ပြီးမှ နေသားတကျ ပြန်တပ်ကာ သူ့နေရာသူ ပြန်ထားဖို့ လည်း ပြောလေသည် ။

‘ မဟုတ်ဘူး ကိုတင်ဝင်း၊ ကိုကိုက အလွန်စေ့စပ် တဲ့ လူ’

‘ကျွန်တော် ကတိပေးမယ်ဗျာ၊ ဖြုတ်ကြည့်လို့ နေရာပျက်မယ်ဆိုရင် လုံးလုံးကို ဖြုတ်မကြည့်ပါဘူး’

‘ကဲ...ဒီလိုဆိုရင် သူအိပ်ချိန်စောင့်ပေါ့ဗျာ။ ကျွန်တော်လည်း ခင်ဗျားနဲ့ အတူတူ ကြည့်မယ်’

ထိုသို့ တိုင်ပင်ကြပြီးလျှင် စောထွန်းအိပ်ချိန် ည ၁၀ နာရီခန့်တွင် နှစ်ယောက်သား စောထွန်းအိပ်သော ဓာတု ဗေဒအခန်းသို့ ကပ်ကြ၏။ တင်ဝင်းမှာ လျှပ်စစ်မမိရန် ရှေးဦးစွာ မိန်းလိုင်းနှင့် ဆက်ထားသော ဖြူးကို ဖြုတ်လိုက်၏။ တံခါးကို သော့နှင့် ဖွင့်ကာ နှစ်ယောက်သား ဝင်ခဲ့ကြသည် ။ ခွေးရုပ်ထည့်သော သုံးထပ်သား သေတ္တာကို မြင်၍ စောလွန်းက ယူမည်အလုပ် တင်ဝင်းက လျင်မြန်စွာ ဆွဲထား လိုက်ကာ-

‘ဟိုမယ်ကြည့်ကိုယ်တော် စန့်သွားမယ်’ဟု ဓာတ်ကြိုး တစ်ချောင်းကို ပြလိုက်၏။ စောလွန်းသည် ကြက်သီးထကာ နောက်တွန့်သွားလေသည် ။ တင်ဝင်းသည် ဓာတ်ကြိုးကို တစ်နေရာမှ ဖြတ်လိုက်ပြီးလျှင် သေတ္တာကို ဆွဲယူခဲ့လေသည် ။

'ဘယ်နေရာ စမ်းရင် လုံခြုံမလဲ ကိုစောလွန်း'

'ထမင်းစားခန်း ကျယ်သားပဲ၊ တံခါးပိတ်ပြီး စမ်းတာပေ့ါ'

'ဒါဖြင့် သွားကြစို့'ဟု ထမင်းစားခန်းထဲသို့ သွားကြ၏။ အတွင်းသို့ ရောက်လျှင် တံခါးအားလုံး လုံခြုံစွာ ပိတ်ပြီးလျှင် စားပွဲရှည်၏ ထိပ်ကျကျတွင် ထိုင်ကြကာ သေတ္တာကို ဖွင့်လေသည် ။ သေတ္တာထဲ ခွေးရုပ်ကို ထုတ်ယူလိုက်၍ သေတ္တာလွတ်ကို စားပွဲအောက်တွင် သွားထားလိုက်၏။ တင်ဝင်းသည် ခွေးရုပ်ကို အမြီး ပြန်ခေါင်းပြန် လှည့်၍ ကြည့်နေသည် ။

'အလွန်ကို စေ့စပ်သေချာတဲ့ လူပါပဲဗျာ'

'ဖြုတ်ကြည့်ဖို့ နေရာ တွေ့ပါလား'

'မတွေ့သေးဘူး။ ကျွန်တော် တွေးတာက ဘက်ထရီအားနဲ့ ဒိုင်နမိုလုပ်ရော၊ ဒိုင်နမိုအားနဲ့ အရုပ် လှုပ်ရှားရမယ်။ ဒီလိုဆိုရင် ဘက်ထရီအားကုန်တဲ့ အခါ အားပြန် သွင်းရမယ်၊ ဘက်ထရီ ထုတ်သွင်းတဲ့ နေရာရှိရမယ် မဟုတ်လားဗျာ'

တင်ဝင်းသည် ခွေးရုပ်ကို ထပ်မံ ကြည့်ရှုပြန်သည် ။ သို့ရာတွင် တစ်စုံတစ်ရာကို လှုပ်၍ သော် လည်းကောင်း၊ တွန်း၍ သော်လည်းကောင်း မကြည့်ဝံ့သေး။ စောလွန်းမှာ စီးကရက် တွင် တွင် ခဲကာ တင်ဝင်းလုပ်ပုံကို အကဲခတ် ကြည့်ရှုနေသည် ။ ထိုအခိုက် အပြင်မှ လူသံကို ကြားသဖြင့် တင်ဝင်းသည် ခွေးရုပ်ကို ကပျာကယာ စားပွဲထိပ် ကြမ်းပြင် ပေါ်သို့ ထားလိုက်၏။ စောလွန်းသည် စီးကရက်ကို စားပွဲ ထိပ်တွင် ချကာ နားစွင့်နေ၏။ သူချထားသော စီးကရက် ခွေးရုပ်ပေါ် ကျသွားသည် ကို သတိမပြုမိ။

'ဖားသားကြီးနဲ့ တူပါတယ်၊ သူ မဟုတ်နိုင်ပါဘူး' ခဏမျှငြိမ်၍ နေ

ကြ၏။ အောက်က တဖျစ်ဖျစ် အသံကြားမှ ‘ဟိုက်’ဟု နှစ်ယောက်သား ဆိုမိကြကာ ကပျာကယာ မတ်တတ်ရပ်လိုက်ကြ၏။ ခွေးရုပ်ကလေးမှာ တဖျစ်ဖျစ်နှင့် မီးလောင်နေပြီဖြစ်ရာ ရေလည်း အခန်းတွင် မရှိ၊ တံခါးဖွင့် ရေထွက်ယူကြတုန်းမှာ ပင် ခွေးရုပ်ကလေး အနိစ္စသဘော ရောက်သွားလေသည် ။

မီးမလောင်နိုင်သော ဒိုင်နမို(သို့ရာတွင် မကောင်း တော့) ဘက်ထရီ အိုးနန်းကြိုး စသည် တို့ သာ ကျန်တော့ လေသည် ။

‘အကျိုးနည်းပြီ ကိုတင်ဝင်း၊ ကျွန်တော့် အပြစ် ပဲ။ စီးကရက်ကို ခွေးရုပ်ပေါ်ကျပြီး လောင်တာပဲ’

‘ခင်ဗျားအပြစ် မဟုတ်ပါဘူး၊ ကျွန်တော့်အပြစ် ပါ။ ကျွန်တော် အပြင် ထုတ်စမ်းမကြည့်ရင် ဘယ်မှာ ဒီလို ဖြစ်လိမ့်မလဲ’

တင်ဝင်းသည် တောက်ခေါက်က ဝမ်းနည်း ကြေကွဲစွာ ပြော လိုက်လေသည် ။

‘ဒီအကြောင်းသိရင် ကျွန်တော်ပါ အသတ်ခံရမယ် ဗျာ့၊ ဖျောက်ဖျက်ကြစို့’

နှစ်ယောက်သား တိုင်ပင်ကြကာ အစအနများကို အဝတ်တစ်ခုနှင့် ထုပ်ပြီးလျှင် တိုက်အပြင်ဘက် တစ်နေရာတွင် တူးမြှုပ်လိုက်ကြ၏။ ထမင်းစားခန်းတွင် လည်း လက်ရာ ခြေရာ ပျောက်အောင် သုတ်သင်လိုက်ကြသည် ။

‘ခင်ဗျားနဲ့ ကျွန်တော်ကလွဲလို့ ဘယ်သူ့မှ အသိ ပေးမဖြစ်ဘူး။ သူခိုးခိုးသွားသလို လုပ်ရမယ်’

‘အန္တိ့ သေတ္တာလွတ်ကော ဘယ်လိုလုပ်မလဲဗျာ’

‘သူ မတွေ့နိုင်တဲ့ နေရာ ဝှက်ထားပြီး မီးရှို့လိုက် တာပေါ့ဗျာ’

ဇင်းတို့ သည် တိုက်အောက်ထပ် ပြတင်းတံခါး တစ်ဖက် ဖွင့်ထား ပြီးလျှင် တင်ဝင်းလည်း သူ့အိမ် မပြန်တော့ဘဲ စောလွန်းနှင့် အတူ အိပ် ကြသည် ။ ဇင်းတို့ နှစ်ယောက်မှာ ညည့်နက်မှ အိပ်ကြရသဖြင့် ၆ နာရီ သာသာ၌ တံခါး အတင်း ပုတ်နှိုးသံကြားမှ ကပျာကယာ လူးလဲထကြ ၏။

‘ဟဲ့ စောလွန်း၊ စောလွန်း မြန်မြန်ထ၊ နင့်ကိုကို မေ့လဲနေတယ်’

နှစ်ယောက်လုံး မတိုင်ပင်ဘဲ အောက်ထပ်သို့ ဆင်းပြေးကြရာ ဓာတု ဗေဒခန်းထိ ရောက်သွားကြ၏။ လဲနေသော စောထွန်းအား နှစ်ယောက် ပွေ့ယူကြကာ နှစ်ယောက်အိပ် ဆိုဖာပေါ်တွင် တင်လိုက်ကြ၏။ တစ်ဖန် အအေးခံ သေတ္တာထဲမှ ရေအေးယူကာ မျက်နှာကို ပက်ဖျန်းရာ စော ထွန်း သတိရလာ၏။ ချက်ချင်း ဆိုဖာပေါ်က ဆင်းလိုက်၍ -

‘စောလွန်း မကစားပါနဲ့ ကွာ၊ ရှိခိုးပါရဲ့ ။ ကိုကို့ အရုပ်ပေးပါ’

‘ဟင်... အရုပ် မရှိတော့ဘူးလား ကိုကို’

‘မင်း... ကျီစားတာလား။ မလုပ်ပါနဲ့ ညီရယ်’

စောထွန်းသည် တင်းမာခြင်းမရှိ၊ တကယ် ရှိခိုး တောင်းပန်ရှာသည် ။ စောလွန်းဆီက မရရင် ဦးမြင့်ဆိုင်အား ရှိခိုးတောင်း၏။ နောက်တင် ဝင်းထံ တောင်းပြန်၏။ ထို့နောက် ရုတ်တရက် ထွက်ပြေးသွားကာ လမ်းသွား လမ်းလာ တွေ့သမျှ ရှိခိုးပြီးလျှင်‘ကျုပ်အရုပ်ကလေး၊ ကျုပ် ဘော်ဘီ လေး ပေးကြပါခင်ဗျာ’ဟု ရှိခိုးတောင်းပန်နေရာ ဘုမသိ ဘမ သိ အတော် သနား သွားကြဟန်တူ၏။

စောလွန်းတို့ လည်း နောက်က အပြေး လိုက်သွားကြရာ သူ့အစ်ကို

၏ ဖြစ်အင်ကို မြင်ရသောအခါ မျက်ရည် ဖြိုင်ဖြိုင် စီးကျရှာကာ-

‘ကိုကို… ကိုကို… ညီ မကြည့်ရက်ပါလား ကိုကိုရဲ့ ’ ဟု ညည်းတွားငိုကြွေးနေတော့သည် ။ ဦးမြင့်ဆိုင်လည်း ကားနှင့် ထွက်လာကာ-

‘လူကလေး စောထွန်း၊ လာလာ မင်းအရုပ်က အင်းစိန်မှာ တဲ့ ၊ ခုပဲ သတင်းရတယ် သွားယူရအောင်’

စောထွန်းကလည်း ကပျာကယာ ကားပေါ်တက် လိုက်ရှာသည် ။ ကားသည် စိတ္တဇဆေးရုံသို့ မောင်းနှင်ပြေး လေသတည်း။

ပြီးပြီ။

(တကယ့် အဖြစ်အပျက်လား၊ ဘာသာပြန်လား၊ အင်္ဂလိပ် ရုပ်ရှင်တစ်ခုမှ ခိုးချထားတာလား)

**မဟာဆွေ**

၎င်းဝတ္ထုကို ဖတ်ကြည့်ပြီးနောက် ရှုမဝစာတည်း အဖွဲ့ဝင်တစ်ယောက်က‘ဆရာကြီး ဒီဝတ္ထုဘာသာပြန်လား’ ဟု မေးမိရာ‘မင်းတို့ အဲဒါကြပ်တာပဲ။ စိတ်ကူးကလေး နည်းနည်း ဆန်းလာရင် ခိုးချတယ် မှတ်ကြတာပဲ’ဟု ပြော လိုက်လေသည် ။

မှတ်ချက်။ ။

ဒီဝတ္ထုကို ရှုမဝ မဂ္ဂဇင်းမှာ ဖော်ပြစဉ်တုန်းက အရူးထောင်သို့ ဆိုတဲ့ နာမည်နဲ့ ဖော်ပြခဲ့တာပါ။ ဒါပေမဲ့ အခေါ်အဝေါ်က ခေတ်ကာလနဲ့ မလျော်ညီတော့တာကြောင့် ဆရာမကြီး ဒေါ်ခင်ဆွေဦးရဲ့ ခွင့်ပြုချက်နဲ့ စိတ္တဇဆေးရုံသို့ လို့ ခေါင်းစဉ်ပြောင်းပြီး ဖော်ပြပေးလိုက်ခြင်း ဖြစ်သော်လည်း ယခုအခါ စိတ်ကျန်းမာရေး ဆေးရုံဟု ပြောင်းလဲ သတ်မှတ် ထားပါတယ်။

အမှတ် ၁၂၉၊ ဩဂုတ်လ၊ ၂၀၀၀ ပြည့်နှစ်၊ ရွှေအမြုတေရုပ်စုံ
မဂ္ဂဇင်း။

***